www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



## ပုံနှိပ်မှတ်တမ်း


…ဂ်အမှတ်---၅၀၀၅၇၂၀၅၁၀ မျက်နှာဖုံးခွင့်ပြုချက်အမှတ်---၅၀၀၈၆၅၀၈၁၀

…ရေး ဒေါင်မြင့်စာပေ၊ အမှတ်(၁)၊ ဒေါင်ဘာလေး ကျောက်မြောင်း။

…နှိပ်သူ ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်၊ သုဝဏ္ဏ၊ ရန်ကုန်မြို့။

ဦးအောင်မြင့်၊ အမှတ်(၇)၊ သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။

ပထမအကြိမ်၊ နိုဝင်ဘာလ၊ ၂၀၁၀ ခုနှစ်၊ အုပ်ရေ(၅၀၀)၊ တန်ဖိုး ၁၅၀၀ ကျပ်။

၈၉၅.၈၃

မြပုလဲခင်

အချစ်နှယ်/မြပုလဲခင်။ - ရန်ကုန်။

အောင်မြင့်စာပေ၊ ၂၀၁၀။

၂၉၂-စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။

(၁) မြပုလဲခင်






www.burmeseclassic.com

www.burmeseclassic.com

# အချစ်နွယ်

အကယ်၍သာ မမင်းပျို့ဘဝအတွင်းသို့ သူသာ မဝင် ရောက်ခဲ့ဘူးဆိုပါက မမင်းပျိုသည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ သမရိုးကျ အိမ်ထောင်ရေးကို ဖန်တီးတည်ဆောက်နေသော လေးစားဖွယ်ရာ အိမ်ရှင်မကောင်း၊ မိခင်ကောင်း၊ မိန်းမသားတစ်ဦး ဟူသော ဂုဏ်ရည်ကို ပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်နေပေလိမ့်မည်။


ယခုတော့.....

မမင်းပျိုဟူသောမိန်းမသည် တစ်အိမ်ဝင် တစ်မြို့ထွက် ချစ်သူ၏ခြေရာကို လိုက်ကောက်နေရသော ချစ်ဖွဲ့ကြီးသည့် မိန်းမ အဖြစ်သို့ ရောက်ရှိနေလေပြီ။

မည်သို့ဆိုစေကာမူ...

ချစ်သူအပေါ် ချစ်ခြင်း၊ သစ္စာရှိခြင်း၊ အနစ်နာခံခြင်း၊ ခွင့်လွှတ်ခြင်း၊ နားလည်ခြင်းတည်းဟူသော အင်္ဂါရပ်များသည် သိက္ခာရှိသောအချစ်နှင့် ဒွန်တွဲနေသော မြင့်မြတ်သောအချစ်ဟု ခံယူထားမိသည်နှင့် အမျှ မမင်းပျိုသည်...





## အခန်း(၁)

မြေသားက ကျစ်လစ်နေသည်။ ဒါကြောင့် ပန်းမပွင့်တာ ဖြစ်မည်။ ခက်ရင်းခွဖြင့် မြေသားကို ထိုးဆွလိုက်သည်။

ပန်းလိုလျှင် အပင်ကို ပျိုးတတ်မှ ဖြစ်မည် ဟူသောစကားကို သတိရလိုက်မိသည်။ အပင်ပျိုးပြီး ရှင်သန်သွားအောင် ပန်းများပွင့်လာသည်အထိ မြေဆွပေါင်းသင်ရန်တာဝန်မှာ ပန်းကို ပျိုးသူ၏ အဓိက တာဝန်တစ်ရပ်ဖြစ်သည်ပင်။

"ဘာလုပ်နေတာလဲ မမင်းပျို"

အသံရှင်ကို မော့မကြည့်ဘဲနဲ့ မမင်းပျို အလိုလို သိလိုက်သည်။

"ကိုကို ဒီနေ့ ပြန်လာတာ စောသလားလို့"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်တယ် မမင်းပျို့ စောစောပြီး စောစောပြန်တတ်တာ ကိုကို့အကျင့်ပဲမှတ်လား. . . ဘာပင်လေးတွေလဲ”

“တစ်ယူဇနာပါ ကိုကို”

“ဟင်. . . ဒီနာမည် ကိုကို တစ်ခါမှ မကြားဖူးပါဘူး”

မမင်းပျို့က မြေဆွခက်ရင်းကို ဆေးရင်းဖြင့် ရေလောင်းလိုက်သည်။ ဆွထားသောမြေသားထဲသို့ ရေများ လွယ်လင့်တကူ စိမ့်ဝင်သွားသည်ကို ကြည့်ရင်း ကျေနပ်သွားသည်။ အရင်တုန်းက ရေလောင်းလိုက်လျှင် ရေများသည် ဘေးသို့ စီးထွက်သွားသည်။

“အချို့ကတော့ ယိုးဒယားသနပ်ခါးလို့လည်း ခေါ်ကြတယ်၊ အမှန်တော့ သူ့နာမည်အရင်းက တစ်ယူဇနာတဲ့ ကိုကို၊ တစ်ယူဇနာ အကွာအဝေးရှိတဲ့အရပ်ကိုတောင် မွှေးစေတဲ့အတွက် တစ်ယူဇနာလို့ ခေါ်တာတဲ့”

“ဟုတ်လား. . . စာဆိုရှိသလား”

“ကျမ်းဂန်လာ စာဆိုတော့ ဟုတ်ဟန်မတူဘူး၊ တော်ဝင်ပန်းမှ မဟုတ်ပေပဲ၊ ဒါပေမယ့် ပါးစပ်ရာဇဝင်လာ နာမည်တော့ ဖြစ်တယ် ကိုကို”

ကိုကိုက မမင်းပျို့ကို သဘောကျစွာ ကြည့်လိုက်သည်။ မီးဖိုချောင်၌သော်လည်းကောင်း၊ ပန်းပင်များအကြား၌သော်လည်းကောင်း၊ အမြဲလိုလို တကုတ်ကုတ် အလုပ်ရှုပ်နေတတ်သော ဤမိန်းကလေးကို သူမြတ်နိုးမိသည်။ သူ၏ဘဝကြင်ဖော်အဖြစ် ရာသက်ပန် လက်တွဲရမည့်အရေးအတွက် သူ ကျေနပ်မိသည်။ တစ်ဆက်တည်းလိုလို ကမ္ဘာပေါ်၌ မိမိလောက် ကံကောင်းသူ မရှိနိုင်ပေဟုလည်း ထင်မြင်မိသည်။

“ဒါပေမယ့် ကိုကိုရယ်၊ သူ့အနံ့က သနပ်ခါးနံ့လို သင်းပျံ့ပျံ့လေး မွှေးနေတာဆိုတော့လည်း သနပ်ခါးပန်းလို့ အများခေါ်တာ





လည်း မမှားဘူးလို့ ထင်တာပဲ”

“ဟုတ်ပါတယ်. . . အမည်နာမဆိုတာ ပညတ်ချက်ပါလေ၊ ဘယ်လိုခေါ်ခေါ် သူ့ကို ရည်စူးတယ်ဆိုတာ သိရင် ပြီးတာပဲ မဟုတ်ဘူးလား မမင်းပျို့”

“မဟုတ်ဘူး ကိုကို”

“ဟင်. . . ဘာဖြစ်လို့”

“ရည်စူးချက်ဆိုပေမယ့် အမှားကို အမှားမှန်း သိရင် အမှန်ကို ပြင်ပေးရမှာပေါ့၊ ဒါမှ နောင်လာနောင်သားတို့အတွက် အမည်မှန်တစ်ရပ်အနေနဲ့ သိရှိမှတ်သားခွင့် ရသွားနိုင်တာပေါ့၊ မဟုတ်ဘူးလား ကိုကို၊ သနပ်ခါးပန်းဆိုတာ နောက်ထပ်တစ်မျိုး ရှိသေးတယ်၊ ဝါဝါလုံးလုံးတွေနဲ့ သနပ်ခါးနံ့ ရပြီး ပွင့်တာလေ၊ ဟိုနား အပင်လေ၊ လာ. . . မင်းပျို့ ပြမယ်”

မမင်းပျို့ကို စိတ်ကူးယဉ်သမားဟူ၍ ပြော၍လည်း မရ၊ လက်တွေ့သမားဟူ၍လည်း ပြော၍မရ။ အမှန်တော့ သူမသည် စိတ်ကူးယဉ်ကို လက်တွေ့အကောင်အထည်ဖော်တတ်သော မိန်းကလေးဖြစ်သည်။

သူမကို ကြည့်ရသည်မှာ ဣန္ဒြေရရနှင့် တည်ငြိမ်ရင့်ကျက်သော သဇင်ပန်းခိုင်လေးနှင့် တူသည်၊ ကျက်သရေ ရှိသည်ဟု ကိုကို့စိတ်တွင် ထာဝရ စွဲထင်ကာ မြတ်နိုးနေမိခြင်းဖြစ်သည်။

“ဒီအပင်လေး ကိုကို၊ သူ့ကို အပင်လတ် အမျိုးအစားလို့ ခေါ်မလား၊ ချုံပင်အမျိုးအစားလို့ ခေါ်မလားပဲနော်”

“အပင်ကြီးအမျိုးစား မဟုတ်တာတော့ ကျိန်းသေတယ်”

“ဟုတ်တယ် ကိုကို၊ ဒါပေမယ့် စောစောက တစ်ယူဇနာကတော့ (Plant)အပင်ငယ် အမျိုးအစားပဲ”

“ဒီအပင်က သနပ်ခါး လိမ်းတဲ့အပင် မဟုတ်ဘူးနော်”



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့ ကိုကိုရဲ့၊ လိမ်းတဲ့သနပ်ခါးပင်က ခြောက်သွေ့ပူပြင်းတဲ့ရာသီဥတုကို ကြိုက်တယ်၊ ဒါကြောင့် အညာဒေသမှာပဲ စိုက်တာပေါ့"

"သြော်. . . အဲဒီအပင်က ပွင့်ရင် တောသနပ်ခါးပန်းပဲ ပေါ့"

"သနပ်ခါးပင်က ပွင့်ရင် သနပ်ခါးပန်းပဲ ဖြစ်ရမှာပေါ့။ ဒါပေမယ့် မင်းပျို့ အညာရောက်မှ သွားကြည့်ရဦးမယ်၊ ပန်းပွင့်မပွင့်ကိုလေ"

"မယ်မင်းပျို. . မင်းပျို. . မြန်မြန်လာစမ်းပါဦး၊ ကိုယ်ကျိုးတော့ နည်းကုန်ပြီထင်ပါရဲ့"

အိမ်ထဲမှ စီကနဲ ထွက်ပေါ်လာသော ဘွားဘွား၏အသံကြောင့် မမင်းပျို့ရော ကိုကိုပါ ရုတ်တရက် ကြောင်သွားသည်။

သို့သော် ခြေလှမ်းများကတော့ အိမ်ဘက်ဆီသို့ အလိုလိုလှမ်းပြီးသားဖြစ်နေသည်။ ညွှေ့ခန်း၌ ထိုင်နေသူကို မြင်လိုက်ရသည်နှင့် မမင်းပျို့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။

"ဘုရား. . ဘုရား. . မင်းလွင်၏သတင်းဆိုး မကြားရပါစေနဲ့ဘုရား"

ဟု စိတ်တွင်း ကြိတ်၍ဆုတောင်းလိုက်သည်။

သို့သော် မမင်းပျို့၏ဆုတောင်းချက် မပြည့်ဝချေ။

"လာ. . လာပါဦး မင်းပျို့ရယ်၊ ညည်းအဖေဆီ ဖုန်းမြန်မြန်ဆက်စမ်း"

"ဘာဖြစ်လို့လဲ ဘွားဘွား"

"ဘာဖြစ်ရမှာလဲ. . . မင်းလွင် တောထဲမှာ ပျောက်သွားတယ်တဲ့၊ ချောက်ထဲ ကျသွားတယ်ဆိုလား"

"ဟင်. . " ဟူသော အာမေဍိတ်သည် မမင်းပျို့ရင်တွင်း





မြည်ဟီးသွားသည်။

"မရှာကြဘူးလား"

"ရှာပါတယ်. . . သုံးရက်လုံးလုံးပဲ၊ ဒါပေမယ့် ဘယ်လိုမှ အစရှာမရဘူး၊ ဒါနဲ့ နီးစပ်ရာ မြို့နယ်ရဲစခန်းကိုတော့ လူပျောက်စာရင်း ဖွင့်ပြီး ဒီကို ချက်ချင်းတန်းလာတာ"

"ကဲပါ. . . ဖုန်းဆက်စမ်းပါ၊ ကျုပ်ရင်တွေ ပူလှပြီ၊ အင်းအသက်တစ်ရာ မနေရ၊ အမူတစ်ရာ တွေ့ရပေတယ်ကိုး"

"ကျွန်တော် ဆက်လိုက်ပါ့မယ်"

ကိုကိုက တယ်လီဖုန်းစင်ဘက် လျှောက်သွားသည်။

"ဘွားဘွား. . . သိပ်လည်း မပူပါနဲ့၊ မင်းပျို့ မပြောဘူးလား၊ အိပ်မက်,မက်ပါတယ်လို့"

ဘွားဘွားသည် ထိုအခါကျမှ အငိုမျက်လုံး ပျောက်တာမျက်လုံးအစုံ ပြူးထွက်လာပြီး. . .

"ဟုတ်ပ့ါ. . . ညည်းအိပ်မက်က စင်းနေပါလား၊ ဒီလိုဆိုရင် ထပ်မက်ဦး၊ ဘယ်နေရာမှာများ မင်းလွင်ရောက်နေသလဲလို့"

"အိပ်မက်ဆိုတာ မက်ခိုင်းချင်တိုင်း မှက်ခိုင်းလို့ရတာမဟုတ်ဘူး ဘွားဘွား၊ ဒါပေမယ့် ကျွန်မစိတ်က အလိုလို သိနေတာတစ်ခုရှိတယ်၊ အဲဒါ ဘာလဲဆိုတော့ မင်းလွင် မသေသေးဘူးဆိုတာရယ်၊ ဘယ်ခြေထောက်မှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတယ်ဆိုတာရယ်၊ နောက်ပြီးတော့ ငှက်ဖျားလိုလို ဝေဒနာရပ် ခံစားနေရတယ်ဆိုတာလောက်ပါပဲ"

"ဟင်. . . ဒီလောက်သိနေရက်နဲ့များ ညည်းမောင် ဘယ်မှာ ရောက်နေတယ်ဆိုတာ မသိတာကို အံ့များအံ့ပါရဲ့"

ဘွားဘွား၏သောကမီးသည် အံ့သြခြင်းနယ်ပယ်သို့ရောက်ရှိလာသဖြင့် တဒင်္ဂတော့ အေးချမ်းမှု ရသွားဟန်တူသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် မမင်းပျို့ရင်ထဲ၌တော့ မီးတောက်မီးလျှံက တညီးညီး တောက်လောင်နေလေပြီ။ အချင်းတစ်ခုတည်း မွေးထားသော အမြွှာမောင်အပေါ်၌ ပူပန်သောက မရှိဘဲ နေနိုင်ပါ့မလား။ တစ်နေ့က မက်သောအိပ်မက်၌ မိမိသည် တောကြီးမျက်မည်းထဲသို့ ရောက်နေသည်။ အေးခနဲဖြစ်ကာ ရင်ထဲ သိမ့်ခနဲ ဖြစ်သွားပြီးနောက် ချောက်ကမ်းပါးတစ်ခုပေါ်မှ လိမ့်ကျသွားသည်ကို သိလိုက်ရသည်။ ထို့နောက် မြို့နွယ်ပိတ်ပေါင်းတစ်ခုပေါ်၌ တင်နေသော်ငြား ဘယ်ခြေထောက်သည် ထုံကျင်သွားသည်။ ဘာဖြစ်မှန်း မသိရစဉ် တစ်ကိုယ်လုံး အေးစက်သွားသည်ဟု မြင်မက်လိုက်သည်။ အိပ်ယာမှ နိုးလတ်သော် မင်းပျို့၏ဘယ်ခြေထောက်ဒူးဆစ်သည် အမှန်တကယ်ပင် နာကျင်ကိုက်ခဲနေသည်။ တစ်ကိုယ်လုံးလည်း ချွေးများ ရွှဲနစ်ကာ အအေးပြန်မိ၍ ချမ်းတုန်နေသည်။

ဤသည်ကို ကောက်ချက်ချလိုက်သော် မင်းလွင် တစ်ခုခု ဖြစ်နေပြီဟု မမင်းပျို့ စိုးရိမ်စွာ မဝံ့မရဲ တွေးထင်လိုက်သည်။

သို့သော် မိမိ၏တွေးထင်ချက် မမှန်ကန်စေလိုသဖြင့် နိမိတ်အိပ်မက် မဟုတ်ပါစေနဲ့၊ ရိုးရိုးတန်းတန်း သွေးလေချောက်ချားသော အိပ်မက်သာလျှင် ဖြစ်ပါစေဟု မမင်းပျို့ ဘုရားရှင်ထံ၌ ကြိတ်၍ဆုတောင်းမိသည်။

မည်သို့ဖြစ်စေ ဘွားဘွားကိုတော့ အိပ်မက်အကြောင်း ပြောမိသည်။ ထိုစဉ်က ဘွားဘွားက အမှုမဲ့ အမှတ်မဲ့သာ ရှိသည်။

"လာမယ်တဲ့. . . ခုချက်ချင်း လာခဲ့မယ်တဲ့ ဘွားဘွား"

ကိုကိုက မမင်းပျို့တို့ စကားဝိုင်း ရှိရာသို့ လျှောက်လာပြီး ပြောလိုက်သည်။

"အေးအေး. . . ဒါမှ ချက်ချင်းလိုက်သွားရမယ်"

"ဟုတ်ကဲ့. . . ကျွန်တော်လည်း လိုက်ပါ့မယ်၊ ထူးခြားမှု





ရှိရင် ချက်ချင်းဆက်သွယ်ဖို့လည်း ကျွန်တော်မှာခဲ့ပါတယ်"

မင်းလွင်၏သူငယ်ချင်း အာကာကို မမင်းပျို့ ကြည့်လိုက်သည်။ သူ့အသွင်မှာလည်း အသားအရေညိုမည်းကာ ပါးရိုးနားရိုးများ ကျလျက် ပင်ပန်းနွမ်းနယ်နေပုံရသည်။

ဇင်းကျိုက်ရှိ သူငယ်ချင်း မင်းသန်းညွန့်ဆီ လိုက်လည်ရင်း တောကစားထွက်ရာမှ ယခုလို သတင်းဆိုး ကြားရခြင်းဖြစ်သည်။

"ဘာပဲဖြစ်ဖြစ် ကျုပ်တော့ ဘယ်အချိန် ဘယ်ကာလ ရောက်မှ ဆက်သွယ်မှန်း မသိနိုင်တဲ့ ဆက်သွယ်ချက်ကို ထိုင်ပြီး စောင့်ဆိုင်းမနေနိုင်ပါဘူး၊ ကျုပ်ကိုယ်တိုင် လိုက်မယ်"

"ဘွားဘွားသဘောပါပဲ. . . ကျွန်မကတော့ မင်းလွင်ကို အကောင်းဆုံးအခြေအနေမှာ တွေ့မြင်ရဖို့အတွက် ဘုရားမှာပဲ သွားဆုတောင်းလိုက်တော့မယ်"

ပြောပြောဆိုဆိုနှင့် မမင်းပျို့ ထိုင်ရာမှ ထလိုက်သည်။ ကိုကိုနှင့် အာကာကို မျက်လုံးနှင့်အတူ ခေါင်းကိုပါ ဆတ်ခနဲပြုပြီး ခွင့်ပြုပါဦးဟူသော အသံတိတ် သင်္ကေတကို ပြုမူပြီး အပေါ်ထပ်သို့ တက်ခဲ့လိုက်သည်။

လှေကားထစ် သုံးလေးထစ်မှ အလှမ်း၌ ဘယ်ဒူးဆစ် နာကျင်သွားသည်။ ဘာဒဏ်ရာဒဏ်ချက်မျှ မရှိဘဲနှင့်။

ရုတ်ချည်းဆိုသလို မင်းလွင်ကို ပြေးမြင်ကာ မျက်ရည်များ ရစ်ဝဲလာသည်အထိ နင့်နင့်သီးသီး ဖြစ်သွားသည်။

"ဘုရား. . ဘုရား. . မင်းလွင် အသက်အန္တရာယ်မှ ကင်းဝေးပြီး ချမ်းသာရပါစေ ဘုရား"



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂)

"ဘာတွေ တွေးနေတာလဲ မမင်းပျို"

"ဘာရယ်လို့တော့ မဟုတ်ပါဘူး ကိုကို၊ မင်းလွင် ပျောက်သွားတာ နှစ်ဆယ့်ခုနစ်ရက် ရှိသွားပြီနော်"

မင်းလွင်သည် အမြွှာမောင် ဖြစ်သည့်အတွက် မမင်းပျို၏ မောင်ညီမ သူငယ်ချင်းဆိုလျှင်လည်း မမှားချေ။ မမင်းပျို၏အရင်းနှီးဆုံးနှင့် အချစ်ဆုံးသောသူဖြစ်သည်။ သဘာဝချင်း မတူညီ၍သာ မင်းလွင်ကို မျက်စိအောက်က အပျောက်ခံနိုင်ခြင်းဖြစ်သည်။ ညီအစ်မှ အချင်းချင်းသာဆိုလျှင် သွားအတူ၊ လာအတူ၊ စားအတူ၊





အိပ်အတူနှင့် မခွဲတမ်း နေပေလိမ့်မည်။ ယခုတော့ . .

"မျက်ရည်က ဘာဖြစ်လို့ ကျရပြန်ပြီလဲ မမင်းပျိုရာ၊ ပျောက်သောသူ ရှာရင်တွေ့တယ်ဆိုတဲ့စကား ရှိသားပဲ မဟုတ်လား၊ အခု အန်ကယ်လ်ကလဲ သူ့တပည့်တွေနဲ့ ဒေသခံတွေ ပေါင်းပြီး ရှာခိုင်းနေတာပဲကွယ်၊ ကိုယ့်စိတ်ကိုကိုယ် သိပ်ဒုက္ခမပေးနဲ့၊ အခုတောင် တော်တော်ကိုယ်ရေစစ်သွားပြီ"

မမင်းပျိုက မျက်ရည်ကို အသာသုတ်လိုက်ပြီး ကိုကို့အား မော့ကြည့်လိုက်သည်။ ကိုကို၏အေးချမ်းသော ကရုဏာအပြုံးက မမင်းပျိုထံသို့ အားအင်များ စီးဝင်စေသကဲ့သို့ ခံစားလိုက်ရသည်။ နောင်နှစ်ဆိုလျှင် ကိုကို့အား မမင်းပျို ပိုင်ဆိုင်ခွင့်ရတော့မည်။ ကိုကိုနှင့်မမင်းပျိုတို့ကို မိဘများက သဘောတူညီစွာဖြင့် ဖွင့်ဟကြေငြာကာ လက်ထပ်ပေးမည်ဟု ကတိကဝတ်ပြုပြီးသားဖြစ်သည်။

ဤကိစ္စကို ကိုကိုကလည်း လိုလိုလားလားဖြင့် ကျေနပ်သဘောတူသကဲ့သို့ မမင်းပျိုကလည်း လက်ခံပါသည်။ နှစ်အိမ့်တစ်အိမ်ကဲ့သို့ နေကြသော ကိုကိုတို့မိသားစုနှင့် မမင်းပျိုတို့ မိသားစု နှစ်စုကြား၌ ပိုမိုခိုင်မြဲသွားစေမည့် ရွှေလမ်းငွေလမ်းဖောက်မှုသည် ယနေ့ထက်တိုင် အထစ်အငေါ့မရှိ။

ကိုကို၏ရိုးသားကြိုးစား ဖြောင့်မတ်တည်ကြည်သော စိတ်ဓာတ်ကို မမင်းပျို သဘောကျသည်။ မမင်းပျို၏ဘဝကို ဦးဆောင်သွားနိုင်သော၊ လုံခြုံမှု ပေးနိုင်သော၊ ချမ်းမြေ့ပျော်ရွှင်စေနိုင်သော သူတစ်ဦးဖြစ်လိမ့်မည်ဟုလည်း မမင်းပျို တထစ်ချ ယုံကြည်သည်။

ထိုယုံကြည်ချက်ဖြင့် မမင်းပျိုသည် ကိုကို့အား လက်ထပ်ရန် သဘောတူခဲ့ခြင်းဖြစ်သည်။

"ဘာတွေ တွေးနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . ကိုကိုနဲ့မမင်းပျိုတို့ လက်ထပ်ဖို့ကိစ္စပါ"

ကိုကို့မျက်နှာ ပြုံးယောင်သန်းသွားသည်။ ပြုံးတာကို တောင် ပိပိရိရိ သေသေသပ်သပ် ပြုံးတတ်သော ကိုကိုဖြစ်သည်။

"အဲဒါ ဘာဖြစ်သလဲ"

"မင်းလွင်ပြန်လာမှပဲ. . ."

"လက်ထပ်ဖို့က အဝေးကြီး လိုသေးတာပဲ၊ ကိုကိုတော့ ပို့စတင်ကျပြီးမှ မမင်းပျိုကို လက်ထပ်မယ်၊ ပြီးရင် ကိုကို တာဝန် ထမ်းဆောင်တဲ့ဆီကို မမင်းပျိုကို ခေါ်သွားမယ်. . . လိုက်နိုင်ပါ့မလား"

"ဖဝါးခြေရာထပ် လိုက်နိုင်ပါတယ် ကိုကို"

မမင်းပျိုကို ကိုကိုက မချင့်မရဲဟန်လေးဖြင့် ပါးမို့မို့ကို ဆွဲလိမ်လိုက်သည်။ ဒါ အလွန်ဆုံးသော ကိုကို၏ ကိုယ်ထိလက် ရောက်မှု ဖြစ်သည်။ ငယ်စဉ်ကတည်းက မမင်းပျိုအပေါ် အသည်း ယားလာသည့်အခါ ပါးလိမ်ဆွဲတတ်သည်မှအပ ကိုကိုသည် မည် သည့်အပြုအမူမျိုးကိုမှ မလုပ်တတ်ချေ။

"ဒီကြားထဲ မင်းလွင်ပြန်လာမှာပါ"

ကိုကို့စကားကြောင့် မမင်းပျိုရင်ထဲ ရှိနေသော မင်းလွင် အတွက် သောကအစိုင်အခဲသည် ချက်ချင်းလွင့်ပြယ်သွားလေ သည်။

"ဟုတ်တယ် ကိုကို၊ ကျွန်မလည်း ကိုကို့လိုပဲ ယုံကြည်နေ တာ၊ ကိုကို ဘာကြောင့်ပြောနိုင်သလဲ"

"အလောင်းမှ မတွေ့ဘဲ၊ အသက်ရှင်လျက် ရှိနေမှာပေါ့၊ အသက်ရှင်ရင် တစ်နေ့မဟုတ်တစ်နေ့ ပြန်လာမှာပဲ"

မမင်းပျို ချင့်ချိန်လိုက်သည်။ တစ်ခါတစ်ရံ ထိုအကြောင်း ပြောဖို့ရာကို တော်တော်အားယူရသည်။ မမင်းပျိုအား ခပ်ပေါက်





ပေါက်ဟု ထင်မှာ စိုးရိမ်သည်။

"အိပ်မက်နဲ့ ပတ်သက်လို့ ကိုကို ဘယ်လိုသဘောရသလဲ"

"ဘာသဘောကိုလဲ"

ကိုကိုက မျက်မှောင်အသာချီကာ မမင်းပျိုအား ကြည့် လိုက်သည်။ မမင်းပျိုက ပါးချိုင့်လေးများ ပေါ်အောင် ပြုံးပြလိုက်ပြီး

"ဩော်. . . ကိုကိုကလည်း၊ ယုံကြည်မှုရှိမရှိကို မေးတာပါ"

"အိပ်မက်ကို ယုံသလား မယုံသလား ကိုကိုတော့ တစ်ခါမှ မစဉ်းစားမိခဲ့ဖူးဘူး၊ သွေးလေချောက်ချားပြီးဖြစ်စေ၊ အစာမကြေတဲ့ အခါမျိုးမှာဖြစ်စေ၊ တစ်ခါတစ်ရံလည်း အိပ်ယာဝင်ခါနီး စွဲလမ်းသူ ရဲ့ပုံရိပ်ဟာ အိပ်မက်အဖြစ် ထင်ဟပ်လာတာမျိုးလည်း ဖြစ်တတ် တာပဲ၊ ဒီတော့ အိပ်မက်နဲ့ ပတ်သက်ပြီး ကိုကို ဘာယုံကြည်မှု အစွဲအလမ်းမှ မထားဘူး မမင်းပျို"

မမင်းပျို သက်ပြင်းချလိုက်သည်။ အိပ်မက်အပေါ် ယုံ ကြည်မှု မရှိသော ကိုကို့အား ညက အိပ်မက်အကြောင်း ပြောမပြ တော့ဘူးဟူသော ဆုံးဖြတ်ချက်ကို ချလိုက်သည်။

"အစွဲအလမ်းဆိုတာ သိပ်မထားတာပဲ ကောင်းတယ် မမင်းပျို၊ ဘာဖြစ်လို့လဲဆိုတော့ အစွဲအလမ်းဆိုတာ လူ့စိတ်ကို ဒုက္ခအပေးနိုင်ဆုံးသော အရာတစ်ခုဖြစ်နေလို့ပဲ၊ ဒါကြောင့် ကိုကို့ အနေနဲ့ မမင်းပျို စိတ်ဒုက္ခရောက်ရမယ့်အဖြစ်မျိုးကို မဖြစ်စေချင် လို့ အစွဲအလမ်း မထားနဲ့လို့ ပြောရတာ၊ ကိုကိုပြောတာ သဘော ပေါက်တယ်နော်"

မမင်းပျို ခေါင်းညိတ်လိုက်သည်။ သက်တူရွယ်တူချင်း ဖြစ် ပါလျက် ကိုကိုသည် လူကြီးဆန်သည်။ အေးဆေးတည်ငြိမ်စွာ နေလေ့ရှိသည်။ တစ်ခါတစ်ရံ မမင်းပျိုသည် ကိုကို၏အေးစက် တည်ငြိမ်မှုကို စိတ်ပျက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုလူမျိုးသည် အိမ်ထောင်ရေးအတွက် 'ကိုယ်ကြိုးဆွဲရာ ကနိုင်သောသူဖြစ်၍ အကောင်းဆုံးကြင်ဖော်ဖြစ်သည်' ဟု ဘွားဘွား၏တိုက်တွန်းချက်ကြောင့် မမင်းပျို့ ခေါင်းညိတ်မိခဲ့သည်။ ရှေးထုံးလည်း မပယ်နှင့်၊ ဈေးသုံးလည်း မလွယ်နှင့်ဟူသော စကားအရ လူကြီးများ၏စကား နားထောင်ခြင်းသည် မမင်းပျို့ အနာဂတ်အတွက် အမှားအယွင်း မရှိနိုင်ဟု မမင်းပျို့ လက်ခံယုံကြည်ထားသည်။

"ကိုင်း. . . ကိုကိုပြန်တော့မယ်၊ စာဖတ်စရာတွေ ရှိသေးတယ်"

"နေပါဦး ကိုကို၊ သဘော်သီးသုပ် ရှိတယ်. . . စားသွားပါလား"

"လက်သုပ်တို့ လက်သုပ်ချဉ်တို့ မစားနဲ့လေ၊ အခန့်မသင့်ရင် ဝမ်းလျှောတတ်တယ်"

"အို. . . ကိုကို မစားချင်နေ၊ ကျွန်မတော့ မိန်းမပီပီ ချဉ်ချဉ်ငန်ငန်စပ်စပ်လေးကို သုပ်စားပစ်လိုက်မှာ၊ ဗိုက်နာရင် ဆန်လွတ်နနွင်း သောက်လိုက်ရုံပဲ"

"ဝမ်းကိုက်တတ်တယ်"

"ဆောရီးပဲ ဆရာဝန်ကြီးရေ၊ ဇီဇာသိပ်မကြောင်နဲ့၊ မစားချင်နေ၊ ကျွန်မကိုတော့ မတားနဲ့"

မမင်းပျို့က ပြောပြောဆိုဆို ကိုကို ထွက်မသွားခင် ထားရစ်ခဲ့ကာ အိမ်ထဲသို့ ဝင်ခဲ့သည်။

ကိုကိုသည် တွေတွေကြီး ကျန်ရစ်ခဲ့လိမ့်မည်ဟု မမင်းပျို့ သိရှိနေသည်။

"ဟဲ့. . . ကိုကိုကော"

"ဘွားဘွားမြေးသမက်က သိတော်မူတဲ့အတိုင်း အသုပ်





စားရင်ပဲ ချက်ချင်း ဝမ်းကိုက်ပိုးနဲ့ သေတော့မလိုလို ထင်နေတာ. . မစားဘူးတဲ့"

"အေးလေ. . . အနောက်တိုင်းဆေးပညာကို သင်ယူနေတဲ့သူ ဆိုတော့လည်း ဒီလိုပဲပေါ့"

"ဘွားဘွားသဘောတူတဲ့ မြေးသမက်ကြီးလေ"

"အမယ်တော်. . . လူတွင်ပါလို့ နွားကျားကိုက်တာပါနော်"

"ဝေးပါသေး. . . မင်းပျို့က လူကြီးစကား နားထောင်တတ်လို့များ"

"ဩော်. . . ကျေးဇူးရှင်၊ ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

ထွေလုံးငေါ့လုံးများဖြင့် မြေးအဘွားနှစ်ယောက် ရယ်မောနေစဉ် တဒင်္ဂအတွင်းမှာတော့ မင်းလွင်အတွက် သောကပျောက်နေကြသည်။

"မမကြီးရေ. . . တယ်လီဖုန်း လာနေတယ်"

အိမ်၌ လက်တိုလက်တောင်း ခိုင်းရအောင် ခေါ်ထားသော မိသေးသည် နားယားသည်ဟု ဆိုကာ တယ်လီဖုန်းကို ဘယ်တော့မှ မကိုင်ချေ။

"ဟဲ့. . . ကိုင်လိုက်ပါလား"

"ဟင့်အင်း. . . နားယားတယ်၊ ကြောက်တယ်"

"သေလိုက်"

မမင်းပျို့က သဘော်သီးသုပ် နယ်နေသောလက်ကို မဆေးအားဘဲ ပြေးထွက်ခဲ့ပြီး ဖုန်းခွက်ကို ဘယ်လက်ဖြင့် ကောက်ကိုင်လိုက်သည်။

"ဟဲလို. ."

"သမီး မမင်းပျို့လား"

"ဟုတ်ကဲ့ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးမောင်ကို ပြန်တွေ့ပြီတဲ့"

"ဟင်. . . ဟုတ်လား ဖေဖေ၊ ဘယ်မှာလဲ၊ ခုလာပြီလား၊ ဝမ်းသာလိုက်တာ၊ ဖေဖေ့ဆီမှာလား"

ဝမ်းသာခြင်း ပဃောဂ ဝင်ပူးသောအခါ မမင်းပျိုသည် အရာရာကို မေ့သွားကာ ဆွေ့ဆွေ့ခုန်မတတ်ဖြစ်ပြီး ပါးစပ်တွင်း ရောက်တတ်ရာရာတွေကို လျှောက်မေးမိလေသည်။

"နေစမ်းပါဦး သမီးရဲ့၊ ဖေဖေပြောတာကိုများ ဆုံးအောင် နားထောင်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ၊ သမီး ဝမ်းသာသွားလို့ပါ"

မမင်းပျို ကိုယ်ရှိန်ပြန်သတ်လိုက်သည်။ မမင်းပျိုဆီမှ နားစွန်နားဖျား ကြားလိုက်ဟန်တူသော ဘွားဘွားသည်လည်း မမင်းပျိုနား ရောက်လာပြီး. . .

"ဘာတဲ့လဲ"

စကားပြောခွက်ကို အုပ်ပြီး. . .

"မင်းလွင်ကို ပြန်တွေ့ပြီတဲ့"

"ဟေ. . ."

ဘွားဘွား မျက်လုံးအစုံ ပြူးထွက်လာသည်။ ထိုပြူးကျယ်နေသောမျက်လုံး၌ အရည်များ တောက်ပလျက်။ ဝမ်းသာလုံးဆို့သွားဟန်တူသည်။

"မင်းသန်းညွန့် ဖုန်းဆက်တယ်၊ ဒီနေ့ရထားနဲ့ တင်ပေးလိုက်ပြီတဲ့၊ ညို့သည်တစ်ယောက်လည်း ပါလာလိမ့်မယ်၊ အဲဒါ စားစရာသောက်စရာတွေ စီစဉ်ထား၊ နေစရာလည်း စီစဉ်ထား၊ သားအသက်သခင်လို့ ပြောတယ်၊ ဖေဖေ ဘူတာမှာ သွားကြိုပြီးမှ လာခဲ့မယ်"

"ဟုတ်ကဲ့. . . ဪ. . ဖေဖေ၊ ညို့သည်က ယောက်ျား





လေးလား မိန်းမလား"

"ဟေ. . . ဟုတ်ပါရဲ့၊ ဖေဖေလည်း မမေးလိုက်မိဘူး၊ ဘာပဲဖြစ်ဖြစ် အပေါ်ထပ်က အခန်းလွတ်မှာသာ ပြင်ထားလိုက်၊ သား အသက်သခင်ဆိုတော့ လိုလေသေး မရှိစေနဲ့၊ ကြားလား သမီး. . . ဒါပဲ၊ အမေ့ကိုလည်း ပြောပြထားလိုက်ဦး"

"ဟုတ်ကဲ့"

မမင်းပျိုက တယ်လီဖုန်းခွက်ကို အသာချလိုက်သည်။ ဘွားဘွားကို ရှင်းပြလိုက်သည်။

"ညည်းအိပ်မက်အရဆိုရင်တော့ ယောက်ျားပဲ ဖြစ်မှာပါ။ ရသေ့ပါဆိုတော့ ဘုရားခန်းမှာ သိပ်လိုက်တာပေါ့"

မမင်းပျို မီးဖိုဘက် ပြန်ဝင်လိုက်သည်။

အိပ်မက်နှင့် ပတ်သက်၍ အစွဲအလမ်း မထားပါနှင့်ဆိုသော်လည်း မမင်းပျိုအိပ်မက်အတိုင်းဖြစ်နေသည်။ တစ်နေ့ညက အိပ်မက်ထဲတွင် ဂူတစ်ဂူထဲ၌ မင်းလွင်နှင့် လူတစ်ယောက်သည် ရသေ့တစ်ပါးကို ဦးချနေသည်ဟု မြင်မက်သည်။ ထိုအိပ်မက်ကို ဘွားဘွားအား ပြောပြခဲ့သည်။

ကိုကို့ကို စောစောက ပြောပြရန် အားယူသော်လည်း ကိုကို၏ အယုံအကြည်ရှိပုံမရသော စကားကြောင့် မမင်းပျို မပြောမပြခဲ့ခြင်းဖြစ်သည်။ ဘွားဘွားကတော့ မမင်းပျိုအိပ်မက်ကို နိမိတ်ပုံအနေနှင့် ယုံကြည်လေသည်။

"ရသေ့တော့ ပါမယ်မထင်ပါဘူး"

"အေးလေ. . . ပါတော့လည်း အရေးမကြီးပါဘူး၊ အိမ်က အကျယ်ကြီးပဲဟာ၊ ရထားက ခြောက်နာရီလား ခုနှစ်နာရီလားပဲ၊ ဘာပဲဖြစ်ဖြစ် ညို့ကောင်းစောင်ကောင်းလို့သာ မြင်ထားလိုက်"

"ဟုတ်ကဲ့ပါ ဘွားဘွားရဲ့၊ ကျွန်မ သိပါတယ်၊ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လောလောဆယ် ဘွားဘွား လှည်းတန်းဈေးဘက် ပြေးပါဦး၊ မိချေး ကို ခေါ်သွား၊ ဘွားဘွားမြေး ကြိုက်တဲ့ ပုစွန်ကျားထုပ် သွားဝယ်ပေး၊ နောက်ပြီး ငါးရံ့ခြောက်လေး ရှာခဲ့ပေးပါဦး၊ နောက်. . .”

“တော်ပြီ. . . ကျုပ်သိတယ်၊ ညည်းလည်း ညည်းမောင် အကြိုက်ကို သိသလို ကျုပ်လည်း ကျုပ်မြေးအကြိုက် သိတယ်၊ မိသေး. . . ဘမောင်ကို ကားထုတ်ခိုင်းလိုက်”

“ဟုတ်ကဲ့ ဘွားဘွား”

မင်းလွင်သတင်း ကြားပြီးကတည်းက ခြောက်သွေ့သွားခဲ့ သောအိမ်ကြီးသည် မကြာခင် ပြန်လည်အသက်ဝင်လှုပ်ရှားလာ တော့မည်ကို မမင်းပျို့ မှန်းဆကာ ပျော်ရွှင်ကြည်နူးမှုများနှင့်အတူ အပေါ်ထပ်သို့ ပြေးတက်ခဲ့လေသည်။ မင်းလွင် အိပ်ခန်းပြင်ရန်ဖြစ် သည်။

မမင်းပျို့ ယုံကြည်ထားသကဲ့သို့ မင်းလွင် မသေဘဲ ပြန် ရောက်လာတော့မည့်အကြောင်း ကိုကို့အားလည်း တယ်လီဖုန်းနှင့် လှမ်းပြောပြရဦးမည်။







## အခန်း(၃)

“ဟင်. . .”

ထူးခြားစွာ ရှိသည်က သူ၏မျက်ဝန်း။ သာမန်အပြာ ရောင်များပေါ်၌ မျက်ဆန်နက်နက် ရှိကြသည်မှာ မမင်းပျို့တို့မြန်မာ လူမျိုးများ၏မျက်လုံးပင်။ ယခု သူက အစိမ်းရောင် မျက်ကြည်ပေါ် မှာ အနက်ဆန် ရှိသည်။ မျက်ခုံးနှစ်ခုက လင်းယုန်အတောင်သဖွယ် ထူထဲကာ ဆက်နေသေးသည်။ ပေါ်လွင်နဖြောင့်စင်းသောနှာတံ၊ နီထွေးကာ စုတ်ချက်ဖြင့် ကောက်ကြောင်းလိုက်ထားသည့်အလား ရှိနေသောနှုတ်ခမ်းမှာ ဆေးကူထားသော မိန်းမသားများ၏ နှုတ်ခမ်းထက်ပင် လှနေသည်။ ပို၍ထူးခြားသည်ကား ဖြူစင်းနှစ်နေ သော အသားအရည်မှာ နီစပ်စပ် မဟုတ်ဘဲ နို့နှစ်ရောင် ပြေးနေ

www.burmeseclassic.com

www.burmeseclassic.com

ခြင်းကပင်လျှင် အသားဖြူသော မမင်းပျိုတို့မောင်နှမတို့ အရှုံးပေးရလောက်အောင် အသားလှပေသည်။

"ဒါ ကျွန်တော့်အစ်မလေ"

"........"

စကားတစ်လုံးမှ မပြောဘဲ မျက်လုံးတောက်တောက်ကြီးနှင့် တစ်ချက်ကြည့်သည်။ ရှည်လျားသောမျက်တောင်များက မကော့ဘဲ စင်းနေသည်။

"ဒါက ဘွားဘွား"

"ဘွားဘွား"

ဘွားဘွားကို ပြုံးပြပုံက နှစ်လိုဖွယ်ကောင်းလှသည်။ ပါးချိုင့်လေးနှင့်ပါလား။ သွားစွယ်တန်းလေးများက ပုလဲသွယ်လေးများ စီတန်းထားသည့်နှယ် ရှိသည်။ သွားတက်လေးက ပို၍ကျက်သရေ ရှိစေပြန်သည်။ ယောကျ်ားတန်မဲ့ ဘာကြောင့်များ ဤမျှချောမောလှပနေရပါလိမ့်။

"မြေးက လူချောပဲ၊ တောသားနဲ့လည်း မတူဘူး၊ မြို့သားတွေထဲမှာတော့ မင်းလို နုဖတ်ပြီးချောတဲ့လူမျိုး ကျုပ်တစ်သက် မတွေ့ဖူးပေါင်တော်၊ နာမည်ဘယ်လိုခေါ်သလဲ"

ဘွားဘွားကတော့ သူမ၏ဝသီအတိုင်း ဘွင်းဘွင်းကြီး ဖွင့်ဟချီးကျူးလိုက်သည်။

မမင်းပျိုလည်း ဘွားဘွားကဲ့သို့ပင် သူ့အား ဖွင့်ဟချီးကျူးချင်ပါသည်။ သို့သော် သက်တူရွယ်တူ ဆန့်ကျင်ဘက် လူသားအား ပွင့်ပွင့်လင်းလင်း မချီးကျူးရဲပါ။ ပို၍ဆိုးသည်က ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ခံစားနေရခြင်းပင်ဖြစ်သည်။

သူ့နာမည်အမေးကို သူ မဖြေဘဲ မင်းလွင်အား အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ မင်းလွင်က ရယ်ကာ. . .





"ခင်ဗျားဘာသာခင်ဗျား ဖြေလေဗျာ"

သူ၏မျက်လုံးလေး၌ အားငယ်ရိပ်များ ယှက်သန်းသွားသည်။ မျက်လွှာအချ၌ စင်းကျသွားသော မျက်တောင်ရှည်ကြီးများက အိပ်ပျော်နေသည့်အလား အပြစ်ကင်းသမှုတို့ကို ဖုံးကွယ်သမှုပြုနိုင်သည်။

"......"

"ဖြေလေဗျာ. ."

"ကျုပ်မဖြေတတ်ဘူး"

"ခင်ဗျားကလည်းဗျာ"

မင်းလွင်က အားမလိုအားမရ ညည်းတွားလိုက်သည်။ မမင်းပျို မနေသာတော့။ စိတ်ရှုပ်နေဟန်တူသောသူ့အား သနားကရုဏာ သက်မိသည်။

"နာမည်မေးတာ ခဲရာခဲဆစ် ရှိနေသလား၊ ဘာဖြစ်လို့လဲ မင်းလွင်၊ ဧည့်သည်ကို စိတ်ညစ်အောင် မလုပ်နဲ့လေ"

"ဒီလို မင်းပျို၊ သူ့မှာ နာမည်မရှိဘူး"

"ဟင်. ."

"အလို. . ."

မမင်းပျိုနှင့်ဘွားဘွားထံမှ အာမေဋိတ်အသံ ထွက်သွားရသည်။ လူထူးဆန်းကို မြင်တွေ့လိုက်ရသည့်အလား ဘွားဘွား၏မျက်လုံးအစုံသည် မျက်မှန်ကို နှာရိုးပေါ်သို့ လျှော့ချပြီး ပြူးကြည့်လေသည်။ မမင်းပျိုကသာလျှင် ရင်တွင်း ကရုဏာမြစ်ရေ လျှံတက်ရင်း "ဖြစ်ရလေတယ်". . . ဟု။

"ဘဘုန်းက လူလေးလို့ ခေါ်တယ်၊ ဒါနဲ့ လူလေးဖြစ်နေတာ"

"မှတ်ပုံတင်တွေဘာတွေရော ပါရဲ့လား မှိရဲ့လားဟယ်၊


www.burmeseclassic.com

www.burmeseclassic.com



ညည့်စာရင်းတိုင်ရ ခက်နေဦးမယ်"

ဘွားဘွားက စိုးရိမ်မကင်းလေသံဖြင့် ပြောလေသည်။ မမင်းပျို့မှာတော့ စကားပြောရန်ပင် မေ့နေသည်။ စိတ်ဝင်စားစရာ ကောင်းလွန်းသောသူ့အား ငေးကြည့်ရင်း . .

"ဘဘုန်းက သူ့ဒကာကြီးတွေကို မှတ်ပုံတင် လုပ်ခိုင်းထားလို့ ပါပါတယ်၊ အဲဒီထဲမှာတော့ ဒကာကြီးတွေက ဘဘုန်းခေါ်သလို လူလေးလို့ပဲ မှည့်လိုက်တာပေါ့၊ ဒါပေမယ့် ကျွန်တော်က သူ့အတွက် နာမည်တစ်ခု စဉ်းစားနေတာ"

"ရပြီလား."

"မင်းပျို့ ဘယ်လိုသဘောရှိသလဲ၊ ငါက ငါ့နာမည်နဲ့ ဆင်စေချင်တယ်၊ နင်စဉ်းစားကြည့်စမ်း"

"ကဲပါ. . . ကင်ပွန်းတပ်က နောက်မှလုပ်၊ ညည့်သည်မှာ နင်တို့မောင်နှမကြားမှာ အနေခက်နေရှာပြီ"

"အမယ်. . . ကျွန်မက ဘာမှမပြောဘဲ ဘွားဘွားတို့သာ"

"ကဲ. . . အတွန့်တက်မနေနဲ့၊ ရေမိုးချိုးရအောင် ခေါ်သွား၊ ကျုပ် ထမင်းပွဲ ပြင်ထားမယ်"

"ဟုတ်သားပဲ. . . သားတို့က အပေါ်ကိုတောင် မရောက်သေးပါလား၊ မောင်လူလေးကို အခန်းထဲ ပို့ပေးလိုက်ဦး"

ဖေဖေပင်လျှင် ရေချိုးပြီး အောက်ထပ်သို့ ဆင်းလာရင်း ပြောလိုက်သည်။

"ကျွန်တော့်ခြေထောက်က အပေါ်တက်လိုက်ဆင်းလိုက်ဆိုရင် ဖြစ်မယ်မထင်ဘူး၊ အောက်ထပ်အိပ်ခန်းမှာပဲ နေတော့မယ်"

"အေး. . . ဟုတ်သားပဲ၊ ဒါဖြင့် မောင်လူလေးကို သမီးပဲ လိုက်ပို့ပေးလိုက်"

မမင်းပျို့ သူ့အား ဖျတ်ခနဲ ကြည့်လိုက်သည်။ သူသည်





မမင်းပျို့ကို တစ်ချက်ကြည့်ပြီး မင်းလွင်ကို ကြည့်လိုက်သည်။

"လာလေ"

"......."

ဘာတစ်ခွန်းမှ မပြောဘဲ ပေကပ်ရပ်နေသည်။ လှေကားထစ် သုံးလေးထစ်ပေါ် ရောက်နေပြီဖြစ်သော မမင်းပျို့မှာ ရပ်စောင့်ခေါ်သည်။

"ကိုလူလေး. . . လာလေ"

"မလာဘူး"

"ရှင်. ."

မမင်းပျို့ အံ့အားသင့်ခြင်း၊ စိတ်လှုပ်ရှားခြင်းတို့ ရောထွေးသွားသည်။ မင်းလွင်က ရယ်နေသည်။ ဖေဖေက. . .

"ဘာဖြစ်လို့လဲ မောင်လူလေး"

"ကျုပ် ဒီလူနဲ့ပဲ နေမယ်"

မင်းလွင်ကို လက်ညှိုးထိုးပြကာ တုံးတိဖြေလိုက်သည်။ မမင်းပျို့ ပြုံးလိုက်မိသည်။

"ဟုတ်တယ် ဖေဖေ၊ သူက ဘဘုန်းကလွဲရင် ဘယ်လူသားနဲ့မှ နီးနီးကပ်ကပ် နေဖူးတာ မဟုတ်ဘူး၊ ဘဘုန်းပြီးရင် ကျွန်တော်က သူနဲ့ အနီးကပ်ဆုံးသူ ဖြစ်နေတော့ ကျွန်တော်နဲ့ ခွဲချင်မှာ မဟုတ်ဘူး"

"ဩော်. . . ဒါဖြင့် မိသေးရေ၊ ဘမောင်နဲ့မတ်စေ့တို့ကို သွားခေါ်ကွယ်၊ အောက်ထပ်အိပ်ခန်းကျယ်ကို ပြင်ရအောင်"

"ဟုတ်ကဲ့ ဘဘ"

"ဒါဖြင့် လောလောဆယ် ရေချိုးထားနှင့်ကြဖို့ ကျွန်မ အရင်ပြင်ပေးလိုက်မယ် ဖေဖေ"

"အေးအေး. . . ဖေဖေတော့ ဗိုက်ဆာလို့ စားနှင့်တော့မယ်၊ သမီးမောင်တွေပြသနာ သမီးတို့ပဲ ကြည့်လုပ်ပေးလိုက်ကြဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဖေဖေ"

မမင်းပျိုက အောက်ထပ်၌ အိပ်ခန်းနှစ်ခန်းရှိသည့်အနက် နှစ်ယောက်ခန်းသို့ ဝင်လိုက်သည်။ အမြဲလှဲကျင်းထားသဖြင့် ဖုန်က တော့ မရှိချေ။ ရေချိုးခန်းထဲသို့ ဆပ်ပြာခွက်တွေ၊ ရေခွက်၊ သွား ပွတ်တံ၊ သွားတိုက်ဆေး၊ ကိုယ်သုတ်ပုဝါများကို ထည့်ပေးရသည်။

အပေါ်ထပ်၌ ပြင်ထားသမျှတို့ အလကားဖြစ်သွားပြီ။

"ဒေါက်. . ဒေါက်. . ဒေါက်"

"မင်းပျို. . . နင် ငါ့ကို သတိမရဘူးလား"

ချိုင်းထောက်ကြီးက တဒေါက်ဒေါက်နှင့် လျှောက်လာပြီး ပြတင်းပေါက်တံခါး ဖွင့်နေသော မမင်းပျိုအား မင်းလွင်က မေး လိုက်သည်။

"ရတာပေါ့"

"ငါ့ကို သေပြီလို့ ထင်ပြီး မငိုကြဘူးလား"

"နင့်ကို သေပြီလို့ ငါလုံးဝမထင်ဘူး မင်းလွင်၊ ဒါကြောင့် ငါမငိုဘူး၊ ဒါပေမယ့် နင် ဒုက္ခတစ်ခုခု တွေ့နေပြီလို့ ငါထင်ပြီး စိတ်မကောင်းဖြစ်ရတာပေါ့"

"ငါက နင့်ကို သတိရတယ်"

"ငါလည်း သတိရတယ်၊ ဒါကြောင့် အိပ်မက်တွေ မက် တယ်၊ နင် ချောက်ထဲ ကျသွားပြီး ချုံပုတ်ပင်တွေပေါ် တင်တာ ကော၊ ဂူတစ်ဂူထဲမှာ နင်ရောက်နေတာကော၊ နောက်. . ရသေ့ တစ်ပါး"

"အဲဒါ ရသေ့မဟုတ်ဘူး. . . ဘဘုန်းကြီး၊ သစ်ခေါက်ဆိုး ရည် သင်္ကန်းက ရင့်လို့ ရသေ့လို့ ထင်ရတာ၊ ဆံပင်ကလည်း တအား အရှည်မြန်တော့ ဘယ်လောက်ရိုပ်ရိုပ် ထိုးထိုးထောင်ထောင် ဖြစ်နေ တာ"





"ဪ. . ဟုတ်တယ်. . ဟုတ်တယ်၊ ငါက အိပ်မက်ထဲမှာ ဆိုတော့ ရိုးတိုးရိပ်တိတ်ပဲ၊ ဟိုပုဂ္ဂိုလ်ကိုတောင် နင်နဲ့အတူ နောက် ကျောဘက် လှမ်းတွေ့နေရသေးတာပဲ"

မမင်းပျိုက ပြောပြောဆိုဆို သူ့အား လှမ်းကြည့်လိုက် သည်။ သူသည် မမင်းပျိုတို့နှစ်ဦးအား စူးစူးစိုက်စိုက်ကြည့်လျက် ရှိသည်။

"နင်အလုပ်ရပြီ မင်းပျို"

"ဘာအလုပ်လဲ"

"သူ့ကို လူနဲ့ လူ့ပတ်ဝန်းကျင် ဆက်နွယ်မှုအကြောင်း သင်ကြားပေးဖို့လေ"

"နင်ကကော"

"ငါလည်း သင်ပေးမှာပေါ့၊ လောလောဆယ် သူ့ကို နာမည်သစ် ပေးဦးလေ"

"ငါစဉ်းစားလိုက်ဦးမယ်၊ သူ့ကို ရေချိုးဖို့ နင်ပြပေးလိုက် ဦး"

"အေး. . လာ. . ကိုလူလေး"

မင်းလွင်က သူ့အား ဦးဆောင်၍ ခေါ်သွားသည်။ မမင်း ပျိုက ပြတင်းပေါက်မှ ပြင်ပဘက်ဆီသို့ ငေးကြည့်လိုက်သည်။ ဪ. . . မိုးကုန်၍ ဆောင်းအကူးဖြစ်၍ မြူနှင်းတို့တောင် ဝေနေ လေပြီကိုး။

တိမ်တောင်တိမ်လိပ်များက အမှောင်နှင့် လုကာ တိမ် ပန်းချီဆွဲလျက် ရှိနေလေသည်။ မင်းလွင်မြူခိုးတို့က. . .

"ဟာ. . . ရပြီ. . . ရပြီ"

မမင်းပျိုက အလန့်တကြား လှမ်းအော်လိုက်သည်။ မင်း လွင်က ရေချိုးခန်းအဝမှ လှည့်ကြည့်ကာ. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဟ. . . ဘာရတာလဲ"

"ဟိုလူ့နာမည်"

"ဘာလဲ"

"နင်က မင်းလွင်ဆိုတော့ သူက မြုခိုး. . မြုခိုးပေါ့၊ မကောင်းဘူးလား"

"အေး. . . ကောင်းတယ်၊ မြုခိုး. . မြုခိုး ဟုတ်ပြီ၊ ကိုလူလေးရေ. . . ခင်ဗျား နာမည်အသစ်ရပြီ၊ မြုခိုးတဲ့. . . မြုခိုး"

မင်းလွင်နှင့်မမင်းပျို့သည် အချင်းတစ်ခုတည်းဆက်အမြွှာမောင်နှမ ဖြစ်သည့်အားလျော်စွာ စိတ်သဘောထားချင်းအမြဲတမ်း တူညီလျက်ရှိသည်။ မမင်းပျို့ ကြိုက်လျှင် မင်းလွင်လည်း ကြိုက်သည်ပင်။

"ခင်ဗျားကြိုက်လား"

"မသိဘူးဗျာ"

ရေချိုးခန်းထဲမှ အသံကြီး ထွက်လာသည်။ အသံသြဇာနှင့်ပြည့်စုံသောအသံကြီးကိုပင် မမင်းပျို့ သဘောကျမိပြန်သည်။


သြော်. . . လူ့လောကကြီး၌ သမားရိုးကျ နေထိုင်ကြီးပြင်းခဲ့ရသော မမင်းပျို့တို့အတွက် ထူးဆန်းအံ့သြခြင်းနှင့်အတူ ပျော်ရွှင်ကြည်နူးဖွယ်ရာလောကကို သူသည် ဖန်တီးပေးရန် ရောက်ရှိလာသည် ထင်ပါသည်။

"သြော်. . . မြုခိုးရယ်"

မမင်းပျို့စိတ်တွင် ကရုဏာသက်စွာ ညည်းတွားလိုက်မိလေသည်။







# အခန်း(၄)

"ဟာ. . ပြဿနာပဲ၊ မင်းပျို့. . မင်းပျို့"

မင်းလွင်က ထမင်းစားခန်းထဲသို့ ရောက်ရောက်ချင်း ထမင်းပွဲကို ကြည့်ကာ လှမ်းကာ မမင်းပျို့ကို လှမ်းအော်ခေါ်လိုက်သည်။

"ဘာလဲဟ. . . ငါဒီမှာ"

မီးဖိုချောင်ထဲ၌ ဆယ့်နှစ်မျိုးဟင်းချိူ ခပ်ထည့်နေသော မမင်းပျို့က လှမ်းအသံပြုလိုက်သည်။

"မြုခိုးက သက်သက်လွတ်ပဲ စားတတ်တာ"

"ဟင်. . . ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း ရက်ကိုးဆယ် မိဌာန်ထားတယ်"

"တယ်ဟုတ်ပါလား"

"ဟုတ်တယ်. . . ဘဘုန်းကြီးက သက်သက်လွတ်ပဲ စားလို့လား မသိဘူး၊ သူ့အသားအရည်က နူးညံ့ပြီး အမွှေးနံ့သာနံ့တွေတောင် ရနေတာ၊ ဖြစ်နိုင်ရင် ငါလည်း မြူခိုးလိုပဲ သက်သက်လွတ်စားဖြစ်မလားပဲ"

"စားလေ. . . ငါလည်း နင်တို့ကို လုပ်ပေးရင်းနဲ့ တတ်နိုင်သမျှတော့ စားတာပေါ့။ ကိုင်း. . ဒါဖြင့် ခဏနေဦး၊ ငါ မြင်းခွာရွက် သုပ်ပေးမယ်၊ နောက် အာလူးလေး ရှီးစ်လုပ်လိုက်မယ်"

မမင်းပျိုသည် မိသေးအကူအညီဖြင့် ဆီချက်,ချက်၊ အာလူးကို ပဲဆီဖြင့် နှပ်ကြော်,ကြော်သည်။

"မိသေး. . . ငရုတ်သီးအကျက်မှုန့်နှစ်ဇွန်းကို ကြက်သွန်ဖြူလေးနဲ့ ရောပြီး စပ်သီးထောင်း ထောင်းထားလိုက်ပါဦး"

"ဟုတ်ကဲ့"

ဓါတ်ငွေ့မီးဖိုဖြစ်သဖြင့် ခဏအတွင်း အကုန်ပြီးစီးလေသည်။

"တစ်ခါတည်းသာ တန်းပြင်လိုက်တော့"

"ဟုတ်"

"ဪ. . . ပြီးရင် ထမင်းစားနေတုန်း လိမ္မော်သီး နွှာထားနော်"

"ဟုတ်. ."

"ဖေဖေ မစားသေးပါလား ဘွားဘွား"

"အေးလေ. . . ညည်းတို့နဲ့မှပဲ စားတော့မယ်ဆိုပြီး ဆာလျက်နဲ့ စောင့်နေလေရဲ့. . . ပြီးပြီလား"

"ပြီးပြီ. . . အဆင်သင့်ပဲ၊ ဘွားဘွားပဲ လှမ်းခေါ်လိုက်





တော့"

"အေး. . ."

ဖေဖေ၊ မင်းလွင်နှင့်ဘွားဘွားအသံတို့မှာ ညံစီနေသလောက် မြူခိုး၏အသံသည် ပျောက်ဆုံးနေသည်။

မျက်စိသူငယ် နားသူငယ်နှင့် မြူခိုးကို မမင်းပျို ကရုဏာမိုးလေး တစိမ့်စိမ့် ရွာသွန်းမိသည်။

"ဘွားဘွားပုစွန်ထုပ်ကျားတော့ မျက်နှာငယ်သွားပြီဟေ့"

"အမယ်. . . ဘွားဘွားကလည်း၊ မင်းပျို စားမှာပေါ့"

"ညည်းကကော မလွတ်ဘူးလား"

"လွတ်နိုင်ပေါင်. . . ကြာသပတေးရက်တောင် အနိုင်နိုင်၊ ထိုင်လေ မြူခိုး"

ဖေဖေနှင့်မင်းလွင်က ထိုင်ပြီးသည့်တိုင်အောင် မြူခိုးက ထိုင်သေးဘဲ မတ်တတ်ဖြစ်နေသည်။

"ဟာ. . . ဟုတ်သားပဲ၊ ထိုင်. . မြူခိုး"

ခြောက်စားပွဲထိပ်၌ ဘွားဘွား အမြဲထိုင်လေ့ရှိသကဲ့သို့ ဘွားဘွား၏ညာဘက်တွင် ဖေဖေနှင့်မင်းလွင် ထိုင်နေကျဖြစ်သည်။ ဘယ်ဘက်၌ မင်းပျိုတစ်ဦးတည်း ထိုင်လေ့ရှိသည်။

ယခု မြူခိုးရောက်လာသောအခါ မင်းလွင်သည် သူ့နေရာ ထိုင်မိရာမှ မင်းပျိုအသံကြောင့် မြူခိုးကို သတိရသွားကာ မမင်းပျို [illegible]ား. . .

"မင်းပျို. . . နင်နဲ့ငါ နေရာချိန်းတော့မယ်"

"ကောင်းတာပေါ့. . . ခုမှ လူမှန်နေရာမှန် ရောက်တော့ ယ် နှင့်ထက်ငါက ငါးမိနစ်ကြီးများတောင် ကြီးတာပဲ၊ ညာဘက် ထိုင်နေသင့်တာ ကြာပြီ၊ ဟုတ်တယ်နော် ဖေ့"

"ဟုတ်ပ. . . ဟုတ်ပ"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက မင်းပျိုခေါင်းကို ချစ်စနိုး ပုတ်လိုက်သည်။ မမင်းပျိုက ရယ်ရင်း အကြည့်က မြူခိုးထံသို့ ရောက်သွားသည်။ မြူခိုးက ငှက်နှင့်ခက်ရင်းကို ကိုင်ကြည့်ကာ စိတ်အိုက်နေပုံရသည်ကို မမင်းပျို ချက်ချင်းပင် သတိပြုမိလိုက်၍. . .

"မြူခိုးက ငှက်ခက်ရင်းနဲ့ မစားချင်ဘူးထင်တယ်၊ မစားချင်ရင် ဇေဇင်မှာ လက်သွားဆေးပြီး ကျွန်မနဲ့ဘွားဘွားလိုပဲ လက်နဲ့စားပေါ့၊ မိသေး ဇေဇင်ပြလိုက်"

ထိုအခါကျမှ အခက်အခဲမှ လွတ်မြောက်သွားသော ကလေးသဖွယ် သူ၏မျက်နှာ ဝင်းပသွားကာ မိသေး ညွှန်ပြပေးသော ဇေဇင်၌ လက်ကို ဆပ်ပြာနှင့် ဆေးကြောပြီးမှ ထမင်းဝိုင်း ပြန်ထိုင်သည်။

"တကယ့်ကို အရိုးခံသက်သက်ပဲ" ဟု ဖေဖေက မမင်းပျိုကို တိုးတိုးလေး လှမ်းပြောလိုက်သည်ကို မမင်းပျို ပြုံးကာ ခေါင်းညိတ်ပြလိုက်သည်။

ထမင်းစားသည့်အခါ၌ ကြက်ပြွေကြီးတစ်ခွဲသားနှင့် ဆရာတော်ကြီးတစ်ပါး ဘုဉ်းပေးသည့်နှယ် ရှိနေပြန်သည်။

"ငရုတ်သီး ပါလိမ့်မယ် ထင်တယ်၊ ဖယ်စားလိုက် မြူခိုး"

"ကောင်းပြီ"

"မြူခိုးက ငရုတ်သီး မစားဘူးလား"

"ဟုတ်တယ် မင်းပျို၊ ဒီကျောင်းက အပူအစပ် မစားဘူး၊ တကယ့်အသီးအနှံသမား"

"ဪ. . . ဒါကြောင့် မြူခိုးအသားအရည်က ဒီလောက်လှနေတာကိုး"

တောတွင်းသားတစ်ယောက်၏ အသားအရည် ဖြူဆွတ်နူးညံ့ခြင်းသည် သူ၏အနေအထိုင်၊ အစားအသောက်ဟူသော





အလေ့အထများနှင့် သက်ဆိုင်နေခြင်း ဖြစ်ဖို့များသည်ဟု မင်းပျို ခန့်မှန်းမိလိုက်သည်။

"ဘဘုန်းက သူ့ဘဝကို လူဝတ်ကြောင် မစွန့်နိုင်သေးရင် လူကြားထဲ နေကြည့်ပါစေဆိုပြီး ကျွန်တော်နဲ့ ထည့်ပေးလိုက်တာပါ ဖေဖေ"

"အေးလေ. . . ဒါ မှန်တာပေါ့၊ လူသားမှန်ရင် လူ့လောကထဲမှာပဲ နေထိုင်သင့်တယ်၊ မောင်မြူခိုးက စာတတ်သလား"

မြူခိုး မျက်လွှာပင့်ကြည့်သည်။ စိမ်းလဲ့ပြီး ညို့အားကောင်းသော သူ၏မျက်ဝန်းကို ကြည့်ကာ မမင်းပျို သက်ပြင်းခိုးချမိသည်။

"စာဆိုတာ ဘဘုန်း သင်ပေးသမျှ အက္ခရာတွေကိုလား"

"ဟုတ်တယ်. . . အဲဒါလည်း စာပဲ၊ ခု မင်းကို မင်းအစ်ကိုအစ်မတို့က မြူခိုးလို့ နာမည်ပေးလိုက်ပြီ၊ အဲဒါ မင်းပေါင်းတတ်သလား"

"မြူခိုးဆိုတာ လူနာမည်တော့ မဟုတ်ဘူး၊ ဆောင်းအကုန်နွေအကူးကာလမှာ တောင်ခြေတွေမှာ ရစ်သန်းဖွဲ့နှောင်နေတတ်တဲ့ မြေသားနဲ့ သစ်ပင်တွေအထက်က အငွေ့တွေကို မြူလို့ပဲ ခေါ်တာ၊ ဒါပေမယ့် တင်စားကြတော့ မြူခိုးလို့ ခေါ်တယ်"

"ဟင်. . " ဟူသောအာမေဋိတ်က မမင်းပျို၏ရင်တွင်း၌သာ နိဂုံးချုပ်သွားသည်။ မြူခိုးသည် အရိုးခံသက်သက်ဟု ထင်ရသော်လည်း ဘဘုန်း၏အတတ်အသိပညာများက သူ့ထံသို့ စိမ့်ဝင်နေပြီဆိုတော့ မြူခိုးအား အထင်သေး၍မရနိုင်ပေ။

"ဒါပေမယ့် နာမည်ဆိုတာ သတ်မှတ်ခေါ်စရာ မည်တော်တစ်ခု မဟုတ်လား၊ ဒါကြောင့် ကျုပ်ကို မြူခိုးလို့ ခေါ်တာကို ကျုပ်ခွင့်ပြုပါတယ်၊ မြူခိုးပဲခေါ်ခေါ်၊ ဘဘုန်းလို လူလေးပဲခေါ်ခေါ်၊ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်မှန်း ကျုပ်သိနေတာပဲ၊ ကျုပ်မှတ်ထားပါ့မယ်"

"ဖေဖေတို့က မြူခိုးကို အထင်သေးလို့လား၊ မြူခိုးက အင်္ဂလိပ်စကားလည်း ပြောတတ်တယ်၊ ကိုယ်ခံပညာတွေလည်း တတ်တယ်၊ ဗေဒင်နက္ခတ်ဆန်း ဒီပညာတွေလည်း တတ်ပြန်တယ်၊ သူ မတတ်တာ၊ စက်နဲ့ ပတ်သက်တဲ့ပစ္စည်းတွေကို မထိတွေ့ဖူးလို့ မတတ်တာပဲ ရှိမယ်"

"အေးလေ. . . ဒီလိုဆိုရင် ဒီအပိုင်းတွေ မင်းတို့မောင်နှမပဲ သင်ပေးလိုက်ကြပေါ့၊ တော်တော်နေသားတကျ ဖြစ်လာပြီဆိုရင် ကားမောင်း ဆိုင်ကယ်စီး သင်ပေးလိုက်ကြ၊ ဒီရက်တော့ မင်းပျို က လူလေးအတွက် လိုအပ်တဲ့အဝတ်အစားတွေ လိုက်ဝယ်ပေးရင်း ဆံပင်လည်း ပုံသွင်းပေးလိုက်ပါဦး၊ ခုတော့ တာဇံနဲ့ တူနေတယ်"

မမင်းပျိုတို့မိသားစု ပြုံးလိုက်ကြသည်။ မြူခိုးကတော့ မျက်နှာကြီး အောက်စိုက်လျက် စိတ်ရှုပ်ထွေးနေပုံရသည်။ မင်းလွင်က သူ၏ပခုံးကို ပုတ်ကာ. . .

"မြူခိုး ဘာမှစိတ်ညစ်မနေနဲ့၊ ခင်ဗျားစိတ်ထဲ ပြောချင်တဲ့ စကားမှန်သမျှ လွတ်လွတ်လပ်လပ်သာ ပြောပါ၊ ကျွန်တော့်မိသားစု ဟာ ခင်ဗျားမိသားစုပါပဲ၊ ကျွန်တော့်အဖေကိုလည်း ကျွန်တော့်လိုပဲ ဖေဖေခေါ်ပါ၊ ဘွားဘွားကိုလည်း ဘွားဘွား၊ မင်းပျိုကိုလည်း မင်းပျို ပေါ့. . . ဟုတ်လား"

"ကောင်းပြီ"

ထိုစဉ် မိသေးက လိမ္မော်သီးအမွှာပန်းကန် လာချရာ သူက အထူးအဆန်းသဖွယ် ကြည့်ကာ. . .

"ဒါဘာလုပ်တာလဲ. . . စားတာလား"

"အင်. ."

မမင်းပျိုက ထမင်းနင်သကဲ့သို့ ဖြစ်သွားသည်။ ဖေဖေနှင့်





မင်းလွင်က ရယ်သည်။ ဘွားဘွားက. . .

"စားဖို့လေ လူလေးရဲ့"

"စားဖို့"

"ဟား. . . ဟား. . . ဘွားဘွား စားဖို့ကလည်း ဆင်ပါးစပ် နှမ်းပက်သလောက် ရှိမှာပေါ့ဗျ"

မြူခိုးက သဘောကျစွာ ရယ်မောရင်း ပြောလိုက်သည်။ မမင်းပျိုရင်ထဲ ကြည်နူးသွားသည်။ တစ်ဆက်တည်း မြူခိုး၏ ဖြူဖွေးညီညာသော သွားစွယ်တန်းလေး၊ မေးချိုင့်နှင့် ပါးနှစ်ဖက် ပေါ်၌ သိသိသာသာ ချိုင့်ဝင်သွားသော ပါးချိုင့်လေးများကို ကြည့် တာ သဘောကျမိသည်။ ယောက်ျားတန်မဲ့ ဘာကြောင့်များ ဤမျှ ချောမောနေရပါလိမ့်ဟုလည်း အဓိပ္ပါယ်မဲ့စွာ အပြေးအလွှား စဉ်းစားလိုက်မိသေးသည်။

"ဟုတ်သားပဲ. . . မြူခိုးက အသီးအနှံဆိုရင် နှစ်လုံးသုံးလုံး လောက် စားတတ်တာ၊ တစ်ခါတစ်လေ ထမင်းမစားဘဲ အသီးအနှံ နဲ့ မီးလွတ်စားခဲ့ကြတာဆိုတော့ ဒီပန်းကန်ဟာ ကလေးကစားစရာ လို ဖြစ်နေတာပေါ့"

မင်းလွင်က ရှင်းပြသည်။ မင်းပျိုက. .

"မသိပါဘူး. . . ဒီလိုဆိုရင် ဟိုရေခဲသေတ္တာထဲမှာ မြူခိုး ကြိုက်သလောက်သာ ယူစား. . . သိလား"

ရေခဲသေတ္တာကို ညွှန်ပြလိုက်သည်။ သူက ခေါင်းညိတ် သည်။ ထမင်းစားခြင်း ပြီးဆုံးသွားသည်။ ပက်လက်ပန်းကန်ပြား၌ ဘောနွှတ်ခမ်း လုံးဝပေရေခြင်း မရှိချေ။

ဗေဇင်၌ လက်ဆေးသည့်အခါလည်း ဆပ်ပြာရွေးနှင့် အတျအန ဆေးကြော၊ ပလုတ်ကျင်းသည်ကို တွေ့လိုက်ရသဖြင့် မင်းပျို စိတ်ထဲ အလိုလို ကျေနပ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်. . .

"ဟာ. . . နည်းနည်းလေးပဲ နောက်ကျသွားတယ်"

"လာလေ ကိုကို၊ ကျွန်မစောင့်ပေးမှာပေါ့"

"နေပါစေ. . . အိမ်ပဲ ပြန်စားလိုက်တော့မယ်၊ ဧည့်သည်ကို လာကြည့်တာ"

ရေခဲသေတ္တာထဲမှ ပန်းသီးနှစ်လုံးနှင့် လိမ္မော်သီးတစ်လုံးကို ခပ်တည်တည် နှိုက်ယူပြီး ထွက်သွားသောမြနိုးကို မမင်းပျို မေးငေါ့ပြရင်း. . .

"ဧည့်သည်မဟုတ်ဘူး. . . အိမ်သည်ပဲ ဖြစ်မှာ"

"ဟုတ်တယ် မောင်ကိုကို၊ သူ့ကို အန်ကယ်တို့ မွေးစားလိုက်ပြီ"

"သူက ကျွန်တော်တို့ထက် မွေးလ တစ်လပဲ ငယ်တယ်ဆိုတော့ တစ်လငယ် အမြွာညီ၊ အဲ. . . မင်းပျိုအတွက် မောင်တစ်ယောက် ထပ်တိုးလာတယ်လို့ ဆိုရမယ်"

"သိပ်ကောင်းတာပေါ့"

ကိုကိုက ပြုံးရွှင်စွာဖြင့် အသိအမှတ်ပြုလိုက်သည်။

ဘွားဘွားက မြနိုးအား စိတ်ပူစွာဖြင့်. . .

"ဟဲ့. . . ဘယ်သွားတာလဲ လိုက်ကြည့်လိုက်ဦး၊ တော်ကြာ ကားလမ်းတွေဘာတွေ ထွက်သွားလို့ ဒုက္ခရောက်နေဦးမယ်"

သံယောဇဉ်နွယ်လေးတစ်မျှင်သည် မမင်းပျိုတို့မိသားစု အသိုင်းအဝန်းထဲသို့ စတင်ဝင်ရောက် ရစ်ပတ်နွှောင်ဖွဲ့လာလေပြီ။

"နာမည်ကကော"

"မြနိုးတဲ့လေ"

"မင်းပျို၊ မင်းလွင်၊ မြနိုး၊ တယ်ဟုတ်ပါလား"

"ဟုတ်ရမယ်လေ. . . မင်းပျို ပေးတဲ့နာမည်ပဲ ကိုကိုရ"





မင်းလွင်က ချိုင်းထောက်ကို အားပြုကာ ထလိုက်သည်။

"မင်းလွင်ခြေထောက်က. ."

"ကျွန်တော်ဆက်ကုမှာပါ၊ လိုက်ကြည့်လိုက်ဦးမယ်. . . ကျွန်တော့်အသက်သခင်ကျေးဇူးရှင်ကို တော်ကြာ လမ်းမထွက်သွားလို့ ခက်နေမယ်"

မင်းလွင်က ရယ်သွမ်းသွေးကာ အိမ်ရှေ့ဘက်သို့ လိုက်ထွက်သွားသည်။ မမင်းပျိုလည်း လက်ထဆေးသည်။ ကိုကိုက ဖေဖေ့အား. . .

"ဖေဖေနဲ့မေမေတောင် ညဘက် လာခဲ့ဦးမယ်. . . အန်ကယ်လ် ရှိမရှိ ကျွန်တော့်ကို လာကြည့်ခိုင်းလိုက်တာ"

"ရှိပါတယ်ကွာ. . . သတင်းမေး လာကြမယ်ထင်တယ်"

"ဟုတ်ကဲ့. ."

ကိုကို၏ 'ဟုတ်ကဲ့' ဟူသောအပြောနှင့် နောက်ဆက်တွဲပါလာသောအကြည့်က မမင်းပျိုပေါ် ကျရောက်လာသည်။ မမင်းပျို ရိပ်မိလိုက်သည်နှင့် ရင်ထဲ၌ လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။ မင်းလွင် ပြန်ရောက်လာပြီးနောက်မှ မင်္ဂလာကိစ္စ စီစဉ်မည်ဟူသော ကတိစကားကို သတိရလိုက်သည်။

မမင်းပျို ခြေကုန်လက်ပမ်းကျသွားသူနှယ် စိတ်အားအင်များ အလိုအလျောက် ဆုတ်ယုတ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၅)

လသာသာအောက်၌ အမြဲတမ်းလိုလို ကိုကိုနှင့် စကားပြောခဲ့ဖူးသော မမင်းပျိုသည် ယခုမှ ကိုကို၏ဖိတ်ခေါ်မှုကို ငြင်းဆန်လိုက်ချင်သည်။ သို့သော် ပြောင်းလဲစပြုလာသော မမင်းပျို၏ စိတ်ထားကို လူကြီးမိဘများ ရိပ်မိကာ မမင်းပျိုအပေါ် အထင်သေးသွားမှာ စိုးရိမ်သည်။

"အတော်ပဲ မင်းပျို၊ ဒီမှာ မြနိုးကို ခေါ်သွားစမ်းပါ"

ဧည့်ခန်းမှ ပေါ်တီကိုသို့ ဆင်းရန် လှမ်းလိုက်သော မမင်းပျိုနှင့်ကိုကို ခြေလှမ်းတုံ့ဆိုင်းသွားသည်။





"မြနိုးက ခြံထဲ ဆင်းချင်လို့တဲ့၊ ညနေကလည်း ဦးဘမောင်နဲ့ မတ်စေ့က စပ်စုလို့ သူ ခြံထဲ ဆင်းရမှာ လန့်နေတယ်၊ ခု ခေါ်သွားလိုက်စမ်းပါ"

"လာလေ မြနိုး"

မြနိုးက မလာသေးဘဲ မမင်းပျိုကိုတစ်လှည့်၊ ကိုကို့ကိုတစ်လှည့်ကြည့်သည်။ မမင်းပျိုကို ကြည့်သောအကြည့်က ရင်းနှီးသောနွေးထွေးမှု ရှိသည်။ ကိုကို့အား ကြည့်သောအကြည့်က စိမ်းကားနေသည်။

"လာလေ မြနိုး၊ သူက ကိုကိုတဲ့၊ ဟိုဘက်ခြံကြီးမှာ နေတယ်၊ သူ့ကို ဘာမှ မကြောက်စရာမလိုဘူး"

"ဟုတ်တယ် မြနိုး၊ လာ. . . လမ်းလျှောက်ရအောင်"

ကိုကိုက အေးချမ်းစွာ ပြုံးပြပြီး လှမ်းခေါ်လိုက်သည်။

သို့သော် မြနိုးက ပြုံးမပြဘဲ ခေါင်းခါပြီး အိမ်တွင်းသို့ ချာခနဲ လှည့်ဝင်သွားသည်။ မမင်းပျို သက်ပြင်းချလိုက်မိသည်။

မင်းလွင်က 'မလွယ်ဘူး. . . ဒီကောင် လူကြောက်နေသေးတယ်' ဟု ပြောပြီး ချိုင်းထောက်အားပြု၍ မြနိုးနောက်သို့ လိုက်သွားလေသည်။

"မမင်းပျိုတို့လူက ဘယ်လိုလူလဲ"

"ဘာဖြစ်လို့လဲ. . . တကယ့်ကို အရိုးခံသက်သက်လေးပါ၊ တောထဲမှာပဲ တောထွက်ပြီး တရားအားထုတ်နေတဲ့ ဘုန်းကြီးတစ်ပါးနဲ့ ကြီးပြင်းခဲ့ရတဲ့သူပါ"

ယနေ့ လပြည့်ဝန်း၏ညချမ်းသည် အလှတရားတို့ လျော့နည်းနေလေရော့သလားမသိ။ မမင်းပျိုစိတ်အစဉ်၌ သာယာကြည်နူးခြင်းတို့ ပျောက်ဆုံးလျက်ရှိသည်။

"ဟုတ်ပါ့မလား. . . သူ့မျက်လုံးမှာ မာနရောင်တွေ တွေ့


www.burmeseclassic.com

www.burmeseclassic.com



ရတယ်”

“မဖြစ်နိုင်ဘူး ထင်တယ်၊ တောထွက်ဘုန်းတော်ကြီးတစ်ပါးရဲ့ အဆုံးအမ ဩဝါဒအောက်မှ ကြီးပြင်းလာရတဲ့သူတစ်ယောက် အနေနဲ့ မာန်မာနတွေ ရှိနိုင်ပါ့မလား”

“ရှိနိုင်တယ်”

“ဟင်. .”

“ဟုတ်တယ်. . . သူ့ကိုယ်သူ ယုံကြည်နေတဲ့ မာနအရောင်ကို တွေ့ရတယ်”

မမင်းပျို့ ကိုကို့အား မော့ကြည့်လိုက်သည်။ ကိုကို့အပြုံးက အေးချမ်းပါသည်။ သို့သော် လျှို့ဝှက်မှု ရှိနိုင်သည်ဟု မမင်းပျို့ ယူဆချင်လာသည်။

“မင်းပျို့တော့ ကိုကို့လိုမျိုး မထင်ဘူး၊ သူဟာ လူသူတောထဲ မနေဖူးလို့ လူကြောက်နေရှာတဲ့ ယုန်သူငယ်လေးလိုပဲ အပြစ်ကင်းစင်တယ်လို့ ထင်တယ်”

“ဟုတ်ပါ့မလား. . . ရွှေယုန်လား ရွှေကျားလားကို မမင်းပျို့ မသိနိုင်ဘူးဆိုရင်လည်း ထားလိုက်ပါတော့၊ ယောင်လို့များတော့ သွားမစမ်းသပ်လိုက်ပါနဲ့၊ တော်ကြာ ရွှေကျားဖြစ်နေလို့ ကျားစာမိသွားမှ ကိုကို ရင်ကျိုးရလိမ့်မယ်”

“ဟင်. . . ကိုကို ဘာစကားပြောတာလဲ”

မမင်းပျို့ လုံးဝမျှော်လင့်ထားခြင်း မရှိသောစကားကြောင့် တအံ့တဩဖြစ်မိကာ ကိုကို့အား မမင်းပျို့ ခပ်စိမ်းစိမ်း ကြည့်လိုက်မိသည်။ ကိုကိုသည် သဝန်တိုတတ်သူပါလား။

“ဟုတ်တယ် မမင်းပျို့ ယောကျ်ားဆိုရင် ဘယ်ယောကျ်ားမှ မယုံနဲ့၊ ရှင်းရှင်းပြောရင် ကိုယ့်ကိုတောင် မယုံပါနဲ့လို့ပဲ ကိုကို ပြောချင်တယ်၊ ကိုကိုတို့ အမြန်ဆုံး လက်ထပ်ကြရအောင်လား မမင်းပျို့”





“ဝမ်းနည်းပါတယ် ကိုကို”

“ဘာ. .”

“ကိုကို့ရဲ့သဘောထားဟာ တစ်နေ့တည်းနဲ့တင် ပြောင်းလဲခြင်း ဖြစ်သွားလိမ့်မယ်လို့ ကျွန်မ မထင်မိခဲ့ဘူး ကိုကို၊ နေ့လည်ကတင် ကိုကိုဘာပြောခဲ့သလဲ”

“ဒါကတော့ အခြေအနေအရပဲပေါ့၊ ကိုကို မမင်းပျို့ကို လက်လွှတ်အဆုံးအရှုံးမခံနိုင်ဘူး”

“ဘာဖြစ်လို့ ဆုံးရှုံးရမှာလဲ”

“သံယောဇဉ်ဆိုတဲ့ ကြိုးမျှင်လေးရဲ့ အစွမ်းထက်မှုဟာ ဘယ်အတိုင်းအတာအထိလဲဆိုတာကို ခန့်မှန်းရ ခက်သလောက် အောင်ကို ခိုင်ခံ့တတ်လွန်းလို့ပါ”

“ဘာတွေပြောနေတာလဲ ကိုကို၊ ကိုကို. . မင်းပျို့ကို မယုံကြည်ဘူးလား”

“ယုံပါတယ်. . . မင်းပျို့ရဲ့သစ္စာတရားကို ကိုကို ယုံနိုင်ပါတယ်၊ ဒါပေမယ့် နှလုံးသားကို ကိုကိုမယုံချင်တော့ဘူး”

“ဘာလဲ. . . မြူခိုးရောက်လာလို့ ကိုကို့စကားတွေ ဗလောင်းဗလဲ ဖြစ်လာတာလား၊ ဒါဆိုရင် မင်းပျို့ကို သတ်သက်အထင်သေးတာပဲ၊ ဒီမှာ ကိုကို၊ မင်းပျို့ရဲ့ပါးစပ်တင် မကဘူး၊ နှလုံးသားပါ သစ္စာဖောက်ကြည့်စမ်း၊ မင်းပျို့အသည်းနှလုံးကို မင်းပျို့ကိုယ်တိုင် ဓါးနဲ့ ခွဲပြီး ဖြတ်တောက်ပစ်မယ် သိလား”

“ဆောရီး မင်းပျို့ ကိုကိုက သိပ်ချစ်တော့ သိပ်စိုးရိမ်တယ်၊ မမင်းပျို့ ဒီလောက်အထိ ဒေါသဖြစ်လိမ့်မယ်မှန်း ကိုကို မထင်လို့ပါ”

“တော်စမ်းပါ. . . မင်းပျို့ စိတ်ဆိုးအောင် ဘယ်သူတွေပေးတာလဲ၊ မြူခိုးနဲ့ ပတ်သက်လို့ ကိုကို့ဆီက သံသယစကား လုံးဝမကြားပါရစေနဲ့၊ မြူခိုးဟာ မင်းလွင်လိုပဲ မင်းပျို့ရဲ့မောင်လို့ မင်းပျို့ သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားတယ်၊ မင်းလွင်အသက်ဟာ မေမေမွေးခဲ့တဲ့အသက် မရှိတော့ဘူး၊ မြူခိုးက ဒုတိယအကြိမ်အဖြစ် မွေးဖွားပေးလိုက်တာလို့လည်း မင်းလွင်ကိုယ်တိုင် ခံယူထားလို့ မြူခိုးကိုလေ မင်းပျိုတို့တစ်အိမ်သားလုံးက မင်းလွင်ရဲ့အသက်သခင်၊ မင်းလွင်ရဲ့ကိုယ်ပွားအဖြစ် ချစ်ခင်ယုယ ဂရုစိုက်သွားကြမှာပဲ၊


ဒီအတွက် ကိုကိုဟာ မင်းပျိုအထင်ကြီးခဲ့တဲ့ မူလစိတ်အတိုင်းပဲ ဆက်လက်သဘောထားကြီးကြီး နေပြစမ်းပါလို့ပဲ မင်းပျို ပြောချင်တယ်၊ ဒါပါပဲ ကိုကို”

မမင်းပျို စကားဆုံးသည်နှင့် ကိုကို့ကို ချန်ရစ်ခဲ့ကာ မိမိ၏နောက်ဖေးဘက်မှ လှည့်ဝင်လိုက်သည်။ ရင်ထဲ၌ တင်းကျပ်မောဟိုက်နေသည်။

ကိုကို လရောင်အောက်၌ တစ်ယောက်တည်း ရပ်ကျန်ရစ်ခဲ့မှာ ကျိန်းသေသည်။ လရောင်အောက်၌ ချစ်သူရှာရန် ကိုကို ကြိုးပမ်းခဲ့ဖူးသော်လည်း လရောင်အောက်၌ အိမ်ထောင်ဖက် ရှာ၍ မရနိုင်ဘူးဆိုခြင်းကို ကိုကိုသဘောပေါက်မည်ဆိုပါက. . .။







## အခန်း(၆)

“ဟင်. . .မြူခိုး၊ နင် အစောကြီး ထတယ်လား”

“အေး. . .”

“နင်ဘာလုပ်နေတာလဲ”

“ထိုင်နေတာလေ. . . မတွေ့ဘူးလား”

မမင်းပျိုက အိမ်ဘေးစံပယ်ရုံနှင့် တစ်ယူဇနာရုံဘေး၌ စိတ်ပျက်လက်ပျက် ထိုင်နေသော မြူခိုးကို တွေ့တွေ့ချင်း ၎င်းအား သင့်ရာမှ မေးခွန်းများ ထုတ်လိုက်မိသည်။

“တွေ့တယ်. . . ဘာထိုင်လုပ်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ဘဘုန်းဆီ ပြန်ချင်တယ်"

"ဟင်. . . မပြန်ပါနဲ့ဦး"

"ကျုပ်သေလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"အလေးလည်း သွားလို့မရဘူး"

"အို. . ဟိုး. . ဟိုး. . ဒါကြောင့်ကိုး၊ ဟား. . ဟား"

မမင်းပျို စိတ်ရှိလက်ရှိ ရယ်လိုက်သည်။ ဤသည်ကို မြူခိုးက ခပ်တည်တည်ပင် ကြည့်နေသည်။ ရယ်ခြင်း၊ ငိုခြင်းကိုမှ ခံစားတတ်ခြင်း ရှိပါလေစ။

"ကျုပ်ကို ပြန်ပို့"

"ပို့မယ်. . . နေပါဦး၊ နင့်ကို ငါ ပြောဖို့ မေ့နေတယ်၊ လာ. . လာ. . ငါ့နောက်လိုက်ခဲ့"

မမင်းပျိုက သူ့အား ခေါ်ဆောင်ကာ နောက်ဖေးခန်း၏ ဘေးဘက်ရှိ ရေလောင်းအိမ်သာကို ပြကာ သုံးစွဲနည်း ရှင်းပြသည်။ တစ်ရှူးလည်း အသုံးပြုနိုင်ကြောင်း ပြောပြပေးရသည်။ သူနှင့် မင်းလွင် နှစ်ယောက်အိပ်ခန်းနှင့် ဆက်လျက် ရေချိုးခန်းအိမ်သာ၌ ရှိနေသော ထိုင်ကမုတ်အိုးကို သူ အသုံးမပြုတတ်ခြင်းအတွက် မမင်းပျို ငိုအားထက် ရယ်အားသန်ရသကဲ့သို့ ဖြစ်ရသည်။

"ကဲ. . . တက်လေ"

"ဟင့်အင်း"

"ဘာဖြစ်လို့လဲ"

"မရတော့ဘူး"

"တိုင်း. . . ဒါဖြင့် လာ၊ ငါပန်းခူးမလို့၊ နင် ဝိုင်းခူးပေးမလား"

"အင်း. . ."





မမင်းပျို ပျော်သွားသည်။ မြူခိုးအား နေတတ်ထိုင်တတ်အောင် လေ့ကျင့်ပေးရင်း သူပျော်သွားစေရန် ကြိုးပမ်းရမည်ဟု ဆုံးဖြတ်လိုက်သည်။

"ဒီပန်းတွေ ဘာလုပ်ဖို့လဲ"

"ဘုရားတင်မှာပေါ့. . . ပြီးတော့ ငါလည်း ပန်တယ်"

"ပန်တယ်"

"ဟုတ်တယ်. . ဒီလို. . . ဒီလို. ."

မမင်းပျိုက တစ်ယူဇနာ ပန်းခက်လေးတစ်ခက် ချိုးကာ ဆံထုံး၌ ထိုးစိုက်ပြလိုက်သည်။ မြူခိုးက စိတ်ဝင်စားစွာ ကြည့်သည်။

"အဲဒီလို ဆံပင်မှာ ပန်းလေး ကပ်ပြီးထားတာကို ပန်းပန်တယ်လို့ ခေါ်တယ်"

"ဟုတ်လား. . . ဒီလိုလား"

မြူခိုးက ပြောပြောဆိုဆို ပန်းခက်ချိုးကာ သူ့ဆံပင်ထဲသို့ ထိုးထည့်ပြလေရာ မမင်းပျိုမှာ ဟန်မဆောင်နိုင်တော့ဘဲ ခွက်ထိုးခွက်လန် ရယ်မောလိုက်သည်။

"ဟား. . . ဟား. . . ဟား"

"ဘာဖြစ်တာလဲ"

မြူခိုးက စိတ်ရှုပ်သကဲ့သို့ မမင်းပျိုအား ကြည့်ကာ မေးလိုက်သည်။ ထိုအခါ မမင်းပျိုက ရယ်ရှိန်ကို သတ်လိုက်သည်။ ဗိုက်ကြောများပင် နာလာပြီး ရယ်ရလွန်း၍ မျက်ရည်များပင် ရစ်ဝဲနေသည်။

ဘွားဘွားက သူတို့ ရှိရာ လှမ်းလျှောက်လာပြီး. . .

"ဟဲ့. . မိန်းမ၊ ဒီလောက်ရယ်ရသလား၊ အိုးခြမ်းကွဲတဲ့အတိုင်းပဲ"

"ဒီမှာ. . ဘွားဘွားမြေးကို လာကြည့်ပါဦး၊ ဒီလို မြူခိုး



www.burmeseclassic.com

www.burmeseclassic.com



ရဲ့၊ ပန်းဆိုတာ မိန်းမမှ ပန်ရတယ်၊ နင်တို့လို ယောကျ်ားတွေ မပန်ရဘူး”

“ဘာဖြစ်လို့လဲ”

“ငရဲကြီးတတ်တယ်”

“ဟုတ်လား”

ဘုန်းကြီးနား နေသူအား ငရဲဖြင့် ကိုင်ခြောက်ပြောလိုက်လျှင် အလွယ်ကူဆုံး ဖြစ်လိမ့်မည်ဟု မမင်းပျို သဘောပေါက်မိသဖြင့် ပြောလိုက်မိခြင်းဖြစ်သည်။

ဘွားဘွားက အခြေအနေကို ရိပ်စားမိကာ ပြုံးလေသည်။ မြူခိုးက ဘွားဘွားအား ပန်းလှမ်းပေးလိုက်သည်။

“ဘွားဘွားပန်”

“ဟဲ့. . . အဘွားကြီးက ပန်းမပန်ရဘူး”

“ဟာ. . . မိန်းမ မဟုတ်ဘူးလား”

“ဟုတ်ပ. . . ဟုတ်ပ၊ ကျုပ် မိန်းမစစ်စစ်ပဲ ရေမရောဘူး၊ ဆံပင်ဖြူ သွားကျိုးလာရင် ပန်းမပန်ရတော့ဘူး”

“ရှုပ်လိုက်တာ. . . ဘဘုန်းဆီ ပြန်ချင်တယ်”

ပြောပြောဆိုဆိုနှင့် မမင်းပျိုတို့အား နှုတ်ဆက်ခြင်း လုံးဝမပြုဘဲ ထွက်သွားပြီး ခြံစပ်ပုန်းညက်ပင်ကြီးအောက်၌ သွားထိုင်လေသည်။

“သနားပါတယ်. . . သူ့ခမျာ တောထဲမှာ လွတ်လွတ်လပ်လပ်ကြီး ဖြစ်ခဲ့ပြီးမှ အခုလို စည်းနဲ့ဘောင်နဲ့ လူ့ဝိစိကိစ္စကြားထဲ စိတ်ကျဉ်းကျပ်နေရှာမှာပေါ့၊ သွားချော့ခေါ်လိုက်ပါဦး၊ ငါက သူ့အတွက် ကောက်ညှင်းပေါင်းနဲ့ ပဲပြုတ်ဆီဆမ်း လုပ်ထားပေးတယ်၊ သူ ကြိုက်မယ်ထင်လို့လေ”

“ဟုတ်ကဲ့ ဘွားဘွား”





မမင်းပျို ပန်းဆန်ခါလေးကို ဘွားဘွားလက် ပေးအပ်ပြီး မြူခိုးကို သွားခေါ်နေသည်။

“မြူခိုး”

“ဘာလဲ”

“ဘွားဘွားက ကောက်ညှင်းပေါင်း စားရအောင်တဲ့”

ချက်ချင်းပင် ထလိုက်သည်။ သူ့မျက်နှာ ဝင်းပသွားသည်။

“ကျုပ် ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ မင်းတို့အိမ်မှာ အစားအစာတွေ ရှားလိုက်တာ၊ ကျုပ်တို့တောမှာလို မပေါဘူး”

“ရှိပါတယ်. . . နောက်ဆိုရင် ပေါစေရမယ်၊ ဒါထက် မင်းလွင်ကော”

“အိပ်တုန်း”

“နင်ကော ညက အိပ်လို့ကောင်းရဲ့လား”

“မရဘူး. . . ပျော့အိအိနဲ့ အိပ်လို့မရလို့ ကြမ်းပြင်ပေါ်မှာပဲ ဆင်းအိပ်လိုက်တော့မှ အိပ်လို့ရတော့တယ်”

ဘွားဘွားက သဘောကျစွာ ပြုံးလိုက်ပြီး. . .

“ကောင်းတယ်. . . အညောင်းအညာ ပြေတာပေါ့၊ ထိုင်း. . လာ. . ကောက်ညှင်းပေါင်း စားမယ်”

“နေဦး. . . ကျုပ် ဘုရားဝတ် မတက်ရသေးဘူး၊ ဘုရားသည်း မတွေ့ပါလား”

“အပေါ်ထပ်မှာ. . လာ. . ငါပို့ပေးမယ်”

“မမင်းပျိုတို့ရေ. . . အတုယူပေတော့၊ တကယ့်သူတော်င်နဲ့ လာတွေ့နေပြီ၊ သူ့အကျင့်လေးတွေကို ပုံသွင်းပေးသလိုလို မျက်ဆီးလိုက်ကြပါနဲ့အေ၊ နေတတ်သလို နေပါစေ”

“ဘွားဘွားကလည်း. . . မင်းပျိုတို့ကပဲ ဖျက်ဆီးနေတဲ့အတိုင်းပဲ ပြောလိုက်တာ၊ လာ. . . မြူခိုး”



www.burmeseclassic.com

www.burmeseclassic.com



မမင်းပျို အပေါ်ထပ် ဘုရားခန်းသို့ မြခိုင်းအား ခေါ်ခဲ့ပေးလိုက်သည်။

"သပ္ပာယ်လိုက်တာ"

မြခိုင်းက လက်အုပ်ကလေး ချီကာ ဘုရားခန်းကို ဝင်လိုက်ပုံမှာ ကျက်သရေ ရှိလွန်းလှသည်။

"မင်းပျို. ."

"ဘာလဲ မြခိုင်း"

"ကျုပ်ဝတ်ပြုရင် ကြာတယ်၊ ပြီးတော့ ကျုပ်တရားထိုင်ဦးမယ်. . . ရမလား"

"ဘာဖြစ်လို့ မရ,ရမှာလဲ၊ ကောင်းတာ လုပ်တာပဲ. . . ရတာပေါ့၊ ဒါပေမယ့် စောစောက ပြောတော့ နင်ဗိုက်ဆာနေတယ်ဆို"

"ရတယ်. . . နောက်မှ စားတော့မယ်"

မမင်းပျို စံပယ်ပန်းကလပ်ကို ယူကာ ဆင်းခဲ့လိုက်သည်။ ဘွားဘွားက အရုဏ်ဆွမ်း၊ သောက်တော်ရေ၊ မျက်နှာသစ်တော်ရေများကို ကပ်လှူပြီး ဖြစ်နေလေပြီ။

မမင်းပျို ဘုရားခန်းမှ ထွက်အလာတွင် ဖေဖေနှင့် ဆုံမိကြသည်။

"မြခိုင်း နိုးနေပြီထင်တယ်"

"ဟုတ်ကဲ့. . . ဘုရားရှိခိုးနေတယ်"

"အေး. . . ဖေဖေကြားတယ်၊ ကျေးညီနောင်ပုံပြင်ထဲကလိုပေါ့ သမီးရယ်၊ ရသေ့ကျောင်းသခ်ိန်း ရောက်သွားတဲ့ကျေးလို မြခိုင်းလည်း သူတော်စင်လေးလို ဘာသာရေးနဲ့ မွေ့ပျော် လိမ္မာယဉ်ကျေးနေရှာမပေါ့"

"သူ မပျော်ဘူးတဲ့ ဖေဖေ၊ မနက်က သမီးကို ပြန်ပို့ခိုင်းနေ





တယ်"

"သူပျော်အောင် ဘုရားကျောင်းကန်တွေ လိုက်ပို့ပေးလိုက်ပါ သမီးရယ်"

"မင်းလွင်ခြေထောက်က"

"မင်းလွင်ကို စောင့်မနေနဲ့၊ သမီးနဲ့ ဘွားဘွားလိုက်လည်းလိုက်၊ မလိုက်လည်း ဘမောင်ကို ခေါ်ပြီး လိုက်ပို့ပေးလိုက်ပါ၊ ဆံပင်တို့ အရင်ညှပ်ခိုင်းလိုက်ဦးနော်"

"ဟုတ်ကဲ့ပါ. . . သမီးလည်း သူ မနက်စာ စားပြီးရင် ဆံပင်ညှပ်ခိုင်းပြီး ဗိုလ်ချုပ်ဈေး သွားမယ်၊ သူ့အတွက် အင်္ကျီလေး ဘာလေး ဝယ်ပြီး ညနေမှာ ရွှေတိဂုံဘုရား ပို့ပေးမလားလို့"

"အေး. . အေး. . ဖေဖေကတော့ မင်းလွင်ကို ဖေဖေ့ သူငယ်ချင်းဆေးခန်း ခေါ်သွားပြီး ခါတ်မှန်လေးဘာလေး ရိုက်ပေးခိုင်းလိုက်ဦးမယ်၊ မြခိုင်းကိုတော့ သမီးပဲ တာဝန်ယူထားလိုက်ပါဦး၊ သူပျော်အောင် ဖန်တီးပေးလိုက်၊ လုံးဝမပြန်ပါစေနဲ့"

"ဟုတ်ကဲ့"

အားလုံး၏မေတ္တာတရား စုပြုံကျရောက်လာစေရန် မြခိုင်း၏အတွင်းမှနေသည် ကြည်လင်သန့်ရှင်းနေသည် ထင်ပါသည်။ ဖေဖေ့အားနှင့်သမီးကိုတောင် အချိန်များများ မပေးဘဲ ထားတတ်သော ဖေဖေသည် နိုးနိုးချင်း မြခိုင်းအကြောင်းကို မေးသည်။ မြခိုင်းအတွက် ခေါင်းထဲ သွတ်သွင်းထားပြီး ဖြစ်လေပြီ။

မင်းလွင် နိုးလာသဖြင့် နံနက်စာ စားသောက်ချင်ကြသော်လည်း မြခိုင်းကို စောင့်ဆိုင်းကြသည်။ အတန်ကြာသည်အထိ ဆင်းမလာသောအခါ မိသေးကို အသာသွားချောင်းကြည့်ခိုင်းသည်။

"တင်ပျဉ်ခွေကြီးနဲ့ လုံးဝမလှုပ်ဘူး၊ ကျောက်ရုပ်ကြီးနေတာ



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နေပါစေ. . . စားနှင့်ကြ၊ သူ့ဖို့ ဖယ်ထားလိုက်"

"တွေ့လား မမင်းပျို၊ ကျုပ်နဲ့ ရိပ်သာလိုက်ပါဆိုရင် ညောင်းတယ်လေး ညာတယ်လေး ဗိုက်ဆာတယ်လေးနဲ့၊ ကျုပ်တော့ လူလေးကို ကျုပ်ဇရပ် ခေါ်သွားရဦးမယ်"

"ဘွားဘွားနော်. . . မင်းလွင်ထက် မြူခိုးကို ပိုချစ်သွားမှာလား"

"ဒါကတော့ လိမ္မာသူကို ချစ်ရမှာပဲ"

"ရပါတယ်. . . ရပါတယ်၊ မင်းလွင်ကလည်း ဘွားဘွားထက် ပိုချစ်ရမယ့်သူ တွေ့အောင်လို့ ဦးအောင်ရှာပစ်လိုက်ဦးမယ်"

"အမယ်မယ်. . . နောက်ကားကျော်တက်ချင်လို့ ရမလား၊ မင်းပျိုအလှည့်ပြီးမှ တော့်အလှည့်"

ဘွားဘွားနှင့်မင်းလွင် စကားနိုင်လုကြရာတွင် နောက်ဆုံးမြားဦးသည် မမင်းပျိုအပေါ် သို့ ဆိုက်ရောက်လာလေသည်။ မမင်းပျို၏စိတ် လေးလံသွားသည်။ မနေ့ညက ကိုကို၏စကားများသည် မင်းပျို၏တစ်သက်တာလုံး ကြားရလိမ့်မည်ဟု မထင်သောစကားများဖြစ်သည်။

"မင်းပျိုက ဘယ်တော့လဲ"

"သူ ပိုစတင် ကျပြီးမှပေါ့"

"ကောင်းပါတယ်"

မင်းလွင်မျက်နှာ မသိမသာ ညှိုးသွားသည်။ အမွှာမောင်နှမ ဖြစ်သည့်အားလျော်စွာ မင်းလွင်သည် မင်းပျိုအား ကိုကိုနှင့် လက်ထပ်ရန် သဘောမတူချေ။ ကိုကိုတင်မက၊ ဘယ်သူစိမ်းယောကျ်ားမှ မမင်းပျိုကို စေ့စေ့ကြည့်ခြင်းကိုပင် မတျေနပ်တတ်။

"မင်းပျို. . . နင်လည်း ယောကျ်ားမယူနဲ့၊ ငါလည်း မိန်းမမယူဘူး၊ ငါတို့ မောင်နှမနှစ်ယောက်ပဲ ပျော်ပျော်ပါးပါး နေကြ





အောင်" ဟု အရွယ်ရောက်စက တဖွဖွ ပြောဖူးသည်။

ဘွဲ့ရပြီးကတည်းက ရေကြောင်းအရာရှိသင်တန်းတက်၊ နိုင်ငံခြားသို့ အမှုသွားထမ်းပြီး နိုင်ငံတကာ လှည့်ချင်သော မင်းလွင်က မမင်းပျိုအတွက် အသင့်တော်ဆုံးအစီအစဉ်မှာ ကိုကိုနှင့် လက်ထပ်ရန်သာ ဖြစ်သည်ဟု သဘောပေါက်ကာ ဘွားဘွား၏နားအချ၌ ခေါင်းညိတ်ခဲ့ရသူဖြစ်သည်။

"ဒါပေမယ့် ခု နင်လက်မထပ်ချင်ရင်လည်း ရပြီ မင်းပျို"

"အလိုတော်. . . ဘာကြောင့်"

ဘွားဘွားက မျက်လုံးကြီးအပြူးသားနှင့် ကြည့်ကာ မေးလိုက်သည်။

"ကျွန်တော်က အစကတည်းက မင်းပျိုယောကျ်ားယူမှာကို သဘောတူတဲ့လူ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်တော်မရှိတုန်း တစ်စုံတစ်ခု ဖြစ်သွားမှာ စိုးရိမ်လို့ ကိုကိုက မဆိုးပါဘူးဆိုပြီး သဘောတူခဲ့တာ၊ အခု မြူခိုးရောက်လာပြီဆိုတော့ ကျွန်တော့်ကိုယ်စား စောင့်ရှောက်ပေးမယ့်သူ ရှိလာပြီလေ၊ ဒါကြောင့် လက်မထပ်ချင်လည်း နေလို့ဖြစ်ပြီ"

"သား. . မင်းလွင်၊ မင်းက အတွေးခေါင်တာကိုး၊ ဖေဖေနဲ့ ဘွားဘွား ရှိနေတာပဲ၊ မင်းသဘောတူတယ်ဆိုလို့ လူကြီးချင်း စကားပြောပြီးသားကိစ္စကို ကလေးကစားစရာလို လုပ်လို့မရဘူး၊ ယောကျ်ားစကားဆိုတာ တည်တံ့ရတယ်၊ ဖေဖေကတော့ မောင်ကိုကို ပို့စတင်ကျပြီး နေထိုင်စရာ အတည်တကျဖြစ်ရင် လက်ထပ်ပေးမယ်၊ သျှောင်နောက်ဆံထုံးပါ ထည့်ပေးလိုက်ဖို့ ဆုံးဖြတ်ချက် ချပြီးသားပဲ၊ မနေ့ညကတောင် မောင်ကိုကို့မိဘများကို ဒီအတိုင်းပဲ ပြောဖြစ်လိုက်သေးတယ်"

မမင်းပျိုရင်ထဲ ခံရခက်သောဝေဒနာတစ်ရပ် ခံစားလိုက်



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အစက ကိုကိုနှင့် လက်ထပ်ရန်ကိစ္စ ပြောလာစဉ်က 'ဘွားဘွားတို့သဘောပဲလေ၊ ဖေဖေ့ဆန္ဒဟာ သမီးဆန္ဒပါ' ဟု လွယ်လင့်တကူ ဘာကြောင့် ခေါင်းညိတ်ခဲ့မိပါလိမ့်။ ခုမှ နောင်တရချင်သကဲ့သို့ ခံစားလိုက်ရသည်။

"ကိုင်း. . . မြနိုးလည်း ဆင်းမလာသေးဘူး၊ ဖေဖေလည်း ရုံးမတက်ခင် မင်းလွင်ကို လိုက်ပို့ပေးလိုက်ဦးမယ်"

"မင်းပျို. . . မြနိုးကို ငါဆေးခန်းသွားတဲ့အကြောင်း သေသေချာချာ ရှင်းပြလိုက်ဦးနော်၊ တော်ကြာ သူ့ကို ပစ်ထားသလို ထင်သွားမှာစိုးရတယ်"

"အေးပါ. ."

မင်းလွင်ကို တွဲကာ ကားအထိ လိုက်ပို့ပေးလိုက်သည်။ ထိုစဉ် ကိုကို့ကားသည် အိမ်ရှေ့လမ်းပေါ်မှ ဟွန်းသံပေးကာ လက်ပြရင်း ဖြတ်သန်းသွားသည်။

မမင်းပျို သက်ပြင်းချလိုက်မိသည်။ ကိုကိုနှင့် ပတ်သက်၍ မမင်းပျိုသည် အများကြီး ကြိုးပမ်းရန် လိုအပ်သေးသည်။ ပထမဦးဆုံး ကြိုးပမ်းရမည်မှာ နွေးထွေးသောခံစားမှုဖြင့် ရင်ခုန်တတ်ရန် ဖြစ်သည်။

"မင်းပျို. . . မြနိုးက တစ်ခါတစ်ခါ တရားထိုင်ရင် သုံးနာရီလောက် ကြာချင်ကြာသွားတတ်တယ်"

"ဗုဒ္ဓေါ. . . တော်တော်အဆင့်မြင့်နေပါလား"

"သွားမယ် သမီး"

ဖေဖေတို့ ကားကလေး ထွက်ရာကို မျက်စိတဆုံးကြည့်ပြီး မမင်းပျို ကျန်ရစ်ခဲ့သည်။

"မင်းပျို"

နောက်ကျောဘက်ဆီမှ အင်မတန် အသံသြဇာနှင့် ပြည့်ဝသောအသံကို ကြားလိုက်ရသဖြင့် မမင်းပျို ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ မြနိုးရပ်နေသည်။ ခြေသံသည် ဘွားဘွားနှင့် မမင်းပျို ထက်ပင် ညင်သာနေလေသည်။ လုံးဝ အသံပင် မကြားရချေ။

"မင်းလွင် ဘယ်သွားတာလဲ"

"ဆေးခန်းကိုပါ. . ကဲ. . မြနိုး မနက်စာ စားပြီးရင် ငါနဲ့ မြို့ထဲ သွားမယ်"

"ဒါ မြို့မဟုတ်ဘူးလား"

"သြော်. . ဟုတ်တယ်. . ဟုတ်တယ်၊ ဒါပေမယ့် လူစည်ကားတဲ့ မြို့လယ်ခေါင်မှာ ဆံပင်သွားညှပ်မယ်၊ ဈေးဝယ်မယ်၊ နောက် ဘုရားဖူးမယ် သိလား"

"ဘုရား. . . ရွှေတိဂုံလား"

"အင်းပေါ့"

"အတော်ပဲ. . . ကျုပ်သိပ်ဖူးချင်နေတာပဲ"

"ဖူးရမှာပေါ့. . . လာလာ၊ ကောက်ညှင်းပေါင်း စားပြီး ဘုရားအရင်တက်ရအောင်"

ဘာဖြစ်၍များ မြနိုး၏စိတ်ဆန္ဒကို ချက်ချင်းဖြည့်စွမ်းပေးချင်ရသည်မသိ။ မူလအစီအစဉ်များကို ပြောင်းလဲကာ မြနိုးအား အရင်ဆုံး ရွှေတိဂုံဘုရားကို ပို့ပေးရန် ဆုံးဖြတ်ချက် ချလိုက်သည်။

"ဘာဘုန်းက ကျုပ်ကို ရန်ကုန်ရောက်ရောက်ချင်း ရွှေတိဂုံဘုရားကို အရင်ဖူးလိုက်လို့ မိန့်လိုက်တာ"

"ဟုတ်ကဲ့ပါ ဦးမြနိုးရယ်၊ ရှင်စားပြီးတာနဲ့ ရှင့်ကို ကျွန်မ ရွှေတိဂုံဘုရားကို အရင်ဆုံး လိုက်ပို့ပေးမှာပါရှင်"

မမင်းပျို၏ထွေလုံးငေါ့လုံး 'ရှင်' 'ကျွန်မ' အသုံးအနှုန်းကြောင့် သူသည် ထူးဆန်းသွားဟန်တူသည်။ မမင်းပျိုကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ သူ့အကြည့်သည် အပြစ်ကင်းစင်လွန်းလှ







www.burmeseclassic.com

www.burmeseclassic.com

သည်။

ထိုအပြစ်ကင်းစင်လွန်းသော သူ့အကြည့်သည် ဘာကြောင့်များ မမင်းပျို့အား ရင်ခုန်စေရန် ဖန်တီးနိုင်လိုက်သည်ကို မမင်းပျို နားမလည်နိုင်အောင်ဖြစ်မိလေသည်။







# အခန်း(၇)

"ပူလိုက်တာ"

"ဟုတ်တယ်. . . တောရိပ်တောင်ရိပ်လောက်တော့ ဘယ်အေးပါ့မလဲ မြူခိုးရယ်"

ကားပေါ်မှ ဆင်းဆင်းချင်း မြူခိုးက ညည်းတွားလိုက်သည်။ မမင်းပျို့က ကားတံခါး ပိတ်လိုက်ပြီး. . .

"ဦးလေးဘမောင်ကော လိုက်ခဲ့လေ၊ စက်လှေကားနဲ့ပဲ တက်ရအောင်"

"လိုက်ဆို လိုက်ခဲ့ပါ့မယ်၊ ဒါပေမယ့် လူလေးနဲ့ စက်လှေ


www.burmeseclassic.com

www.burmeseclassic.com



ကား ဖြစ်ပါ့မလားဆိုတာ ကြည့်လုပ်ဦး”

“ဘာလဲ စက်လှေကား”

မြနှိုးက မေးလိုက်ရာ မမင်းပျိုက. . .

“စက်နဲ့ ရွေ့လျားစေတဲ့ လှေကားထစ်လေးတွေပေါ့”

“ဪ. .”

ဦးဘမောင်က တံခါးပိတ်ပြီး သူတို့နောက်မှ လိုက်လာပါသည်။ ရွှေတိဂုံအနောက်ဘက်မုခ် စက်လှေကားအနီးသို့အရောက်၌ မမင်းပျို ရပ်လိုက်သည်။

“မြနှိုး”

“ဘာလဲ. . .”

“သူများတွေ တက်သွားတာ မြင်သလား”

“မြင်တယ်”

“တက်ရဲလား”

“ဘာဖြစ်လို့ မတက်ရဲရမှာလဲ”

“ကောင်းပြီ. . . ဒါဖြင့် တက်မယ်၊ ငါနဲ့ အတူတူ တက်မယ်နော်”

“အင်း. .”

“ဦးလေးဘမောင်က နောက်က ကပ်လိုက်ခဲ့နော်”

“အေးပါကွာ”

မမင်းပျိုက မြနှိုးလက်မောင်းကို လှမ်းကိုင်လိုက်ပြီး. . .

“လှမ်းတော့”

မြနှိုးက မမင်းပျိုနဲ့အတူ လိုက်လှမ်းသည်။

“စီးဖူးသလား”

“ဟင့်အင်း”

မြနှိုးမျက်နှာ ပြုံးနေသည်။ အသစ်အဆန်းများအတွက်





စိတ်ပါဝင်စားသော ဟန်ပန်များကို တွေ့ရသည်။

“ဆုံးလို့ ငါက လှမ်းဆို လှမ်းနော်”

“ကောင်းပြီ”

မမင်းပျိုမှာ ယခုမှ သတိကြီးစွာ ထားနေရသည်။ ယခင်က ဆိုလျှင် မင်းလွင်၏တွဲခေါ် ရာနောက်သို့ ရေသာခို လိုက်သွားရုံသာ ရှိသည်။

“လှမ်း. .”

မမင်းပျိုအပြောနှင့် သူ၏ခြေလှမ်းသည် ထပ်တူထပ်မျှပင် ဖြစ်သည်။

“နင်မကြောက်ဘူးလား”

“ဘာကို ကြောက်ရမှာလဲ”

“စက်လှေကားနဲ့ တက်တာကိုလေ”

“ဘာကြောက်စရာရှိလို့လဲ”

မမင်းပျို မြနှိုး၏သတ္တိကို သဘောကျသွားသည်။ နောက်တစ်ဆင့် စက်လှေကားတက်သောအခါ. . .

“သူများတွေ တက်သလို တက်ရအောင်”

အလျင်လိုသူများက ရွေ့နေသော စက်လှေကားပေါ်၌ပင် လှမ်းတက်သွားကြသည်။ ဤသည်ကို မြနှိုးက အတုယူကာ လှမ်းတက်လေသည်။ မမင်းပျိုသည် သူ၏လက်မောင်းကို ဆွဲကာ လိုက်ပါလာရင်း. . .

“ဖြည်းဖြည်းတက်ပါ မြနှိုးရယ်၊ ငါကြောက်တယ်”

“ကြောက်စရာ မဟုတ်တာကို ကြောက်ရသလား”

“တောသားရဲ ကျားဆွဲဆိုတာမျိုးပေါ့” ဟုလည်း ဦးဘမောင်က မြနှိုးကို ကြည့်ကာ ပြောလိုက်သည်။ မြနှိုးက ဘာမှမပြောချေ။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပေါ် ရောက်သောအခါမှ မမင်းပျို့ အသက်ဝဝ လင်လင် ရှူနိုင်တော့သည်။ မြခိုးအား ဘုရားဖူးများ ကွက်ကြည့် ကွက်ကြည့် လုပ်ကာ တီးတိုးဝေဖန်ကြသည်။

မြခိုး၏မုတ်ဆိတ်ကျင်စွယ်များကိုလား။ မုတ်ဆိတ်ကျင်စွယ်အောက်မှ ရုပ်အလှကိုလားဟု မမင်းပျို့ တွေးမိကာ ပြုံးမိလေသည်။

"ဘာပြုံးတာလဲ"

ရွှေတိဂုံဘုရားကို တအံ့တသြ မော့ကြည့်နေရာမှ မြခိုးက မေးလိုက်သည်။

"နင့်မုတ်ဆိတ်ပါးသိုင်းတွေကို မသုတ်သင်ရသေးတော့ လူထူးဆန်းဖြစ်နေလို့လေ"

"လူထူးဆန်း. . ဘာလဲ. . လူထူးဆန်းဆိုတာ"

"ဩော်. . . ယောကျ်ားတွေက နင့်လို အမွေးအမှင် မထားကြဘူး၊ ရိတ်ပစ်ကြတယ်"

"ဘာဖြစ်လို့လဲ. . . ဒါ သဘာဝတရားပဲ"

"အခုမှ စကားတောင်စားနဲ့ လာတွေ့တော့တယ်" ဟု စိတ်မှ ပြောလိုက်သော်လည်း နှုတ်မှမူ. . .

"မလှလို့ပေါ့ဟ"

"မလှလို့. . . မလှလို့ဆိုတာ ကြည့်မကောင်းတာကို ပြောတာ မဟုတ်လား"

"ဟုတ်ပါ့"

"ဩော်"

ယခုမှ စကားတတ်စ ကလေးငယ်တစ်ဦးနှင့် ကြုံတွေ့နေရလေပြီ။ မမင်းပျို့က ဆုပ်ကိုင်ထားမိသော သူ့လက်မောင်းကို လွှတ်လိုက်ပြီး. . .





"လာ. . . ဘုရားဝတ်ပြုကြရအောင်၊ အကြာကြီး ရှိခိုးမနေနဲ့နော်၊ နေသိပ်မြင့်သွားမယ်"

ကြာသပတေးထောင့် အနောက်ဘက်မုခ် အာရုံခံ တန်ဆောင်းမှာပင် ဘုရားဝတ်ပြုနေကျအတိုင်း မမင်းပျို့ ရွေးချယ်လိုက်သည်။

မမင်းပျို့ ဘုရားရှိခိုးသွားပြီးချိန်တိုင်အောင် မြခိုး မပြီးသေးချေ။

"ကလေးရေ. . . ဦးလေးဘမောင် ဘုရားတစ်ပတ် ပတ်ပြီး ကားပေါ်က ပြန်စောင့်နေတော့မယ်နော်"

"ဟုတ်ကဲ့"

မမင်းပျို့ ခွင့်ပြုလိုက်ရသည်။ ဒီအတိုင်းသာဆိုလျှင် မြခိုးနှင့်သူမသည် ဘုရားပေါ်မှ တော်တော်နှင့် ဆင်းဖြစ်ပုံ မပေါ်ချေ။

ဘုရား၏မျက်နှာတော်ကို သေချာစွာ အာရုံစိုက်ကြည့်ရင်း ဘုရားစာများကို နှုတ်ခမ်းလှုပ်ရုံ ဆိုနေသော မြခိုးကို အကဲခတ်ရင်း မမင်းပျို့ရင်ထဲ အစီအစဉ်များ ချလျက်ရှိသည်။ သူ့အား ဆံပင်ညှပ်ခိုင်းမည်။ ပြီးတော့မှ အဝတ်အစား အသုံးအဆောင်များ ဝယ်ပေးသည်။ သူ့အား ဘောင်းဘီဝယ်ပေး၍ ရနိုင်ပါ့မလား။

"မင်းပျို့"

"ပြီးပြီလား"

"ကျုပ်နည်းနည်းကြာသွားတယ်၊ လူသံလူသံတွေနဲ့ အာရုံပြုလို့ သိပ်မကောင်းဘူး၊ ကျုပ်တို့ တောမှာလို မဟုတ်ဘူး၊ အာရုံကို မနည်းစုစည်းပြီး ရှိခိုးရတယ်"

"နောက်မှ မင်းလွင်နဲ့ အလယ်ပစ္စယံပေါ် တက်ပြီး ဘုရားထိုင်ပေါ့၊ လာ. . . ဩော်. . . မြခိုးက ဘာနေ့သားလဲ"

"ဒါတော့ ကျုပ်မသိဘူး၊ ဘဘုန်းက ကျုပ်ကို တွေ့တဲ့နေ့က



www.burmeseclassic.com

www.burmeseclassic.com



တော့ တနလ်ာနေ့တဲ့"

မမင်းပျို စိတ်ဝင်စားသွားသည်။

"ဘဘုန်းတွေ့တဲ့အချိန်မှာ မြူခိုးက ရက်သားအရွယ်လား လသားအရွယ်လား"

"ဘဘုန်းပြောစကားအရဆိုရင် ချက်ကြွေပြီးစ ရက်သား အရွယ်လို့ ပြောတာပဲ"

"ဩော်. . . ဒီအရွယ်လေးကို စွန့်ပစ်ရက်တယ်လား"

မမင်းပျိုရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။ မိဘ၏မေတ္တာ တရားများသည် တစ်ခါတစ်ရံ နားလည်ရ ခက်ခဲသည်။

"ဘဘုန်းက ကျုပ်ကို စတွေ့စက ရွာရဲ့အနီးအနားက တောရကျောင်းလေးမှာ သီတင်းသုံးနေတာဆိုတော့ ကျုပ်ကို ဘဘုန်းက ရွာထဲက နွားနို့အကူအညီနဲ့ မွေးခဲ့ရတာ"

"နောက်တော့ကော"

"နောက်. . . ကျုပ် တစ်နှစ်သားလောက်မှာ ဘဘုန်းက လူတွေနား မနေချင်ဘူးဆိုပြီး တောထဲက ကျောက်ဂူကို ရွှေ့ပြောင်း နေထိုင်တာပဲ၊ မင်းပျို. . . ဟိုနေရာမှာ ဘာဖြစ်လို့ လူတွေ ထိုင်နေရ တာလဲ၊ ဒီလောက်ကျယ်ဝန်းတဲ့ ရင်ပြင်တော်ပေါ်မှာ နေရာတွေ ရှိလျက်နဲ့များ"

မမင်းပျိုက မြူခိုး ပြသောနေရာကို လှမ်းကြည့်လိုက် သည်။ အောင်မြေဟူသော မှတ်ထားသောနေရာဖြစ်သည်။

"အဲ့ဒါ အောင်မြေလေ"

"အောင်မြေ. . . ဘာလဲ အောင်မြေဆိုတာ"

"ဩော်. . . အဲဒီနေရာကို နင်းပြီး ဆုတောင်းရင် မိဋ္ဌာန် ရင် အစစအရာရာ အောင်မြင်တတ်လို့ အောင်မြေလို့ ခေါ်တာ"

မြူခိုး နားလည်လွယ်စေရန် မမင်းပျို ရှင်းပြသည်။ မြူခိုး





နားလည်သည် မလည်သည်ကိုတော့ မသိနိုင်။ သို့သော်လည်း မြူခိုး ၏မျက်လုံးသည် လုံးဝအငြိမ်မနေဘဲ မြင်မြင်သမျှကို စူးစမ်း လေ့လာလျက်ရှိသည်။

"ခိုစာကျွေးတာလား"

"အင်း. . . ကျွေးချင်လို့လား"

"နေပါစေ. . . ကျွေးမယ့်သူတွေ အများကြီးပဲ၊ ကျုပ်တော ထဲက အကောင်တွေက ကျွေးစရာမလိုဘူး၊ သူတို့ဘာသာသူတို့ ရှာစားကြတယ်"

"တောထဲမှာက အစာအာဟာရ ပေါတာကိုး၊ ဒီမှာက လူ တွေ ကျွေးမှ စားရတာ"

မြူခိုးက မျက်စိကလေး ကလယ်ကလယ်နှင့် မမင်းပျိုကို ကြည့်သည်။ မမင်းပျိုက ပြုံးပြရင်း. .

"နေမြင့်လာပြီ ပြန်ကြရအောင်၊ နောက်ကို အစောကြီး ထလာမယ်၊ ဒါမှ အာရုံပြုလို့ ကောင်းတာ"

"ကျုပ်က အစောကြီး နိုးပါတယ်၊ မင်းပျိုသာ မနိုးတာ"

"သွားချင်တဲ့နေ့ ပြောလေ၊ နာရီကို နှိုးစက်ပေးထားပြီး ထမှာပေါ့"

"ကောင်းပြီ"

သို့နှင့် မမင်းပျိုတို့ ဘုရားကိုတစ်ပတ်ပြည့်အောင် ပတ်ပြီး ဆင်းခဲ့ကြသည်။ အဆင်းကို စက်လှေကားဖြင့် ဆင်းရမှာ ကြောက် သော မမင်းပျိုကို မြူခိုးက ပြန်လည်တွဲခေါ် ရလေသည်။

"မြူခိုး ပျော်ရဲ့လားဟင်"

"ပျော်တယ် ပျင်းတယ်ဆိုတာကို အလေးမထားရဘူးလို့ ဘဘုန်းက မိန့်ထားတယ်၊ ဒါတွေဟာ အာရုံခံစားမှုတွေတဲ့"

မမင်းပျို ပြုံးလိုက်မိသည်။ ကားနားရောက်တော့ ကားထဲ၌



www.burmeseclassic.com


www.burmeseclassic.com

အိပ်ငိုက်နေသော ဦးလေးဘမောင်ကို မနည်းနှိုးရသည်။ ထိုအခါ မြနိုးက မှတ်ချက်ချသည်။

"တယ်ဝီရိယနည်းတဲ့လူကြီးပဲ" ဟူ၍ဖြစ်သည်။








# အခန်း(၈)

"ကျုပ် ခေါင်းမူးတယ် မင်းပျို"

"ဟုတ်လား. . . အိမ်ရောက်တော့မှာ၊ အိမ်ရောက်တာနဲ့ မင်းစားပြီး ဆေးတိုက်မယ်"

"လူနဲ့တွေဟာ ခေါင်းကို မူးနောက်စေတယ် မင်းပျို"

"ဟုတ်ကဲ့ မိုးကျရွှေကိုယ်၊ ရော့. . . ဒါလေး ရှူလိုက်"

မမင်းပျိုက မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် ဖော်စပ်ထား သာ မြန်မာ့ရှူဆေးဘူးအနီလေးကို ထုတ်ပေးလိုက်သည်။ မြနိုးက သည်ပြီး အဖုံးဖွင့်ကာ နှာခေါင်းဝ၌ တေ့ကာ ရှူရှိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အား. . . ပူလိုက်တာ"

"ပူမှ အခိုးပွင့်ပြီး အကြောအချဉ် ပြေပြီး ခေါင်းမူးခေါင်းကိုက် သက်သာမှာပေါ့ မြူခိုးရဲ့"

"ဟင်. . . တူလိုက်တာ"

"ဘာတူတာလဲ"

"ဘာဘုန်း မိန့်တဲ့စကားနဲ့"

မမင်းပျို ပြုံးလိုက်မိသည်။ ဤသည်ကို မြူခိုးက ငေးကြည့်ကာ. . .

"မင်းပျို"

"ဘာလဲ မြူခိုး"

"မင်းပျိုက ဘာလို့ အခြားမိန်းမတွေနဲ့ မတူရတာလဲ"

မမင်းပျို ဘုရားတလိုက်မိသည်။ မြူခိုးတစ်ယောက် ဘုရားတစ်ပတ်၊ ဈေးတစ်ပတ်၊ တစ်ပတ်ပတ်အပြီးတွင် မိန်းမတွေကို အတော်လေ့လာမိပြီး ဖြစ်ပုံရသည်။ မြင်လွယ်သိလွယ်သော မြူခိုးကို ဂရုတစိုက် သွန်သင်သွားရန် လိုအပ်သည်။

"ဘာဖြစ်လို့လဲ. . . အတူတူပဲဟာ"

"ဆံပင်တွေ ဖြောင့်စင်းတယ်၊ ပြီးတော့ အရှည်ကြီးပဲ၊ မင်းမျက်ခုံးတွေလည်း ထူထဲနက်မှောင်နေတယ်၊ နောက်ပြီး မင်းမျက်နှာမှာ သစ်ခေါက်အရည်ကလွဲလို့ ဘာမှမရှိဘူး။ သူတို့က ဖြူနီ၊ ဝါ၊ ပြာတွေနဲ့"

"ဟား. . . ဟား. . . ဟား"

မမင်းပျို ဟန်မဆောင်နိုင်ဘဲ ရယ်ချလိုက်သည်။ 'သစ်ခေါက်အရည်' တဲ့။ သနပ်ခါးကို ပြောတာပဲ ဖြစ်မည်ဟု ခန့်မှန်းမိလိုက်သည်။

"သစ်ခေါက်အရည် မဟုတ်ဘူး၊ သနပ်ခါးလို့ ခေါ်တယ်"





"အင်းလေ. . . သနပ်ခါးကကော သစ်ပင်ရဲ့အခေါက်ပဲ မဟုတ်ဘူးလား၊ သူ့ကို သွေးပြီးလိမ်းတာပဲ မဟုတ်ဘူးလား"

"ဟုတ်ကဲ့. . . ကျွန်မ မှားသွားပါတယ် ဦးမြူခိုး"

"မင်း စကားပြောတာ တစ်မျိုးပဲ"

"အလိုတော်. . . နင့်နားထဲမှာ တော်တော်များ ဆိုးဆိုးရွားရွား ဖြစ်နေလို့လား"

"မဟုတ်ဘူး. . . စမ်းရေစီးသံလေးလိုပဲ နားထောင်လို့ကောင်းတယ်"

မမင်းပျိုရင်ထဲ လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားသည်။ မြူခိုး၏ မျက်ဝန်း၌ ထူးခြားသော အရိပ်အယောင်ကို တွေ့မြင်ရမည်လားဟု ရှာဖွေကြည့်လိုက်သည်။ မတွေ့ရချေ။ ရိုးသားသော မေတ္တာအရောင်များကိုသာ တွေ့ရသည်။

"ရောက်ပြီ ကလေး၊ ညနေဘယ်သွားဦးမလဲ"

"ကရစ်တ်ကို ပို့ပေးဦးမယ်"

"အေး. . . အေး၊ ထမင်းစားပြီးလောက်ပါ့. . . ဟုတ်လား"

"ဟုတ်ကဲ့"

မြူခိုးက ကားပေါ်မှ ဆင်းနှင့်ပြီ။ အထုပ်များကို ပွေ့ပိုက်လျက် အသံလှမ်းပြုပြီး အိမ်ထဲသို့ ဝင်သွားသည်။

"မင်းလွင်. . . မင်းလွင်"

"ဗျို့. . . မြူခိုး၊ ကျွန်တော်ရှိတယ်"

မင်းလွင်၏အသံက အိမ်ထဲမှ စီလွင်စွာ ထွက်ပေါ်လာသည်။ မင်းပျိုပင်လျှင် မင်းလွင်နှင့်မြူခိုးအပေါ်၌ မနာလိုချင်သလိုပင် ဖြစ်သွားသည်။

"နှံ့စပ်ခဲ့ရဲ့လား မြူခိုး"

"ဘုရားနဲ့ ဗိုလ်ချုပ်ဈေးကြီးပဲ ရောက်ခဲ့တယ်၊ ကျုပ် ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မူးရောပဲ၊ လောကကြီးမှာ လူတွေအများကြီးပဲနော်၊ မွန်းကျပ်နေတာပဲ”

“ဘာတွေဝယ်လာသလဲ ပြပါဦး”

“နောက်မှပြ မြူခိုး၊ ထမင်းစားရဦးမယ်၊ ကိုရွှေသတ်သတ်လွတ်က ဖာလူဒါလည်း မသောက်၊ ပက်ပ်စီတောင်မှ ပြင်းလို့တဲ့ မသောက်ဘူး၊ သံပုရာရည်ပဲ တိုက်ရတယ်၊ မိသေးရေ. . . ထမင်းပွဲပြင်ပေးဟေ့၊ ဘွားဘွားကော. . .”

မမင်းပျိုအသံက တစ်အိမ်လုံးကို ဖုံးလွှမ်းသွားသည်။

“ရှိတယ်ဟေ့. . . ကားလာသံ ကြားလို့ ကျုပ် ဟင်းနွေးနွှယ်လေး ပြေးကြော်နေတာ၊ လူလေးက အပြင်မှာ ဘာမှ စားမှာမဟုတ်ဘူးဆိုတာ ကျုပ်ကသိနေလို့အေ့၊ မင်းလွင်ကလည်း သူ့ကိုယ်ပွားမလာသေးလို့တဲ့ ထမင်းစားတော်မမူသေးဘူးလေ”

မမင်းပျိုက မင်းလွင်ကို လှမ်းကြည့်လိုက်သည်။ နှုတ်ခမ်းကို အနည်းငယ် ထော်ချင်သည်။ ဘာကြောင့်များ မင်းလွင်က မြူခိုးကို ဒီလောက်တွယ်တာသွားရတာလဲ။ မိမိထက်များ ပိုချစ်သွားဦးမှာလားဟူသော ဝန်တိုမှုလေးက မမင်းပျိုရင်တွင်းသို့ ဘယ်အချိန်ကများ ခိုအောင်းလိုက်ပါလိမ့်။

“ကိုင်း. . . ဦးမင်းလွင်ရေ၊ ရှင်ပြီးရင် ရှင့်လူလေးကို ရှင်ပဲဆေးတိုက်တော်မူလိုက်၊ ကျွန်မတော့ နားတော့မယ်”

“ဟင်. . . နင်က ထမင်းမစားတော့ဘူးလား”

“သိတဲ့အတိုင်း ကျုပ်က ဗိုလ်ချုပ်ဈေး ရောက်လို့ကလက်သုတ်စုံ မစားဘဲ မနေနိုင်တော့ဘူး၊ စားခဲ့ပြီးပြီ၊ အသုတ်တစ်ပွဲလေးဆယ်တဲ့၊ ကြာဆံချက်လည်း လေးဆယ်ပဲ၊ တစ်ခါတည်းအီစလံဝေသွားတာပဲ”

“ကောင်းတယ်. . . ကိုယ့်ဘာသာကိုယ် ချက်စားရင်





တစ်ရာနှစ်ရာဆိုရင် တစ်အိမ်သားလုံး ဗိုက်ရိုက်စားလို့ရတယ်၊ လူလေးကို လုပ်ကျွေးရဦးမယ်”

“ကျုပ်အတွက် ဒုက္ခမရှာပါနဲ့ ဘွားဘွား၊ အစားအစာဆိုတာ အရသာခံဖို့အတွက်ထက် အာဟာရ ရှိဖို့က အဓိကပါ”

“ကြီးကြီးကျယ်ကျယ်” ဟု မမင်းပျိုက မဲ့ကာ ပြောလိုက်ချင်သော်လည်း မပြောရက်။ တော်ကြာ ထိုအပြောမျိုးကြောင့် မြူခိုးစိတ်ကျဉ်းကြပ်ကာ ဘဘုန်းဆီ ပြန်ချင်သည်ဆိုမှ မမင်းပျိုတို့တတွေဆွေးကုန်ကြမည်မှာ သေချာသည်။

ထို့ကြောင့် ဘာမှမပြောတော့ဘဲ အပေါ်ထပ်သို့ တက်ခဲ့သည်။ ဒါတောင်မှ ဘွားဘွား၏အသံက မမင်းပျိုနောက်ပါးသို့ တပ်ငြိပါလာသေးသည်။

“အရသာရှိတော့ စားဝင်ပြီး အာဟာရ ပိုဖြစ်စေတာပေါ့၊ မဟုတ်ဘူးလား လူလေး”

“အိမ်း. . . ဟုတ်တယ်၊ ဘွားဘွားပြောတာလည်း မှန်တာပဲ”

မမင်းပျို ပြုံးလိုက်မိသည်။ လူ့လောကကြီး၌ နေတတ်လျှင် ပျော်စရာကြီးပါပဲဟု မြူခိုး သဘောပေါက်သွားမည်ဆိုပါက. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၉)

"ဟော. . . ကိုကိုရောက်နေတယ်"

မမင်းပျို စိတ်မပျက်စဖူး ပျက်သွားသည်။ မြူခိုးကို ကရဝိတ် လိုက်ပို့ပေးရန် အဝတ်အစား လဲပြီး ဆင်းလာသောအခါမှ ကိုကိုနှင့် တန်းတိုးသည်။

"အင်းလေ. . . ညနေတိုင်း ကိုကိုရောက်နေကျကို ဆန်းသလား မမင်းပျို"

"ဆန်းတော့ မဆန်းဘူးပေါ့ ကိုကို၊ ဒါပေမယ့် ခုပဲ မင်းပျိုတို့ ကရဝိတ် သွားကြမလို့၊ ကိုကိုပါ လိုက်ခဲ့လေ"





ထိုအချိန်၌ အောက်ထပ်အိမ်ခန်း၏လိုက်ကာကို ဖယ်ရှားပြီး မြူခိုးထွက်လာသည်။

မုတ်ဆိတ်ကျင်စွယ်များကို ရိတ်သိမ်းပြီးစ မြူခိုး၏ခန့်ညားချောမောမှုကို ယောကျ်ားအချင်းချင်းဖြစ်သော ကိုကိုပင်လျှင် တဒင်္ဂ မှင်တက်သွားလေသည်။

ချိုင်းထောက်သံ တဒေါက်ဒေါက်နှင့်အတူ မင်းလွင်ပါ လိုက်ထွက်လာပြီး. . .

"ဟုတ်တယ် ကိုကို၊ ကျွန်တော့်တို့ မြူခိုးကို အင်းလျားကန်ဘောင်ရိုး လမ်းလျှောက်ခေါ်မယ်၊ ပြီးရင် ကရဝိတ်မှာ ရေခဲမုန့်စားပြီး ညအလှ ကန်အလှနဲ့ ရွှေရောင်ဝင်းနေတဲ့ ရွှေတိဂုံကို ကြည်ညိုခိုင်းမလို့၊ လာဗျာ. . . သွားကြစို့"

"သွားကြတော့. . . ကိုယ်မလိုက်တော့ပါဘူး"

ကိုကိုက ခပ်အေးအေးပင် ပြောလိုက်သည်။ အမှန်ဆို ထိုတို လိုက်ခဲ့သင့်သည်ဟု မမင်းပျို ယူဆသည်။ ရံဖန်ရံခါ၌လည်း ထိုတို့ မင်းလွင်နှင့် မင်းပျိုတို့သည် ယခုလို ညနေဆည်းဆာအလှကို အင်းလျားကန်ဘောင်ရိုး၌လည်းကောင်း၊ ပန်ကန်လုံး ကျွန်းဆွယ်လေး၌လည်းကောင်း ခံစားနေကျ ဖြစ်ပါသည်။

"ဒါဖြင့် မင်းပျို သွားမယ် ကိုကို"

မမင်းပျိုက ကားဆီသို့ လျှောက်လာသည်။ မင်းလွင်က. .

"ငါ့ခြေထောက် ထားရခက်တယ် မင်းပျို နင် နောက်မှာပဲ ထိုင်လိုက်တော့"

"အိုကေ"

မမင်းပျို နောက်တံခါး ဖွင့်ကာ ထိုင်လိုက်သည်။ ကားထဲ၌ မြူခိုး ရောက်နှင့်နေသည်။ ကိုကို့မျက်နှာကြီး မအီမလည်ဖြစ်သွား ခိုင်းတို မမင်းပျို ဥပေက္ခာပြုလိုက်သည်။ မြူခိုးကလည်း ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



အချင်းချင်းပင် မနာလိုဖြစ်စရာကောင်းလောက်အောင် ချောနေ သည်။ မေး ပါးမြိုင်းနှင့် နှုတ်ခမ်းအထက်နေရာတို့က အမွေးအမှင် များ၏လောင်းရိပ်အောက်မှ လွတ်ကင်းကာ စိမ်းဖန့်ဖန့် ဖြစ်နေ သည်ကပင် သူ၏ခန့်ညားချောမွတ်မှုကို ပံ့ပိုးပေးသကဲ့သို့ ရှိနေပြန် သည်။

ကားထွက်ပြီး ခြံထဲမှ လွတ်ကင်းသည်နှင့် တပြိုင်နက်. . .

"မင်းပျို. . . နင့်လူကြီးက ဘယ်လိုလဲ"

"ဘာ. . . ဘယ်လိုလဲ မင်းလွင်ရဲ့ ရှင်းရှင်းပြောစမ်းပါ"

"နင်တို့ ဆက်ဆံရေး အခြေအနေက အေးတိအေးစက်ကြီး ဖြစ်နေသလားလို့"

"အစကတည်းက ဒီအတိုင်းပဲဟာ"

မမင်းပျိုတို့မောင်နှမစကားကြားထဲသို့ တုံးတိတိ ဝင်ပြော လိုက်သည်။

"အဲဒီ ကိုကိုဆိုတဲ့လူက မင်းပျိုနဲ့ ဘာတော်သလဲ"

မမင်းပျို မျက်လုံးပြူးသွားသည်။ မင်းလွင်က ဟက်ခနဲ တစ်ချက်ရယ်ကာ. . .

"လူကြီးချင်း သဘောတူထားကြတာ မြူခိုး၊ မကြာခင် သူတို့ လက်ထပ်ကြတော့မှာ"

"လက်ထပ်ကြတော့မှာ"

မြူခိုးက သံယောင်လိုက်ကာ စဉ်းစားလိုက်သည်။ မင်းပျို က ရင်ခုန်ခြင်းကြီးစွာဖြင့် မြူခိုးကို ငေးကြည့်နေမိသည်။

"ဪ. . . ထိမ်းမြားမင်္ဂလာပြုပြီးရင် မင်းပျိုကို အဲဒီ ကိုကိုဆိုတဲ့လူက ပိုင်သွားတော့မှာပေါ့နော်၊ ဟုတ်လား မင်းပျို"

မမင်းပျို ခေါင်းညိတ်ရန် ဘာကြောင့် ဝန်လေးသွားရ သနည်း။ မင်းလွင်က. . .





"အဲဒီကာလကျရင်တော့ ခင်ဗျားပြောတာဟုတ်တယ်၊ ဒါပေမယ့် အခုအချိန်မှာတော့ မင်းပျိုကို သူ မပိုင်သေးဘူး၊ မင်းပျို ငြင်းပယ်လိုက်ရင် သူ မပိုင်တော့ဘူး၊ လက်ထပ်ဖြစ်တော့မှာ မဟုတ် ဘူး"

မင်းလွင်၏နိမိတ်ပြစကားကို မမင်းပျို လက်မခံနိုင်ပါ။ လူမှာကတိ၊ မင်းမှာသစ္စာ ဟူသောစကားကို မမင်းပျို စောင့်ထိန်း လိုက်နာသင့်သည်။ မြူခိုးက ငဲ့စောင်းကြည့်သည်။ သူ့မျက်လုံးထဲ၌ ရှုပ်ထွေးသော အရိပ်အယောင်များကို တွေ့ရသည်။ သူ တစ်စုံ တစ်ခု ပြောချင်နေပုံရသည်။

"ဘာလဲ မြူခိုး၊ နင်ဘာပြောချင်လို့လဲ"

"မင်း သူ့ကို လက်ထပ်မင်္ဂလာ မပြုဘဲ နေလို့မရဘူးလား မင်းပျို"

"မရဘူး"

"ဘာဖြစ်လို့လဲ"

"ငါ ကတိပေးပြီး ဖြစ်လို့ပဲ မြူခိုး"

"ဪ. . . အေး၊ လူဆိုတာ ကတိကို လွယ်လွယ်ကူကူ မပေးရဘူး၊ ပေးပြီးရင် စောင့်ထိန်းရတယ်၊ မစောင့်ထိန်းနိုင်ရင် ကတိမတည်သောလူ၊ သစ္စာမရှိသောသူ ဖြစ်သွားတတ်တယ်လို့ ဘဘုန်း မိန့်ဖူးတယ်"

မင်းလွင်က သက်ပြင်းချကာ. . .

"ဒါပေမယ့် နင်တို့ စေ့စပ်ထားတာမှ မဟုတ်ဘဲ မင်းပျိုရာ၊ နင် ငြင်းလို့ရပါသေးတယ်"

"မင်းလွင်. . . နင်က ကိုကိုနဲ့ သဘောမတူဘူးလား"

"ငါ မနေ့ကပဲ ပြောပြီးပြီလေ မင်းပျို. . . အဲဒီအတိုင်းပဲ"

"ငါ စိတ်ရှုပ်တယ်ဟာ၊ ကိုကို့မှာ ဘာအပြစ်မှ မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ငါလည်း ဝံပုလွေ မဟုတ်ဘူး မင်းလွင်"

မမင်းပျို့ စိတ်ရှုပ်စွာဖြင့် ညည်းညူလိုက်မိလေသည်။

မြူခိုးက ထုံးစံအတိုင်း. . .

"မင်းတို့ လူတွေရဲ့ဗီဇိကိစ္စတွေက သိပ်ကို များမြောင် ရှုပ်ထွေးတာပဲ"

မင်းလွင်က ရယ်လေသည်။ မမင်းပျို့ကတော့ ပြုံးရုံသာ လျှင် ပြုံးနိုင်တော့သည်။ 'ဟုတ်ကဲ့၊ မိုးကျရွှေကိုယ်တော်ရယ်' ဟု ခနဲ့စကား မဆိုနိုင်တော့။

ကိုကို့အပေါ်၌ အပြစ်မရှိ အပြစ်ရှာရမည်လား။ ဤသို့ဆို လျှင် မမင်းပျို့ သစ္စာမဲ့ခြင်းသာ ဖြစ်ပေမည်။ ဝန်တိုတတ်တာ အပြစ် တစ်ခုဟု ယူဆ၍မရနိုင်ဟု မမင်းပျို့ နားလည်နေသည်။ မမင်းပျို့ သက်ပြင်းတစ်ချက် ချလိုက်မိသည်။







## အခန်း(၁၀)

"ကိုကို. . ."

မမင်းပျို့ တစ်ယူဇနာပန်းပင်အနီး၌ ငူတူတူငိုင်တိုင်တိုင်နှင့် ထိုင်နေသော ကိုကို့အား အသံပြုလိုက်သည်။

"ဩော်. . . မမင်းပျို့"

"ကိုကို အိမ်ပေါ် တက်မလာဘဲ ဘာရပ်လုပ်နေတာလဲ"

"ကိုကို လိုက်ရှာနေတာ"

"ဟင်. . . ဘာကျသွားလို့လဲ ကိုကို"

"အတိတ်က မမင်းပျို့ရဲ့ခြေရာလက်ရာလေးတွေကိုပါ"



www.burmeseclassic.com

www.burmeseclassic.com



မမင်းပျို အနေခက်သွားသည်။ ယခင်က ပန်းပင်တွေအကြား၌ အချိန်များစွာ ကုန်ဆုံးခဲ့သော မမင်းပျိုသည် ယခု မြူခိုးဟူသော လူသားအပင်လေးကို ပြုစုပျိုးထောင်ရင်း အချိန်ကုန်နေရပြီ။ ထိုလူသားကလည်း သိချင်တတ်ချင်လိုက်သည်မှာ မနားမနေ။ ယခုလည်း ဦးလေးဘမောင်က ကားမောင်းသင်ပေးရန် သိမ်ဖြူကွင်းသို့ ခေါ်သွားလေသည်။

မင်းလွင်က ခြေထောက်ကို တုတ်ကောက်ဖြင့် စမ်းလျှောက်နေသေးသဖြင့် လိုက်မသွားဘဲ အိမ်၌ပင် လျှောက်ရင်းကျန်ရစ်ခဲ့သည်။

"အင်း. . . မင်းပျိုလည်း ကိုကိုပြောစရာ ဖြစ်နေပြီ၊ ပန်းပင်တွေနားတောင် မသီနိုင်ဘူး၊ ဒါပေမယ့် မာလီရှိတယ်ဆိုတော့လည်း ကျွန်မ သူတို့အတွက် စိတ်ချနေနိုင်တာပေါ့ ကိုကို"

"မသိပါဘူး. . . ကိုကိုနဲ့မင်းပျိုဟာ နီးလျက်နဲ့များ ဝေးနေရပြီလားလို့"

"သဘောထားကြီးစမ်းပါ ကိုကိုရာ၊ ကျွန်မ ကိုကို့အပေါ် အထင်မသေးချင်ဘူး"

"ကိုကို သဘောထား သေးတာ မဟုတ်ဘူး မမင်းပျို၊ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထား ကြိုးချင်းငြိတတ်တဲ့ သဘာဝကို ပြောနေတာ၊ ပြီးတော့ မြူခိုးဟာ ရုပ်ဆိုးရုပ်ကြမ်းကြီးလည်း မဟုတ်ဘူး၊ ဒါတင် မကသေးဘူး၊ ဘယ်အရာမဆို တတ်မြောက်လွယ်ကူတဲ့ ဦးနှောက်မျိုးကိုလည်း ပိုင်ဆိုင်ထားသူဆိုတော့ မမင်းပျိုအပေါ်လည်း အလွယ်တကူ ပိုင်ဆိုင်သွားမှာ ကိုကို စိုးရိမ်တယ်"

"သြော်. . . ကိုကိုရယ်၊ မြူခိုးဟာ ဒီလောက်မရိုင်းစိုင်းပါဘူး၊ စောင့်ထိန်းအပ်တဲ့ လူ့ကျင့်ဝတ်သိက္ခာတွေကို နားလည်မှာပါ၊ ခုဆိုရင် အားတဲ့အချိန်မှာ ခမ္မပဒ ဖတ်ပြီး သူ့ဘဘုန်း မိန့်ခဲ့တာတွေ





နဲ့ တူတယ်တဲ့၊ မသိတဲ့စာလုံးတွေ ဘွားဘွားကို မေးတယ်၊ မင်းပျိုကိုတော့ မဂ္ဂဇင်းတွေ စာစောင်တွေ အကုန်ပါပဲ၊ သိပ်မှတ်ဉာဏ်ကောင်းတာ ကိုကိုရဲ့၊ မသိတာရှိရင် အကုန်မေးတာ"

မမင်းပျိုက မြူခိုးအကြောင်း ပြောနေရခြင်းကိုပင် ပျော်ရွှင်စွာဖြင့် မျက်လုံးလေး ဝင်းလက်တောက်ပလာသည်ဟု ကိုကိုစိတ်မသက်သာစွာ ထင်မြင်သုံးသပ်မိလေသည်။

"တောသားရဲဆွဲဆိုတာမျိုး ဖြစ်နေပါဦးမယ်၊ သိပ်ပူးပူးကပ်တပ်တော့ မနေစေချင်ဘူး မမင်းပျို ကိုကို စိုးရိမ်လို့ ပြောတာနော်"

"ကျွန်မနားလည်ပါတယ် ကိုကို၊ ကျွန်မ သူ့ကို မင်းလွင်လိုပဲသဘောထားပါတယ်၊ သူကလည်း ကျွန်မကို မင်းလွင်နဲ့ ဘွားဘွားလောက်တောင် အရေးစိုက်တဲ့သူ မဟုတ်ဘူး၊ ပြီးတော့လည်း ကိုကိုနဲ့ကျွန်မ လက်ထပ်မယ်ဆိုတာကိုလည်း သူ့ကို နားလည်အောင် ပြောထားပြီးသားပါ"

"သူက နားလည်တတ်ရဲ့လား"

"သူက နားလည်တယ်၊ ဘဘုန်းကလည်း အစစအရာရာ သွန်သင်ဆုံးမထားပုံ ရတယ်၊ သူ အားလုံးကို နားလည်တယ်"

မမင်းပျို ကိုကို့အား စိတ်ရှည်လက်ရှည်ဖြင့် ရှင်းပြပေးသည်။

"အင်းလေ. . . ကိုကို မမင်းပျိုကို ယုံကြည်ပါတယ်၊ ခုလိုပြောမိတာကလည်း ကိုကို့ကံကြမ္မာကို မယုံကြည်လို့ ပြောမိတာပါ၊ တိုကို့အပေါ် မမင်းပျို နားလည်ခွင့်လွှတ်တယ် မဟုတ်လား"

"ခွင့်လွှတ်ပါတယ် ကိုကို၊ ကိုကို ပို့စတင်ကျပြီးတာနဲ့ မင်းပျိုတို့ လက်ထပ်ကြရအောင်"

"ကျေးဇူးတင်လိုက်တာ မမင်းပျိုရယ်၊ ကိုကို မမင်းပျိုကိုလုံးဝလက်လွှတ်မခံနိုင်ဘူး၊ ကိုကို မမင်းပျိုကို ငယ်ငယ်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com

ချစ်ခဲ့တာပါ"

မမင်းပျို မျက်နှာထားရ ခက်သွားသည်။ ကိုကိုကလည်း ချစ်တယ်ဟူသောစကားကို ပြောရခြင်းကိုပင် ရှက်ရွံ့သည့်အလား မျက်နှာတစ်ခုလုံး နီရဲလျက်ရှိရာ မမင်းပျိုက ကိုကို အနေမခက်စေရေးအတွက်. . .

"ကြည့်စမ်း. . . ကိုကိုဟာ နှပ်ချေးတွဲလောင်းကတည်းက ဒီလိုစိတ်မျိုး ရှိတယ်လား"

"ဟာတွာ မမင်းပျိုရာ. . . ကိုကိုက"

ကိုကိုက ရယ်လျက်ရှိသော မမင်းပျိုအား မချင့်မရဲ ဖြစ်သွားပြီး ပါးကို ဆွဲလိမ်လိုက်သည်။

"အား. . . နာတယ် ကိုကို"

ထုံးစံလေးတွေ ပြန်လည်အသက်ဝင်လာမှ ကိုကို့မျက်နှာ ကြည်သာလာသည်။ ထိုစဉ် ကားတံခါးပိတ်သံ ကြားလိုက်ရသည်။ မင်းပျိုရင်ထဲ ထင့်ခနဲ ဖြစ်သွားသည်။

မြို့ခိုးသည် ကားတံခါး ဆောင့်ပိတ်ကာ အိမ်ပေါ်သို့ တက်သွားသည်။ ဘာလုပ်လုပ် အသံမကြားရသော မြို့ခိုးတစ်ယောက် ဘယ်လိုဖြစ်သွားတာလဲဟု စိုးထင့်စွာ တွေးလိုက်မိသည်။

"မမင်းပျို"

"ရှင်. . ကိုကို"

"ရော့. . . ပန်လိုက်ပါဦး"

ကိုကိုက တစ်ယူဇနာပန်းလေး ချိုးပေးသည်။ မမင်းပျိုက ပြုံးကာ ဆံထုံး၌ ထိုးစိုက်ပန်လိုက်သည်။

"ကိုကိုလေ. . . မမင်းပျိုနဲ့ တစ်ယူဇနာ အကွာအဝေး ရောက်နေပေမယ့် ကိုကို့မေတ္တာက သင်းပျံ့နေတယ်၊ မမင်းပျိုဆီကို အမြဲရောက်နေတယ်ဆိုတာ ယုံကြည်ထားပါ မမင်းပျို"





"ကျွန်မ ကိုကို့ကို နားလည်ပါတယ်၊ လာ. . . ထမင်းစားသွားပါလား ကိုကို၊ ဒီနေ့ ငါးရံ့ဆန်လှော်ဟင်း ချက်ထားတယ်၊ အသုပ်ကတော့ မြင်းခွာရွက်သုပ်တယ်၊ ဆိတ်ကလီစာဟင်းရယ်လေ ကိုကို"

"ကိုကို ဆိတ်သားမစားဘူးလေ"

"ဩော်. . . ဟုတ်သားပဲ၊ ငါးဖယ်ရှိတယ်၊ အချဉ်သုပ်ပေးရမလား"

မမင်းပျိုသည် ကိုကို့အကြိုက်ကို သတိမမူမိဘဲ ပြောလိုက်မိခြင်းအတွက် ကိုကို့စိတ်ထဲ တစ်မျိုးထင်သွားမှာကို စိုးရိမ်မိသည်။

"ကိစ္စမရှိပါဘူး. . . မမင်းပျို ပင်ပန်းပါ့မယ်၊ သက်သက်လွတ်အတွက်လည်း စီစဉ်ပေးရနဲ့ ကိုကို့အတွက် ထပ်ပြီးအပင်ပန်းမခံနဲ့တော့၊ ကိုကိုပြန်တော့မယ်၊ မေမေလည်း ထမင်းစား စောင့်နေလိမ့်မယ်"

"ကောင်းပါပြီ ကိုကို"

ကိုကို့ကို ယမင်းပျိုက ယှဉ်တွဲကာ ခြံနှစ်ခြံ၏နယ်နိမိတ် တံခါးဆီသို့ လိုက်ပို့ပေးလိုက်သည်။

"မနက်ဖြန် ကိုကို အားတယ်၊ မမင်းပျို ကိုကိုတို့အိမ်မှာပဲ တစ်ခုခု လုပ်စားမလား၊ မမင်းပျိုတို့အိမ်မှာပဲ လုပ်စားမလား"

"အတော်ပဲ ကိုကိုရေ၊ မနက်ဖြန် သက်သက်လွတ် အုန်းနို့ခေါက်ဆွဲ ချက်ပြီး အသားစားသူတွေအတွက် ငါးဖယ်နဲ့ကြက်သားဘဲဥထပ်ထည့်ပေးရုံပဲ၊ အန်တီတို့ပါနော် တစ်အိမ်သားလုံး"

"အိုကေ. . . ဂွတ်နိုက် မမင်းပျို"

"ဂွတ်နိုက် ကိုကို"

မမင်းပျို အိမ်ဘက်ဆီသို့ လျှောက်လာသည်။

မင်းလွင်က အိမ်ထဲမှ ထွက်လာသည်။ တုတ်ကို အားပြုပြီး



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လာသောမင်းလွင်ကို စိုးရိမ်သဖြင့် မမင်းပျို အပြေးအလွှားပင် မင်းလွင်နားသို့ ပြေးကပ်လိုက်သည်။

"ဖြည်းဖြည်း မင်းလွင်. . . ဖြည်းဖြည်း"

"ရပါတယ်. . . ငါတမင်လျှောက်ခဲ့တာ၊ နင်နဲ့ ပြောစရာရှိလို့၊ လာ. . . နောက်ဘက်က စိုက်ခင်းတွေဘက် လျှောက်ရအောင်"

မမင်းပျိုရင်ထဲ အတွေးများ ဝင်ရောက်လာသည်။ မင်းလွင်၏ညာဘက်လက်ကို ယူကာ မိမိပခုံးပေါ် တင်လိုက်ရင်း. . .

"မြခိုးကော"

"အဲ့ဒါပြောမလို့. . . ဒီကောင် မလွယ်ဘူး"

"ဘာဖြစ်လို့လဲ"

"ကားမောင်းပြန်လာပြီး တစ်ခါမှ မလုပ်ဖူးတဲ့ အပြုအမူမျိုးကို လုပ်နေတယ်"

"ဟင်. . ."

"အိပ်ယာထဲ တန်းထိုးအိပ်ရင်း ငါ့ကိုလည်း လှမ်းပြောတယ်"

"ဘာပြောလဲ"

"ကျုပ် ဒီမှာ ကြာကြာနေရင် ဒုက္ခဖြစ်လိမ့်မယ် ထင်တယ် မင်းလွင်၊ ကျုပ် ဘဘုန်းဆီ ပြန်ချင်တယ်တဲ့"

"ဟုတ်လား. . . နင်မတားဘူးလား"

"တားထားတာပေါ့. . . ကျွန်တော့်ကို ခင်ရင် ဒီစကားမပြောပါနဲ့လို့၊ ဒီတော့ သူက သံယောဇဉ်ဆိုတာ မီးပါဗျာ၊ အဲ့ဒီမီးက ကျုပ်ကို လောင်မြိုက်သွားမှာ စိုးရိမ်တယ်လို့ ပြောပြီး မှောက်ခုံကြီး အိပ်နေလေရဲ့ဗျာ"

"ခက်လိုက်တာ့ဟာ. . . သူ့ကြည့်ရတာ ကားမောင်းထွက်





သွားခါနီးအထိ ပျော်ပျော်ရွှင်ရွှင်ပါပဲ"

"အေးလေ. . . ဒါပေမယ့် ပြန်လာတော့မှ ဖြစ်တာ၊ သူပြန်လာတော့ ဘာများ စိတ်ထိခိုက်စရာ တွေ့သလဲမှ မသိတာ"

မမင်းပျိုရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မင်းလွင့်ကော မျိုးကဲ့သို့ပင် ကိုကိုက မိမိပါး ဆွဲလိမ်လိုက်သည်ကို မြင်လိုက်လေသလား။

"မင်းပျို"

"ဘာလဲ"

"နင်နဲ့ကိုကို အနေအထိုင် ဆင်ခြင်ဟာ"

"ဘုရားရေ. . . ကျွန်မ ဘယ်လိုများ နေမိလို့လဲ"

"နင် ဘယ်လိုမှ မနေဘူး၊ ဒါပေမယ့် ကိုကိုက၊ ဟာ. . . မောင်နှမချင်း ပြောရမှာ ငါမျက်နှာပူတယ်၊ ဘာပဲပြောပြော မင်းနဲ့ နင်တို့ စေ့စပ်ထားတာ မဟုတ်ဘူးနော်၊ အိမ်ထောင်တစ်ခုဆိုတာ ကတိသစ္စာနဲ့ တည်ဆောက်တာထက် အချစ်နဲ့ တည်ဆောက်တာ အကောင်းဆုံးပဲလို့ ငါထင်တယ်၊ ဒါ နင့်အတွက် ငါပြောတာ၊ နင် ထပ်စဉ်းစားဦး"

မမင်းပျို သဘောပေါက်လိုက်သည်။ မင်းလွင်သည် မင်းပျိုနှင့်ကိုကို လက်ထပ်ရန် သဘောမတူဘူး၊ ဖွင့်လိုက်ပါဟု တိုက်ရိုက်မပြောရုံသာ ရှိတော့သည်။

"မင်းပျို. . . နင်ဟာ ငါ့ရဲ့ အမြွှာအစ်မပါ၊ နင့်စိတ်ထဲ တွေ ဖြစ်နေတယ်ဆိုတာ ငါသိတယ်"

"ငါဘာဖြစ်လို့လဲ"

ရင်တွင်း လှုပ်ရှားမှုကို ဖုံးဖိပြီး ဘာမှမပြောသကဲ့သို့ ဟန်ဆောင်ရသည်မှာ မမင်းပျိုအတွက် အင်မတန် ပင်ပန်းသောကိစ္စပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ နှလုံးသားထက် ဦးနှောက်ကို ဦးစားပေးသေ ဂုဏ်သရေရှိ အမျိုးသမီး အမည်ခံချင်နေတဲ့စိတ် ရှိသူလို့ ငါသိ တယ်"

"ဘာ..."

မင်းလွင်၏လက်ကို အသာဖယ်ကာ မင်းလွင်နှင့် မျက်နှ ချင်းဆိုင် ရပ်ပြီး စေ့စေ့ကြည့်လိုက်သည်။

"နင်..ငါက ကိုကို့ကို မချစ်ဘဲ ကတိပျက်မှာစိုးလို့ လက် နေတာလို့ စွပ်စွဲနေတာလား"

"အေး...အသေအချာပဲ၊ မဟုတ်ဘူးလား"

"မဟုတ်ဘူး..ငါ..ငါ..ကိုကို့ကို လက်ထပ်ရမယ်၊ လုပ်ဆောင်သင့်တဲ့အလုပ်တစ်ခုလို့ ငါခံယူထားတယ်၊ သူ့ကို ချ မချစ် ငါ ဆန်းစစ်မနေနိုင်ဘူး၊ လက်ထပ်ပြီးတာနဲ့ အချစ်ကို သု ကစပြီး အေးချမ်းတဲ့ အိမ်ထောင်တစ်ခုဖြစ်အောင် ငါတည်ဆော သွားမယ်၊ ဒါပဲ မင်းလွင်"

"မင်းပျိုရာ...နင့်ကို ငါနှမြောတယ်"

"ဘာ..."

"ဟုတ်တယ်...နင့်ဘဝကို ကတိစကားတစ်လုံးကြော လူတစ်ဦးတစ်ယောက်တည်းအတွက် အသုံးချပစ်လိုက်တော့မှ လား မင်းပျို"

"ဘာရယ်"

"ဟုတ်တယ် မင်းပျို...စဉ်းစားကြည့်စမ်း၊ ကိုကို့ လက်ထပ်ပြီးရင် နင် ကိုကို့နောက်ကို လိုက်သွားပြီး ကိုကို့ကို ပါ ဖြည့်ဖက်အနေနဲ့ နင့်ဘဝကို အိမ်ထောင်ရှင်မတစ်ဦးအနေနဲ့ မီ ချောင်ထဲမှာ မြှုပ်နှံပစ်ရတော့မယ်၊ ပြီးတော့ သားသမီးတွေ အတွက်"





"ဒါ ဘာဖြစ်သလဲ၊ မအေမွေးခဲ့လို့ မင်းလွင် မင်းပျိုဆိုတဲ့ မျိုးဆက်သစ်တွေ ဖြစ်လာခဲ့တယ်မဟုတ်လား၊ အမေဆိုတဲ့ရာထူး ဟာလည်း ဂုဏ်ရည်မြင့်မားတယ်၊ လေးစားထိုက်တယ်လို့ ငါယူဆ တယ် မင်းလွင်"

"ဟာ...ဟုတ်သားပဲ၊ လေးစားပါတယ် ဒေါ်မင်းပျို၊ ကျွန်တော်မျိုး စကားမှားသွားပါတယ်"

"နင်နော်...ရွှတ်နောက်နောက် လုပ်မနေနဲ့၊ ငါက အတည်ပြောတာ၊ ငါ ကိုကို့ကို ငြင်းပယ်လိုက်ရင် လူကြီးမိဘတွေရဲ့ မျက်နှာကို အိုးမည်းသုတ်ရာကျသွားမယ်ဆိုတာကိုရော နင်ထည့် မတွေးတော့ဘူးလား"

"မိဘဆိုတာ သားသမီး စိတ်ဆင်းရဲမယ့်ကိစ္စမျိုးအတွက် မျက်နှာအပျက်ခံနိုင်ပါတယ်ဟာ၊ ငါဆိုလိုတာက နင် ကိုကို့နဲ့ လက် ထပ်ဖို့ စောသေးတယ်၊ နင့်ကိုနင် အချိန်ယူ ဆန်းစစ်ဖို့ လိုသေးတယ် ထင်လို့ပါ"

မမင်းပျို တွေဝေရသည်။ မင်းလွင်က မင်းပျို၏ပါးကို အသာဆွဲလိမ်လိုက်ပြီး..

"မင်းပျိုရာ...နင့်ကို ငါသိပ်ချစ်တယ်ဆိုတာ နင်သိပါ တယ်၊ နင့်ကို ငါ စိတ်ချမ်းသာစေချင်တယ်၊ နင့်ဘဝကို ကတိတစ်လုံး ကြောင့် အိမ်ထောင်ရေးနွံထဲ နစ်မြုပ်သွားပြီး နင်စိတ်ဆင်းရဲရင် ငါတို့မိသားစုလည်း စိတ်ဆင်းရဲရမယ်"

"ကိုကို့ကို ငါယူရင် ငါစိတ်ဆင်းရဲမယ်လို့ ဘာဖြစ်လို့ နင်က သွေးခွဲချင်ရတာလဲ မင်းလွင်၊ ငါ ကိုကို့အချစ်ကို ယုံပါတယ်"

မင်းပျိုရင်ထဲ၌ ရှိသောစကားကို အမှန်အတိုင်း ပြောလိုက် ခြင်းဖြစ်သည်။ သို့သော်...

"ဒါပေမယ့် နင့်ကိုယ်နင် ယုံကြည်မှု ရှိရဲ့လား မင်းပျို"



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီဟာ. . . ဒီအကြောင်းတွေချည်းပဲ ငါ့ကို ပြော
မနေနဲ့၊ ငါစိတ်ညစ်လာပြီ၊ ဘာဖြစ်လို့ ငါ့ကို ဒီလောက်တော
မေးခွန်းတွေ ထုတ်နေရတာလဲ မင်းလွင်၊ နင်ဟာလေ. . .
ဇင်းကျိုက်က ပြန်လာပြီးမှ အရမ်းပြောင်းလဲလာတယ်"

"ဟုတ်တယ်. . . လူဆိုတာ မွေးဖွားလာချိန်ကစပြီး
သေခြင်းတရားဆိုတဲ့မှတ်တိုင်ကို လျှောက်လှမ်းနေရတာ မဟုတ်
လား၊ အဲဒီမှတ်တိုင်ဟာ အနီးမှာလား အဝေးကြီးမှာလားဆိုတာကို
ဘယ်သူသိနိုင်မလဲ၊ ဒီတော့ မသေခင်အချိန်တိုင်းဟာ စက္ကန့်နဲ့ အဖိုး
တန်တယ်၊ အဲဒီအဖိုးတန်တဲ့အချိန်တွေကို သောကနဲ့ ဖြုတ်သန်း
မလား၊ ပျော်ရွှင်ချမ်းမြေ့ခြင်းနဲ့ ဖြတ်သန်းသင့်သလားဆိုတာကို
လည်း ငါစဉ်းစားလာတတ်သလို နင်လည်း စဉ်းစားဦး"

"လူဆိုတာ လူသားအကျိုး ဆောင်ရွက်နိုင်ခြင်းသာ
အဓိပ္ပါယ်အရှိဆုံးလို့ ငါထင်တယ်၊ ငါ့အကျိုးအတွက် ငါသိပ်စဉ်းစား
မနေချင်တော့ဘူး၊ ဟော. . . ကားသံကြားတယ်၊ ဖေဖေပြန်လာပြီ
ထင်တယ်၊ မြူခိုးကိုလည်း သွားတွေ့ဦးမှ"

"အင်း. . . မြူခိုးလည်း ဘဝသစ် အတွေ့အကြုံမှာ ဘာ
တွေ စိတ်ညစ်နေသလဲ မသိဘူး၊ မေးလို့လည်း မရဘူး"

"နေမကောင်းဘူးလားမှ မသိတာ"

"ကောင်းပါတယ်. . . နင်မေးကြည့်လိုက်ဦးပေါ့"

မောင်နှမနှစ်ယောက် ပြန်လျှောက်လာကြသည်။ နေဝင်
ကာနီး ကောင်းကင်၏ ရောင်စုံယှက်ဖြာမှုအောက်၌ အိပ်တန်းဝင်
ပျံသန်းသွားသော ငှက်အုပ်စုကို မမင်းပျို မော့ကြည့်မိသည်။

ရင်ဝယ် နွမ်းလျသလိုလို လွမ်းသလိုလိုပင် ခံစားလိုက်ရ
သည်။ အီလွမ်းအဆွေးဟူသော ဝေဒနာသည် သူမ၏ရင်အတွင်
ကိန်းအောင်းတည်ရှိတတ်ပြီလားဟုပင် မမင်းပျို သံသယ ဝင်လာ





သည်။

"ဟင်း. . . ."

သက်ပြင်းချသံ ကျယ်လောင်သွားသည်။ မင်းလွင်ပင်
အံ့သြသွားသည် ထင်ပါသည်။

"ဘာဖြစ်လို့လဲ"

"ငါလည်း အိမ်ထောင်မပြုချင်တော့ဘူးဟာ၊ စိတ်ရှုပ်
တယ်"

"နေနိုင်ရင် အကောင်းဆုံးပေါ့ဟာ"

"ဘာဖြစ်လို့ မနေနိုင်ရမှာလဲ" ဟူသောစကားကို ရင်တွင်း၌
သာ ပြောလိုက်သည်။ သို့သော် ရုတ်ချည်းပင် ကိုကို့မျက်နှာကို
မြင်ယောင်လာသောအခါ မမင်းပျို ပါးစပ်ဖျားသို့ ထိုစကားထွက်ခွင့်
ရသွားပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

“မြူခိုးက သိပ်ဉာဏ်ကောင်းတာပဲ”

မမင်းပျိုက မြူခိုးကို ဘေးတိုက်ကြည့်ကာ ဝေဖန်လိုက်သည်။ မြူခိုးက မပြုံးမရယ် ခပ်တည်တည်ပင်။ ကားကို ဂရုတစိုက် မောင်းနေ၍လား။

“လိုင်စင်ရပြီလား”

ဘယ်အချိန်က ဘယ်လိုသွားမောင်းကာ လိုင်စင်ယူလိုက်သည်ကို မမင်းပျို မသိလိုက်ရ။ သူငယ်ချင်းတစ်ဦး၏ မင်္ဂလာဆောင်ပွဲ သွားရန်ရှိသည်။ မင်းလွင်ကို ဖေဖေက ကားပေးမမောင်းသေး





သဖြင့် ဦးဘမောင်က မင်းလွင်နှင့်ဖေဖေ့ကို လိုက်ပို့ပေးသည်။ မမင်းပျိုကို မြူခိုးက ကျန်စုပါဆလွန်း ထုတ်ကာ လိုက်ပို့ပေးခြင်းဖြစ်သည်။

“အင်း. .”

“ဘယ်တုန်းက ရသွားတာလဲ၊ သိတောင် မသိလိုက်ဘူး”

မမင်းပျိုက စကားအဖြစ် ပြောလိုက်ခြင်းဖြစ်သည်။ သို့သော် မြူခိုးက. . .

“ကျုပ်ကို မမင်းပျိုက စိတ်ဝင်စားလို့လား”

“အို. . .”

မမင်းပျို အာမေဋိတ်သံလေး ထွက်သွားရသည်။ ကိုကို၏ သတိပေးစကား၊ မင်းလွင်၏စကားတို့ကြောင့် မမင်းပျို စိတ်ညစ်ကာ မြူခိုးကို တတ်နိုင်သမျှ ရှောင်ရှားနေထိုင်ခဲ့သည်။ ကုသခြင်းထက် ကာကွယ်ခြင်းက ပို၍ကောင်းမွန်သည်ဟု မမင်းပျို ယူဆမိသည်။ တစ်အိမ်တည်း နေ၍ အလှမ်းဝေးသကဲ့သို့ ဖြစ်နေသော မြူခိုး၏နှုတ်ဖျားမှ ထိုစကားမျိုးကြောင့် တအံ့တဩ အာမေဋိတ် ထွက်သွားရသည်။

“ဘယ်လိုမေးလိုက်တာလဲ မြူခိုး”

“ကျုပ်မေးခွန်းမှားသွားလို့လား၊ သို့မဟုတ် မမေးသင့်လို့လား”

စာသံပေသံ မပျောက်တပျောက်နှင့် မြူခိုးကို မမင်းပျို ဆတ်တရက် ငေးကြည့်နေရာမှ မျက်နှာလွှဲလိုက်ပြီး. . .

“မမှားပါဘူး. . . မေးသင့်တယ်လို့လည်း ထင်ပါတယ်”

မမင်းပျို ဆက်ပြောရန်စကားကို ရှာမတွေ့ချေ။

“ကျုပ် မင်းတို့နဲ့ နေရတာ မပျော်ဘူး၊ ဒါပေမယ့် ပျင်းလည်း မပျင်းဘူး၊ မြင်မြင်သမျှအရာတွေ၊ လူတွေဟာ ကျုပ်အတွက် အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆန်းချည်းပဲ ဖြစ်လို့ ကျုပ်စိတ်ဝင်စားတယ်"

"နောက်တော့ ပျော်လာမှာပေါ့ မြခိုးရယ်"

"ဘယ်တော့မှ ပျော်မယ်မထင်ဘူး"

"ဘာဖြစ်လို့လဲ"

"ကျုပ်မေးခွန်းကို မင်း ပြီးအောင် အရင်ဖြေဦးလေ"

"ဪ. . . မြခိုးရယ်၊ နင့်ကို ငါ စိတ်ဝင်စားပါတယ်"

"ဒါပေမယ့် မနေ့က တစ်နေ့လုံး မင်းကို ကျုပ်မတွေ့ရဘူး မင်းပျို"

မမင်းပျိုရင်ထဲ လှိုင်းခတ်သွားသည်။ နှလုံးသား၏အချစ်လှိုင်းလေလား။

ဒီလိုဆိုလျှင် လုံးဝ မဖြစ်သင့်မဖြစ်ထိုက်ဘူးဟု မမင်းပျို စိတ်ကို မမင်းပျို ကြိတ်၍ဆုံးမလိုက်သည်။ မှုသားမပါ လက်ာ မချော်ဆိုသကဲ့သို့. .

"ငါ မအားလို့ပါ မြခိုးရယ်"

"ဘာလုပ်နေလို့လဲ"

"ဒီအကျီကို ဒီပွဲအမီချုပ်နေလို့"

မမင်းပျိုကို မြခိုးက ငဲ့စောင်းကြည့်လိုက်သည်။

မြခိုးထံမှ သက်ပြင်းချသံကို မမင်းပျို ကြားလိုက်ရသည်။ အတန်ကြာမှ. . .

"ဖေဖေက ပြောတယ်၊ ရွှေအပတ်ကစပြီး ကျုပ်ကို အလုပ်ထဲ ခေါ်သွားမယ်တဲ့"

"ဟင်. ."

"အဲ့ဒီအခါ မင်းကို ကျုပ် တွေ့နိုင်ပါတော့မလား"

"တွေ့ရမှာပေါ့ မြခိုးရယ်"

"တကယ်လား. . . ကျုပ်က မင်းမျက်နှာကို မမြင်ရရင်





ပြီးတော့ မင်းအသံကို မကြားရရင် တစ်မျိုးပဲ၊ နေလို့ထိုင်လို့ မရတော့ဘူး၊ အဲဒါ ဘာဖြစ်တာလဲ မင်းပျို"

ဒီတစ်ခါ သက်ပြင်းချရသူမှာ မမင်းပျို ဖြစ်သွားသည်။ စိတ်၏ဆန်းကြယ်ခြင်းကို မြခိုး ခွဲခြမ်းစိတ်ဖြာတတ်မည်ဆိုပါက သူ၏ခံစားချက်ကို သူသိမြင်သွားနိုင်သည်။

"မင်းလွင်ကိုကော နင် ဒီလိုပဲ မဟုတ်လား"

"သူနဲ့ကျုပ်က အမြဲတွေ့နေရတာပဲ၊ ခု အလုပ်သွားတယ်၊ ပြန်တာနဲ့ ကျုပ်နဲ့ တန်းတွေ့ရတာဆိုတော့ သူနဲ့ ပတ်သက်ပြီး ကျုပ်မှာ အဲ့ဒီလို မခံစားရဘူး၊ မင်းနဲ့ကျမှ ခံစားရတာ"

"အဲ့ဒါ ငါ့ကို နင် ခင်မင်လို့ပေါ့ မြခိုးရယ်"

"ဟုတ်ရဲ့လား. . . ကျုပ် မင်းကို မခင်မင်ချင်ဘူး မမင်းပျို"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဣတ္ထိယ ခေါ် မိန်းမဆိုတဲ့သတ္တဝါဟာ မရှိမကောင်း ရှိမကောင်း၊ မပေါင်းလည်းခက်၊ ပေါင်းလည်းခက်တဲ့ ကျုပ်တို့ ယောကျ်ားဆိုတဲ့သတ္တဝါတွေကို ဒုက္ခရောက်အောင် ဖန်တီးနိုင်ဆုံးပဲလို့ ဘဘုန်းမိန့်ဖူးတယ်"

"ဪ. . . ဒါဖြင့် နင် ငါ့ကို ဘာဖြစ်လို့ တွေ့ချင်မြင်ချင်နေရတာလဲ၊ မမြင်အောင်နေ၊ အသံမကြားအောင် နေပေါ့"

"ကျုပ်မှ အဲဒီလို နေလို့မှ မရဘဲ"

"တော်ပြီ မြခိုးရယ်၊ ဒီစကား ဒီမှာပဲ ရပ်ရင် ကောင်းမယ်၊ ဟိုလမ်းထဲ ချိုးလိုက်"

မြခိုး ဘာမှ စောဒက မတက်တော့ချေ။ မမင်းပျိုရင်ထဲ ဗလောင်ဗဆန်နှင့် လှိုင်းထန်မှုကို ငြိမ်သက်သွားစေရန် စိတ်ကို ဆုံးမရင်း အင်းလျားကန်ဟိုတယ်သို့ လမ်းညွှန်ပေးရသည်။



www.burmeseclassic.com

www.burmeseclassic.com

"မမင်းပျို"

"ဘာလဲ"

"ကျုပ် မင်းနားမှာ ခုလို အမြဲနေချင်တယ်"

မမင်းပျို မျက်လုံးပြူးသွားသည်။ သူ၏စကားသည် ရိုးသားခြင်းသာ ဖြစ်မည်ထင်ပါသည်။ ဖြစ်လည်း ဖြစ်စေချင်ပါသည်။

"နေရမယ်. . . ခုလည်း ငါ့နားက ကပ်လိုက်ခဲ့၊ ငါ့မောင်အဖြစ် နင်နေပေးရမယ်၊ ငါက သူငယ်ချင်းတွေနဲ့ မိတ်ဆက်ပေးတဲ့အခါ နင်ပြုံးပြနော်၊ သူတို့ မေးတာတွေ အလိုက်သင့် ဖြေပေးရမယ်"

"ကျုပ် မလိုက်လို့ မရဘူးလား၊ ကားပေါ်မှာပဲ ထိုင်စောင့်နေမယ်လေ"

"မရဘူး. . . နင် ငါ့အနားမှာ နေချင်တယ်ဆို"

"အင်း"

"ဒါဖြင့် စကားကြောရှည်မနေနဲ့. . . လိုက်ခဲ့၊ ကားတံခါးတွေ ပိတ်ခဲ့"

မမင်းပျိုက လက်ဖွဲ့ပစ္စည်းထုပ်ကို ယူပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ပြီးတော့ မြူခိုးကို အသာရပ်စောင့်လိုက်သည်။ မြူခိုးသည် တားတံခါး သော့ခတ်ပြီး မမင်းပျိုကို လှမ်းကြည့်လိုက်ရာခေါင်းကလေး ဆတ်ကာ သူ့အား ခေါ်လိုက်သည်။ အနားရောက်လာပြီး မြူခိုးက. . .

"ဒါ ဘာလဲ"

"အင်းလျားကန်ဟိုတယ်လေ၊ ငါ့သူငယ်ချင်းတစ်ယောက်ရဲ့ မင်္ဂလာလက်ထပ်ပွဲကို လာတာ"

"မင်္ဂလာဧည့်ခံပွဲ" ဆိုလျှင် သူ့အား ရှည်လျားစွာ ရှင်းပြရလိမ့်ဦးမည်ဟု ယူဆသဖြင့် မမင်းပျိုက သူနားလည်နိုင်သော





စကားကို ဖြေလိုက်ခြင်းဖြစ်သည်။

မြူခိုးသည် ကြွရွရစွာပင် မမင်းပျိုအပါးမှ လိုက်ပါလာသည်။ ထိုအပြုအမူကို မမင်းပျို နှစ်သက်သည်။ မြူခိုးသည် သူ့အတွက် အဘယ်မျှ ထူးဆန်းသစ်လွင်သော ပတ်ဝန်းကျင် ဖြစ်ပါစေ၊ တိုးကန်းတောင်းမှောက်မျက်လုံးဖြင့် ကြွရွမဲ့စွာ မကြည့်တတ်။ တစ်ချက်မျှ ကြည့်ပြီးမှ မှတ်သားကာ နောက်မှ မေးမြန်းလေ့ရှိသည်။

"နောက်ကျလိုက်တာ မင်းပျိုရာ၊ နင့်ကို ဒီမှာ မျှော်ဆွဲမလို့တာ"

"တော်ပါတော့. . . ဒီမှာ ငါ့မောင် ပါတယ်"

မမင်းပျို လက်ဖွဲ့ပစ္စည်းများ လက်ခံသောနေရာတွင်ရှိသည့် သူငယ်ချင်းများနှင့် မြူခိုးကို မိတ်ဆက်ပေးရသည်။

"ငါ့မောင်ဝမ်းကွဲလေ. . . မြူခိုးတဲ့"

"ဘုရားပေးတဲ့မောင်လားဟေ့"

"မင်းလွင်ကော"

"စီးပွားရေး သောင်းကျန်းနေပြီလေ"

"ကောင်းတယ် ယောက်မရေ. . . သောင်းကျန်းပါစေ"

"ကိုင်း. . . ယောက်မကို လိုက်ပို့ပေးလိုက်ပါဦး"

သူငယ်ချင်းများ ယောက်မချင်း မိုးမွှန်ခြင်းကို မြူခိုး နားလည်လေသလား နားမလည်လေသလားကိုတော့ မင်းပျို မသိနိုင်။ သို့သော် မြူခိုး၏ နှိုနှစ်ရောင် ယှက်သန်းနေသော အသားအရည်သည် ပန်းနုရောင် ယှက်သန်းသွားသယောင် ရှိလေသည်ကိုတော့ မမင်းပျို အကဲခတ်လိုက်မိသည်။ တစ်ဆက်တည်း ရင်တွင်းမှ သူငယ်ချင်းများကိုပင် မကျေနပ်ချင်သလိုလို ဖြစ်ပေါ်မိသည်။

"ဟင်း. . . မိန်းမတွေကိုကာ၊ စိတ်ချ. . နင်တို့တွေ[illegible]ယောက်နဲ့မှ ယောက်မ မတော်စေရပါဘူး" ဟု ရန်တွေ့ချင်[illegible]လိုလို ဘာလို


www.burmeseclassic.com


www.burmeseclassic.com

လို့။

မြူခိုးဆိုသောသူ၏အလှကလည်း ဘာကြောင့်များ ကျက်သရေ ရှိစွာ ထွန်းလင်းတောက်ပ ခန့်ညားနေရပါလိမ့်။








# အခန်း(၁၂)

"မင်းပျို"

"ဘာလဲ"

"သူတို့လို မင်းနဲ့ ကိုကိုဆိုတဲ့လူနဲ့ လက်ထပ်မှာလား"

မမင်းပျိုရင်ထဲ သံချွန်နှင့် ထိုးနှက်ခံလိုက်ရသည့်အလား ဗြူးစူးရှရှ နင့်နင့်သီးသီး နာကျင်သွားသည်။ မြူခိုး၏မျက်နှာကို မကြည့်ဘဲ. . .

"အင်း. . ."

"အဲဒီလိုဆိုရင် ကိုကိုက ကျုပ်တို့ဆီ ရောက်လာမှာလား၊



www.burmeseclassic.com

www.burmeseclassic.com



မင်းပျိုက လိုက်သွားရမှာလား"

"ငါလိုက်သွားရမှာ"

"ဟင်.."

မမင်းပျို မြနိုးကို မကြည့်ရက်သေး။ သူ၏သံယောဇဉ် ကြိုးမျှင်စလေးကို မမင်းပျို ကောက်မိနေလေပြီ။ ဆွဲငင်လိုက်မည် ဆိုပါက...

"မင်းပျို"

"ဘာလဲ မြနိုး"

"ကိုကိုနဲ့ လက်မထပ်နဲ့"

"ဟင်...ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"ငါက ကတိမတည်တဲ့ မိန်းမတစ်ယောက် ဖြစ်သွားမှာပေါ့"

"ဘာဖြစ်လို့လဲ"

"သူ့ကို ငါလက်ထပ်ပါ့မယ်လို့ ကတိပေးပြီးခဲ့ပြီ"

"ကတိဆိုတာ ဖျက်သိမ်းလို့မရဘူးလား"

မမင်းပျိုရင်ထဲ လှိုက်ဖိုလာသည်။ မြနိုး၏မျက်နှာလေးက ပြုံကျတော့မည်မိုးနှယ် မှိုင်းရိပ်ဆင်နေသည်။

"ကျုပ်မေးတာ ဖြေပါဦး"

"မရဘူး မြနိုး"

"ဒါဖြင့် ကျုပ်ဘယ်လိုနေရမလဲ၊ မင်းမရှိရင် ကျုပ်နေတတ်မှာ မဟုတ်ဘူး၊ ဒါဖြင့် ဘာဘုန်းဆီပဲ ပြန်တော့မယ်"

"အို...အဲဒီလို မလုပ်ပါနဲ့ မြနိုးရယ်"

"ကျုပ် သိမ်စိတ်ညစ်တယ် မင်းပျို"

"မညစ်ပါနဲ့ မြနိုးရယ်၊ ငါ နင်တို့နဲ့ပဲ နေဦးမှာပါ"





မြနိုးမျက်နှာလေး ချက်ချင်းပင် ဝင်းပကာ...

"တကယ်လား...အမြဲလား"

"အမြဲဖြစ်နိုင်အောင် ငါကြိုးစားမယ်"

"မင်းတို့ လူ့လောကကြီးက သိပ်ကိုရှုပ်ထွေးတာပဲ၊ ကိုယ့်အိမ်မှာကိုယ် အမြဲနေဖို့တောင် ကြိုးစားရဦးမှာလား"

"အင်း.."

မမင်းပျို စိတ်ကို လျှော့ချလိုက်သည်။ မမင်းပျို၏စိတ်ကိုသာ လွတ်လိုက်မည်ဆိုပါက...။

"မင်းပျို"

"ဘာလဲ...ပြော"

"နင် ဒီအဝတ်အစားတွေ လဲမပစ်လိုက်နဲ့"

"ဘာဖြစ်လို့လဲ"

"ကျုပ်မျက်စိထဲမှာ သိပ်လှတယ်၊ နတ်ပြည်က နတ်သမီးဆိုတာ မင်းလောက် လှပါ့မလားလို့ ကျုပ်တွေးနေမိတယ်"

မမင်းပျိုက မြနိုး၏မျက်ဝန်းကို စိုက်ကြည့်လိုက်သည်။ မြနိုးက ပြုံးကာ ပြန်ကြည့်သည်။

မမင်းပျို သက်ပြင်းချလိုက်ရပြန်ပြီ။ အဘယ့်ကြောင့်ဆိုသော် မြနိုး၏မျက်ဝန်း၌ အဖြူရောင် အခိုးအငွေ့များသာ တောက်ပလျက် ရှိခြင်းကြောင့်ပင်။ မမင်းပျို မျက်လွှာကလေး အသာချလိုက်ရသည်။ ရင်ခုန်နေသောဝေဒနာကို ငြိမ်သက်သွားစေရန် ကြိုးပမ်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း(၁၃)

"သမီးမင်းပျို. . . သမီးသိုးမွေး အသာချထားပြီး လူလေးနဲ့ ဝိုင်းပြီး ငွေစာရင်းစစ်ပြီး သိမ်းထားလိုက်ဦး၊ ဖေဖေ ဘုရားကိုးဆူ သွားစရာရှိတယ်၊ အမေ့ပါ ခေါ်သွားမယ်"

"မင်းလွင်ကော"

"သူကတော့ သိတဲ့အတိုင်း၊ ခရီးထွက်ခါနီးဆိုတော့ လည်လို့ပတ်လို့ကို မဆုံးနိုင်ဘူး"

"ဒီလိုဆိုရင် ဖေဖေတို့ချည်းပဲ ဖြစ်ပါ့မလား၊ ဘွားဘွားက အဖော်. . ."





"မိသေးပါ ခေါ်သွားမယ်၊ ဘမောင်လည်း ပါတာပဲဟာ၊ သမီးသာ လူလေးကို ဝိုင်းကူလိုက်ပါ၊ ဒီနေ့က လူလေးကို ဒရိုင်ဘာအဖြစ် ခန့်တဲ့နေ့လေ"

မမင်းပျို ဘာမှ စောဒက မတက်တော့ဘဲ မြူခိုး အလုပ်လုပ်နေသော စာကြည့်ခန်းသို့ ဝင်ခဲ့လိုက်သည်။ မင်းလွင်ကလည်း နောက်အပတ်ထဲ ဂျပန်သွားတော့မည်ဖြစ်သည်။ ထို့ကြောင့် ဖေဖေက မင်းလွင်အား အနားပေးလိုက်ပြီး မြူခိုးတစ်ယောက်တည်းကိုသာ သူ၏လုပ်ငန်းဟူသမျှတို့ကို လက်ထပ်သင်ပေးပြီး မျက်နှာလွှဲနေလေပြီ။

"မြူခိုး. . . ငါဘာလုပ်ပေးရမလဲ"

"ငွေပဲ ရေလိုက်လေ၊ ကျုပ် စာရင်းစစ်လိုက်မယ်"

"ကောင်းပြီ"

မြူခိုးက မမင်းပျိုအား တစ်ချက်လှမ်းကြည့်ပြီး ဆာလာအိတ်ကို ဖြေပေးလိုက်သည်။

"ရှက်ရေတော့ စစ်မနေနဲ့တော့၊ အုပ်လိုက်တန်ဖိုးကို စစ်ပြီး မီးခံသေတ္တာထဲသာ ထည့်ထားလိုက်တော့"

မမင်းပျို မြူခိုးကို သဘောကျသွားသည်။ တကယ့်ကို [illegible]ဖွေ့လေသံနှင့် တူနေသဖြင့်. .

"ဟုတ်ကဲ့ အဖေ"

"ဘာရယ်"

"ဟုတ်ကဲ့ အဖေ. . လို့လေ၊ တကတည်း လူကိုများ သူ့သမီးအား အောက်မေ့နေသလား၊ ဩဇာပေးလို့"

"ဟောဗျာ. ."

မမင်းပျို၏မျက်စောင်းချက်နှင့် နှုတ်ခမ်းစူကာ ဖွဲ့မူကို မြူခိုးက သဘောကျစွာဖြင့် ပြုံးမိကာ 'ဟောဗျာ' နှင့်အတူ မမင်းပျို



www.burmeseclassic.com

www.burmeseclassic.com



ကို ကြည့်မိသည်။

"ကျုပ်ကို ကူညီဖို့ မင်း လာတာ မဟုတ်ဘူးလား၊ ဘာဖြစ်လို့ ဘာလုပ်ပေးရမလဲလို့ မေးရတာလဲ"

"ဖေဖေ ခိုင်းလို့ လာမေးရတာပေါ့. . . ရွဲ့တာလား"

"ရွဲ့တယ် ခနဲ့တယ်ဆိုတာ ယောကျ်ားအလုပ် မဟုတ်ဘူးလို့ ကျုပ်ယူဆတယ်၊ မင်းဆန္ဒမပါရင် ဘာမှမလုပ်ပါနဲ့၊ စိတ်ချမ်းသာသလို နေပါ"

"နေတတ်ပါဘူး"

ပြောပြောဆိုဆိုနှင့် မမင်းပျိုက မီးခံသေတ္တာသော့ကို ဖွင့်လိုက်ပြီး ဆာလာအိတ်ထဲမှ ငွေများကို အုပ်လိုက် ရေတွက်ကာ ထည့်လိုက်သည်။

"လူလေးနဲ့သမီးရေ. . . ဖေဖေတို့ သွားမယ်ဟေ့၊ သော့လာခတ်"

မြခိုးက ဦးအောင်ထသွားသည်။ မမင်းပျိုက ပခုံးတွန့်လိုက်မိသည်။ မြခိုးအား လူတောသူတောထဲ၌ ကြီးပြင်းခဲ့ရသူ မဟုတ်ပါဘူးဟု ပြောလျှင် မည်သူမှ ယုံကြည်လိမ့်မည် မဟုတ်။

ဂဏန်းပေါင်းစက်ဖြင့် တွက်ချက်ကာ စာရင်းစစ်သည်။ မြခိုး၏လက်ရေးသည် ညီညာသေသပ်ကာ ပန်းချီဆန်သည်။ မြခိုး၌ အကျည်းတန် ဟူသောအရာတို့ကို ရှာဖွေမတွေ့ရှိနိုင်အောင် အလှတရားများနှင့် ပြည့်နှက်နေလေသည်။

ငွေအားလုံး နှစ်ဆယ့်ခြောက်သိန်းကို မီးခံသေတ္တာထဲသို့ စီစီညီညီ ထည့်ပြီး သော့ခတ်လိုက်သည်။ မြခိုးပြန်ရောက်လာကာ

"ငွေဘယ်လောက်လဲ"

"နှစ်ဆယ့်ခြောက်သိန်း"

"ဟုတ်ပြီ"





သူ စာရင်းစာအုပ် ပိတ်လိုက်သည်။

"ဟင်. . . ပြီးပြီလား"

"ပြီးပြီ"

မမင်းပျို အံ့ဩသွားသည်။ စောစောကတော့ တကယ့်ကို ငွေကြွာလို့ဟု ဆိုကာ အလုပ်များသည့်ဟန်ဖြင့် တွက်ချက်နေသူ။

"ငွေကြွာလို့ဆို"

"မကြွာပါဘူး. . . ဘွားဘွားက ဘုရားကိုးဆူကို အတင်း [illegible]လို့ မလိုက်ချင်တာနဲ့ ငွေကြွာလို့ဆိုပြီး တမင်ဟန်ဆောင်လိုက်[illegible]"

"ဟင်. . . ဒါဖြင့် မြခိုး ငါးပါးသီလ တစ်ပါးကျိုးသွားပြီ[illegible]"

မြခိုးမျက်နှာ ရဲခနဲ ဖြစ်သွားသည်။

"ဟန်ဆောင်တာနဲ့ ညာတာ တူသလား"

"ညာပြောတာနဲ့ ညာလုပ်တာကို ဟန်ဆောင်တယ်လို့ [illegible]ပြောင်းလဲပစ်လိုက်ကြတာ၊ အမှန်တော့ ညာတာပဲပေါ့၊ [illegible]. . . ထားပါတော့၊ နင်က ဘုရားကိုးဆူကို ဘာဖြစ်လို့ လိုက်[illegible]ချင်ရတာလဲ"

"ရှုပ်တယ်. . . လူတွေကြားထဲ နေရတာ သိပ်စိတ်ကျဉ်း[illegible]တယ်"

"ဟုတ်လား. . . ဒါဖြင့် ငါလည်း လူပဲ၊ နင်စိတ်ကျဉ်းကျပ်[illegible] လုပ်စရာမရှိရင် ငါသွားတော့မယ်"

"ဘယ်သွားမှာလဲ"

"ငါ မင်းလွင်အတွက် သိုးမွေးထိုးပေးနေတာ လက်စသတ်[illegible]ဦးမယ်"

မမင်းပျို ပြောပြောဆိုဆိုနှင့် ထွက်ခဲ့သည်။ မြခိုးကလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖိုင်တွဲများ သော့တွဲများကို သေသေချာချာ သိမ်းပြီးနောက် ဧည့်ခန်းသို့ ထွက်လာသည်။

မမင်းပျိုက သိုးမွေးကို သဲကြီးမဲကြီး ထိုးနေသောအခါ မြနိုးက စာအုပ်များ ကိုင်လိုက်ချလိုက် ဖြစ်နေသည်။ နောက် ဗီဒီယိုအခွေတစ်ခု ကောက်ထည့်ပြီး ကြည့်လေတော့သည်။

ဗီဒီယိုအခွေများကို မြန်မာအခွေများတင်မက အင်္ဂလိပ်အခွေများ၊ ဂျပန်အခွေများ၊ ဟောင်ကောင်ခွေများပါ ကြည့်တတ်နေပြီဖြစ်သောမြနိုး၊ ဘုရားစာအုပ်များမှသည် ကာတွန်း၊ မဂ္ဂဇင်းတို့မှ လုံးချင်းဝတ္ထုများပါ ဖတ်တတ်နေပြီဖြစ်သော မြနိုး၏စိတ်သည် လှုပ်ရှားခံစားတတ်နေနိုင်ပြီ။ တစ်ထောင့်ငါးရာ၏ချစ်ခြင်း၊ ငါးရာနှစ်ဆယ့်ရှစ်၏ချစ်ခြင်းတို့ကို မြနိုး နားလည်နေပြီဟု မမင်းပျို ယူဆမိသောအခါ အနေရအထိုင်ရ ခက်သလိုလို ခံစားလိုက်ရသည်။

မြနိုးက အောက်စက်ကို ထပိတ်လိုက်ပြန်သည်။

"မြနိုး. . . နင်ဘာဖြစ်နေတာလဲ၊ ဂဏှာကို မငြိမ်ဘူး"

"ဟုတ်တယ် မင်းပျို၊ ကျုပ် ဘာဖြစ်နေမှန်းကို မသိဘူး"

"ကိုယ့်ကိုယ်ကို ဘာဖြစ်မှန်း မသိရအောင် နင့်မှာ စဉ်းစားတွေးတောစရာတွေ ရှိနေလို့လား"

"ကျုပ်လည်း လူပဲ မင်းပျိုရာ. . . ရှိတာပေါ့"

မမင်းပျို ပြုံးလိုက်သည်။

"အခုတလော နင် တရားထိုင်တာ မတွေ့ဘူး၊ ဒါကြောင့် နင့်စိတ်တွေ လွတ်နေတာ ဖြစ်မယ်၊ သွား. . . ဘုရားရှိခိုးပြီး တရားသွားထိုင်တော့"

"ကျုပ်ကို နှင်မထုတ်ပါနဲ့ မင်းပျို"

မမင်းပျို တုန်လှုပ်သွားသည်။ မြနိုး၏မျက်ဝန်းကို စူးစမ်း





ကြည့်လိုက်သည်။ မြနိုးမျက်ဝန်းသည် တွေ့စကလို မဟုတ်တော့။ ခံစားချက် ရှိနေတတ်သော လူသား၏အရိပ်အယောင်များ တွေ့ထိတ်ရသည်။

"မြနိုး. . "

မမင်းပျို အသံမှာမှာနှင့် ခေါ်လိုက်သည်။

"ဘာလဲ မင်းပျို"

"နင်ဘာဖြစ်နေတာလဲဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောစမ်း"

အစ်မကြီး၏အာဏာလေသံမျိုး မမင်းပျို သုံးသပ်ကာ ခပ်တန်တန်လေး မေးလိုက်မိသည်။

"ကျုပ်ပြန်ရင် မင်းတို့ ဒုက္ခရောက်သွားနိုင်သလား"

"ဘာရယ်"

"ဟုတ်တယ်. . . ကျုပ်မေးတာ ရှင်းရှင်းလေးပဲ၊ မင်းလွင်က ပြောတယ်၊ သူ နိုင်ငံခြား သွားနေတဲ့အခါ အိမ်မှာ ဖေဖေ၊ ဘွားဘွားနဲ့ မင်းပျိုကို စောင့်ရှောက်ဖို့အတွက် ကျုပ်ဟာ မရှိမဖြစ် လိုအပ်တယ်တဲ့"

"ဒါလည်း ဟုတ်တာပဲ"

"ကျုပ်တော့ အဲဒီလို မထင်ဘူး၊ ကျုပ်မရှိလည်းဘဲ မင်းတို့ အစတည်းက နေခဲ့ကြတာပဲ၊ နောင် ကျုပ်မရှိလည်းဘဲ နေတတ်ကြမယ်လို့ ကျုပ်ထင်တယ်"

"သံယောဇဉ်ဆိုတဲ့အရာကို ချန်မထားနဲ့ဦး မြနိုး၊ နင့်ကို အားလုံးက သံယောဇဉ်ဖြစ်မိကြတဲ့အတွက် နင်မရှိရင် နင့်ကို လွမ်းဆွေးခြင်း ခံစားရမယ်၊ မင်းလွင်ကလည်း တိုင်းတစ်ပါးကို သွားမှာဆိုတော့ တစ်ပူပေါ် နှစ်ပူဆင့် သူ့အတွက် ခံစားရသလို နင့်အတွက်လည်း ထပ်ခံစားရဦးမယ်ဆိုတော့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကကော ဒီအိမ် ဒီမိသားစုကို စွန့်ခွာသွားမှာပဲ မဟုတ်ဘူးလား"

"ဟင်. ."

မြူခိုး၏မျက်ဝန်းရိပ်၌ အလွမ်းအရိပ်အယောင်များ တွေ့လိုက်ရသည်။

ကိုကို အလုပ်သင်ဆရာဝန်အဖြစ် ပြီးဆုံးချိန် နီးနေလေပြီ။ မကြာခင်ဟူသော အချိန်ကာလ အပိုင်းအခြားအတွက် မြူခိုးသည် ကြိုတင်စိုးရိမ်နေတတ်လေပြီ။

"ငါစဉ်းစားဦးမှာပါ မြူခိုးရယ်"

မင်းပျို လေသံလျှော့ချလိုက်သည်။

မြူခိုး၏သောကသည် သူမ၏သောက ဖြစ်မှန်းမသိ ဖြစ်လာချေပြီ။

"စဉ်းစားဆုံးဖြတ်ချက် ပြီးရင် လုပ်ဆောင်ချက်ဆိုတာ ရှိလာတာပဲ မဟုတ်လား မင်းပျို။ ကျုပ်လေ. . . မင်းနဲ့ ခွဲခွာပြီး မနေနိုင်လို့ ဘဘုန်းဆီ မပြန်တာဆိုတာကို မင်းသိရဲ့လား"

မမင်းပျို ဘုရားတလိုက်မိပြီ။

သံယောဇဉ်နှောင်ဖွဲ့စကားကို သူဆိုတတ်လေပြီ။ ထိုမှသည် ထောင့်ငါးရာအချစ်ကို မကူးပြောင်းဘူးဟု မမင်းပျို မပြောရဲတော့ပါ။ ကိုကို စိုးရိမ်ကြောင့်ကြခဲ့သော ကာလသို့ ဆိုက်ရောက်လာတော့မည်။

"ဘာတွေပြောနေတာလဲ မြူခိုး"

"ဟုတ်တယ်. . . အစက ကျုပ်လောကမှာ အတွယ်တာရဆုံးဟာ ဘဘုန်းပဲ၊ မင်းလွင် ရောက်လာတော့ မင်းလွင်ကို တွယ်တာလာတယ်၊ ဒီရောက်တော့ ဘွားဘွား၊ ဖေဖေ၊ မင်းတို့ကို တွယ်တာလာတယ်၊ အားလုံးထဲမှာ မင်းကို ကျုပ်ပိုတွယ်တာတယ်၊ မင်းမရှိတဲ့





နေရာမှာ ကျုပ်နေတတ်တော့မှာ မဟုတ်ဘူး၊ အဲ့ဒီအခါ ကျုပ်နေသင့်တဲ့နေရာဟာ ဘဘုန်းနေရာကလွဲပြီး ရှိတော့မှမဟုတ်ဘူး၊ ကျုပ်ကိုဘာဖြစ်လို့များ ဘဘုန်းက လူတွေကြားထဲ လွှတ်လိုက်တယ် မသိဘူး၊ ကျုပ်ရင်တွေ သိပ်ပူလောင်နေတယ် မင်းပျို၊ အဲ့ဒီလို မပူလောင်အောင် ကျုပ်ဘာလုပ်ရမလဲဆိုတာ ရှင်းပြပေးပါ၊ လမ်းညွှန်ပေးပါလား မင်းပျိုရယ်"

မြူခိုးမျက်နှာသည် သောကမီး၏တောက်လောင်မှုကြောင့် ညှိုးနွမ်းနေရှာသည်။

မမင်းပျိုရင်ထဲ နင့်နင့်သီးသီး ခံစားလာရကာ. . .

"မြူခိုးရယ်. . . ငါလေ ဒီကိစ္စနဲ့ ပတ်သက်ပြီး နင်နားလည်အောင် ရှင်းမပြတတ်ဘူး၊ ဒါပေမယ့် ငါ နင်တို့နဲ့ ခွဲမသွားရအောင် ကိုကိုနဲ့ တိုင်ပင်မယ်၊ ဆွေးနွေးမယ်၊ တကယ်လို့ ငါ ဒီအိမ်ကနေ အဝေးကို ထွက်ခွာမသွားဘူးဆိုရင် နင် စိတ်ချမ်းသာမှာလား"

"ကိုကိုကကော ဒီမှာ မင်းနဲ့ အတူနေမှာလား၊ မင်းနဲ့ လက်ထပ်မှာလား"

မမင်းပျို မုသားသုံးရတော့မည်။

လောလောဆယ် မြူခိုး၏ညှိုမှောင်သောမျက်နှာလေးကို ကြည်လင်ဝင်းပစေချင်သည်။

ထို့ကြောင့်. . .

"နင်ထွက်မသွားဘူးဆိုရင် ငါ သူ့ကို လက်မထပ်တော့ဘူး"

"တကယ်ပြောတာလား မင်းပျို"

မြူခိုး၏မျက်နှာလေးသည် တိမ်ညိုကင်းစင်သွားသောသာမင်းနှယ် ဖြစ်ပေါ်လာ၏။

"တကယ်ပြောတာပေါ့ မြူခိုးရယ်၊ ဘွားဘွား၊ ဖေဖေ၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



လွင်၊ နင်ရယ်ငါရယ် ဒီလိုပဲ အမြဲနေထိုင်သွားကြမယ်၊ မင်းလွင်က ငါးနှစ်လောက် ကမ္ဘာပတ်ပြီးရင် ဒီမှာပဲ အမြဲနေတော့မှာတဲ့"

"ဟုတ်တယ်. . . ကျုပ်ကို သူပြောတယ်၊ သူ ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ဘူးလို့လည်း ပြောတယ်၊ ကျုပ်တို့သုံးယောက် ဘယ်သူနဲ့မှ လက်မထပ်ဘဲ အတူတူ နေကြမယ်နော်၊ ကျုပ်သိပ်ပျော်သွားပြီ မင်းပျို"

မမင်းပျို ပြုံးနေလိုက်သည်။

သို့သော် သိုးမွေးထိုးနေသော မင်းပျို၏လက်သည် မသိမသာ တုန်ယင်နေသည်။

ကိုကိုနှင့်ကိစ္စကို မမင်းပျို မည်သို့ ရင်ဆိုင်ရမည်နည်း။

"တကယ်လား မမင်းပျို၊ မင်းပြောနေတာတွေဟာ တကယ်ပါနော်၊ ကျုပ် တောသားအရိုင်းအစိုင်းကို လိမ်ညာနေတာလား"

"တကယ်ပါ မြနှိုးရယ်၊ ငါ ကိုကို့ကို လက်ထပ်ဖို့ကိစ္စ ငြင်းပယ်လိုက်တော့မယ်၊ ဒီကိစ္စမှာ နင်ဘာမှဝင်မပါနဲ့နော်၊ စောစောကလို မသိဟန်ဆောင်နေရမယ် သိလား"

"မုသာဝါဒကံ ထိုက်ဦးတော့မှာပေါ့၊ ဘဘုန်းသာ သိရင် ကျုပ်ကို ဆုံးမတရားတွေ ဟောတော်မူဦးမှာ ကျိန်းသေတယ်"

မမင်းပျို မြနှိုး၏မျက်နှာ ချောချောမွတ်မွတ်ကို ငေးကြည့်လိုက်မိသည်။

ရင်ထဲမှာကား ပျော်ရွှင်ခြင်းတစ်ဝက်၊ ရှုပ်ထွေးခြင်းတစ်ဝက်နှင့် ရောမွှေလျက်ရှိသည်။

ထိုစဉ် တယ်လီဖုန်းမြည်သံ ထွက်ပေါ်လာရာ မြနှိုးက ကောက်ကိုင်ပြီး ဖြစ်သွားသည်။

"အမိန့်ရှိပါ"





". . . . ."

"ရှိပါတယ်. . . ခဏ"

မြနှိုးက ဖုန်းခွက်ကို မှောက်ချလိုက်ပြီး. . .

"ကိုကိုတဲ့. . . တစ်ခါတည်း ပြောလိုက်ပါလား မင်းပျို၊ ကျုပ် ပြည့်ပြည့်ဝဝ ပျော်ချင်တယ်"

မြနှိုးရယ်. . . ဘာကြောင့်များ ဤမျှလောက် မြန်မြန်ဆန်ဆန် သိလွယ်၊ တတ်လွယ်၊ ခံစားလွယ်ရတာလဲဟုသာ မမင်းပျို တစ်အော်မေးလိုက်ချင်ပါသည်။ သို့သော် လူသားများ၏လုပ်ငန်းတာဝန်တစ်ရပ်တွင် ထိန်းချုပ်မှု ဟူသော တာဝန်တစ်ရပ်လည်း ပါရှိနေ၍ ခက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၄)

"ကိုကိုလား"

"အင်း. . . ဘယ်လိုလဲ မမင်းပျို့ရယ်၊ ကိုကို့အသည်းတွေ မွမွကြေကွဲပျက်သုဉ်းအောင် မင်းလုပ်နေတာလား"

"ရှင်. . . ကျွန်မဘာလုပ်လို့လဲ ကိုကို"

"ခု အိမ်မှာ မင်းတို့နှစ်ယောက်တည်း ကျန်ခဲ့တယ် မဟုတ်လား"

"ဟုတ်တယ်လေ"

"အဲသလို နေသင့်တယ်လို့ မင်းပျို ယူဆသလား"

မမင်းပျို စဉ်းစဉ်းစားစား ဖြေမှ ဖြစ်မည်။ အနား၌ မြူခိုးကလည်း ရှိနေသေးသည်။ တစ်ဖက်မှ စကားကို မြူခိုး မကြားနိုင်သော်လည်း မမင်းပျို့ထံမှ စကားဖြင့် ရိပ်ဖမ်းသံဖမ်း ရှိနိုင်သည်။





"အဲ့သလို မေးလိုက်တာကိုက ကျွန်မအပေါ် စော်ကားရာ ရောက်နေတယ်လို့ကော ကိုကို ယူဆမိရဲ့လား"

"ကိုကိုမေးတာကို မမင်းပျို အရင်ဖြေပါ"

"ကောင်းပြီ. . . ဒါဖြင့် ဖြေမယ်၊ ကျွန်မတော့ ယူဆတယ် ကိုကို"

"မမင်းပျို့ရာ. . . ကိုကို့ကို မင်း တမင်အပြစ်ရှာဖို့ ကြိုးစားနေတာလား"

"ဒါကတော့ ကိုကိုထင်ချင်သလိုထင်လေ၊ ကျွန်မကတော့ ကျွန်မလွတ်လပ်မှုအတွက် ဘာအနှောင့်အယှက် အနှောင်အဖွဲ့မှ မခံချင်ဘူး၊ ကျွန်မ ကလေးမဟုတ်ဘူး ကိုကို၊ ကျွန်မဆန္ဒအရ ကျွန်မ နေချင်သလို နေထိုင်မယ်"

"မင်း ဘယ်လောက်မှန်တယ်ပြောပြော ပတ်ဝန်းကျင်ဆိုတာ ရှိသေးတယ်၊ အိမ်မှာ မင်းတို့နှစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုတာကို ကိုကိုတစ်ယောက်တည်း သိတာမဟုတ်ဘူး၊ အခြားသိတဲ့ လူတွေလည်း ရှိသေးတယ်၊ သူတို့က ဘယ်လိုမြင်မလဲ"

"ကိုကို. . . ကျွန်မ ကိုကိုနဲ့ အေးအေးဆေးဆေး စကားပြောစရာ ရှိသေးတယ်၊ မနက်ဖြန် ကိုကို ဆေးရုံမသွားခင် ခြံထဲ လာခဲ့ပါလား၊ ကျွန်မ တစ်ယူဇနာအုံနားက စောင့်နေမယ်"

"ကောင်းပြီလေ"

"ဒါပဲနော် ကိုကို၊ ကျွန်မ မင်းလွင်အတွက် ဆွယ်တာလေး လက်စသတ်လိုက်ဦးမယ်"

ကိုကို့ထံမှ တုန့်ပြန်မှု မရခင်၌ပင် မမင်းပျို စကားပြောခွက် ချလိုက်သည်။ မမင်းပျို မလှမ်းမကမ်းမှ ထိုင်နေသော မြူခိုးကို ကြည့်လိုက်သည်။ မြူခိုးမျက်နှာ၌ ကြေကွဲရိပ်တို့ ဖုံးလွှမ်းနေသည်။

ထို့နောက် ချာခနဲ လှည့်ထွက်ကာ သူမ၏အိပ်ခန်းထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားလေသည်။ မမင်းပျို့အပေါ် မကျေမနပ် ဖြစ်သွားတာလား၊ ကလေးလို ပါပဲ. . . ဟန်မဆောင်နိုင်ဘူး ထင်ပါရဲ့။

"မြူခိုး. . ."

မမင်းပျို့ အသံမြင့်ကာ လှမ်းခေါ် လိုက်သည်။

မြူခိုးထံမှ တုန့်ပြန်သံ မကြားရချေ။ ထိုအချိန်၌ ဟွန်းသံ ကြားလိုက်ရသည်။ မင်းလွင်ဟု အတပ်သိကာ မမင်းပျို့ တံခါးဖွင့်ပေးလိုက်သည်။ မင်းလွင် အရက်သောက်လာသည်။

မမင်းပျို့ စိတ်ဆိုးကာ မောင်၏ခေါင်းကို ခေါက်သည်။

"နင် သည်နေ့ သက်သက်လွတ် စားတယ်မဟုတ်လား"

"အင်းလေ. . . ငါ သက်သက်လွတ်တွေပဲ မြည်းခဲ့တာပါ၊ ငါသတိကောင်းပါတယ်"

မင်းလွင် အူရှင်နေသည်။ မမင်းပျို့ပါးကို လိမ်ဆွဲပြီး ရယ်ကျဲကျဲနှင့် ပြောလိုက်သည်။

"ဘာ. . . အရက်သောက်မှတော့ သက်သက်လွတ် စားလည်း ဘာထူးမှာလဲ"

"အရက်က ဘာဖြစ်သလဲ. . . သက်သက်လွတ်ပဲဟာ၊ အရက်ထဲမှာ ဘာအသက်မှ မပါဘူး၊ နင်ကလည်း အူကြောင်ကြောင်နဲ့၊ မြူခိုးကော အိပ်ပြီလား၊ သည်ကောင်. . အစောကြီး ရှိသေးတယ်"

မင်းလွင်က ပြောပြောဆိုဆိုနှင့် အိပ်ခန်းထဲသို့ လိုက်ဝင်သွားလေသည်။ မမင်းပျို့သာလျှင် ပါးစပ်အဟောင်းသားနှင့် ဧည့်ခန်းထဲ၌ ယောင်ချာချာ ကျန်ရစ်ခဲ့လေတော့သည်။







## အခန်း(၁၅)

"ကိုကို. . ကျွန်မ. ."

မမင်းပျို့ ကိုကို့ကို ပြောရန် အားယူလိုက်သည်။ သို့သော် ပြောမထွက်ပေ။

"ပြောလေ မမင်းပျို့၊ ကိုကို့ကို အားမနာပါနဲ့၊ မမင်းပျို့ ပြောချင်နေတာကိုသာ ပွင့်ပွင့်လင်းလင်း ပြောပါ"

ကိုကို မမင်းပျို့ ပြောမည့်စကားကိုများ ကြိုတင်သိနေသလားဟု မမင်းပျို့ သံသယ ဖြစ်မိသည်။ အဘယ့်ကြောင့်ဆိုသော် ကိုကိုက မချိပြုံးနှင့်အတူ မမင်းပျို့၏နိမိတ်ပြစကားတွေ ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ။

"ကိုကို ကျွန်မ ဘာပြောတော့မယ်ဆိုတာကို ကြိုသိနေသလား ကိုကို"

"ဘယ်သိနိုင်ပါ့မလဲ၊ ဒါပေမယ့် ဘာအကြောင်း ပြောမယ်ဆိုတာကိုတော့ ကိုကို ကြိုတင်သိနေတယ်"

"ဘာအကြောင်းလဲ ကိုကို"

"မမင်းပျို့ စကားစရ ခက်နေရင် ကိုကိုကပဲ အစဖော်ပေးပါ့မယ်"

မမင်းပျို့ ခေါင်းငုံ့လိုက်သည်။ ကိုကိုက တစ်ယူဇနာပင် (ယိုးဒယားသနပ်ခါး)ပန်းခက်ကလေးကို ခူးကာ သူမ၏ဆံထုံး၌ ထိုးစိုက်ပေးလိုက်သည်။ ကာတိဖျက်မည့် မိန်းမသားတစ်ဦး၏ သိက္ခာတရားသည် ခွင့်လွှတ်တတ်သော ယောကျ်ားတစ်ဦး၏ရှေ့မှောက်၌ သိမ်ငယ်စွာဖြင့် အနေခက်စွာ ပျောက်ဆုံးသွားရတော့မည်လား။

"မမင်းပျို့နဲ့ကိုကိုတို့ရဲ့ စေ့စပ်ထားခြင်းကိစ္စ၊ သို့မဟုတ် လက်ထပ်ခြင်းကိစ္စအတွက် ရွှေ့ဆိုင်းခြင်းလား၊ ဒါမှမဟုတ် ရုပ်သိမ်းခြင်းလား တစ်ခုခုကို ကိုကို့ကို ပြောချင်နေတယ် မဟုတ်လား"

ခုချိန်၌ မမင်းပျို့ ဖိနပ်အောက်မှ မြေသားထဲသို့ စုံးစုံးမြုပ်ကာ နစ်မြုပ်ပျောက်ကွယ်သွားခြင်းသည် အကောင်းဆုံး ဖြစ်လိမ့်မည်ဟု မမင်းပျို့ ရှုံးသွပ်စွာ တွေးလိုက်မိသည်။

"မမင်းပျို့ ပြောလေ"

မမင်းပျို့ ငိုချင်လာသည်။ သစ္စာကြောင်သည်ဟု ထင်မိသော ကိုကို၏ကြိုတင်ထင်မြင်ချက်တို့သည် မှန်ကန်နေလေပြီ။

"ကျွန်မကို ခွင့်လွှတ်ပါ ကိုကို၊ ကျွန်မ ကိုကို့ကို လက်မထပ်နိုင်တော့ဘူး"

သည်စကားကို သိက္ခာဟူသော သံမဏိ တံခါးတစ်ချပ်ကို





မနည်းတွန်းဖွင့်ကာ အားယူပြောလိုက်ရခြင်းဖြစ်သည်။

ကိုကိုက မချိပြုံး ပြုံးလိုက်သည်။ သက်ပြင်းရှည်ကြီး တစ်ချက် ရှိုက်လိုက်ပြီးမှ. . .

"ကိုကို ကြိုတင်တွက်ဆပြီးသားပါပဲ"

"ကျွန်မ ဝမ်းနည်းပါတယ်၊ ကျွန်မကို ကြိုက်သလို အပြစ်ပေးပါ"

ကိုကိုက ပြုံး၍ခေါင်းခါလိုက်သည်။

"နှလုံးသားဆိုတာ ချုပ်နှောင်တားဆီးလို့ ရတဲ့အရာတစ်ခုမှ မဟုတ်ဘဲ၊ နှလုံးသားကြောင့် ဖြစ်ပေါ်လာတဲ့ မိုက်မဲမှု၊ မှားယွင်းမှုအဲ. . . သတ္တိရှိမှု၊ စွန့်စားမှုဟူသမျှကို ကိုကို အပြစ်လို့ မယူဆပါဘူး၊ မမင်းပျို့ စိတ်ချမ်းသာသလို နေပါ၊ သည်ကိစ္စအတွက် ကိုကို့တာဝန်ထားလိုက်ပါ၊ ကိုကို မမင်းပျို့ဘက်မှာ အမြဲရှိနေမှာပါ"

မမင်းပျို့ ကိုကို့အား အထူးအဆန်းသဖွယ် မော့ကြည့်လိုက်သည်။ ငယ်စဉ်ကတည်းက အစ်ကိုတစ်ယောက်သဖွယ် ပြုစုစောင့်ရှောက်တတ်ခဲ့သော ကိုကိုသည် မိမိ၏မိုက်မဲမှုကိုလည်း ခွင့်လွှတ်နေမြဲပါလား။

"ကိုင်း. . . မမင်းပျို့လည်း ပန်းဆက်ခူးတော့၊ ကိုကိုလည်း ဆေးရုံသွားတော့မယ်"

မမင်းပျို့၌ ပြောရန် စကားတစ်ခွန်းသာ ရှိတော့သည်။

"ကျေးဇူးတင်ပါတယ် ကိုကို"

"သြော်. . . ကိုကိုတို့ကိစ္စကို လူကြီးတွေက မေးရင် ကိုကို့ သဘောအတိုင်းပဲလို့သာ ပြောလိုက်ပါ မမင်းပျို့"

"ဟင်. . ."

"မဟင်နဲ့ မမင်းပျို့၊ မင်းကလေးရဲ့ဂုဏ်သိက္ခာအတွက် ကိုကို့ရဲ့မေတ္တာနဲ့ နောက်ဆုံးအမှတ်တရ ကူညီခဲ့ခြင်းပါ မိန်းကလေး



www.burmeseclassic.com

 www.burmeseclassic.com

ရယ်၊ ကိုကို သွားမယ်"

ကိုကိုက ယမင်းပျိုအား ကျောခိုင်းထွက်သွားလေသည်။ နောက်သို့ လုံးဝလှည့်မကြည့်တော့ချေ။ မမင်းပျို၏ပါးပြင်ထက်၌ ပူနွေးစွတ်စိုလျက် ကျန်ရစ်ခဲ့လေသည်။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၆)

"နေပါဦး မြူခိုးရယ်၊ အစောကြီး ရှိပါသေးတယ်"

"အုတ်ကားက ညကတည်းက ရောက်တာ မင်းပျို၊ အုတ် တွေကို စောစောချခိုင်းရမယ်၊ ပြီးရင် သဲသွားတိုက်ခိုင်းရဦးမယ် နောက်. . ဆန်သဘော်ကလည်း"

မမင်းပျို လက်ကာလိုက်သည်။

"ဟိုးဟိုး. . . တော်ပါပြီ ဆရာကြီး၊ ရှင့်အလုပ်ကိစ္စတွေ ကျွန်မ နားမထောင်ချင်ဘူး၊ ရှင် ထမင်းပြန်စားမှာလား၊ ကျွန် ထမင်းချိုင့် ပို့ပေးရမှာလား ဆိုတာလေးကိုသာ မိန့်ခဲ့ပါဦး၊ ဩော်. .





ဆိုက်ထဲကို ပို့ပေးရမယ်ဆိုတာကိုရော"

"ရပါတယ်. . . ကျွန်တော်ပြန်စားမှာပါ"

ကျုပ်မှသည် ကျွန်တော် ပြောင်းလဲသုံးတတ်လာသည်။ လုပ်ငန်းကို နားလည်လာသည်နှင့်အမျှ အလွန်ကြီးစားသောလူတွေ နှင့် စီးပွားဖက်များ၊ အလုပ်သမားများနှင့် ရည်မွန်စွာ ဆက်ဆံလာ တတ်သော မြူခိုး၏ပြောင်းလဲခြင်းသည် မယုံကြည်နိုင်လောက် အောင်ပင် တစ်နှစ်အတွင်း သိသာစွာ တိုးတက်ပြောင်းလဲလာလေ သည်။

"ဩော်. . . မင်းပျို"

"ဆို. . "

"ထမင်းစား စောင့်နော်"

အပြုံးနှင့် လက်ပြပြီး ကားမောင်းထွက်သွားသော မြူခိုးကို ငေးကြည့်ပြီး ကျန်ရစ်သူမှာ မမင်းပျိုပင်ဖြစ်သည်။

"မမင်းပျို"

"ရှင်. . ဘွားဘွား"

"မောင်ကိုကို သွားတာ ကြာပြီ၊ ဘာသတင်းမှ မကြားရ သေးပါလား၊ စာတွေဘာတွေများ မလာဘူးလားကွယ့်"

မမင်းပျို မျက်နှာမပျက်စေရန် သတိထား ထိန်းချုပ်လိုက် သည်။ ကိုကိုနှင့် မမင်းပျိုတို့၏ သွေးအေးသွားသော ဆက်ဆံရေး အခြေအနေတွေကို လူကြီးများ မရိပ်မိ မသိရှိဘဲ မနေ။ ရိပ်မိသိရှိပြီး ဖြစ်ပေလိမ့်မည်။ သို့သော် ကန္ဒြေကောင်းသော ကိုကိုနှင့်မင်းပျိုတို့ ၏ နှုတ်မှ ပေါ်ထွက်လာမည့်စကားကို စောင့်ဆိုင်းနေကြခြင်းဖြစ်ပေ သည်။

"ချင်းပြည်နယ်ဆိုတော့လည်း သွားရေးလာရေး ခက်ခဲ သလို နေထိုင်ရေးများ ခက်ခဲနေသလားမှ မသိတာ၊ နှစ်နှစ်ပဲ ရှိသေး



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ လာမှာပေါ့ ဘွားဘွားရယ်"

"အေးလေကွယ်. . . မင်းလွင်ကလည်းထွက်၊ မောင်ကိုယ်ကလည်း ထွက်နဲ့၊ မြူခိုးသာရောက်မလာခဲ့ရင် တော်တော်ကို ပျင်းစရာ ကောင်းနေမှာ"

လူများသည် အသက်ကြီးလာလေလေ အဖော်ခုံမင်လေလေ ဖြစ်တတ်သည် ထင်ပါသည်။

"ဖေဖေကော နိုးပြီလား ဘွားဘွား"

"နိုးတာတော့ မတွေ့သေးဘူး၊ ညည်းအဖေကိုလည်း အစားရှောင်ခိုင်းဦး၊ သွေးပေါင်က တက်မှာပေါ့၊ စားလိုက်တာကလည်း အဆီအဆိမ့်မှ"

မနေ့က ဖေဖေ သွေးတိုးသဖြင့် အလုပ်မှ စောစီးစွာ ပြန်လာရသည်။ ကိုကို့ဖခင်က ကုသပေးပြီး တစ်ပတ်မျှ အနားယူခိုင်းထားသဖြင့် လုပ်ငန်းကိစ္စအဝဝကို မြူခိုးတစ်ယောက်တည်းသာ ဆောင်ရွက်ရမည်ဖြစ်သဖြင့် မြူခိုးက စောစီးစွာ ထွက်သွားခြင်းဖြစ်သည်။

"ငါ ဘုရားဆွမ်းတော်ကပ်ရင်း ညည်းအဖေကို ကြည့်ခဲ့မယ်၊ မနက်စာသာ ညည်းကြည့်စီမံလိုက်တော့"

"ဟုတ်. ."

မမင်းပျို မီးဖိုချောင်ထဲသို့ ဝင်ခဲ့သည်။ ဖေဖေ့အတွက် ကြက်သားပြုတ်ကြော်လေးနှင့် ဒန့်ဒလွန်ရွက် ကြော်ပေးရမည်။ နံနက်စာအတွက်တော့ ငါးရံ့ဆန်ပြုတ်လေးကို ပြုတ်ထားပြီး ဖြစ်နေသည်။ တစ်ဆက်တည်း 'မင်းပျို. . . မှိုနဲ့ခေါက်ဆွဲကြော် စားချင်တယ်' ဟု မတောင့်တစဖူး တောင့်တသော မြူခိုးအတွက် ဈေးပြေးကာ မှိုရှာဝယ်ရဦးမည်။

ဖန်တီးမှို မကြိုက်ဘူး။ သဘာဝအတိုင်း တောၗ နေ





ပြိုက် မိုးတစ်ပြိုက်တွင် ပေါက်တတ်သော မှိုများကိုမှ စားချင်သည်တဲ့။

မမင်းပျို ပြုံးမိသည်။ ဟင်းဆိုလျှင်လည်း မမင်းပျိုလက်ရာကောင်းသည်ဟု ထင်တတ်သော မြူခိုးအတွက် မင်းပျို ပင်ပန်းရသေးပြီ။

"မမင်းပျို. . . ဘာရပြီလဲ သမီး"

"ဟော. . . ဖေဖေတောင် ဆင်းလာပြီ"

ဖေဖေက လန်းလန်းဆန်းဆန်းပင် ဖြစ်နေသဖြင့် မမင်းပျို ဝမ်းသာသွားသည်။

"ငါးရံ့ဆန်ပြုတ်ကလေး ပြုတ်ထားတယ် ဖေဖေ၊ သောက်ဦးမလား. . . သမီးထည့်လိုက်မယ်"

"အေးအေး. . . လူလေး သွားပြီလား၊ ကားသံကြားလိုက်တယ်"

"သွားပြီ ဖေဖေ"

"သိပ်ကို ခေါင်းကောင်းတဲ့သူငယ်ပဲ၊ ကြီးပွားတိုးတက်မယ့်သူလေးပဲ၊ ဖေဖေကတော့ လူလေး ရောက်မှပဲ နားရတော့မယ်၊ သားနဲ့သမီးက အလကားပဲ"

"ဟင်. . . ဖေဖေကလည်း၊ မင်းပျိုကိုရော ဖေဖေက ခိုင်းလို့လား"

မမင်းပျိုက မကျေမနပ် နှုတ်ခမ်းစူကာ မေးလိုက်ရင်း အဖေ့အတွက် ငါးရံ့ဆန်ပြုတ်တထောင်းထောင်းထဲသို့ ကြက်သွန်မြိတ်လေး ဖြူးပြီး ချပေးလိုက်သည်။

"အင်းပါ. . . သမီးကို ဖေဖေ မခိုင်းရက်ပါဘူး၊ ဒါထက် ဘွားဘွားရော စားပြီးပြီလား"

"ဘွားဘွား မုန့်ဟင်းခါး စားပြီးသွားပြီ ဖေဖေ"



www.burmeseclassic.com

www.burmeseclassic.com



"လူလေးရော"

"ထုံးစံအတိုင်း ထမင်းနဲ့ပဲပြုတ် နယ်ဖတ်ပြီး စားသွားတယ်"

"လူလေးစိတ်ဓါတ်ကတော့ ချီးကျူးစရာပဲ၊ အလုပ်တစ်ခုတို့ မဖြစ်မနေ လုပ်တတ်သလို အစွဲအလမ်းလည်း ကြီးတယ်၊ သည် လောက် ဟိုတယ်တွေ တက်ရတာတောင် သက်သက်လွတ်ပဲ စားနေ နိုင်တာ ချီးကျူးစရာပဲ"

"ဒါကတော့ သူမှ မစားဖူးပဲ ဖေဖေရယ်၊ တော်ကြာ စားဖူး သွားရင် မောင်ကျန်တစ်တို့ ဖြစ်နေမှာ မြင်ယောင်သေးတယ်"

မမင်းပျို့ ရင်တွင်း၌ ဖေဖေ့စကားနှင့် ပတ်သက်ပြီး ကျေနပ်မိသော်လည်း နှုတ်မှမူ ရှုံ့ချမိသလို စကားပြောလိုက်သည်။ ထိုအချိန် ဘွားဘွားရောက်လာပြီး. . .

"အေး. . . သူ့ကောင်းတဲ့အကျင့်လေးကို ဖျက်လိုဖျက်ဆီး တော့ မလုပ်နဲ့နော် မမင်းပျို၊ ဟိုနေ့က ညည်း ပုစွန်ထုပ်ကြော်ကို အတင်းကျွေးနေတာ ကျုပ်တွေ့တယ်နော်"

မမင်းပျို့ ရယ်လိုက်သည်။

"စမ်းကြည့်တာပါ ဘွားဘွား၊ မျိုးခိုးက မရပါဘူး"

"သွားမစနဲ့လေ သမီး၊ သူ့စရိုက်လေးနဲ့ သူစားချင်ရာ စားပါစေ၊ သက်သက်လွတ် စားတယ်ဆိုတာ ကောင်းတဲ့အကျင့် တစ်မျိုးပဲဟာ၊ သေသေချာချာ စီစဉ်ပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ. . . သမီးလုပ်ပေးပါတယ် ဖေဖေ"

ဖေဖေက စကားဆက်မပြောတော့ဘဲ ဆန်ပြုတ်ပူပူလေး ကိုသာ မှုတ်သောက်နေလေသည်။

"ဒါထက် သမီး၊ မောင်ကိုကိုဆီက စာလာသလား"

"မလာဘူး ဖေဖေ"

ဖေဖေ့မျက်နှာ ပျက်သွားသည်။ သို့သော် ချက်ချင်းပင်





ပြန်ဆည်ကာ. . .

"အင်း. . . နေရေးထိုင်ရေး အဆင်မပြေသေးလို့ ထင်ပါ တယ်"

"ဟုတ်မှာပါ ဖေဖေ"

မမင်းပျို့ ဖေဖေ့အား ချွေးသိပ်စကားဆိုလိုက်မိသည်။ အတယ်တော့ ကိုကိုနှင့်မင်းပျို့တို့၏နားလည်မှုကို လူကြီးမိဘများ သေိရှိ မရိပ်မိကြပါချေ။

"ဖေဖေကလည်း သမီးအတွက် စိတ်မချနိုင်သေးဘူး"

"ဖေဖေကလည်း. . . သမီးက ရှုးရှုးမိုက်မိုက်အရွယ်လေးမှ တော့တော့တာ၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်ပါတယ်၊ ဖေဖေ့အလုပ်တွေ ဝိုင်းကူလုပ်မယ်ဆိုတော့လည်း ဖေဖေပဲ ဘွား ဘွားနဲ့ပဲ အေးအေးဆေးဆေး နေပါဆို၊ မင်းလွင် မရှိတော့လည်း မျိုးဦး ရှိနေလို့ မလုပ်နဲ့ဦးဆို၊ သမီးက ဘာလုပ်လို့ လုပ်ရမှန်းတောင် သိတော့ဘူး"

"အင်း. . . စီးပွားရေးမှာ သမီးကို မလိုအပ်ဘဲ ဖေဖေက ခိုင်းချင်ပါဘူး၊ သမီး ဘယ်လောက်ပဲတော်တော် ရှင်ဘုရင်နဲ့ ညား မှ မိဖုရားဖြစ်မှာ၊ သူတောင်းစားနဲ့ ညားရင် ဘုရင်မဟာလည်း သူတောင်းစားမယားပဲ ဖြစ်မှာဆိုတော့ ဖေဖေ သမီးအတွက် စိုးရိမ် သို့ အိမ်ထောင်ရက်သား အရင်ချပေးချင်တာ"

"ဒါတော့ ဒါပေါ့ သားရယ်၊ ဒါပေမယ့် ဖြစ်ချင်တိုင်း ဖြစ် လာနိုင်တဲ့ လောကသဘာဝ အကြောင်းတရားကို မင်းနားလည် ရင် ဘယ်ကိစ္စမဆို သိပ်ပြင်းပြင်းထန်ထန် ခေါင်းထဲ ထည့်မထားနဲ့၊ ခေတ်ကြီးမှာ ဂုဏ်သရေရှိ အပျိုကြီး အမျိုးသမီးတွေ အများကြီး ပါ၊ အမေ့သဘောကတော့ ကိုယ်က သမီးရှင်၊ သည်ကိစ္စအတွက် သူတို့ဘက်က ကမ်းလှမ်းချက် မပါရင် ကိုယ့်ဘက်က ဘုံးဝမဟနဲ့၊



www.burmeseclassic.com

www.burmeseclassic.com

မင်းသမီးအတွက် သင့်တော်မယ်ထင်တဲ့ လုပ်ငန်းတစ်ခုကို တည် ထောင်ပေးလိုက်တော့"

"အင်း. . . ကျွန်တော်စဉ်းစားဦးမယ်လေ အမေ"

မမင်းပျို ဘွားဘွားကို အကဲခတ်လိုက်သည်။ ဘွားဘွား သည် အရင်ကလို ကိုကို့အပေါ် ကို လိုလိုလားလား မရှိတော့သည်မှာ ဘာကြောင့်နည်း။ ကိုကိုနှင့် လက်ထပ်ရန် စတင်ဆော်ဩခဲ့သူမှာ ဘွားဘွားဖြစ်ပါလျက် ယခုတော့လည်း သွေးအေးသွားလေပြီလား။

"ကိုင်း. . . မမင်းပျို ညည်းကော ဘာမှမစားရသေးဘူး မဟုတ်လား"

"စားပြီးပြီ"

"ဟင်. . . ဘာစားတာလဲ၊ မုန့်ဟင်းခါးလည်း အရာ မလျော့သေးပါလား"

"မြူခိုးအတွက် ထမင်းနယ်ပေးရင်း စားလိုက်တာ"

ဘွားဘွားက မျက်လုံးကြီး အပြူးသားနှင့် မမင်းပျိုကို ကြည့် ကာ. . .

"အလိုတော်. . . ဘယ်တုန်းကမှ ပဲပြုတ်မစားတဲ့မိန်းမက"

"အို. . . ဘွားဘွားကလည်း တစ်ခါတစ်လေ အပြောင်း အလဲပေါ့"

ဖေဖေက ဘာမှမပြောဘဲ ကော်ဖီနှင့်ဆေးသောက်ပြီး. .

"ဖေဖေ ခြံထဲ နေပူဆာလှုံရင်း လမ်းလျှောက်လိုက်ဦးမယ်"

"ဟုတ်ကဲ့ပါ ဖေဖေ"

ဟု မမင်းပျိုက ပြောရင်း ဘွားဘွားကို ပြုံးပြလိုက်သည်။

"တစ်လက်စတည်းမို့လို့ပါ ဘွားဘွားရဲ့"

"ညည်းနော်. . . တော်တော်အပြောင်းအလဲမြန်၊ တော် သေးတယ် ယောက်ျားမယူရသေးလို့၊ ယူပြီးမှ မကြိုက်တော့ဘူး၊





နောက်တစ်ယောက် လဲချင်တယ်ဆိုရင် မခက်ပါလား၊ ခုလည်း စေ့စပ်မထားသေးလို့ တော်သေးတာပေါ့"

ဘွားဘွားက မဲ့ကာရွဲ့ကာ ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက် ရာ မမင်းပျို အနာပေါ် တုတ်ကျသွားသည်။

"ဒါ. . မမင်းပျိုအပြစ် မဟုတ်ဘူး"

"အလိုတော်"

"ဟုတ်တယ်. . . ဘွားဘွားတို့ဘာသာ စီစဉ်ပြီးတော့၊ မမင်းပျိုကလည်း လူကြီးစကား မပယ်ရှားချင်လို့သာ ခေါင်းညိတ်ခဲ့ တာ၊ ဒါဟာ ရောမ အမှားတစ်ခုသာ ဖြစ်လိမ့်မယ်လို့သာ သိခဲ့ရင် ဆေ လုံးဝခေါင်းမညိတ်ခဲ့ဘူး၊ သိလား ဘွားဘွား"

"အေးပါ. . . ကျုပ် ညည်းဗိုက်ထဲက အူဘယ်နှစ်ခွေ ရှိတယ်ဆိုတာကို သိတဲ့ အဘွားပါအေ၊ ဒါကြောင့် ညည်းနဲ့ မောင် ကိုကိုကိုစွကို ကျုပ် ဘာမှ ထပ်မတိုက်တွန်းချင်တော့ဘူး၊ ဒါပေမယ့် ညည်းအဖေ စိတ်ဆင်းရဲအောင်တော့ မလုပ်ပါနဲ့အေ၊ သူ့မှာက မိန်းမ သေသွားပြီးနောက် တစ်ပင်လဲ တစ်ပင်ထူဆိုတဲ့ စကားကို ဆန့်ကျင်ပြီး သားနဲ့သမီးကိုပဲ အရိပ်တကြည့်ကြည့်နဲ့ ချစ်ခဲ့တာ ညည်းသိပါတယ်၊ သည်တော့ သူစိတ်ဆင်းရဲအောင်တော့ မလုပ်နဲ့"

မမင်းပျို ခေါင်းညိတ်လိုက်သည်။ မမင်းပျို ကိုကို့ကို ကြည့်သည်။ 'ကိုကို မမင်းပျိုအတွက် အကောင်းဆုံးဖြစ်အောင် ဆောင်ပေးပါ့မယ်၊ မမင်းပျို စိတ်ချမ်းသာစေရပါ့မယ်' ဟု ကိုကိုပြောခဲ့ သောစကားများကို မမင်းပျို ကြားယောင်ကာ. . .

"ဘွားဘွား. . . ကိုကိုဟာ သဘောထားကြီးတဲ့သူတစ် ယောက် ဖြစ်မယ်လို့ ဘွားဘွားထင်သလား"

"ဟဲ့. . . ငယ်ငယ်ကတည်းက တစ်ဦးတည်းသောသား ပြီး ဖူးဖူးမှုတ် အလိုလိုက်ခံရတဲ့သူက ညည်းတို့မောင်နှမရဲ့


www.burmeseclassic.com

www.burmeseclassic.com



ဆိုးဒဏ်ကို သည်းညည်းခံ တည့်အောင်ပေါင်းနိုင်ခဲ့တဲ့သူမှ သဘောထား မကြီးရင် ဘယ်သူကြီးနိုင်ပါ့မလဲ"

"ဒါဖြင့် ဘွားဘွားက ကိုကို့ကို သဘောကျတယ်ပေါ့"

"ကျုပ်က မောင်ကိုကိုလည်း သဘောကျတယ်၊ လူလေးကိုလည်း ချစ်တယ်၊ ဒါပေမယ့် လူလေးရဲ့မျိုးရိုးဇာတိကို ကျုပ်တို့ သိဖို့ လိုအပ်သေးတယ်နော်"

မမင်းပျို့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ ဘွားဘွားသည် မမင်းပျို၏အတွင်းစိတ်ကို ရိပ်မိသိရှိနေပါလား။

"ဘာပဲဖြစ်ဖြစ် ဘွားဘွားက နေရလှ ဆယ်နှစ်ပေါ့၊ သည်ကြားထဲ ညည်းကို အခြေတကျ မြင်ချင်တာတော့ အမှန်ပဲ၊ ဒါပေမယ့် အိမ်ထောင်ရေး ကံကြမ္မာဆိုတာ ပုံသေကားချပ် တွက်ယူလို့ရတဲ့ အရာတစ်ခု မဟုတ်တော့ ကျုပ် ဘယ့်သူနဲ့ ယူပါလို့ မတိုက်တွန်းချင်တော့ဘူး၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးကြတော့"

မမင်းပျို့ သက်ပြင်းချလိုက်မိသည်။ မိမိသည် ဘာကြောင့်များ အပြောင်းအလဲ မြန်ဆန်သောမိန်းမ ဖြစ်နေရသနည်း။

အကယ်၍ မြူခိုးဆိုသောလူသားတစ်ယောက်သာ မမင်းပျို့တို့ထံ ရောက်မလာဘူးဆိုပါက မမင်းပျိုသည် . . .။







## အခန်း(၁၇)

မမင်းပျို့ အမြင်များ မှားလေသလားဟု ထင်မှတ်ကာ မျက်လုံးကို ဖွင့်ချည်ပိတ်ချည် သုံးလေးကြိမ်မျှ လုပ်ပြီးမှ ထပ်မံလှမ်းကြည့်လိုက်သည်။

ဟုတ်ပါသည်။ လူတစ်ယောက် တရုတ်စကားပင် အောက်ရှိ ခုံတန်းလျားလေး၌ ထိုင်နေသည်။ ထိုသူ၏အသားအရည်သည် သရောင်ဆမ်းထားသဖြင့် ဝင်းဝါခြင်းနှင့် ပုံရိပ်အသွင်ကို လှမ်းမြင်ရသည်။ မြူခိုးမှ မြူခိုးအစစ် ဖြစ်သည်။

မမင်းပျို့ တစ်ရေးနိုး ရေထအသောက်၌ ပြတင်းပေါက်မှ



www.burmeseclassic.com

www.burmeseclassic.com



တဆင့် လှမ်းမြင်ရခြင်းဖြစ်သည်။ နာရီလှမ်းကြည့်လိုက်သောအခါ ဆယ့်နှစ်နာရီခွဲပြီး ငါးမိနစ်ပင် ရှိနေလေပြီ။

မမင်းပျို အောက်သို့ ဆင်းသင့်မဆင်းသင့် ချိန်ဆလိုက်သည်။ ထို့နောက် မမင်းပျို၏ခြေလှမ်းများသည် အလိုလို ရွေ့လျားပြီးသားဖြစ်သွားသည်။

"မြခိုး ဘာထိုင်လုပ်နေတာလဲ"

"အိပ်လို့မရလို့ ထိုင်နေတာ၊ ဘာဖြစ်လို့လဲ. . . မင်းတို့မြို့ကြီးမှာ ညဘက် ခုလို မထိုင်ရဘူးဆိုတဲ့ စည်းကမ်းချက် ရှိလို့လား"

မမင်းပျို ပြုံးလိုက်သည်။ တပြိုင်နက်ဆိုသလို မြခိုး၏ဘေးတွင် ဝင်ထိုင်လိုက်သည်။

"မရှိပါဘူး. . . လွတ်လပ်စွာ နေထိုင်ခွင့် ရှိပါတယ်၊ ဒါပေမယ့် မြခိုး အအေးမိပြီး ဖျားမှာစိုးလို့ လာသတိပေးတာပါ"

"ကျုပ် ဖျားခဲ့ပါတယ်၊ စိမ့်တောထဲမှာ ကြီးပြင်းခဲ့သူ တစ်ယောက်အတွက် သည်လောက်တော့ ခံနိုင်ရည် ရှိပါတယ် မင်းပျို"

မြခိုးမျက်နှာကို ဘေးတိုက်အနေအထားမှ ငေးကြည့်ပြီး အကဲခတ်လိုက်သည်။ သူ့မျက်နှာပြင်ပေါ်၌ စိတ်ရှုပ်ထွေးမှု အရိပ်မည်းက ဖုံးအုပ်နေသည်။

"မြခိုးအမှတ်နဲ့ မအိပ်ဘူးလား"

"မရဘူး. . . ကျုပ် အလုပ်တောင် မလုပ်ချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ဖေဖေ့စာရေးမတွေရဲ့ နေပုံထိုင်ပုံကို ကျွန်တော်မကြိုက်ဘူး"

"ဟင်. ."

"ဟုတ်တယ်. . . ကျွန်တော် သိပ်စိတ်ကျဉ်းကြပ်တယ်"





မမင်းပျိုရင်ထဲ စိုးထိတ်မှု ကြီးစိုးသွားသည်။

"ဘယ်သူတွေလဲ. . . ဘယ်လိုနေထိုင်လို့လဲ"

မြခိုးမျက်နှာ နီမြန်းသွားပြီး ခေါင်းခါပြီး ထိုင်ရာမှ ထလိုက်လေသည်။

"ကျွန်တော် မင်းပျိုကို ပြောမပြရဲဘူး၊ အဲ. . . တစ်ခုပဲ ပြောတတ်တယ်၊ ရိုင်းစိုင်းတဲ့စကား ဖြစ်ချင်မယ်၊ အဲသည်အတွက် ကျွန်တော်ပြောလို့ရမလား မင်းပျို"

"ရပါတယ်. . . ပြောပါ၊ ငါ့ကို နင့်အစ်မလို သဘောထားပြီး ရဲရဲသာ ပြောလိုက်စမ်းပါ မြခိုးရာ"

မမင်းပျို စိတ်အားထက်သန်စွာ တိုက်တွန်းလိုက်သည်။ မြခိုးက သူမကို တစ်ချက်ကြည့်ပြီး မျက်နှာလွှဲကာ. . .

"အဲသည်မိန်းမတွေ ဝတ်စားဆင်ယင်မှုက လျှပ်ပေါ်လော်လီပြီး ကျွန်တော့်ကို မြူဆွယ်နေကြတယ်"

"အို"

မမင်းပျို၏ စိုးရိမ်မှုဒီရေသည် အမြင့်ဆုံးအမှတ်သို့ ရောက်ရှိသွားလေသည်။

"ကျွန်တော် ရွံလည်းရွံတယ်၊ ရှက်လည်း ရှက်တယ်၊ စိတ်လည်း ပျက်တယ်၊ အလုပ်မလုပ်ချင်တော့ဘူး၊ ဒါပေမယ့် ဖေဖေရဲ့ လုပ်စာကို ကျွန်တော်တို့ မိန့်မိန့်ကြီး ထိုင်မစားသင့်ဘူးလို့ ကျွန်တော် နားလည်တယ်၊ သည်တော့ ဖေဖေ့ကို နားလည်စေချင်တယ်၊ ကျွန်တော် စိတ်လည်း ပျက်တယ်"

"ကိုယ်ကောင်းရင် ခေါင်းမရှော့ပါဘူး မြခိုးရယ်၊ သူတို့ အနေအထိုင် မတတ်ပေမယ့် နင် အနေအထိုင် တတ်ရင် ပြီးတာပဲ မဟုတ်ဘူးလား၊ မရမှန်း သိရင် နောက်ဆုတ်သွားကြမှာပါ၊ နင်က သည်း မိန်းမတွေ ကျလောက်တဲ့ရုပ်ရည်မျိုး ပိုင်ဆိုင်ထားတာကိုး



www.burmeseclassic.com

www.burmeseclassic.com



ကွယ်"

မမင်းပျို စိုးရိမ်ပူပန်မှုကို မြို့သိပ်ကာ မြခိုးကို အားပေးလိုက်သည်။

"ပြီးတော့ လက်နှိပ်စက်စာရေးတို့၊ ကွန်ပျူတာစာရေးတို့ဆိုတာ မိန်းမတွေမှ ကောင်းတာ၊ သူတို့က စိတ်ရှည်တယ်၊ ဖင်မြဲတယ်၊ သေသပ်မှုလည်း ရှိတယ်မဟုတ်လား လူပြောင်းခန့်ဖို့ကလည်း ကိုယ့်အပေါ် မှီခိုနေတဲ့ အလုပ်သမားတွေ နစ်နာမှု ရှိသွားမယ်လေ"

"ကျွန်တော်လည်း သူတို့ကို အလုပ်ထုတ်ပစ်ဖို့ မပြောပါဘူး၊ မိန်းမတွေရဲ့အမူအကျင့်တွေကို တွေးပြီး ဘယ်လိုရှောင်ရှားသင့်တယ်ဆိုတာကို စဉ်းစားနေမိတာပါ"

"သိပ်စဉ်းစားမနေနဲ့. . . စဉ်းစားပြီး စိတ်ဝင်စားသွားမိလို့ခက်နေဦးမယ်၊ မနက်ဖြန် ငါလိုက်ခဲ့မယ်"

"တကယ်လား"

မြခိုးမျက်နှာပြင် ပြောင်းလွဲသွားသည်။

"တကယ်ပေါ့. . . ငါလည်း ဖေဖေ့ကို အနားပေးပြီး ဖေဖေ့အလုပ်တွေကို နင်နဲ့အတူ ဝိုင်းလုပ်ပေးတော့မလားလို့ စိတ်ကူးတယ်"

"အိမ်မှာက ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်. . . ဘွားဘွားတူမဝမ်းကွဲတစ်ယောက် သားသမီးတွေက အိမ်ထောင်ရက်သားကျပြီး မကျွေးမွေးနိုင်လို့ ဒုက္ခရောက်နေတယ် ကြားတယ်၊ သူ့ကို ဦးဘမောင်နဲ့ သွားခေါ်ခိုင်းပြီး အိမ်မှာ ဘွားဘွားနဲ့ဖေဖေ့ကို မိသေးနဲ့အတူ ပြုစုခိုင်းလိုက်မယ်"

"ကောင်းတယ်. . . သည်ကိစ္စတွေကို ဖေဖေ့ကို ပြောပြီးပြီလား"





"ဟင့်အင်း. . . မပြောရသေးဘူး၊ ခုမှ ဖြစ်ပေါ်လာတဲ့စိတ်ကူးပဲ၊ မနက်ရောက်မှ ပြောပြလိုက်မယ်၊ ဖေဖေ သဘောတူမှာပါ"

"ကျွန်တော့်အလုပ်တွေ မနိုင်လို့လည်း မဟုတ်ဘူး၊ အလုပ်သမားတွေကို မနိုင်လို့လည်း မဟုတ်ဘူးနော်၊ ဒါပေမယ့် မင်းပျိုသာ ကျွန်တော်နဲ့အတူ ရှိနေမယ်ဆိုရင် ကျွန်တော်သိပ်ပျော်တာပဲဗျာ၊ ဘာမှမလုပ်ဘဲနဲ့ ကျွန်တော့်အနားမှာ လိုက်ထိုင်နေရင်ပဲ တော်ပါပြီဗျာ"

မမင်းပျိုရင်ထဲ နွေးထွေးသွားသည်။ သူ၏စကားလုံးများ၏နောက်ကွယ်မှ အဓိပ္ပာယ်ကို သူ့ဘာသာသူ နားလည်ချင်မှ နားလည်မည်။ မမင်းပျိုကိုယ်တိုင်လည်း တွေးတော၍ အဖြေမရှာချင်တော့ပါ။

မည်သို့ဆိုစေကာမူ မြခိုး၏စကားကြောင့် မမင်းပျိုအတွက် ဖေဖေအား မိမိ၏အကြံအစည်များကို ဖွင့်ဟပြောကြားရန်အတွက် အင်အားများ အလိုလို ရှိသွားသည်မှာတော့ အမှန်ပင်ဖြစ်သည်။

"ကိုင်း. . . ဒါဖြင့် အိမ်ထဲ လိုက်ခဲ့တော့၊ ပြီးတော့ ချက်ချင်း အိပ်ပျော်အောင်အိပ်၊ ဖေဖေ နိုးနိုးချင်း ငါပြောပြလိုက်မယ်"

"ဖေဖေ ကျွန်တော့်အပေါ် နားလည်နိုင်ပါ့မလား"

"နားလည်မှာပါ. . . ဒါတွေ ခေါင်းထဲ ထည့်မထားနဲ့၊ အရေးကြီးတာ နင်ပျော်ရွှင်နေဖို့နဲ့ ငါတို့နဲ့ နေသွားဖို့ပါပဲ မြခိုးရယ်"

"စိတ်ချပါ. . . ကျွန်တော်စိတ်ညစ်ပေမယ့်လည်း မင်းပျိုတို့နဲ့ ဝေးဝေးမှာ နေနိုင်မှာမဟုတ်လို့ ကျွန်တော် ဘယ်ကိုမှ ထွက်မသွားပါဘူး"

မမင်းပျိုကို ရှုအောင်များ လုပ်နေလေရော့သလား မြခိုးရယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုသာ မမင်းပျို့ မေးလိုက်ချင်ပါသည်။ သို့သော် ဤသံယောဇဉ်ကြောင့်လည်း မမင်းပျို့ အရာရာကို စွန့်စားရတော့မည် ထင်ပါသည်။





# အခန်း(၁၈)

"တော်ပြီ. . . မင်းပျို့ အိမ်မှာပဲ နေတော့"

ကားပေါ် ရောက်ရောက်ချင်း မြခိုးထံမှ ရှုးရှုးရှားရှား အသံထွက်လာသည်။ မမင်းပျို့က ရယ်ကျဲကျဲလေးဖြင့်. . .

"ဘယ်လိုဖြစ်တာလဲ မြခိုး"

"ဘယ်လိုဖြစ်ရမှာလဲ. . . မင်းကို ကြည့်ကြတဲ့မျက်လုံးတွေက ကျွတ်ထွက်တော့မယ့်အတိုင်းပဲ၊ ကျုပ် ဆွဲထိုးပစ်ချင်တဲ့စိတ်ကို [illegible]ည်းချုပ်တည်းထားရတယ်"

"ဒါများ အဆန်းလုပ်လို့ မြခိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

မြူခိုးက ကားမောင်းနေရာမှ မမင်းပျို့ဘက်သို့ ခေါင်းတကြီး လှည့်ကြည့်လိုက်သဖြင့် ကားခေါင်း အနည်းငယ် ခါယမ်းသွားရာ . .

"အို . . သတိထားမောင်းလေ မြူခိုး"

'မင်း' စူပါမတ်ကက်အတွင်း၌ မမင်းပျို့ ကောင်တာများ လှည့်လာရင်း ငွေစာရင်းစာအုပ်များကို လှန်လှောကြည့်သည်။ အရောင်းစာရေးမလေးများနှင့်လည်း ရင်းနှီးပြီး စကားပြောရင်း လိုအပ်သည်များကို မေးကြည့်မိသည်။ ထိုကာလ၌ ဝယ်သူအမျိုး သားများ၏ မျက်စိစားပွဲထိုင်စရာ အကောင်းဆုံးမှာ မမင်းပျို့ ဖြစ် နေခဲ့သည်။

ဤသည်ကို မြူခိုး မကျေမနပ်ဖြစ်နေသည်ဟု မမင်းပျို့ အတပ်သိကာ ရင်ခုန်သံစဉ်အရှိုင်းကြားဝယ် ရယ်နေမိသည်။

"မကျေနပ်တာတွေကို အိမ်ရောက်မှပြော၊ ငါမကျေနပ် တာတွေကိုလည်း ပြောရဦးမယ်"

"အိမ်အထိ မစောင့်နိုင်ဘူးဗျာ၊ ကျုပ် ကားဆက်မောင်းလို့ လည်း မရတော့ဘူး"

"ဒုက္ခပါပဲ . . ရောဂါကလည်း အသည်းအသန်ပါလား ဦးမြူခိုးရယ်၊ ရှင့်သဘောပဲ"

ကန်တော်ကြီးထဲသို့ ချိုးဝင်လိုက်သည်။ ဤပုဂ္ဂိုလ်လေး အလာကြီးပါပဲလားဟု မမင်းပျို့ တွေးလိုက်မိသည်။ လူရှင်း ကားရှင်း သောနေရာ၌ ကားကို ထိုးရပ်မိသည်။ ပြီး ကားပေါ်မှ တောက်တောက် လျှောက်ဆင်းသွားသည်။ ကမ်းစပ်အရောက်၌ ခဲတစ်လုံးကို ကောက်ကာ ရေထဲသို့ ပစ်ချလိုက်လေသည်။

မမင်းပျို့ သက်ပြင်းချကာ ကားပေါ်မှ ဆင်းခဲ့ပြီး သူ့





နောက်သို့ လိုက်သွားပြီး ယှဉ်ရပ်လိုက်သည်။

သူ့မျက်နှာတော် ညှိုးကာ အလိုမကျခြင်းကို မမင်းပျို့ အဝင်မကျနိုင်ပါ။

"မြူခိုး . . ယောက်ျားမိန်းမ သဘာဝတရားမှာ မိန်းမတွေ ရဲ့အလှကို ယောက်ျားတွေက ကိုးကွယ်တတ်တယ်၊ ဒါကြောင့် သူတို့ ငါ့ကို ကြည့်တာ 'ဆန်းသလား၊ အကြည့်ကြောင့် ငါ့အသားတွေ ပဲ့ပါသွားတာမှ မဟုတ်ဘဲ မြူခိုးရယ်၊ သည်အတွက် နင် ဘာဖြစ်လို့ ဒေါသတကြီး ဖြစ်နေရတာလဲ"

"ဒါတွေကို ကျုပ်မသိဘူး၊ ကျုပ်သိတာ မင်းကို အခိုးထနေ တဲ့မျက်လုံးတွေနဲ့ ကြည့်တာ မကြိုက်ဘူး၊ ဖေဖေ့ကို ပြောမယ်၊ မင်းကို အိမ်ထဲမှာပဲ ထားတော့မယ်လို့"

"ခက်တော့တာပဲ မြူခိုးရယ်၊ နင် အဲသည်လို ဖြစ်မလား၊ နင့်တို့ လူကြီးတွေက စိတ်ဆိုးကုန်မှာပေါ့"

"စိတ်ဆိုးချင်လည်း စိတ်ဆိုးပါစေတော့၊ ကျုပ်ရင်ထဲမှာ ဆံ့ရုံနိုင်အောင်ကို ဖြစ်နေတယ် မင်းပျို့၊ မင်းကို ဘယ်သူမှ မချစ်ရ ဘူး ဘယ်သူမှလဲ မကြည့်ရဘူး၊ ဟာဗျာ . . ကျုပ်လေ မင်းကို အံပေါင်းချောင်လေးထဲ ထည့်ပြီး ကျုပ်တစ်ယောက်တည်းပဲ ထိုင် ကြည့်နေချင်တယ်၊ အဲဒါ ကျုပ်မှားသလား၊ ကျုပ်မလုပ်သင့်ဘူးလား၊ မပြောသင့်ဘူးလား"

မမင်းပျို့၏မျက်နှာကို စေ့စေ့ကြည့်ကာ မြူခိုးက မေးလေ သည်။ မြူခိုး၏စိတ်ကို မမင်းပျို့ သဘောပေါက်မိသည်နှင့်အမျှ ရင်ခုန်သံစဉ် မြန်သည်ထက် မြန်လာသည်။

"ပြောလေ မင်းပျို့၊ ကျွန်တော့်ကို တစ်ခုခု ပြောစမ်းပါဗျာ"

မြူခိုးက အားမလိုအားမရဖြစ်ရာ သူ၏လက်နှစ်ဖက် သည် မင်းပျို့၏လက်မောင်းရင်းနှစ်ဖက်ပေါ်သို့ ကျရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အို. . . မင်းလက်တွေ လွှတ်စမ်းကွယ်"

ဗီဒီယိုအခွေများကို ကြည့်တတ်နေပြီဖြစ်သော မြခိုး[illegible] မမင်းပျို စိတ်မချနိုင်တော့ပါ။ သူသည် ယခင်လူလေး မဟုတ်တော့[illegible] ယခု မြခိုးဖြစ်နေလေပြီ။

"နင့်လက်တွေက ငါ့လက်မောင်းကို နာစေတယ် မြခိုးရယ်[illegible] အရင်လွှတ်ဦး၊ ပြီးမှ ငါရှင်းပြမယ်"

"အင်း. ."

သူက မလွှတ်ချင်လွှတ်ချင်ဖြင့် လွှတ်လိုက်သည်။

"နင်မလိုက်စေချင်တော့ရင် ငါမသိလိုက်တော့ဘူး၊ ဒါပေ[illegible] မယ့် ဖေဖေတို့ကို နင်ဘာမှမပြောဘဲ ငါပဲ ကြည့်ပြောမယ်"

ဘာပဲဖြစ်ဖြစ် ဖေဖေတို့ သူ့အပေါ်၌ ငြိုငြင်သွားမှာ[illegible] အထင်သေးသွားမှာကို စိုးကြောက်သောစိတ်ဖြင့် မမင်းပျို မြခိုး[illegible] အတွက်ဆိုလျှင် မိမိသာလျှင် အနစ်နာခံလိုက်ရန် ဆုံးဖြတ်လိုက[illegible] သည်။

"ကောင်းပါ့မလား"

"နင်ပဲ ငါ့ကို မလိုက်စေချင်ဘူးဆို"

"မင်းက ဘာဖြစ်လို့ သည်လောက်တောင် လုနေရတာလဲ[illegible] မင်းပျိုရယ်"

"အလိုတော်. . . ကျွန်မအမေက လှလှကလေး မွေးခဲ့တာ[illegible] ကိုပဲ အပြစ်တင်ရတော့မလို ဖြစ်နေပါလား ဦးမြခိုးရယ်၊ ရှင့်တ[illegible] တော့ကော မိန်းကလေးတွေ ငိုက်ဆင်းရလောက်အောင် ဘာဖြစ်လို့[illegible] ချောနေရတာလဲ"

"ဒါကတော့ အတိတ်ဘဝရဲ့ကုသိုလ်ကောင်းမှု ကံတရား[illegible] ကြောင့်ပေါ့ဗျာ၊





ကျွန်တော် မင်းပျိုနဲ့ တစ်နေ့လုံးလဲ မခွဲချင်ဘူး၊ သူစိမ်း[illegible]သာတျားတွေ မင်းပျိုကို ကြည့်တာလည်း မကြိုက်ဘူး၊ အဲသည်[illegible]တွက် ကျွန်တော့်ရင်ထဲ စိတ်ညစ်ညူးစရာတစ်ခုလို ခံစားဖြစ်ပေါ်[illegible]နေတယ်၊ အဲဒါ ဘာဖြစ်လို့လဲဟင်"

"ဒုက္ခပါပဲ" ဟု မမင်းပျိုစိတ်တွင်းမှ ညည်းတွားလိုက်မိ[illegible]သည်။ သို့သော်. . .

"သည်လိုပဲ. . . မင်းလွင်လည်း သည်အတိုင်းပဲ၊ သူကသာ [illegible]ခြားမိန်းမတွေကို ကြည့်ချင်ကြည့်၊ ငန်းချင်ငန်းမယ်၊ သူ့အစ်မများ [illegible]ခြားယောကျ်ားတွေ မကြည့်လိုက်လေနဲ့၊ ဝန်တိုပြီး မကျေမချမ်း [illegible] ဖြစ်လို့၊ အဲသည်လောက် သူ့အစ်မကို ချစ်တာ၊ နင်လည်း [illegible]သည်အတိုင်းပဲ ဖြစ်မှာပေါ့"

"ဟုတ်မယ်. . . ဟုတ်မယ်၊ ကျွန်တော် မင်းပျိုကို သိပ်ချစ်[illegible]သဲ"

မင်းပျို ဘဝင်လိုက်ဆူသွားသည်။ ကြာလျှင်တော့ မင်းပျို [illegible]သိန်းချုပ်ထားနိုင်စွမ်းသော ဣန္ဒြေရှင်တံခါး ကျိုးပျက်ကာ သူ၏ [illegible]ရင်ဝသို့ တိုးဝင်မိကာ 'ငါလည်း နင့်ကို သိပ်ချစ်ပါတယ် မြခိုး[illegible]' ဟု ပြောဖြစ်မိလိမ့်မည် ထင်ပါသည်။

"သွားကြရအောင် မြခိုး၊ ဘွားဘွား မျှော်နေလိမ့်မယ်"

"မပြန်ချင်သေးဘူးဗျာ. . . မင်းပျိုနဲ့ ခုလိုပဲ နေချင်တယ်"

"သည်လိုနေရာမျိုးမှာ မင်းနဲ့ငါ ကြာကြာမနေသင့်ဘူး [illegible]သည်နေရာက သမီးရည်းစားအတွဲတွေ နေတဲ့နေရာမျိုး၊ နင်နဲ့ [illegible] မောင်နှမတွေပဲဟာ"

မြခိုးအပေါ် ရယူလိုခြင်းထက် ပေးဆပ်ခြင်းဖြင့်သာ [illegible]သက်ဝင်နေသော မမင်းပျိုအတွက် မြခိုးအပေါ် ဖေးမခြင်း[illegible] [illegible]မှ စကားပြောကာ စည်းခြားပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ်"

အလိုမကျဟန်ဖြင့် တုံးတိတိ ပြောပြီး ကားဆီသို့ လျှော သွားသော မြူခိုးနောက်သို့ မမင်းပျို မနည်းအမီလိုက်ရပါသည်

နေဝင်တော့မည်။ ယခင်ကဆိုလျှင် အိမ်ပြန်စောတ သောမြူခိုးသည် မမင်းပျို စလိုက်သည့်နေ့မှ အိမ်ပြန်နောက်ကျသည ဟု ဆိုပါလျှင် လူကြီးတွေ ဘာပြောမည်နည်း။ ဘာတွေးဆမည်နည်

"မောင်လေး. . . မြူခိုး"

"မင်းပျို. . . ကျွန်တော် မင်းကို စကားတွေ အများကြ ပြောချင်တယ်၊ ဒါပေမယ့် မပြောတတ်ဘူး၊ ဒါပေမယ့် တစ်ခု နာ လည်တာတော့ ရှိသွားပြီ"

မမင်းပျိုက မိမိကို စေ့စေ့ကြည့်ကာ ပြောနေသော မြူခိုး မျက်လုံးအိမ်ကို စူးရဲစွာကြည့်ပြီး အဖြေရှာလိုက်သည်။ မြူခိုး ပြုံးကာ ရှက်ကိုးရှက်ကန်းဖြင့် မျက်နှာလွှဲပြီး. . .

"ကျွန်တော့်ဘဝမှာလေ မင်းပျိုမရှိရင် အဓိပ္ပါယ် မရှိတော ဘူးဆိုတာကိုတော့ နားလည်နေတယ်"

စကားဆုံးသည်နှင့် ကားမောင်းထွက်လိုက်သည်။ မမင်း ရင်ထဲ ကြည်နူးရိပ်နှင့်အတူ ချစ်ခြင်းဟူသောဝိညာဉ်သည် နှလုံးအိ သို့ ပူးကပ်ကာ အနိုင်ယူသွားလေတော့သည်။

"မြူခိုးရယ်. . . ငါလည်း နင့်လိုပါပဲဟယ်" ဟု။

သို့သော် ထိုစကားစုသည် ရင်တွင်း၌သာ အတင်းနစ်မြ ထားလိုက်မိလေတော့သည်။





# အခန်း(၁၉)

**ခင်းပျို**

ကိုကို့မှာ အားလပ်တဲ့အချိန်ဟာ မရှိသလောက်ပါပဲ။ ဒါပေမယ့် မိုးရောင်ရာရပ်ဝန်းမှာ မေတ္တာ၊ ကရုဏာ၊ စေတနာမိုး ရွာသွန်းခွင့်ရတဲ့အတွက် ကိုကို ကျေနပ်ပါတယ်၊ ဒါပေမယ့် မအားတဲ့ ကြားထဲကပဲ ကိုကို့ရဲ့နာကျင်မှု ဝေဒနာတစ်ရပ်နဲ့အတူ မမင်းပျိုကို သတိတရ ရှိတယ်။ ရှုံးသွပ်စွာလည်း တမ်းတမိတယ်။ ကိုကို့ရင်ထဲက နာတရ ဝေဒနာဟူသမျှကို ငြိမ်းသတ်ဖို့ ဆုံးဖြတ်ချက်တစ်ခု ပိုင်နိုင်နိုင် ချပြီး ဖေဖေနဲ့မေမေဆီကို စာတစ်စောင် ရေးလိုက် တယ်။ သည်စာနဲ့အတူ ထည့်လိုက်မယ်။ အဲ့သည်စာဟာ မမင်းပျို



www.burmeseclassic.com

www.burmeseclassic.com

ကို အသက်ရှုရချောင်စေဖို့ မမင်းပျို့အတွက် ကောင်းသွားစေဖို့ကို ကိုကို ဆုံးဖြတ်ချက် ချပြီးမှ ရေးလိုက်တာ။

ကိုကို့အတွက်တော့ မကောင်းဘူးပေါ့ မမင်းပျို့ရယ်။ ဒါပေမယ့် ကိုကို့အချစ်ဟာ ရယူခြင်း မဟုတ်ဘူးလေ။ ပေးဆပ်ခြင်းသာဖြစ်လို့ ကိုကို အနစ်နာခံလိုက်တယ်။ မမင်းပျို့ စိတ်ချမ်းသာစွာနဲ့ နှလုံးသားဆန္ဒကို လွတ်လပ်စွာ လိုက်လျှောပျော်ရွှင်နိုင်သူ ဖြစ်ပါစေလို့ ကိုကို ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

ဘွားဘွား၊ အန်ကယ်၊ မင်းလွင်၊ မျိုးတို့ကိုလည်း သတိရစွာနဲ့ မေတ္တာပို့သလိုက်ကြောင်း ပြောပြလိုက်ပါ။

ကိုကိုကတော့ ပြောင်းလဲခြင်း မရှိတဲ့ မေတ္တာတရားကို ရင်မှာပဲ ထာဝရ မြှုပ်နှံထားလိုက်ပြီ။ မမင်းပျို့အပေါ် ညီမတစ်ဦးလိုပဲ ယခင်က ရှိရင်းစွဲမေတ္တာအတိုင်း ဆက်လက်ကူညီသွားမှာပါ။ ကိုကို့ကို နားလည်လိမ့်မယ်လို့လည်း ယုံကြည်မျှော်လင့်ပါတယ်။

ဒါပါပဲ . . . ညီမ မမင်းပျို့ စိတ်နှလုံးချမ်းမြေ့ပါစေ။

ထာဝရ
ကိုကို

မမင်းပျို့ရင်ထဲ နင့်နင့်သီးသီး ခံစားလိုက်ရသည်။ ကိုကို၏ မေတ္တာကို မမင်းပျို့ စာနာ နားလည်တတ်လေပြီ။ မိမိက အချစ်ခံရသူ ဘဝထက် မိမိက ချစ်ရသူဘဝကို ရောက်ရှိလာပြီဆိုပြန်တော့ ချစ်ခြင်း၏အနက်အဓိပ္ပာယ် ထူးကဲလေးနက်စွာ ပါဝင်လျက်ရှိသော အနစ်နာခံခြင်းဟူသော သဘောထားကို မမင်းပျို့ ခံယူတတ်သူ တစ်ယောက်အဖြစ်သို့ ရောက်ရှိနေလေပြီ။

မမင်းပျို့ စာကို လုံခြုံစွာ သိမ်းလိုက်သည်။ ရင်ထဲ၌ ကိုကို့အပေါ် ကျေးဇူးတင်စကား ပြောကြားနေမိသည်။





"မယ်မင်းပျို့ လာပါဦး"

ဘွားဘွားအသံက အောက်ထပ်မှ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

အသက်က ရှစ်ဆယ်ကျော်လာပြီဖြစ်သော်လည်း ဘွားဘွားသည် အသံတင်မက လူကပါ မာတုန်းဖြစ်နေသည်။

"ရှင် . . . လာပြီ ဘွားဘွားရေ"

မမင်းပျို့ကလည်း ဘွားဘွားအသံကို အမီလိုက်ကာ အသံပြုလိုက်ပြီး လူကလည်း လေနှင့်အတူ ပြေးဆင်းခဲ့လိုက်သည်။ သို့သော် ခြေသံဝုန်းဒိုင်း မမြည်စေရန်လည်း သတိပြုရသေးသည်။ ခြေသံကြားလျှင် ဘွားဘွား၏မျက်စောင်းဒဏ်ကို လှလှပပ ခံရဦးမည့်အပြင် 'မိန်းကလေးတို့ကွန္ဓေ ရွှေပေးလို့မရ' ဆိုတဲ့စကားဟာ ညည်းတို့ခေတ် ရောက်မှပဲ ပျောက်တော့တာပဲ ဟု ဂါထာတစ်ခု ရွတ်သကဲ့သို့ ရွတ်ပေဦးတော့မည်။

လှေကားတစ်ထစ်ချိုးအရောက်၌ အောက်ထပ်ဧည့်ခန်းတွင် ထိုင်နေသော ကိုကို့မိခင်ကို လှမ်းမြင်လိုက်ရသောကြောင့် မမင်းပျို့ ကိုယ်ရှိန်သတ်လိုက်သည်။

"လာ . . . မယ်မင်းပျို့၊ ငါ့မြေး ကံဆိုးတယ်"

ဘွားဘွားက မျက်စိမျက်နှာပျက်နေသော အသွင်သဏ္ဍာန်နှင့် မင်းပျို့ကို ဆီးကြိုလိုက်သဖြင့် မမင်းပျို့ မျက်နှာအထားရခက်သွားသည်။

"ဘာဖြစ်လို့လဲ ဘွားဘွား၊ အန်တီ ရောက်နေတာ ကြာပြီလား၊ ကျွန်မလည်း ကိုကို့စာ ဖတ်နေတာနဲ့ အန်တီရောက်နေတာ မသိလိုက်ဘူး"

"ဩော် . . . သမီးဆီကိုကော စာရေးသေးသလား၊ ဒင်းမို့လို့ အရှက်မရှိ ရေးရဲတယ် . . . ဟင်း"



www.burmeseclassic.com

 www.burmeseclassic.com

ကိုကို့မိခင် ဒေါသထွက်နေပုံရသည်။ မမင်းပျို ခေါင်းငုံ့ချလိုက်သည်။ ကိုကို့အတွက် စိတ်မကောင်းဖြစ်ခြင်းဟူသော ဝေဒနာတစ်ရပ်က မမင်းပျိုကို ကလိလျက်ရှိသည်။

"ကိုကိုက. . . "

"ရော့. . . သည်စာ ဖတ်ကြည့်ဦး"

မမင်းပျို လက်အတန်ငယ် တုန်ရီနေသည်။ စွန့်လွှတ်ရဲသော ကိုကို့မေတ္တာတရားကို မမင်းပျို မလေးစားဘဲ မနေနိုင်တော့ပါ။

**ကျေးဇူးရှင် ဖေဖေနဲ့မေမေ**

*သားကိုတို စိတ်မကောင်းခြင်းကြီးစွာနဲ့ စာရေးလိုက်ပါတယ်။ သားလိမ္မာအဖြစ် အမြဲတမ်း ဂုဏ်ယူခဲ့တဲ့ မိဘနှစ်ပါးအပေါ်မှာ သား ယောင်းမမြင်းစီးထွက်ရတော့မယ် ဖေဖေနဲ့မေမေ ခင်ဗျား။ သည်အတွက် ကျွန်တော် စိတ်မကောင်းဖြစ်မိစွာနဲ့ သားမိုက်အကြောင်းကို ပြောပြပါတော့မယ်၊ သား သည်မှာပဲ တစ်ရွာတစ်ကျေးဆောက်မီ ဆိုသကဲ့သို့ အိမ်ထောင်တစ်ခုကို မမျှော်လင့်ဘဲ တည်ဆောက်မိလိုက်ပါပြီ။ သည်အတွက် သားကိုဖေဖေတို့က သိပ်မိုက်မဲတဲ့သားအဖြစ် သတ်မှတ်ခြင်းကိုလည်း သားခံယူပါ့မယ်။ သားဟာ ယောကျ်ားကောင်းတစ်ဦးအနေနဲ့ သားရဲ့အိမ်သူအပေါ်မှာ သစ္စာရှိချင်ပါတယ်။ ဒါကြောင့် နှုတ်ကတိပြုမိထားခဲ့ကြသော မင်းပျိုနဲ့သားတို့ရဲ့ ကိစ္စဟာလည်း အလိုအလျောက် ပျက်ပြယ်သွားပြီဆိုတာကို မမင်းပျိုတို့မိသားစုကိုသာ အကြောင်းကြားပေးပါ မေမေခင်ဗျား။ ကျွန်တော့်ရဲ့မိုက်ပြစ်ကြောင့် ဖေဖေမေမေတို့ မျက်နှာပျက်ရတဲ့အတွက် သား ဤစာနဲ့အတူ ရှိခိုးဦးချ ကန်တော့လိုက်ပါတယ်။ ကြိုးချင်းထား ကြိုးချင်းငြိ၊ အိုးချင်းထား အိုးချင်းငြိရတဲ့ သဘာဝ*





*တရားအပေါ် နားလည်ရင် သားကို ခွင့်လွှတ်ကြပါလို့ တောင်းပန်တန်တော့ရင်း. . .*

*ဖေဖေမေမေတို့ ကျန်းမာစေရန် ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။*

*ကျန်းမာလျက်. . .*

သားမိုက်
ကိုကို

ယမင်းပျို ရစ်ဝဲလာသော မျက်ရည်စတို့ကို မျက်တောင်ပုတ်ခတ်ခြင်းဖြင့် သိမ်းဆည်းလိုက်သည်။ ကိုကို၏စေတနာသည် သူမရင်ကို ထိရှစေသည်။

"သည်လောက်တောင် မိုက်မဲတဲ့ကောင်ကို အမွေဖြတ်ကြေငြာပစ်မယ်"

"မဟုတ်တာ သမီးရယ်၊ တောင်းဆိုးပလုံးဆိုးဆိုတာကိုသာ ပစ်ရိုးထုံးစံ ရှိပါတယ်၊ သားသမီးဆိုးဆိုတာ ပစ်ရိုးထုံးစံ မရှိပါဘူး၊ ပြီးတော့ မောင်ကိုကိုရဲ့အပြစ်ဟာ ဖြစ်ရိုးဖြစ်စဉ် သဘာဝတစ်ခုပါကွယ်၊ သည်လောက် စိတ်ဆိုးစရာအကြောင်း မရှိပါဘူး၊ ပြီးတော့ တရားဝင် စေ့စပ်ထားခြင်းကလည်း မရှိသေးတော့ အရှက်တကွဲဖြစ်စရာကိစ္စလည်း မဟုတ်ပါဘူးကွယ်. . . စိတ်လျှော့ထားလိုက်ပါ"

ဘွားဘွားက လူကြီးပီပီ ပြေလည်ရာ ပြေလည်ကြောင်းပြောပြီး ကိုကို့မိခင်ကို နှစ်သိမ့်မှုပေးလေသည်။

"ကျွန်မ နားတော့ လည်ပါတယ်၊ ဒါပေမယ့် ကျွန်မချွေးမနေရာကို မင်းပျိုကလွဲပြီး အခြားသူကို မပေးနိုင်ဘူး အမေ။ သည်အတွက် ကျွန်မမှာ ဖြေလို့မရဘူး၊ သူ့အဖေကိုလည်း သံပြုံးရိုက်ခိုင်းလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

"ခမျာများ စိတ်မကောင်းဖြစ်အောင်ကွယ်"

"မဟုတ်ပါဘူး အမေ၊ မင်းကိစ္စကို ငါတို့ အသိအမှတ်မပြုဘူးဆိုတာလောက်ပါ။ သည်လိုဆိုရင် သူ သဘောပေါက်မှာပါ၊ သူ့မိန်းမလည်း ခေါ်လာရဲမှာ မဟုတ်ဘူး၊ မိဘရင်ငွေ့ကနေ ထွက်ထွက်ချင်း ထင်ရာစိုင်းတာပဲ၊ နေပါစေ. . . မှတ်လောက်သားလောက်အောင်တော့ ပစ်ထားလိုက်ဦးမှ"

"အေးလေကွယ်. . . ဒါတော့ဒါပေါ့၊ မိဘဘက်ကတော့ ခံစားကြရမှာပဲ၊ ဒါပေမယ့် သူ့ဘက်က ကြည့်ပြန်တော့လည်း သူ့ကြမ္မာ သူဖန်တီးသလို ဖူးစာရေးနတ်မင်းရဲ့ပံ့ပိုးမှုလည်း ပါမှာပါလေ၊ ကံစီမံရာလို့ပဲ သဘောထားပြီး ဖြေသိမ့်လိုက်ပါကွယ်၊ အမေတို့ကိုလည်း ဘာမှအားမနာနဲ့၊ မင်းပျို့နဲ့ကိုကို ဖူးစာပါမလာဘူးလို့သာ အမေတို့ ယူဆနိုင်ပါတယ်၊ အမေ့သားကိုလည်း အမေပဲ ရှင်းပြလိုက်ပါ့မယ်"

"အင်း. . . ကျွန်မတို့မျက်နှာတော့ ဘယ်သွားထားရမှန်း မသိအောင်ပါပဲ၊ အမေတို့ဘက်က သဘောထားကြီးလေလေ ကျွန်မတို့ဘက်က စိတ်မကောင်းရလေလေပါပဲ"

"အားနာရမယ့်သူမှ မဟုတ်တာကွယ်၊ ကိုကိုနဲ့ အကြောင်းမပါပေမယ့် မင်းပျို့ကိုလည်း သမီးအဖြစ် ဆက်လက်အသိအမှတ်ပြုနိုင်သလို အမေတို့ကလည်း မောင်ကိုကို့ကို မြေးသားအနေနဲ့ ဆက်လက် အသိအမှတ်ပြုသွားမှာပါကွယ်၊ ဘာမှစိတ်မကောင်း မဖြစ်ပါနဲ့၊ အင်း. . . လောကကြီးက အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရပေတယ်ကိုး"

ကိုကို့မိခင်နှင့် ဘွားဘွားတို့ စကားဝိုင်းအနီးဝယ် မမင်းပျို့သည် ကျောက်ဆစ်ရုပ်တစ်ရုပ်သဖွယ် တည်ရှိနေသည်။

မင်းပျို့ ကိုကို့အပေါ် စာနာနားလည်နေလေပြီ။ ချစ်ခြင်း





မေတ္တာ၏နက်ရှိုင်းမှုကိုလည်း ခံစားတတ်လာပြီ။

"သမီးကော ဘာဖြစ်ချင်သလဲ"

မမင်းပျို့ ခေါင်းငုံ့ကာ ဖြေးညင်းစွာ ခါယမ်းလိုက်သည်။

ကိုကို့မိခင်က သက်ပြင်းချကာ အားပေးစကားတွေ ပြောသည်။ ဘာတွေမှန်း မမင်းပျို့ မသိ။ မမင်းပျို့ သိသည်က ချစ်တတ်သူတို့၏အသည်းနှလုံး၌ ကိန်းဝပ်နေတတ်သော ခွင့်လွှတ်အနစ်နာခံစိတ်ပင်ဖြစ်သည်။

"သမီး. . . အန်တီ သွားမယ်"

"ဟုတ်ကဲ့"

ကိုကို့မိခင်ကို အိမ်ဝအထိ လိုက်ပို့ပေးရင်းမှ မမင်းပျို့ သတိတရ စကားတစ်ခွန်း ဆိုလိုက်မိသည်။

"အန်တီ"

"ဘာလဲ သမီး"

"ကိုကို့ကို ခွင့်လွှတ်လိုက်ပါ အန်တီ"

"ဩော်. . . သမီးရယ်"


www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၀)

မမင်းပျို့က ဖေဖေ့ကို မဝံ့မရဲ ကြည့်ရင်း. . .

"သမီး အပြင်အလုပ်တွေနဲ့ မကိုက်ပါဘူး ဖေဖေရယ်၊ လူတွေ ဥဒဟို ဝင်လိုက်ထွက်လိုက် ကြည့်ရတာပဲ မူးနောက်နေတာပဲ၊ သမီး အပြင်ထွက်တိုင်း ခေါင်းကိုက်တယ်၊ ဒါကြောင့် အိမ်အလုပ်တွေပဲ လုပ်ချင်တယ်၊ မြူခိုးကလည်း အားလုံးနိုင်နိုင်နင်းနင်း ရှိပါတယ်"

"မြူခိုး နိုင်နင်းတယ်၊ အကင်းပါးတယ်၊ စိတ်ကူးဉာဏ်ကောင်းတယ်ဆိုတာ ဖေဖေသိသားပဲ၊ ဒါပေမယ့် သမီးက လုပ်ချင်တယ်ဆိုလို့ ဖေဖေက ခွင့်ပြုခဲ့တာပဲ၊ မလုပ်ချင်လည်း ရတာပဲ"

မင်းပျို့ သက်ပြင်းသူခိုးလေး ချလိုက်သည်။ မြူခိုးအပေါ်





ခင် တစ်မျိုးထင်မှာစိုးသဖြင့် အပြစ်ဟူသမျှတို့ကို မိမိအပေါ်သို့သာ ပုံလွှဲချပစ်လိုက်ခြင်းကို မြူခိုးကတော့ နားလည်နိုင်ပါ့မလား။

"လုပ်ချင်တယ်ဆိုရင် ပိုကောင်းတယ်၊ ဖေဖေက သမီးကို ရွှေဆိုင်တစ်ဆိုင်လောက် ထပ်ဖွင့်ပေးထားမလားလို့တောင် စိတ်ကူးနေတာ"

မမင်းပျို့ မယုတ်မလွန်ပင် ပြောလိုက်သည်။

"သမီးစဉ်းစားဦးမယ် ဖေဖေ"

"စဉ်းစားမနေနဲ့တော့. . . သမီးပျော်သလို စိတ်ချမ်းသာသလိုသာ နေတော့၊ သမီးအတွက် ဖေဖေ့လုပ်စာတင် မကဘူး၊ မောင်နှစ်ယောက်လုပ်စာပါ ရှိနေပြီဆိုတော့ ငါ့သမီး အိမ်မှာသာ ငြိမ်ငြိမ်းနေပေတော့"

ဖေဖေသည် ကိုကို့ကိစ္စနှင့် ပတ်သက်၍ မမင်းပျို့အား တစ်ခွန်းမှ မမေးသည့်အတွက် မမင်းပျို့ အနေရခက်မနေတော့ချေ။

"ဖေဖေ ဂေါ့ဖ်ရိုက်သွားလိုက်ဦးမယ်၊ ဘမောင်ကို ကားထုတ်ခိုင်းလိုက်တော့ သမီး"

"ဆရာဝန်က နားခိုင်းထားတယ် မဟုတ်လား"

"ဂေါ့ဖ်ရိုက်တာ အားကစားတစ်မျိုးပဲ သမီးရဲ့၊ ဆရာဝန်က ဦးနှောက်ကို နားခိုင်းထားတာပဲ"

မမင်းပျို့ ဖေဖေ့အား မိကျောင်းမင်း ရေခင်းမပြတော့ဘဲ ဦးဘမောင်ကိုသာ ကားထုတ်ခိုင်းလိုက်သည်။ ဖေဖေထွက်သွားချိန် မမင်းပျို့ တယ်လီဖုန်း ကောက်ကိုင်ဟာ ခလုတ်များ နှိပ်လိုက်သည်။

"ဟဲလို. . . အမိန့်ရှိပါရှင်"

မိန်းမသံတစ်သံ ထွက်လာသဖြင့် မမင်းပျို့ ခေါင်းနပ်ငြိမ်သွားသည်။ မြူခိုး၏ရုံးခန်းထဲ၌ ဘယ်ကမိန်းမ ရောက်နေရသနည်း။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမြခိုး ရှိပါသလား"

"ရှိပါတယ်. . . ဘယ်သူလို့ ပြောပေးရပါ့မလဲရှင်"

"သူ့အစ်မ မင်းပျိုလို့ ပြောလိုက်"

မမင်းပျို လေသံကို ထိန်းချုပ်ထားသည့်ကြားက အနည်းငယ် မာသွားသည်။ စက္ကန့်အနည်းငယ်ကိုပင် ကြာမြင့်မည် ထင်ရသည်။

"မင်းပျို"

"မြခိုး. . . နင်ဘာလုပ်နေသလဲ"

"ဘဏ်မှာ ငွေထုတ်ဖို့အတွက် လက်မှတ်ထိုးပေးနေတာပါ"

"နင့်အခန်းထဲ ဘယ်က မိန်းမလဲ၊ ရှုပ်ရှုပ်ယှက်ယှက် မလုပ်နဲ့နော်၊ ငါမကြိုက်ဘူး"

မြခိုး၏ရယ်သံသည် လေလှိုင်းမှတဆင့် လွင့်မျောလာသည်။ မင်းပျို ဒေါသထွက်မိသည်။

"ဘာရယ်တာလဲ. . . နင်က ရယ်ပြနေ၊ ဟိုက တစ်ခါတည်း ပစ်ချသွားဦးမယ်၊ မလိုချင်ဘူး. . . နင် ချက်ချင်းပြန်လာခဲ့ မြခိုး"

"ဟောဗျာ. . . ဘယ်လိုဖြစ်တာလဲ၊ ကျွန်တော် အလုပ်တွေ မပြီးသေးဘူး"

"အလုပ်ကို အကြောင်းပြမနေနဲ့၊ လက်မှတ်ထိုးတာ ဒီလောက်ကြာစရာလား၊ ကိုယ့်စားပွဲပေါ်က တယ်လီဖုန်းကို သူက လှမ်းကိုင်ရအောင် သူဟာ ဖုန်းနားမှာ ရှိနေလို့ပေါ့၊ ဖုန်းက နင့်နားမှာဆိုတော့. . . ဟင်း"

"မင်းပျို. . . ကျွန်တော် အခုပြန်လာခဲ့မယ်၊ ပြီးရင် ရေချိုးထမင်းစားပြီး မင်းစားတော်ဆက်ကို သွားမယ်၊ မင်းပျိုပါ လိုက်ခဲ့ရမယ်၊ အဆင်သင့် ပြင်ထားနော်"





"ကောင်းပြီ. . . ခုချက်ချင်းလာခဲ့"

မမင်းပျို တယ်လီဖုန်းခွက်ကို ဆောင့်ချလိုက်သည်။ မကျေ...ခြင်းဟူသော ဆူးညှောင့်ကလေးက မမင်းပျိုရင်ကို ကလိလျက် ...သပြီ။

"မယ်မင်းပျို"

မမင်းပျို ဆတ်ခနဲ တုန်လှုပ်သွားသည်။ မမင်းပျို၏ဝန်တိုမှု... သွားဘွား ရိပ်မိသိရှိသွားလေပြီလား။

"ညည်း ဂျီကြော်,ကြော်မယ်ဆို"

"ကြော်. . . ဟုတ်သားပဲ"

တော်ပါသေးရဲ့ဟု ရင်တွင်း၌ ကြိတ်၍ပြောလိုက်ရင်း ...င်းပျို မီးဖိုချောင်ဘက် ထွက်ခဲ့သည်။ ဟင်းသီးဟင်းရွက်စုံကို ...တ်သက်လွတ်ဆီပြန် ကြော်ချက်ခြင်းဖြစ်သည်။ အစပ်များမှ ...ာင်းသော်လည်း မြခိုးအတွက် အစပ်လျှော့ချက်ပေးရသည်။ ...ာရပန်းရမှန်း မသိနိုင်ခင်. . .

"ဟင်. . . ဘာမှလည်း မလုပ်ရသေးပါလား"

မြခိုး အနားသို့ ရောက်လာပြီး ပြောလိုက်ခြင်းဖြစ်သည်။

"ဘာလုပ်ရမှာလဲ"

"ရက်စတောရင့် သွားမယ်လေ"

"မလိုက်နိုင်ဘူး"

"ဘာဖြစ်လို့လဲ"

"အရက်နံ့ မခံနိုင်လို့၊ ပြီးတော့ နားညည်းတယ်"

"မင်းပျိုလည်း အနုပညာ ခံစားတတ်မှ လူဖြစ်ရကျိုးနပ်...ပေါ့၊ လိုက်ခဲ့ပါ. . . ကျွန်တော်တစ်ယောက်တည်း ပျင်းလို့ပါ"

"ဟုတ်သားပဲ မင်းပျိုရယ်၊ တစ်ခါတစ်လေ လိုက်သွားမှ ...ညည်းအဖေရဲ့လုပ်ငန်းက လူတွေက ညည်းကိုသိမြင်ဖူးကြတဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေ အပုံကြီးပဲ၊ လူလေးတစ်ယောက်တည်း ရှိသမျှလုပ်ငန်းတွေ လိုက်လုပ်နေတာ၊ ဖွဟဲ့. . မပြောကောင်းမဆိုကောင်း လူလေး ဖျားနာတဲ့အခါမျိုး ညည်းဘယ်လိုလုပ်မလဲ”

“ဖေဖေ ရှိတာပဲ”

“ညည်းအဖေပါ ဖျားရင်ကော”

“တိုက်ဆိုက်မှုဆိုတာ ဒီလိုအထိ မဖြစ်နိုင်ပါဘူး”

“ပြောလိုက်ရင် ဆင်ခြေတွေက သူ့ပါးစပ်မှာ အပြည့်ပဲ”

“ဟုတ်တယ် ဘွားဘွား၊ သူက မောင်တွေနဲ့ဆို မသွားချင်ဘူး၊ ကိုကိုနဲ့မှ သွားချင်တာ”

ဘွားဘွားက မြနိုးကို တအံ့တသြမျက်လုံးဖြင့် လှမ်းကြည့်လိုက်သည်။ ပြီးမှ မင်းပျိုဘက် လှည့်ကာ. . .

“မယ်မင်းပျို. . . ညည်း လူလေးကို ကိုကို့အကြောင်း ပြောမပြရသေးဘူးလား”

“ဟင့်အင်း. . . မိုးလင်းကမိုးချုပ် မအားနိုင်အောင် အလုပ်များနေတဲ့ပုဂ္ဂိုလ်ကြီးမို့ အေးအေးဆေးဆေး ပြောချိန်မရှိသေးလို့ ပြောမပြရသေးတာပါ ဘွားဘွားရာ”

မမင်းပျိုကို မြနိုးက စိုက်ကြည့်ကာ. . .

“ဘာလဲ. . . ကိုကို ဘာဖြစ်လို့လဲ”

“ကိုင်း. . . ရေသွားချိုး ကိုယ်တော်၊ ကျွန်မလည်း ရေချိုးတော့မယ်”

“ဟဲ့. . . အပူရှပ်မယ်၊ ရေနွေးဝဝသောက်ပြီးမှချိုး”

ဘွားဘွား၏သတိပေးသံကို ‘ဟုတ်’ ဟုသာ အသံပြုပြီး မီးဖိုထဲမှ ထွက်ခဲ့သည်။ မြနိုးသည် လိုက်မထွက်လာသဖြင့် ကိုကို့အကြောင်းကို ဘွားဘွားထံမှ သိရှိလိမ့်မည်ဟု မမင်းပျို ခန့်မှန်းမိလိုက်လေသည်။





မြနိုး မည်ကဲ့သို့ နားလည်ခံစား မှတ်ချက်ချမည်ကို မမင်းပျို သိချင်လာသည်။ ရေမြန်မြန်ချိုးလိုက်ပြီး ညဘက်နှင့် ကိုက်ညီသည့် အင်္ကျီလုံချည်ကို ပန်းနုရောင်ဖျော့ဖျော့လေး ရွေးချယ်လိုက်သည်။ မျက်နှာအလှကိုလည်း ခြယ်သ၍မဆုံးချင်။ သို့သော် မြနိုးက သဘာဝအလှကိုမှ နှစ်သက်တတ်သည်ဆိုတော့လည်း မမင်းပျို ရောင်စုံမျက်နှာ အဖြစ်မခံရဲ၊ ပေါင်ဒါပါးပါးကလေး ဖို့ရုံ၊ နှုတ်ခမ်းနီ အင်္ကျီအရောင်အသွေးနှင့် လိုက်ဖက်သော ပန်းရောင်ကလေး ဆိုးဆိုက်ရုံမျှသာ ဖြစ်သည်။ ရှည်လျားသောဆံပင်ကိုတော့ ထုံးစံအတိုင်း ကျစ်ဆံမြီးရှည်ကြီးတစ်ချောင်း ကျစ်ထားရုံမျှသာနှင့် ပြီးစီးသွားသည်။

“မင်းပျို”

မြနိုးခေါ်သံ အောက်မှ ထွက်ပေါ်လာသည်။ မမင်းပျို လက်ကိုင်အိတ်လေး ဆွဲကာ. . “လာပြီ” ဟု အသံပြုလိုက်သည်။

“တကတည်း. . . ဆင်းလာမှာပေါ့၊ ခေါ်နေရသေးသလား”

မြနိုးက ပြုံးပြုံးကြီး လုပ်ကာ. . .

“ဘာဖြစ်လို့ ဒီလောက်အလှပြင်နေရတာလဲ၊ ကျွန်တော်တောင် ထမင်းစားပြီးပြီ”

“ဟင်. . . ရှင်က ကျွန်မကိုတောင် မစောင့်တော့ဘူးလား”

“မစောင့်တော့ဘူး. . . မင်းပျိုက ဟိုရောက်မှ စားလို့ရတယ်၊ လာ. . . သွားရအောင်”

ယခုတော့ သူက ဦးဆောင်သူ ဖြစ်နေချေပြီ။ မမင်းပျို မြနိုး၏နောက်ကျောကို ကြည့်၍ ရောက်ကာစက မှတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးနှင့် မြနိုးကို ပြန်လည်မြင်ယောင်မိသည်။

ကားထဲ ရောက်သောအခါ. . .



www.burmeseclassic.com

www.burmeseclassic.com



"မင်းပျို"

"ဘာလဲ"

"တိတ်တိတ်ဆိတ်ဆိတ် နေရာတစ်ခု သွားပြီး နေဝင်တာ ထိုင်ကြည့်ချင်တယ်"

"သည်လိုဆိုရင် ကားစက်ရပ်လိုက်တော့"

"ဘာဖြစ်လို့လဲ"

"လေသာဆောင်မှာပဲ ထိုင်ကြည့်နေလေ"

"ဟာဗျာ"

မြူခိုးက မကျေမနပ်ဟန်ဖြင့် ပုတ်သိုးသိုး လုပ်ကာ ကားမောင်းထွက်ခဲ့လေသည်။ စကားတစ်လုံးမှ မဟတော့ချေ။ မမင်းပျို မြူခိုးကို ကြည့်ကာ ကလိချင်လာသည်။

"မြူခိုး"

"ဘာလဲ"

"နင်ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေလို့လဲ"

"မျက်နှာကြီးက ပုတ်သိုးပြီး ငါ့ကို စကားမပြောတာလေ"

"မင်းကရော စကားပြောချင်စရာ ကောင်းလို့လား"

"ကျုပ်က ဘာဖြစ်နေလို့လဲ"

"ဘာဖြစ်လို့ ကိုကို မိန်းမယူလိုက်တာကို မပြောသလဲ"

မမင်းပျိုရင်ထဲ နင့်ခနဲ ဖြစ်သွားသည်။ ရင်ထဲ တစ်မျိုး ခံစားလိုက်ရသည်။ ကိုကို မိန်းမယူခြင်း ဟုတ်မဟုတ် သိသူမှာ မိမိတစ်ယောက်တည်းသာ ရှိပေလိမ့်မည်။

"နင်နဲ့ငါ အေးအေးဆေးဆေး မတွေ့ရတာ ကြာပြီမဟုတ်လား၊ အဲသည်ကာလမှာ ငါပြောဖို့ သတိမရဘူး၊ ပြီးတော့ သည်ကိစ္စဟာ အရေးတကြီးကိစ္စလည်း မဟုတ်ဘူးလို့ ငါထင်တယ်လေ"





"သည်ကိစ္စဟာ ကျွန်တော့်အတွက် အရေးတကြီးကိစ္စ မဟုတ်ဘူးလို့ မင်းပျိုက ဘာဖြစ်လို့ ယူဆရတာလဲ"

"ကိုယ့်အစ်မတစ်ယောက်ကို လက်ထပ်ဖို့ဆဲဆဲမှာ ယောက်ျားလေးဘက်က စွန့်ပစ်သစ္စာဖောက်ဖျက်ခြင်း ခံရတယ်ဆိုတာကို မောင်တစ်ယောက်အနေနဲ့ ရှက်ရွံ့ခံစား ဒေါသထွက်ရမယ် မဟုတ်ဘူးလား၊ သည်တော့ မင်း သောကရောက်မယ်၊ သောကကို ငါ ဘယ်သူမှ မျှဝေမပေးချင်ဘူး"

"မင်းပျို ညာတတ်တယ်နော်"

"ငါ ဘာညာလို့လဲ"

"မင်းပျိုနဲ့ကျွန်တော်ဟာ မောင်နှမမှ မဟုတ်ဘဲ၊ ဒါကို မင်းပျိုက လိမ်ညာချင်သေးသလား"

"ဒါကတော့. . ."

"ဒါကတော့ လုပ်မနေပါနဲ့မင်းပျို၊ မောင်နှမ မဟုတ်တဲ့ မြူခိုးအတွက် မင်းပျိုနဲ့ကိုကို လက်ထပ်ဖို့ကိစ္စ ပျက်ပြယ်သွားခြင်းကို သိလာနေတဲ့ မြူခိုးအတွက် ဒီသတင်းစကားဟာ ဝမ်းမြောက်ဖွယ်ရာ ဖြစ်လိမ့်မယ်ဆိုတာ မင်းပျို နားလည်သင့်ပါလျက် ဘာကြောင့် ထိမ်ချန်ထားရတယ်ဆိုတာကို ကျွန်တော် နားမလည်နိုင်ဘူး"

မမင်းပျိုသည် အစစအရာရာကို အသေးစိတ် သိတတ်နားလည်လာသည်နှင့်အမျှ တွေးခေါ်ခံစားတတ်သော လူတစ်ဦးအဖြစ်သို့ ရောက်ရှိနေပြီဖြစ်သော မြူခိုးကို အရှုံးပေးလိုက်သည်။

"ငါ နင်ပျော်သွားမယ်ဆိုတဲ့ ခံစားချက်ကို ကြိုသိနေတယ်၊ ဒါပေမယ့် အဲသည်ခံစားချက်ကို နင်ခံစားသင့်မသင့် ငါစဉ်းစားနေတယ်၊ ပြီးတော့ နင်နဲ့ငါဟာ မောင်နှမအဖြစ်နဲ့ပဲ ဆက်လက်နေထိုင်သွားသင့်မသင့် ဒါတွေ ငါစဉ်းစားရင်း နင့်ကို ပြောမပြနိုင်ဘူး၊ ဒါတွေဝေနေတယ် မြူခိုးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ. . . မင်းပျိုက ကိုကို့အပေါ် သံယောဇဉ်မက
သေးလို့လား"

"သံယောဇဉ်. . . သည်စကားလေးသုံးလုံးဟာ သေးငေ
မယောင်နဲ့ အင်မတန် ရှုပ်ထွေးသလို ခိုင်မာမှုလည်း ရှိပါတယ
မြနိုးရယ်၊ မြနိုးနားလည်အောင် မင်းပျို မရှင်းပြတတ်ဘူး၊ ဒါပေ
မယ့် ရှိရှိသမျှသော သံယောဇဉ်တွေထဲမှာ မင်းပျိုဘဝကို ရစ်ပတ
နှောင်ဖွဲ့သွားနိုင်လောက်အောင် ပိုမိုခွန်အားကြီးမားတဲ့ သံယောဇ
ကြိုးမျှင်တစ်ခု ဖြစ်မှန်းမသိ ဖြစ်နေခဲ့တယ်ဆိုတာ ငါ့ကိုယ်ငါ န
မလည်နိုင်အောင်ပါပဲ မြနိုးရာ"

*မမင်းပျိုအနေဖြင့် မြနိုး၏နှလုံးသားကို နားလည်*
ပြုလာပြီဖြစ်သဖြင့် မြနိုးအား မိမိခံစားမှုကို ဖွင့်ဟလိုက်သည
ချစ်ခြင်းဟူသောအကြောင်းအရာကို မိန်းမသားဘက်မှ စတင
ဖွင့်ဟ ကြေငြာနိုင်ခြင်း မရှိခြင်းကို မမင်းပျို သိပါသည်။ သို့သေ
အရိပ်အမြွက်စကားဖြင့် သူ ပြောရဲစေရန် ရေလာမြောင်းပေ
ဖောက်မိသကဲ့သို့ ဖြစ်သွားရသည်။

"ဒါဖြင့် ကျွန်တော်သာ ဒီကိုရောက်မလာခဲ့ရင် မင်းပျို
ကိုကို လက်ထပ်ဖြစ်မှာပေါ့. . . ဟုတ်လား"

"ဖူးစာပါရင် လက်ထပ်ကြရမှာပေါ့"

"ကျွန်တော်ကော မင်းပျိုကို လက်ထပ်လို့ ရမလား၊ ကျွ
တော့်ကြောင့်လို့ မင်းပျိုမှာ နာကြည်းမှု ရှိနေသလား"

မမင်းပျို ကြိုတင်မျှော်လင့်ပြီးသားစကား ဖြစ်သည
ထိုစကားကို မြနိုး တစ်နေ့နေ့မှာတော့ ပြောလိမ့်မည်ဟု ကြိုတင်သိ
ထားသော်လည်း ဤမျှ မြန်မြန်ဆန်ဆန် ပြောလိမ့်မည်ကိုတော
ကြိုတင်မတွက်ဆခဲ့မိချေ။

ပြည်သူ့ရင်ပြင်အတွင်းသို့ သူမောင်းခြင်းကိုလည်း မမင





ပျို မတားမိချေ။

ရင်တွင်း စိတ်လှုပ်ရှားမှုကိုယ်စီဖြင့် ငြိမ်သက်နေကြသည့်
ကားကို ကားရပ်ရန်နေရာ၌ ထိုးရပ်လိုက်ပြီးနောက် မြနိုးက ကား
ပေါ်မှ ဆင်းလိုက်သည်။ ပြီးမှ မမင်းပျိုဘက် တံခါးကို လာရောက်
ဖွင့်ပေးသည်။

"ကျွန်တော့်ရင်ထဲမှာ မွန်းကျပ်နေတယ် မင်းပျို၊ ကျွန်တော်
မင်းပျိုကို ဒီထက်မကသောစကားတွေ ပြောချင်ပါတယ်. . . မပြော
တတ်ဘူး"

မမင်းပျို ကားပေါ်မှ အသာဆင်းပြီး ကားစက်ခေါင်းဖုံး
ပေါ် မှေးတင်ကာ အသာရပ်လိုက်သည်။ ပြည်သူ့လွှတ်တော်၏
ခေါင်မိုးထက်၌ နေဝန်းနီနီသည် တစ်နေ့တာ၏တာဝန်ကို ကုန်ဆုံးခါ
နီး အစွမ်းကုန် ကြိုးစားတောက်ပနေသည်။

"မင်းပျို. ."

"ဘာလဲ"

မမင်းပျို ခပ်ဆောင့်ဆောင့်လေး ထူးလိုက်ပြီး မြနိုးကို
လှမ်းကြည့်လိုက်သည်။ မြနိုး၏ကြည်စိမ်းနေသော ညို့မျက်လုံးအစုံ
က မင်းပျို၏မျက်ဝန်းကို ဖမ်းစားလျက်ရှိနေသည်။

"ဘာကြည့်တာလဲ. . . မင်းပြောတော့ နေဝင်တာ ကြည့်
မယ်ဆို၊ ခု ဘယ့်နှယ့် ကျုပ်ကို ကြည့်နေရတာလဲ"

"နေဝင်တာနဲ့ လှတဲ့ သဘာဝတရားတစ်ခုကို ကျွန်တော်
ခံစားနေတာ"

"ကြည့်စမ်း. . . နင် ဒီစကားတွေ တတ်တယ်"

"ကျွန်တော်ဟာ စာတတ်တဲ့သူပဲ မင်းပျိုရယ်၊ လူ့လောက
ကြီးကို စာတွေ့စိတ်ကူးယဉ်အတွေ့နဲ့ တွေ့နေခဲ့ဖူးသူပါ၊ ခုမှသာ
လက်တွေ့ရင်ဆိုင်ခွင့် ကြုံတယ်ဆိုပါတော့၊ ကဲပါဗျာ. . . ကျွန်တော်



www.burmeseclassic.com

 www.burmeseclassic.com

မေးတာ မင်းပျို ဖြေဦးလေ"

"ဘာမေးလို့လဲ"

"ကျွန်တော့်ကို လက်ထပ်လို့ မရဘူးလားဆိုတာကိုပါ"

မင်းပျို သက်ပြင်းချလိုက်သည်။ မြူခိုးထံမှ အကြည့်ကို လွှဲကာ ဥယျာဉ်အတွင်းရှိ သစ်ပင်ပန်းမန်ဆီသို့ ကူးပြောင်းလိုက်သည်။

"ယောက်ျားတစ်ဦးဟာ သူ့စိမ်းမိန်းမတစ်ယောက်ကို လက်ထပ်နိုင်ခွင့်ရှိတယ်၊ ဒါ လူ့သဘာဝတရားတစ်ခုလို့ အကြမ်းဖျဉ်း ယူဆလို့ ရပါတယ် မြူခိုး၊ ဒါပေမယ့်. . ."

"ဒါပေမယ့် ဘာဖြစ်လဲ၊ စည်းမျဉ်းစည်းကမ်းတွေ ရှိနေသေးသလား"

"ရှိတယ်"

မြူခိုးက စဉ်းစားဟန်နှင့် မျက်တောင်ကို တစ်ချက်ခတ်လိုက်သည်။ တစ်ဆက်တည်း စင်ရော်တောင်မျက်ခုံးနှစ်ဖက်က တွန့်ခေါက်သွားလေသည်။

"မိဘအုပ်ထိန်းသူတွေရဲ့ သဘောတူညီချက်ကြောင့်ဖြစ်စေ၊ နှစ်ဦးသဘောတူ ချစ်ရည်မျှကြလို့ဖြစ်စေ လက်ထပ်ခွင့် ရှိပါတယ်"

"ဒါဖြင့်. ."

မြူခိုး စိတ်ရှုပ်သွားဟန်ဖြင့် ခေါင်းကုတ်လိုက်လေသည်။ မမင်းပျို ပြုံးလိုက်မိသည်။

"ကျွန်တော်က. ."

"ဖေဖေနဲ့ဘွားဘွားကို ဖွင့်ပြောပြီး လက်ထပ်မလား၊ ဒါမှမဟုတ်. . ."

"ဟင့်အင်း. . . ကျွန်တော်မဖွင့်ပြောချင်ဘူး"





"အလိုတော်"

"ဟုတ်တယ်. . . လူကြီးမိဘတွေ သဘောတူညီချက်ကြောင့် မင်းပျို ကိုကို့ကို ခေါင်းညိတ်ခဲ့သလို ကျွန်တော့်ကို ခေါင်းညိတ်မှာ မလိုလားဘူး"

မမင်းပျို့နှလုံးသား နွေးထွေးလာသည်။ ရိုးစင်းပေမယ့်လည်း အချစ်စကားသည် ရင်ခုန်မှုကို ဖြစ်ထွန်းစေတတ်သည် ထင်ပါသည်။

"ကျွန်တော့်ကို မင်းပျို ချစ်သလား"

"ဟင်း. . ဟင်း. . ဟင်း"

မမင်းပျို ခပ်အုပ်အုပ် ရယ်လိုက်သည်။ ရွှင်ကြည်နူးရိပ်တို့က မမင်းပျို့တစ်ကိုယ်လုံး ပျံ့နှံ့နေလေပြီ။

"ဘာရယ်တာလဲဗျာ. . . အဲ့ဒီလို မရယ်နဲ့ဗျ"

"ဘာဖြစ်လို့လဲ"

"အဲ့ဒါ လှောင်ရယ်တာ၊ ကျွန်တော့်ကို လှောင်ရယ်နည်းဗျ"

"ဟင်း. . ဟင်း. . ဟင်း. . မြူခိုးရယ်၊ နင် အရာရာကို သိပ်သိ၊ သိပ်နားလည်နေတတ်ပါလား"

"ဘာလဲ. . ကျွန်တော့်ကို တောသား နုံအအဆိုပြီး မင်းပျို က အထင်သေးခဲ့တာလား၊ ဒါမှမဟုတ် ဘာမှမသိနားမလည်တဲ့ တောတွင်းသား အရိုးခံသက်သက်ကလေးပါလားဆိုပြီး အရုပ်ကလေးတစ်ရုပ်လို ကစားစရာအဖြစ် သတ်မှတ်ချင်နေတာလား"

"တော်စမ်းပါ မြူခိုးရာ၊ ဒါ ငါ့ကို စော်ကားတဲ့စကားပဲ၊ ငါ့မှာ အဲ့ဒီလိုစိတ်ထားမျိုး လုံးဝမရှိခဲ့သလို နင့်အပေါ် လည်း အထင်မသေးခဲ့ဘူး"

"ဒီလိုဆိုရင် ကျွန်တော်ဝမ်းသာပါတယ်၊ ကျွန်တော် လူတွေနဲ့ အများကြီး အနီးကပ် မနေဖူးပေမယ့် လူတွေ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

လောကရဲ့အကြောင်းကို စာတွေ့အားဖြင့် သိနေခဲ့ပါတယ်၊ ခု လက်တွေ့ရင်ဆိုင်ရတာ အခက်အခဲ မရှိဘူး၊ ဒါပေမယ့် နှလုံးသားကိစ္စမှာတော့ အခက်အခဲ ရှိတယ်၊ နှလုံးသားကိစ္စဆိုတာ ပုံသေနည်း မရှိဘူး မဟုတ်လား မင်းပျို"

မမင်းပျို မြူခိုး၏မျက်နှာချောချောကို မော့ကြည့်လိုက်သည်။ မိမိ၏အရပ်ကို အုပ်မိုးနေသော သူ့မျက်နှာချောချော အနက် မျက်လုံးအိမ်သည် ထူးခြားစွာ လှပတောက်ပြောင်နေသည်။ မမင်းပျို၏ရင်အစုံသည် တဒိန်းဒိန်း ခုန်ကာ အကြည့်ကို လွှဲပြောင်းလိုက်ပြီး. . .

"ခု. . နင် ဘယ်လိုနားလည်နေသလဲ"

"ကျွန်. . ကျွန်တော် မင်းပျိုကို ချစ်တယ်၊ တစ်ရက်မပြောနဲ့၊ တစ်နာရီ တစ်စက္ကန့် ခွဲနေရတာတောင် သတိရတယ်၊ ကျွန်တော့် အနားမှာ မင်းပျိုရှိရင် ကောင်းမှာပဲလို့ အမြဲတမ်းတမိတယ်၊ ဒါနဲ့ ကျွန်တော့်ကိုယ်ကျွန်တော် ဆန်းစစ်လိုက်တော့ မင်းပျိုကို ကျွန်တော် ချစ်နေတယ်လို့ သိရတယ်၊ ဟုတ်တယ် မဟုတ်လား"

"ဘာဟုတ်တာလဲ"

"ကျွန်တော် မင်းပျိုကို ချစ်နေတယ်ဆိုတာ"

မမင်းပျိုရင်ထဲ ကြည်နူးရိပ်များက ခုန်ပေါက်မြူးတူးလျက် ရှိရာ မြူခိုးကို ချစ်မျက်စောင်းထိုးလိုက်ပြီး. . .

"ဘယ်သိမှာလဲ. . . ကျွန်တော့်နှလုံးသား ကျွန်တော်တောင် မသိတာ၊

မင်းပျိုနှလုံးသားကို မင်းပျိုသိမှာပေါ့"

"သိတာပေါ့. . . ကျွန်မရင်ထဲ ရှိနေတာပဲ"

"ဟုတ်ပြီ. . . ဒီလိုဆိုရင် ကျွန်တော့်ကို ချစ်မချစ် မေးကြည့်လိုက်ပါဦး"





"ကြည့်စမ်း ခွေးကောင်လေး၊ ဒါလည်း နင်တတ်တယ် တုတ်လား"

မမင်းပျို၏အပြောကို တဟဲဟဲ ရယ်ကာ မြူခိုးက ရွှင်ကြည်နူးစွာဖြင့်. . .

"ကျွန်တော်လည်း လူသားပဲ၊ ခံစားမှုက စကားတွေကို ပြောတတ်စေပါတယ်၊ မင်းပျိုက နားလည်မှာပါ။ ပြောပါဦး. . . ကျွန်တော့်ကို ချစ်မချစ်ဆိုတာ"

မမင်းပျို ရယ်လိုက်သည်။

"ပြောနေဖို့ လိုသေးလား မြူခိုးရယ်" ဟု ပြောလိုက်ပါက သူ နားလည်ပြီး မိမိအား မည်သို့ ပြုမူလိမ့်မလဲဟူသောအတွေးဖြင့် ရင်ခုန်ကာ ကားတံခါးကို ဆွဲဖွင့်လိုက်ပြီး. . .

"နေဝင်သွားပြီ. . . သွားမယ်"

"ဟာဗျာ. . . ပြောလေဗျာ"

"ပြောနေဖို့ လိုသေးလား မြူခိုးရယ်"

ဟု စိတ်ကူးထားသည့်အတိုင်း မမင်းပျို ပြောလိုက်ပါသော်လည်း မြူခိုးသည်. . .

"ဝမ်းသာလိုက်တာ မင်းပျိုရာ၊ ကျွန်တော့်ဘဝ လူဖြစ်ရကျိုး နပ်ပြီ ထင်ပါတယ်နော်"

ဟုသာ ပြောပြီး ကားစက်နှိုးထွက်လိုက်လေတော့သည်။

မမင်းပျို သက်ပြင်းသူခိုးလေး ချလိုက်မိသည်။ ရယ်ချင်သောအတွေးဖြင့် မြူခိုး၏မျက်နှာချောချောလေးကိုသာ ခိုးကြည့်ရင်း. . .။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၀)

မင်းပျို့သည် အောက်ထပ်ကြီးတစ်ခုလုံး ပိုင်စိုးခွင့်ရသော မြူခိုးအား ရှာဖွေပါသော်လည်း မတွေ့သဖြင့် စိတ်ပူသွားသည်။ ညကြီးမင်းကြီး ဘယ်များ လျှောက်သွားနေသနည်း။

မမင်းပျို့ကတော့ ဘာကြောင့် ညကြီးမင်းကြီး ချစ်သူထံသို့ ဆင်းလာခဲ့ရသနည်း။ ယခင်က ညရယ်နေ့ရယ် မခွဲခြားဘဲ မောင်နှမသဖွယ် အတူတကွ လက်ပွန်းတတီး နေခဲ့ပါသော်လည်း ယခုတော့ ထိုသို့နေရမှာကို မဝံ့မရဲ ဖြစ်မိသည်။ သို့သော် မမင်းပျို့၏ ခြေလှမ်းများက စေ့ထားသော အိမ်မကြီး၏တံခါးဝဆီသို့ ရောက်





နေလေပြီ။

မြူခိုး ထိုင်နေမည့် တရုတ်စကားပင်ကြီးအောက်သို့ မမင်းပျို့အလိုအလျောက် ရောက်သွားလေတော့သည်။ မြူခိုးက ဝမ်းသာအားရ ထကာ လက်ကမ်းကြိုလေသည်။

"မင်းပျို့. ."

"မြူခိုး. ."

မမင်းပျို့သည် နွေးထွေး၍ ရင်ခုန်လှိုက်မောဖွယ်ရာ အလွန်ကောင်းသော နားခိုစရာတွင် နားခိုလိုက်မိသည်။

"မင်းပျို့ရယ်"

မမင်းပျို့၏ပါးပြင်ထက်သို့ နွေးထွေးမှုလေးများကို ဖွဖွလေး သိရှိခံစားလိုက်ရသည်။ ရင်ဝယ် သိမ့်ခနဲ လှုပ်ခတ်သွားရလေသည်နှင့်အမျှ အရာရာကို မေ့ပစ်လိုက်ချင်သည်။ ချစ်သူနှင့်သာ နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်နေချင်သည်။ သို့သော် အေးမြသောလဝန်း၏အရိပ်က တရုတ်စကားပင်၏အခက်အလက်ကြားမှ တိုးအောက်ဝင်ရောက်ကာ ချောင်းကြည့်လာသောအခါ. .

"လွှတ်ဦး မြူခိုးရယ်"

အသာအယာပင် ရုန်းထွက်လိုက်သည်။ မြူခိုးက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး တင်းကြပ်စွာ နှောင်ဖွဲ့ထားမှုကို အသာအလျှော့လိုက်သည်။ သို့သော် ခပ်ဖွဖွလေး ဖက်ထားဆဲပင်။

"မလွှတ်ချင်ဘူး မင်းပျို့ရယ်၊ ကျွန်တော် မမင်းပျို့ကို အမြဲတမ်း ထွေးပိုက်ထားချင်တယ်၊ ကျွန်တော် ဘယ်လိုမှ အိပ်လို့မရဘူး၊ မင်းပျို့ရဲ့ခြေသံကို နားစွင့်နေမိတယ်၊ နောက်ဆုံး ရင်ထဲမှာ မွန်းကျပ်လာလို့ ဒီမှာ လာထိုင်နေမိတာ"

"မြူခိုးရယ်. . . စိတ်ကို ဒီလောက်အထိ လွှတ်မပေးရဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး . . . ကျွန်တော့်ကို အချစ်ဆိုတဲ့အရာကြီးက ပြင်းပြင်းထန်ထန်ကို ခြောက်လှန့်နေတယ်"

"ဘာသာရေးအဆုံးအမနဲ့ ကြီးပြင်းလာတဲ့ မြူခိုးဟာ ဒီလောက်အထိ ခံစားနေရသလား"

"ကျွန်တော် မင်းပျိုကို သိပ်ချစ်တာကိုး၊ ဘယ်လိုမှ ကိုယ့်စိတ်ကိုယ် ဆုံးမလို့ မရနိုင်ဘူး၊ ကျွန်တော်တို့ အမြန်ဆုံး လက်ထပ်ရအောင်လား"

"သိပ်စောပါသေးတယ် မြူခိုးရယ်၊ မင်းပျိုကို ချစ်ရင် မင်းပျိုစကားကို နားထောင်ရမယ်၊ ဖွင့်ပြောသင့်ချိန်တန်ရင် မင်းပျိုကိုယ်တိုင် ဖေဖေနဲ့ဘွားဘွားကို ဖွင့်ပြောမှာပါ၊ ခုလည်း မင်းပျိုနဲ့ မြူခိုး အမြဲတွေ့နေနိုင်သားပဲ"

မြူခိုးက သက်ပြင်းချလိုက်သည်။ မမင်းပျိုကို သိုင်းဖက်ထားသောလက်များကို ဖြေလျှော့ချကာ ခုံတန်းလျားမှ ထလိုက်သည်။

"ကျွန်တော် မင်းပျိုကို သိပ်ချစ်ပါတယ်၊ ဒါကြောင့် မင်းပျိုစကား နားထောင်မယ်၊ ဒါပေမယ့် အကြာကြီးတော့ အချိန်ဆွဲမထားနဲ့နော်"

"အင်းပါ လူလေးရယ်"

မမင်းပျိုက ရယ်သွေးသွမ်းကာ မြူခိုးကို ကျီစယ်လိုက်သည်။

"လူလေး . . လူလေး၊ ဪ . . ဘဘုန်းက ကျွန်တော့်ကို ပြောခဲ့တယ်"

"ဘာပြောခဲ့သလဲ"

"လူလေး . စိတ်အလိုမလိုက်နဲ့၊ စိတ်အလိုလိုက်ရင် အမိုက်ဘက် ပါတယ်၊ စိတ်ကို နိုင်နင်းခြင်းဟာ အလိမ္မာ တိုးပွားစေတယ်





ပဲ"

"ဟုတ်တယ် မြူခိုး၊ ပညာရှိ သူတော်ကောင်းတွေရဲ့ အဆုံးအမတို့ နှလုံးသွင်းပြီး မင်းပျိုကို ချစ်တဲ့စိတ်ကို ဆုံးမထားနော်"

"ကျွန်တော် ကြိုးစားပါ့မယ်"

"ကတိမပေးဘူးလား"

"ယောကျ်ားကတိဆိုတာ လွယ်လွယ်နဲ့ မပေးရဘူး၊ ပေးပြီးရင် မဖျက်ရဘူး၊ တည်တံ့အောင် ထိန်းသိမ်းနိုင်မှ ယောကျ်ားကောင်းလို့ ဘဘုန်းက ဆုံးမထားတယ်၊ ဒါကြောင့် ကျွန်တော် ကတိတစ်ခုကို လွယ်လွယ်ကူကူနဲ့ မပေးချင်ဘူး"

မမင်းပျို ထိုင်နေရာမှ ထလိုက်သည်။ လရိပ်သည် စွေစောင်း၍ကျရောက်နေလေပြီ။

"အိပ်တော့ မြူခိုး . . . သန်းခေါင်ကျော်သွားပြီ"

"အိပ်ရမှာ နှမြောတယ်ဗျာ၊ မင်းပျိုနားမှာပဲ နေချင်သေးတယ်"

"မြူခိုးကလည်းကွာ . . ."

တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင် ရပ်မိကြသည်။ လရောင်ဆမ်းထားမှုကြောင့် ထင်သည်။ မြူခိုး၏အသားအရည်သည် ပို၍ဝင်းဝါတောက်ပြောင်နေသည်။

ညို့အားကောင်းသော မျက်ကြည်လွှာမှာ လင်းလက်လျက် မျက်ဆန်နက်နက်က မမင်းပျိုကို ညို့ငင်နေသည်ထင့်။

မမင်းပျို ခြေဖျားနှစ်ဖက် အသာအားယူကာ ဖနောင့်ကို ကြွလိုက်သည်။ သို့တိုင်အောင် မြူခိုးမျက်နှာနှင့် မနီးစပ်ချင်သေးသို့ကြောင့် မြူခိုး၏လည်ကုတ်ကို ဆွဲယူနှိပ်ကာ . .

"ငါလည်း နင့်ကို သိပ်ချစ်တယ် မြူခိုးရယ်"

ဟု တုန်ယင်စွာ ပြောပြီး လှုပ်လှုပ်ရွရွ နှုတ်ခမ်းလေးဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မြခိုးမျက်နှာပေါ် သို့ ထိကပ်လိုက်သည်။

မေးဖျားလေးကိုသာ နမ်းမိသွားသည်ထင့်။

မမင်းမျို ချာခနဲ လှည့်ကာ အိမ်ဆီသို့ ပြန်ပြေးခဲ့သည်။

မြခိုးသည် သူ၏မေးဖျားလေးကို ပွတ်သပ်ကာ ကြည်နူးရိပ် ရင်ခုန်လှိုက်မောလျက် တသသ ကျန်ရစ်ခဲ့လေသည်။

လမင်းက ကရော်ကရော်ပြုကာ တိမ်ညိုရိပ်ကြား တိုးဝင်ပုန်းရှောင်လေတော့သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၂၂)

"ဖေဖေပဲ မိခင်၊ ဖေဖေပဲ ဖခင်ဖြစ်နေတော့ ဖေဖေ ဒီ စကားကို မမေးချင်ဘဲ မေးရ၊ မပြောချင်ဘဲ ပြောရလိမ့်မယ်"

မမင်းပျို ခေါင်းငုံ့လိုက်သည်။ အပြစ်ရှိသူပမာ သိမ်ငယ်စွာ ခံစားလိုက်ရသည်။

"လူလေးကို လက်ထပ်ဖို့ သမီးရည်စူးလား"

မမင်းပျို မဆိုင်းမတွပင် ခေါင်းညိတ်ကာ. . .

"ဟုတ်ကဲ့ ဖေဖေ"

"လူလေးဟာ ဘယ်သူလဲ၊ ဘယ်က လာသလဲ၊ မိဘ ဘယ်





သူလဲ၊ ဘယ်လိုမျိုးရိုးက ပေါက်လာတာသလဲဆိုတာ သမီးစဉ်းစားမိ လား"

မမင်းပျို ရင်ခုန်သံ မြန်လာသည်။ စဉ်းစားသင့်သော ရေးကြီးသည့်အချက်တစ်ချက်ကို မမင်းပျို ဘာကြောင့် မေ့လျော့ ရသနည်း။

"သမီး. . သမီး. . အဲ့ဒီအချက်ကို မေ့နေခဲ့ပါတယ် ဖေ"

ဖေဖေက သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး. . .

"အင်း. . . ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် အရင်က မစဉ်းစား င် အခု စဉ်းစားရလိမ့်မယ် သမီး"

"သူ့အကြောင်း ဘယ်လိုလုပ် သိနိုင်မှာလဲ ဖေဖေ"

"သိနိုင်ပါတယ် သမီးရယ်၊ လူတစ်ယောက်ဆိုတာ ပုံပြင် ထဲကလို ဝါးထဲက သန္ဓေတည်ပြီး မွေးဖွားလာတာမှ မဟုတ်တာ၊ သာရာ ဇာတိရပ်ခံဒေသမှာ စုံစမ်းလိုက်ရင် ရပါတယ်"

မမင်းပျို၌ ဆက်ပြောစရာစကား မရှိတော့ပါချေ။

"ဒီကာလမှာ သမီးဘက်က အသက်အားဖြင့် လပိုင်းကြီး တစ်ဦးအနေနဲ့ကော လူ့လောကမှာ အတွေ့အကြုံ ရင့်ကျက်နေ တစ်ယောက်အနေနဲ့ကော ဖေဖေ သတိပေးချင်တာက. . ."

ဖေဖေက စကားစကို ဖြတ်ပြီး သက်ပြင်းတစ်ချက်ရှိုက်ကာ သူလိုက်သည်။ မမင်းပျို နားလည်ပါသည်။ ဖခင်တစ်ဦးအနေ မိခင်တစ်ဦး ပြောရမည့်စကားကို ရှေ့မျက်နှာ နောက်ထားကာ အားပြောနေရခြင်းဖြစ်သည်ဟု။ ထို့ကြောင့် စိတ်မကောင်းခြင်း အတူ. . .

"ဟုတ်ကဲ့. . . ပြောပါ ဖေဖေ၊ သမီးနားထောင်ပါ့မယ်"

ဖခင် ပြောအားရှိစေရန် တိုက်တွန်းလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . သမီးဟာ မိဘအပေါ် သိတတ်နားလည်သူ တစ်ယောက်အနေနဲ့ ဖေဖေ ယုံကြည်ပါတယ်၊ မောင်ကိုကိုနဲ့ ပ သက်ပြီး တစ်ရှက်ကနေ နောက်ထပ် နှစ်ရှက်မဖြစ်အောင် ဆင်ဆင်ခြင်ခြင် ထိန်းထိန်းသိမ်းသိမ်း နေပါလို့ ဖေဖေ မှာချင်တယ်၊ နောက်ပြီး လူလေးအပေါ်မှာလည်း ဘာမှ ကတိစကား မလွန်ပါစေနဲ့ကွယ်၊ သူ့ဘဝဟာ သနားစရာကောင်းပါတယ်၊ ဖေဖေတို့မေမေတို့အနေနဲ့ မွေးစားသားအနေနဲ့ကနေ သားအရင်းအနေနဲ့မခြား ချစ်ခင်ယုယ စောင့်ရှောက်သွားမယ်ဆိုရင် တစ်သက်လုံး စောင့်ရှောက်သွားနိုင်ပေမယ့် သမက်အနေနဲ့ကတော့ မျိုးရိုးဗီဇကို မသိသေးဘဲ မစဉ်းစားနိုင်သေးတာ အမှန်ပဲ သမီး"

မမင်းပျို ခေါင်းငုံ့ကာ ရစ်ဝဲချင်လာသောမျက်ရည်များကို သိမ်းဆည်းထားလိုက်သည်။

"ဖေဖေ ဒီစကားပြောလို့ သမီးဝမ်းနည်းသွားတာလား။ ရေရှည်အနာဂတ်အတွက် စဉ်းစားကြည့်ပါ သမီးရယ်၊ ဒါပဲ ဖေဖေ ပြောချင်တယ်၊ ကဲ. . . သွားသွား"

မမင်းပျို ဖေဖေ့အိပ်ခန်းထဲမှ ကျောခိုင်းလိုက်သည်နှင့် တပြိုင်နက် မျက်ရည်များက အတားအဆီးမဲ့စွာ ပိုးပိုးပေါက်ပေါက် ကျလာလေသည်။

ထို့ကြောင့် တောက်လျှောက်ပင် မိမိအိပ်ခန်းတွင်းသို့ ဝင်ကာ တံခါးကို ပိတ်လိုက်သည်။ တဆက်တည်း စာကြည့်စားပွဲ၌ ထိုင်ကာ မိမိခံစားနေရသမျှတို့ကို ထုံးစံအတိုင်း မင်းလွင်ထံသို့ စာရေးကာ ရင်ဖွင့်မိလေတော့သည်။

အချစ်ခရီးလမ်းသည် အမြဲတစေ ပန်းခင်းလမ်းချည်း မဟုတ်။ တစ်ခါတစ်ရံ ဆူးခင်းလမ်းလည်း ဖြစ်ပေါ်နေတတ်သည်။ မြူခိုးနှင့် မိမိအနေအထိုင်ကို ရိပ်မိသိရှိသွားကာ ဖခင်၏ ခေါ်ယူ





သတိပေးခြင်းကို ခံလိုက်ရသည်။

ချစ်သူတို့ ဘာသာဘာဝ တစ်ဦးနှင့်တစ်ဦး ကြင်နာမြတ်နိုး ယုယချစ်ခင် ဂရုစိုက်ခြင်းတည်းဟူသော လက္ခဏာရပ်များကို မိမိ မည်သို့ ချိုးနှိမ်ရမည်နည်း။

"ဒေါက်. . . ဒေါက်. . . ဒေါက်"

"မမကြီး. . . မမကြီး"

မိသေး၏အသံကြောင့် မမင်းပျိုက မျက်ရည်စများကို သုတ်ကာ 'အေး. . . လာမယ်' ဟု အသံပြုရင်း တို့ပတ်ပါးပါး ဖြီးလိုက်သည်။

တံခါးဖွင့်ပေးလိုက်တော့ မိသေးက ခပ်တိုးတိုးပင်. . .

"ကိုကိုလေးက မမကြီးကို မတွေ့လို့ ခေါ်ခိုင်းလိုက်ပါတယ်"

မြူခိုးကလည်း အပြင်မှ ပြန်လာလာချင်း မမင်းပျို မတွေ့ရမချင်း ရှာဖွေလေ့ရှိသည်။ တွေ့ရမှ ကျေနပ်ကာ သူလုပ်စရာရှိသည်များကို လုပ်လေ့ရှိသည်။ ချစ်သူ၏ဆန္ဒကို ဖြည့်စွက်ချင်သည်မှာ ချစ်သူတိုင်း၏ဆန္ဒဖြစ်သည်။

"အေး. . အေး. . လာခဲ့မယ်"

မိသေးက ပြုံးစိစိ မျက်နှာသေလေးဖြင့် ပြန်ဆင်းသွားလေသည်။ မိမိအား ခြောက်၍ ဘာမှမပြောဝံ့ခြင်းသာ ဖြစ်မည်။ မိမိတို့နှစ်ဦး မခွဲနိုင်မခွာရက် အခြေအနေကို အားလုံးက ရိပ်မိနေကြပြီ ထင်ပါသည်။ မမင်းပျို သက်ပြင်းချလိုက်ခြင်းဖြင့် သောကအစိုင်အခဲ၏အရိပ် မျက်နှာပြင်သို့ ပေါ်မထွက်ရေး ကြိုးပမ်းရှင်းလင်းလိုက်သည်။

သောကကို ချစ်သူအား မျှဝေမပေးရက်ပါချေ။ ကိုကို၏ မေတ္တာသည် မိမိကို မူးဝေလေရော့သလား။ ကိုကို့အား သတိရမိလိုက်သည်။ ကိုကိုနှင့်သာဆိုလျှင် ဖေဖေသည် အချိန်မရွေး ဝမ်း



www.burmeseclassic.com

www.burmeseclassic.com

မြောက်ဝမ်းသာစွာ လက်ထပ်ပေးရန် အသင့်အနေအထား ရှိခဲ့ ဖြစ်ပါသည်။

ယခုတော့ ဖေဖေပြောတာလည်း သဘာဝ ကျသည် မှန်ကန်ပါသည်ဟု မမင်းပျို့ နားလည်ခံယူထားသည်။

လှေကားပေါ်မှ တစ်ထစ်ချင်း ဖြည်းညင်းစွာ ဆင်းလာ သော မမင်းပျို့သည် လှေကားရင်းအရောက်၌ မိမိအား စူးစိုက် သောမျက်လုံး၊ စိုးရိမ်သောမျက်လုံးဖြင့် ငေးနေသောမြူခိုးကို တွေ့ လိုက်ရသောအခါမှ ကမန်းကတန်း မျက်နှာကို ပြင်လိုက်ပြီး. . .

"အိပ်ပျော်သွားလို့ မြူခိုးရာ၊ ရောက်နေတာ ကြာပြီလား ဟင်"

"နေမကောင်းလို့လား မင်းပျို့"

မမင်းပျို့အမေးကို မြူခိုးက မဖြေသေးဘဲ စိုးရိမ်မကင်း မျက်ဝန်းရိပ်ဖြင့် မမင်းပျို့၏မျက်နှာပြင်လေးကိုသာ ကြည့်ပြီး မေးလိုက်သည်။ မင်းပျို့ရင်ထဲ နင့်ခနဲ ခံစားမှုနှင့်အတူ. . .

"မတုတ်ပါဘူး. . . ညနေစောင်းကြီး အိပ်မိတော့ ခေါင်း က အုံတုံတုံနဲ့ ဖြစ်နေတာ"

"ဒါဖြင့် ရက်စ်တောရင့်ကို မလိုက်နိုင်တော့ဘူးပေါ့နော်"

မမင်းပျို့ လိုက်ချင်ပါသော်လည်း ရှိန္တာမကောင်းစွာဖြင့် ခေါင်းခါယမ်းလိုက်သည်။

"အင်းလေ. . . မင်းပျို့ ခေါင်းမကြည်ရင်လည်း နေခဲ့လေ ကျွန်တော်ပဲ သွားလိုက်မယ်၊ ဪ. . . သံပုရာရည်လေး သောက် ထားလိုက်ပါလား၊ ကျွန်တော် ဖျော်ပေးရမလား"

"ရပါတယ်. . . ရေသွားချိုးတော့နော်၊ မမင်းပျို့ ထမင်း ဆာနေပြီ"

"ကောင်းပြီ"





မြူခိုးက မမင်းပျို့မျက်နှာပေါ်မှ အကြည့်ကို မရုတ်သိမ်း နိုင် ရုတ်သိမ်းချင်နှင့် ရုတ်သိမ်းလိုက်ပြီးမှ. . .

"ကျွန်တော် တစ်နေ့လုံး လွမ်းနေတယ် မမင်းပျို့ရယ်"


ဟု တိုးတိတ်ညင်သာစွာ ပြောပြီး သူ၏အိပ်ခန်းဆီသို့ လျှောက်သွားလေတော့သည်။

မမင်းပျို့ရင်၌ နင့်နင့်သီးသီး နာကျင်ခံစားမှုလေး ဖြစ်ထွန်း သွားလျက် မြူခိုးအား ငေးကြည့်ကျန်ရစ်ခဲ့လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၃)

"ဖေဖေ ဘယ်သွားတာလဲ မင်းပျို"

ဖေဖေ လိုက်ပါသွားသောကားကို မျက်စိတစ်ဆုံး ကြည့်ရင်း ဝေဝါးလာသဖြင့် မျက်ရည်များကို သုတ်လိုက်မိသော မမင်းပျို သည် နောက်ပါးမှ အသံကြောင့် ရှုတ်တရက် လန့်ကာ ဆတ်ခနဲ တုန်သွားသည်။

ဘွားဘွားက ဘာမှမပြောဘဲ ပုတီးစိပ်ရင်း ခြည့်ခန်း၌ လမ်းလျှောက်နေသည်။ ဘွားဘွားသည် သူ၏အချစ်တော်မြေး မင်းလွင် နိုင်ငံခြား ထွက်သွားပြီးကတည်းက စကားနည်းသွားသည်။





အားလျှင် တရားထိုင်၊ ပုတီးစိပ်၊ ဘုရားစာအုပ်ဖတ်ခြင်းကြောင့်ဖြင့်သာ အနေများတော့သည်။ မြေးသံယောဇဉ်အပူမီးကို ဘုရား၏ တရားတော်များဖြင့် ငြိမ်းအေးအောင် ကုစားနေပုံရသည်။

"ကျွန်တော်မေးတာ ဖြေပါဦး မင်းပျို"

"ဘွားဘွား. . မင်းပျို ပန်းသွားခူးဦးမယ်နော်"

"အေး. . အေး. ."

ဘွားဘွားက အေးချမ်းစွာပင် ခွင့်ပြုလေသည်။ ဘွားဘွားသည် အကင်းပါးသောအဘွားကြီး ဖြစ်သည့်အားလျော်စွာ မြခိုးနှင့် မင်းပျိုတို့၏အခြေအနေကို မရိပ်မိဘဲ လုံးဝမနေ။ ရိပ်မိသိရှိနေ သည်မှာ မလွဲပေ။ သို့သော် မမင်းပျိုအား ယနေ့အထိ ထိုအကြောင်း နှင့် ပတ်သက်၍ စကားတစ်လုံးမှ မဟပါချေ။ သည်အတွက် မမင်း ပျို ရင်ထဲ၌ ထူးဆန်းသည်ဟူ၍တော့ အသိအမှတ်ပြုထားရင်း ဘွားဘွား ဖွင့်ဟလာမည့်နေ့ကို ရင်ထိတ်စွာ စောင့်စားနေမိသည်။

မြခိုးက မမင်းပျိုနောက်မှ ကပ်ပါလာသည်။

"မမင်းပျို ဘာဖြစ်နေတာလဲ"

"ဘာဖြစ်တယ်လို့ ထင်သလဲ မြခိုး"

"ကျွန်တော့်အထင်ကတော့ မင်းပျိုမှာ သောကတစ်မှုခုနဲ့ ကြုံနေတယ်လို့ ထင်တယ်"

"ဟုတ်တယ်"

"ကျွန်တော့်ကို မျှဝေမပေးနိုင်ဘူးလား"

"မင်းပျိုက မြခိုးကို သုခပဲ မျှဝေပေးချင်တာ၊ ဒုက္ခမျှဝေ ပေးချင်ဘူး၊ သောကဆိုတာ ဒုက္ခပဲ မဟုတ်လား မြခိုးရယ်. . . ဒါကြောင့်ပါ"

"ကျွန်တော်က မမင်းပျိုဆီက သုခထက် ဒုက္ခကိုသာ ယူချင်တဲ့သူပါ မင်းပျိုရယ်"


www.burmeseclassic.com

www.burmeseclassic.com



"မြူခိုးရယ်. . . နင် ဒီလိုစကားမျိုးလည်း ပြောတတ်တယ်နော်"

"ကျွန်တော်လည်း သာမန်လူသားပဲ မင်းပျို့ရယ်၊ ခံစားတတ်လာတာနဲ့အမျှ စကားတွေလည်း အလိုအလျောက် တတ်လာတတ်ပါတယ်"

"မင်းလွင်ကို အိပ်မက်မက်တယ် မြူခိုးရယ်၊ မင်းပျို့နဲ့သူဟာ အချင်းတစ်ခုတည်း အမြွှာမောင်နှမမို့လို့လား မသိပါဘူး။ သူ ဒုက္ခတစ်ခုခု ကြုံတွေ့ပြီဆိုရင် မင်းပျို့ အလိုအလျောက် ခံစားနေရတယ်လေ၊ တစ်ခါတစ်လေ အိပ်မက်အဖြစ် သူခံစားနေရတာကို မြင်လေ့ရှိတယ်"

မမင်းပျို့ မုသားမဆိုပါ။ မမင်းပျို့၌ လက်ရှိခံစားနေရသော သောကဝေဒနာနှစ်ရပ်အနက် တစ်ရပ်ကို မြှုပ်နှံပြီး တစ်ရပ်ကိုသာ ဖွင့်ဟလိုက်မိသည်။

"မင်းလွင်လည်း ကျွန်တော့်ကို ပြောဖူးပါတယ်၊ ကျွန်တော်တို့ဆီကို မင်းလွင် ရောက်လာကတည်းက မင်းပျို့တို့မိသားစုနဲ့ ကျွန်တော် ရင်းနှီးနေတာပါ၊ သူက အမြဲတမ်း မင်းပျို့တို့အကြောင်းကို ပြောပြနေခဲ့တာ၊ ကဲ. . . ပြောပါဦး၊ မင်းလွင် ဘာဖြစ်နေသလဲ"

"သင်္ဘောရဲ့အိပ်ခန်းထင်တယ်. . . ခပ်ကျဉ်းကျဉ်းပဲ၊ အဲ့ဒီမှာ ပက်လက်ကလေး ဖြစ်နေရှာတယ်၊ သူ့ကုတင်ကလည်း လှုပ်နေတာပဲ၊ မင်းပျို့အထင်တော့ လှိုင်းမူးတဲ့ဒဏ် ခံနေရတာလားလို့၊ အဲဒီလိုပဲ ဖြစ်ပါစေ၊ အခြား ဘာမှ ပြင်းပြင်းထန်ထန် မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမလို ဖြစ်နေတယ်"

"ဟုတ်မှာပါ. . . ဒီအတွက်တော့ မင်းပျို့ သိပ်စိတ်ထိခိုက်မနေပါနဲ့၊ ယောကျ်ားပဲ. . . စွန့်စားရမှာပေါ့၊ ကျွန်တော်တောင် မင်းပျို့ဆိုတဲ့သံယောဇဉ် မရှိခဲ့ရင် မင်းလွင်နောက် လိုက်သွားမိလိမ့်





မယ် ထင်တယ်"

"မလုပ်ပါနဲ့ မြူခိုးရယ်၊ အဲဒီလိုသာဆိုရင် မင်းပျို့ လွမ်းနာကျပြီး သေလိမ့်မယ်ထင်တယ်"

မမင်းပျို့၏နှလုံးသားမှ ယိုစီးထွက်ပေါ်လာသော သံယောဇဉ်စကားဖြစ်ကြောင်း မြူခိုး သိရှိနိုင်ပါ့မလား။

"ဒါထက် မြူခိုးမေးတာ မင်းပျို့ မဖြေသေးဘူးနော်"

မမင်းပျို့ ရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ စံပယ်ဆန်ကာလေးကို ကိုင်ထားသောလက်ပင် အနည်းငယ် တုန်လှုပ်သွားသည်။

"ဘာမေးတာလဲ"

"ဖေဖေ ဘယ်သွားလဲလို့"

"မြူခိုးကို ပြောမသွားဘူးလား"

"ပြောပါတယ်. . . ခရီးထွက်စရာရှိတယ်လို့ပဲ၊ ဘယ်ကိုလဲဆိုတာတော့ မပြောဘူး"

"မြူခိုးက မမေးလိုက်ဘူးလား"

"မမေးရဲဘူး"

"ဩော်. . . မြူခိုးရယ်၊ သတ္တိနည်းလှချည်လား"

"ကျွန်တော် သတ္တိနည်းတာ မဟုတ်ဘူး၊ ဖေဖေ့အပေါ် အဘုန်းလိုပဲ ချစ်ကြောက်ရိုသေတာပါ"

"ဖေဖေ အပန်းဖြေခရီး ထွက်သွားတာ ဘုရားတွေ လျှောက်ဖူးမယ်၊ ဟိုတယ်တွေမှာ နားမယ်၊ တည်းခိုမယ်လေ၊ မေမေ ဆုံးသွားပြီးကတည်းက မိခင်အတွက်၊ သားနဲ့သမီးအတွက်ဆိုပြီး အလုပ်ထဲ မြှုပ်နှံခဲ့ရသမျှဟာ အခုမှ ထွက်ပေါက်ရသွားတာလေ၊ မြူခိုး ကျေးဇူးပေါ့"

"မဟုတ်ပါဘူး. . . ကျွန်တော့်မှာသာ ဖေဖေတို့ရဲ့ကျေးဇူးတရားတွေ စုပုံနေတာပါ၊ ဒီကျေးဇူးတရားကို ဘယ်လိုနည်းနဲ့ ဆပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုတာတောင် ကျွန်တော်စဉ်းစားလို့ မရသေးပါဘူး"

"အပြန်အလှန်ပေါ့ မြူခိုးရယ်၊ ကဲ . . ရော့ . . ဘုရားပန်းသွားကပ်ပြီး တရားထိုင်လိုက်ဦးနော်၊ စီးပွားရေးနွံထဲ နစ်နေတာနဲ့ပဲ မြူခိုး လုပ်နေကျအလုပ်တွေ မလုပ်နိုင်တာကို မင်းပျိုက စိတ်မကောင်းဘူး သိလား"

"ဒီအတွက်တော့ ဘာမှ စိတ်မထိခိုက်နဲ့၊ မြူခိုးက မင်းပျိုတို့မိသားစုအတွက်ဆိုရင် အရာရာကို စွန့်လွှတ်ဖို့ ဝန်မလေးဘူး၊ မြူခိုးဘဝရဲ့ရှင်သန်ခြင်းဟာ မင်းပျိုပဲ"

"စကားသိပ်တတ်ပါလား မြူခိုးရယ်၊ အဲ့ဒီအပြောနဲ့ပဲ မင်းပျိုဘဝတစ်ခုလုံး ပျက်သုဉ်းရတော့မယ်ထင်ပါတယ် မြူခိုးရယ်"

ဟု ရင်တွင်း၌သာ ပြောလိုက်လေတော့သည်။

"မင်းပျိုလည်း မြူခိုးလိုပါပဲ"

"မင်းလွင်ဆီက စာလာတယ်၊ မြူခိုးနဲ့မင်းပျိုတို့အကြောင်း သူသိနေပုံရတယ်"

"ဟုတ်တယ် . . . မင်းပျိုတို့မောင်နှမကြားမှာ လျှို့ဝှက်မှု ဘာမှမရှိဘူး၊ မင်းလွင်က ဘာပြောလဲ"

"ကျွန်တော့်ကို ယောက်ဖလို့ ခေါ်တယ်"

"အို . ."

မမင်းပျိုက သဘောကျစွာ ရယ်မောလိုက်သည်။

"ပြီးတော့ ယောက်ဖရေ သိပ်လက်မနှေးနေနဲ့၊ ကိုယ့်အစ်မအကြောင်း ကိုယ်အသိဆုံးပဲ၊ သိပ်တွေဝေတတ်တာတဲ့လေ၊ သူ ဘာကိုဆိုလိုတာလဲဆိုတာ ကျွန်တော်နားမလည်ဘူး"

မမင်းပျိုက မြူခိုးအား မော့ကြည့်လိုက်သည်။ သူညာနေတာလား၊ ဟုတ်မည်မထင်၊ သူ့မျက်ဝန်းမှာ ကြည်လင်ရှင်းသန့်နေ ရှာသည်။





"အမြန်လက်ထပ်ခိုင်းတာပေါ့"

"ဒါဖြင့် . . ."

"ဖေဖေရဲ့အခြေအနေကို ကြည့်ပြီး ဖွင့်ပြောသင့်တဲ့အချိန်မှာ မင်းပျို ဖွင့်ပြောမှာပါ"

"အချိန်ဆိုတာ ဒီလောက်ကြာမြင့်တတ်လိမ့်မယ်လို့ မြူခိုးတစ်ခါမှ မတွေးခဲ့မိဖူးဘူး"

"ကိုင်း . . . မတွေးခဲ့မိရင်လည်း မတွေးနဲ့တော့၊ သွား . . . ဘုရားပန်းကပ်ချေတော့၊ တော်ကြာ အလုပ်သွားရဦးမှာ မဟုတ်လား"

"အင်းပါ"

နှစ်ဦးသား အိမ်ကြီးဆီသို့ လျှောက်လာစဉ် ဘွားဘွားအား အပေါ်ထပ် လေသာဆောင်၌ လမ်းလျှောက်ရင်း ပုတီးစိပ်နေသည်ကို တွေ့လိုက်ရသဖြင့် မမင်းပျို သက်ပြင်းခိုးချလိုက်မိသည်။

ဘွားဘွားကိုလည်း လျော့တွက်၍မရနိုင်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၄)

"မမင်းပျို"

"ရှင်. . . ဘွားဘွား"

"လှလေး သွားပြီလား"

"ဟုတ်ကဲ့"

"ဒါဖြင့် ခဏထိုင်ပါဦး"

ဘွားဘွား၏ ပလ္လင်ခံသော စကားကြောင့် မမင်းပျိုရင်ထဲ ထိတ်ခနဲ ဖြစ်သွားသည်။ မြူခိုးနှင့် ပတ်သက်၍ မမင်းပျိုရင်၌ အမြဲတမ်း ကျိုးလန့်စာစား ဖြစ်ခဲ့ရသည်။





"ဟုတ်ကဲ့ ဘွားဘွား"

ဘွားဘွားနှင့် မျက်နှာချင်းဆိုင် ဆက်တီ၌ ဝင်ထိုင်လိုက်သည်။

"မောင်ကိုကို ရောက်နေတာ ညည်းသိသလား"

"ရှင်. . . ဟုတ်လား၊ ဘယ်နေ့ကလဲ၊ ဘယ်တုန်းက ရောက်တာလဲ၊ မင်းပျိုလည်း မသိလိုက်ပါလား"

"ဘယ်သိမလဲ. . . မယ်မင်းအာရုံတွေက တစ်စုံတစ်ယောက်အပေါ် မှာပဲ စူးရှကျရောက်နေတာကိုး"

ဘွားဘွားထံ၌ ပျောက်ဆုံးနေခဲ့သော အငေါ် အတူးစကားတို့ ပြန်လည်ရောက်ရှိလာလေသည်။

"ဒါကတော့ ချစ်တာကိုး ဘွားဘွားရဲ့"

ဘွားအေ့အပေါ်၌ သူငယ်ချင်းပေါင်း ပေါင်းခဲ့သော မင်းပျိုအတွက် ဖုံးကွယ်နေစရာ မလိုသဖြင့် ခပ်ငေါ့ငေါ့ကလေး ပြန်ပြောလိုက်သည်။

"ချစ်တာတော့ ချစ်ပါအေ၊ ဒါပေမယ့် ပတ်ဝန်းကျင်တစ်ခုလုံးကို မေ့သွားလောက်အောင်တော့ မဖြစ်သင့်ဘူးအေ့"

"မင်းပျို ဘာဖြစ်နေလို့လဲ"

"ကျုပ်ထင်တယ်၊ ညည်းအဖေ ခရီးထွက်သွားခြင်းဟာ သွားရိုးသားရိုးမှ ဟုတ်ရဲ့လားလို့"

"ဟင်. . . ဘွားဘွားကို ဖေဖေ ဘာမှမပြောသွားဘူးလား"

မမင်းပျို အံ့ဩသွားရသည်။ ဖေဖေသည် အိမ်ရှိ လူသုံးယောက်ကို တစ်ယောက်တစ်မျိုးစီ ပြော၍ ခရီးထွက်သွားသည်။

"အလုပ်ကိစ္စလို့တော့ ပြောတာပေါ့၊ ဘမောင်ကို ခေါ်သွားတယ်ဆိုတော့ ကျုပ်စဉ်းစားရတာပေါ့၊ အလုပ်ကိစ္စဆိုရင် ဘယ်တုန်းက ဘမောင်ကို ခေါ်သွားဖူးလို့လဲ၊ သူ့ပီအေနဲ့ပဲ သွားတာ၊ အခု

www.burmeseclassic.com



ရုံးက စာရွက်စာတမ်းလည်း ယူတာ မတွေ့ဆိုတော့ ကျုပ်စိတ်ထဲမှာ အလုပ်ကိစ္စ ခရီးသွားတာ မဟုတ်ဘူးလို့ အလိုလို သိနေတယ်"

မမင်းပျို့ ရုတ်တရက် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။ ဖေဖေသည် သူ့မိခင်အား ပျော်ရွှင်စေနိုင်သောသုခမှုအပ ဒုက္ခကို မျှဝေမပေးတတ်ကြောင်း မမင်းပျို့ သိရှိနေသည်။

ထို့ကြောင့် မမင်းပျို့ အလိမ္မာ သုံးလိုက်သည်။

"မင်းပျို့ကိုတော့ ဖေဖေ စိတ်ပြေလက်ပျောက် ခရီးထွက် လိုက်ဦးမယ် သမီးလို့ ပြောသွားတယ်၊ မင်းပျို့အထင်ပြောရရင် ကိုကို ရောက်နေတာနဲ့များ ပတ်သက်မလားပဲ၊ ကိုကိုနဲ့မင်းပျို့ကိစ္စမှာ ဖေဖေ ခံစားရလိမ့်မယ် ထင်တယ်"

ဘွားဘွားက စဉ်းစားဟန်နှင့် တွေဝေနေပြီးမှ . . .

"ဒါလည်း ဖြစ်နိုင်တယ်၊ အဲဒီသတင်းကြားပြီးကတည်းက တရှောင်ရှောင်နဲ့ ဖြစ်တာပဲ မဟုတ်လား၊ ဒါပေမယ့် နောက်ပိုင်း တော့ လန်းလန်းဆန်းဆန်းပါပဲ၊ ခုတလောသာ ပြန်ငြိမ်သွားတာ ဆိုတော့ ကျုပ်လည်း ကျုပ်သားဝမ်းထဲ ဘာတွေဖြစ်နေတယ်ဆိုတာ မသိပေမယ့် သူ့မျက်နှာရိပ်ပေါ်က သောကတွေကိုတော့ မြင်တတ် ပါတယ်"

"ဒီလိုဆို ဘွားဘွားသိချင်တာတွေ ဖေဖေ့ကို ဖွင့်မေးလိုက် ပါလား၊ မင်းပျို့ကို မေးတော့ မင်းပျို့ ဘာသိမှာလဲလို့"

ဟန်ဆောင်ခြင်းထက် ပင်ပန်းဆင်းရဲသောအလုပ် မမင်း ပျို့အတွက် ရှိမည်မထင်ပါ။

"ကျုပ်ထင်တာ ညည်းသိနေသလားလို့"

"ကြံကြံဖန်ဖန် ဘွားဘွားရယ်၊ ဒါထက် စကားမစပ် မေးရ ဦးမယ်၊ ကိုကို့အမျိုးသမီးကော ပါလာသလား"

"ပါမလာဘူးတဲ့"





"ဘွားဘွားက ဘယ်လိုလုပ် သိလဲ"

"မနေ့က ညည်းစတိုးဆိုင်ကို လိုက်သွားတုန်း ကိုကိုတို့ အိမ် လာတယ်၊ ချင်းတောင်လက်ဆောင်အဖြစ် ပန်းသီးတွေနဲ့ ကျုပ်အတွက် ချင်းစောင်တစ်ထည် လာပို့တာလေ၊ မောင်ကိုကို အသားနည်းနည်းညိုသွားတယ်၊ အရင်ကထက် ရင့်ကျက်လာသလို ပဲ"

"ဘွားဘွားက နှမြောနေသလား"

"ကံတရားပေါ့"

"မြူခိုးနဲ့ကော"

"ဒါလည်း ကံတရားပဲ၊ ကိုယ့်ကြမ္မာကိုယ် ဖန်တီးကြပေါ့။ ကျုပ်တုန်းကလည်း ကျုပ်ကြိုက်ရာ ကျုပ်ရွေးတယ်ဆိုပေမယ့် မိဘ တွေက သူတို့ သဘောကျတာတွေကိုသာ အိမ်ခေါ်လေ့ ရှိတာ ဆိုတော့ ကျုပ်အတွက် အဆင်ပြေခဲ့တာပေါ့၊ ဒါပေမယ့် ညည်းတို့ ကိစ္စကိုတော့ ကျုပ်သားဖြစ်ပေမယ့် ကျုပ်မမေးရဲပါဘူးတော်"

"ဖေဖေ့ဆန္ဒကို အသာထားပါ။ မင်းပျို့က ဘွားဘွားဆန္ဒ သိချင်တာ"

"ကျုပ်ကတော့အေ. . . လူလေးလည်း ကျုပ်မြေးဖြစ်နေ သေးတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲပဲ ဖိတ်စေချင်တာပေါ့၊ သူငယ်လေးဟာ အင်မတန် တတ်မြောက်လွယ်ပြီး အမှတ်သညာ သိပ်ကောင်းတဲ့လူလေးကွယ့်၊ ညည်းကို ကောင်းကောင်းဦးဆောင် သွားနိုင်လိမ့်မယ်၊ မင်းလွင်ထက်တောင် သူက စီးပွားရေးမျက်စိ ရှိနေသေးတာ အံ့သြစရာပဲ၊ လူတော်လေးပဲ၊ ဘာသဘောမတူစရာ ရှိသလဲ၊ ဒါပေမယ့် မျိုးရိုးဇာတိက လိုသေးတယ်၊ လူလေးအရ ဆိုရင် မျိုးကောင်းလေးဖြစ်မှာပါ"

မမင်းပျို့၏မျက်နှာပြင်တစ်ခုလုံး သကာဆမ်းထားသည့်



www.burmeseclassic.com

www.burmeseclassic.com



နှယ် ချိုမြသွားပြီး ဘွားအေ၏ပါးပြင်တွဲတွဲနှစ်ဖက်ကို ဘယ်ပြ ညာပြန် နမ်းရှုံ့လိုက်သည်။

"ဖေဖေ့ကို ကူပြောပေးနော် ဘွားဘွား၊ မင်းပျို့ လူလေး လွဲရင် ဘယ်သူနဲ့မှ မယူတော့ဘူး သိလား"

"ဒါလည်း ကောင်းသားပဲ၊ အပျိုကြီးဆိုတော့ အဖေ့ တစ်သက်လုံး ပြုစုနိုင်တာပေါ့အေ"

"ဟင်. . . ဘွားဘွားကလည်း၊ အိမ်ထောင်ပြုလည်း မင်း တို့က ဥမကွဲသိုက်မပျက် နေမှာပါ၊ ဖေဖေနဲ့ဘွားဘွားကို အမြဲပြု သွားမှာ၊ မင်းပျို့ အလုပ်မလုပ်တာတောင် ကြည့်လေ၊ ဘွားဘွားတို့ အပေါ် ပြုစုရတဲ့အခွင့်အရေး နည်းသွားမှာစိုးလို့"

မြူခိုး၏ဝန်တိုခြင်းကို ဖုံးကွယ်၍ ဘွားဘွားကျေနပ်စေရန် ပြောလိုက်သည်။

"ရပါတယ်. . . မညွှက်လည်း အပြုအစု တော်ပါတယ် နော်"

ဘွားဘွား၏တူမဝမ်းကွဲဒေါ်ညွှက်သည် ဘွားဘွား ဝတ် ကြီးဝတ်ငယ်၊ ဆေးပေးမီးယူ ဘုန်းကြီးကျောင်း သွားဖော်သွားဖက် အဖြစ် အဖော်ရရှိနေလေပြီ။ မီးဖိုချောင်ကိစ္စအဝဝကတော့ မမင်း ပျို့နှင့် မိသေးသာ တာဝန်ယူ ဆောင်ရွက်ပေးနေရသည်။

"ဒွေးလေး. . . ရေချိုးရအောင်၊ တောင်နံ့ကတိုး သွေးပြီး ပြီ"

"အေး. . . အေး"

"ဒေါ်လေးညွှက်က ဘာဖြစ်လို့ ကရမက် မသွေးပေးတာ လဲ"

"ကရမက်က အေးတယ်လေ မိန်းကလေးရဲ့"

"အရေးလုပ်ပြီး ပြောမနေနဲ့ မညွှက်၊ အဲ့ဒါ ကျုပ်ကို





တ်သက်ရန်စနေတာ ညည်းမသိဘူးလား၊ လာ. . . သွားမယ်"

မမင်းပျို့ သဘောကျစွာ ရယ်လိုက်သည်။ ကရမက်ကို ဘွားကြီးနဲ့ နံတယ်ဆိုကာ ဘယ်သောအခါမှ မလူးတတ်သော ဘွားဘွားကို တမင်ကျီစယ်ခြင်းဖြစ်သည်။ ဘွားဘွားနှင့်ဒေါ်ညွှက် အားထက် တရွေ့ရွေ့ တက်သွားသည်ကို ကြည့်ရင်း မမင်းပျို့ ရယ်ရပ်လိုက်မိသည်။ နောက်. . .

ကိုကို့အား တွေ့သင့်၏လော မတွေ့သင့်၏လောကို င်းပျို့ စဉ်းစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂၅)

ကိုကို့အား ဖုန်းဆက်ခေါ်လိုက်သည်။ ကိုကိုက အံ့အားသင့်သွားရာမှ ချက်ချင်းလာခဲ့ပါ့မယ်ဟု ပြောပြီး မကြာမီအတွင်း ရောက်ချလာသည်။

"လာ. . . ကိုကို၊ မုန့်ဟင်းခါး စားရအောင်"

မမင်းပျိုက ထမင်းစားခန်းသို့ တန်းခေါ်ခဲ့လေသည်။

"ကိုကိုအသားတွေ ညိုသွားတယ်"

"ရေမြေရာသီဥတုရဲ့ဒဏ်တွေပေါ့ မမင်းပျိုရယ်"

"ကိုကို လာလည်တာလား"





"အွန်ဂျူတီဆိုပါတော့"

မမင်းပျို ကိုကို့အတွက် ငါးဖယ်ညှပ်ထည့်ပေးပြီး ဟင်းရည်ဆမ်းပေးလိုက်သည်။

"စားပါ ကိုကို၊ ချင်းတောင်မှာ မုန့်ဟင်းခါး ဘယ်ရနိုင်မလဲနော်"

"အသားတွေကတော့ ရပါတယ်၊ ဒါပေမယ့် ကြာတော့ အသားညှီနံ့တွေ ကိုကို မခံနိုင်လို့ အသီးအရွက်နဲ့ ကြက်ဥလောက်ပဲ စားဖြစ်တာ များတယ်"

မမင်းပျိုက တည်ငြိမ်ရင့်ကျက်သော ကိုကို့မျက်နှာပြင်ကို သိမသာ အကဲခတ်ရင်း ကိုကို့အား မေးရန် ရည်ရွယ်ထားသော စကားတို့ကို မေးသင့်မမေးသင့် ချိန်ဆလိုက်သည်။

"ကောင်းတယ် မမင်းပျို၊ ဒါ မင်းပျိုလက်ရာပဲ မဟုတ်လား"

"ကိုကို မမင်းပျိုလက်ရာ မမေ့သေးဘူးကိုး"

"မမေ့ပါဘူး. . . မမင်းပျိုနဲ့ ပတ်သက်သမျှတွေကို ကိုကို အမြဲတမ်း သတိရလျက်ပါ"

"ငရုတ်သီးမှုန့်လေး ထည့်စားပါလား ကိုကို"

"ကိုကို ဘယ်တုန်းက စားဖူးလို့လဲ၊ မမင်းပျိုက ကိုကိုနဲ့ ပတ်သက်ပြီး အရာရာကို မေ့လျော့နေပြီ ထင်ပါရဲ့"

ကိုကိုက စိတ်ထိခိုက်စွာဖြင့် ပြောလိုက်သည်။ မမင်းပျိုက ခေါင်းခါကာ ကိုကို့အား ချွေးသိပ်စေလိုက်သည်။

"မဟုတ်ပါဘူး ကိုကို၊ ဒေသပြောင်းသွားတဲ့ကိုကိုဟာ အစားပါ ပြောင်းသွားသလားလို့ပါ"

"ကိုကို အပြောင်းအလဲ မြန်ဆန်တတ်သူ မဟုတ်ပါဘူး မမင်းပျို၊ ရှိတာနဲ့ တင်းတိမ်ရောင့်ရဲတတ်တဲ့ အလေ့အထတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကို့မှာ တိုးပွားလာသလို လောကစံရဲ့ ရိုက်ပုတ်ခြင်းကိုလည်း ကြံ့ကြံ့ခံနိုင်တတ်လာပါပြီ”

ကိုကိုက စားသောက်ရင်း အေးဆေးစွာပင် စကားများ ပြောနေလေသည်။

“ထပ်ထည့်ဦးလေ ကိုကို”

“တော်ပြီ. . . အိမ်မှာလည်း မေမေက တစ်မျိုးပြီးတစ်မျိုး လုပ်ကျွေးနေတာ၊ ကြာဆံချက် သောက်ခဲ့ရသေးတယ်၊ လာ. . . ဧည့်ခန်းမှာ စကားသွားပြောရအောင်”

ကိုကို၏ထိန်းချုပ်မှုကို မမင်းပျို လေးစားသွားသည်နှင့် အမျှ မြူခိုးရောက်လာကာစက ကိုကို၏သဝန်တိုခြင်းအပေါ်၌ အထင်အမြင်သေး ဖြစ်ခဲ့မိခြင်းကိုလည်း နောင်တရသွားမိလေသည်။

“မမင်းပျိုတို့ အဆင်ပြေကြရဲ့လား”

“ဘာကိုလဲ ကိုကို”

“မြူခိုးနဲ့လေ”

မမင်းပျို ခေါင်းညိတ်လိုက်သည်။ ရှက်သွေးဖြန်းသော မျက်နှာကို ကိုကိုတွေ့သွားမှာ စိုးရိမ်ပါသည်။

“လူကြီးတွေကကော”

မမင်းပျို ရင်ခုန်သံ မြန်သွားသည်။

ကိုကို့အား မော့ကြည့်ရန်လည်း မဝံ့မရဲ ဖြစ်မိသဖြင့်. . .

“ဘာမှမပြောကြသေးပါဘူး”

“မသိကြသေးလို့လား”

“ဆိုပါတော့”

“မမင်းပျိုက ဖွင့်မပြောဘူးလား”

“အချိန်မတန်သေးလို့ပါ”





“ကိုကို့အကူအညီ လိုသေးလား”

“ရပါတယ် ကိုကို၊ ကိုကိုကော အဆင်ပြေရဲ့လား”

“ပြေပါတယ်. . . ဝါသနာပါတဲ့အလုပ်ကို လုပ်နေရတဲ့သူအတွက် ငြီးငွေ့ခြင်းဆိုတာ မဖြစ်ပါဘူး”

မမင်းပျို ကိုကို့အား မော့ကြည့်လိုက်သည်။ ကိုကို့အပြုံးက အေးချမ်းနေသည်။

မမင်းပျိုအား အားပေးသောအပြုံး၊ နှစ်သိမ့်သောအပြုံးဖြင့် ပြုံးပြကာ. . .

“ကိုကို မမင်းပျိုမှ အဆင်ပြေပါ့မလားဆိုတာကိုတော့ စိတ်ပူနေမိတယ်”

“ကိုကို”

“ဘာလဲ ညီမ”

“ကိုကို လက်ထပ်တယ်ဆိုတာ တကယ်လား”

ကိုကို့အကြည့်က မမင်းပျိုထံမှ ရှောင်လွှဲကာ သက်ပြင်းချပြီး မတ်တတ်ရပ်လိုက်သည်။

“ကိုကို အမှန်အတိုင်း ဖြေလိုက်ရင် မမင်းပျိုအတွက် အကျိုးရှိမယ် မထင်လို့ ကိုကိုမဖြေတော့ဘူး၊ မမင်းပျို ဒီအတွက် ကိုကို့ကို ခွင့်လွှတ်ပါ၊ ကိုကို့အပေါ်မှာ အများလက်ခံသလိုပဲ လက်ခံနားလည်ထားပါလို့ ကိုကို ပြောချင်တယ်၊

ကိုင်း. . . ကိုကို အပြင်သွားစရာရှိသေးလို့ ပြန်တော့မယ်၊ မမင်းပျိုအတွက် ကိုကို လက်ဆောင်တွေ ဝယ်ခဲ့ချင်ပေမယ့် မဝယ်ခဲ့တော့ဘူး၊ ဘာဖြစ်လို့လဲ သိလား မမင်းပျို”

မမင်းပျို ခေါင်းခါလိုက်သည်။

“မမင်းပျိုနဲ့ မြူခိုးတို့ရဲ့အကြားမှာ ကိုကို့အတွက် အနှောင့်အယှက် မဖြစ်စေချင်လို့ပါ၊ ကိုကို သွားမယ်နော် မမင်းပျို”



www.burmeseclassic.com

www.burmeseclassic.com



မမင်းပျို ခေါင်းညိတ်လိုက်သည်။

ကိုကိုက လေးကန်သောခြေလှမ်းများဖြင့် မမင်းပျိုအား ကျောခိုင်းကာ ထွက်သွားသည်။ မမင်းပျိုသည် ကျောက်ဆစ်ရုပ် သဖွယ် ရပ်နေရာမှ စာကြည့်ခန်းသို့ ပြေးဝင်လိုက်သည်။

စာကြည့်ခန်း ပြတင်းပေါက်လိုက်ကာကို အသာလှပ်ကာ ကိုကိုပြန်နေကျလမ်းကို ကြည့်လိုက်မိသည်။ ကိုကိုသည် တစ်ယူဇနာ ပင်အုံနံဘေး၌ တွေတွေကြီး ရပ်နေသည်ကို တွေ့လိုက်ရသည်။

မမင်းပျို လိုက်ကာကို ပြန်ချလိုက်သည်။

တစ်ယူဇနာပင်လေးများသည် ကိုကို့အား တိုင်ကြားနေပေ လိမ့်မည်။

ကိုကို မရှိကတည်းက မမင်းပျိုသည် သူတို့အပါးသို့ ရောက်မလာဘဲ မြူခိုးအပါး၌ ရစ်ဝဲနေတတ်သည်ဟု. . .။







# အခန်း(၂၆)

"မင်းပျို. . မင်း. . မင်း. . "

"ဟင်. . မြူခိုး. . နင် ဒါဘာလုပ်လာတာလဲ"

"မင်း ကျုပ်ကို ညာတယ်၊ ကျုပ်ကို တောသားအအဆိုပြီး တစားနေတာလား"

မမင်းပျို ရုတ်တရက် အံ့အားသင့်လွန်းသဖြင့် ဘာလုပ်ရမှန်း မသိအောင်ဖြစ်မိသည်။ မြူခိုး အရက်မူးလာသည်။

"ကျုပ် လူဗျ. . လူ. . အရုပ်မဟုတ်ဘူး၊ ခံစားတတ်တဲ့ အသည်းနှလုံးက ကိုကို့မှာ ရှိသလို ကျုပ်မှာလည်း ရှိတယ်ဆိုတာ မင်းသိရဲ့လား မင်းပျို"

"တိုးတိုးပြောစမ်း. . . ဘွားဘွားနိုးသွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



စောစောကမှ ဘွားဘွားကို မမွေပဒ ဖတ်ပြရာ ဘွားဘွား အိပ်ပျော်သွားခဲ့သည်။ 'မင်း' စားတော်ဆက်သို့ သွားရောက် ကြီးကြပ်ကွပ်ကဲပြီး ပြန်လာသောမြူခိုးသည် မမင်းဖျို့ လုံးဝမျှော် လင့်မထားသော အခြေအနေမျိုးဖြင့် ပြန်လာသည်။

"ကျွန်တော် ဘွားဘွားကိုလည်း လေးစားပါတယ်၊ ဖေဖေ့ ကိုလည်း လေးစားတယ်၊ မမင်းပျို့ကိုလည်း လေးစားတယ်၊ ပြီးတော့ မြတ်နိုးတယ်၊ ပြီးတော့ သိပ်ကိုလည်း ချစ်ပါတယ်ဗျာ၊ ဒါကြောင့်လေ ကျုပ် မင်းကို ဆုံးရှုံးရမှာ သိပ်ကြောက်တယ်၊ ကြောက်လွန်းလို့လေ စိုးရိမ်လွန်းလို့ မိုးပြိုမှာစိုးတဲ့တစ်တီတူးလေး ဇောက်ထိုးအိပ်သလို ကျုပ်ကလည်း မင်းပျောက်သွားမှာစိုးလို့ မျက်စိဖွင့် နားကို အစွမ်း ကုန် ဖွင့်ပြီး နေနေရတဲ့အကောင်ပါဗျာ"

"ဒီမှာ မြူခိုး. . . နင်စိတ်မချရအောင် ငါက ဘာလုပ်နေ လို့လဲ"

"မင်းဘာလုပ်တယ်ဆိုတာ မင်းအသိဆုံးပဲ နေမှာပါ၊ ကျုပ် လာတာ မသိရလောက်အောင် မင်းအဆက်ကြီးနဲ့မင်း ထမင်းစား ခန်းမှာ ကြည်နူးနေလိုက်တာ၊ ကျုပ်ရင်ထဲမှာ ဘယ်လောက်ခံစား လိုက်ရတယ် ထင်သလဲ၊ ကျုပ်လေ ရူးသွပ်သွားမလား၊ အသည်းပဲ မွမွပျက်သုဉ်းပြီး သေသွားမလားဆိုတာ ဘယ်လိုမှ ပြောမပြတတ် အောင်ကို ခံစားလိုက်ရတာပါ။

မင်းပျို့ရာ. . . ကျုပ်ကို မင်း မချစ်ဘူး မဟုတ်လားဟင်၊ ချစ်ဟန်ဆောင်နေတာ မဟုတ်လား. . . ပြောစမ်းပါ၊ ကျုပ်ကို လက် မထပ်ရဲတဲ့ မင်းနှလုံးသားကို ကျုပ် ဘယ်လိုလုပ် ယုံကြည်ရတော့ မလဲ မင်းပျို့"

"မြူခိုး. . . မူးနေရင် အိပ်တော့နော်၊ မနက်အမူးပြေမှ ဆွေးနွေးကြတာပေါ့"





"မူးနေပေမယ့် ကျုပ်အားလုံးသိတယ်၊ အမြည်းလည်း သက်သက်လွတ်ပဲ မြည်းခဲ့တဲ့ကောင်ပါဗျာ"

"ဩော်. . . အရက်တော့ သောက်ပြီးတော့မှား သက် သတ်လွတ် ပျက်မှာကျတော့ ကြောက်တယ်လား"

"အရက်သောက်တာ ဘာဖြစ်လဲ၊ သူများအသက်သတ်တာ မဟုတ်ဘူး၊ စိတ်ညစ်ရင် အရက်သောက်ရတယ်တဲ့၊ ကိုအေးမောင် တို့ ပြောကြတယ်၊ ကျုပ်ပျော်အောင် သူတို့ ဖန်တီးပေးကြတာပါ၊ ဒါပေမယ့် မငြိမ်းပါဘူး၊ ကျုပ်ရင်ထဲက မီးတောက်ကြီးကလေ လုံးဝ ငြိမ်းသွားဘူး၊ ပိုပြီးတော့ တောက်လောင်လာတယ်"

အာလေးလျှာလေးဖြင့် ပြောချင်ရာပြောနေသော မြူခိုး အား ကရုဏာဒေါသဖြင့်. . .

"ငါ အရက်သောက်တာ မကြိုက်ဘူး မြူခိုး"

"ဗျာ. ."

မြူခိုး ဆိုဖာထက်မှ ထရန် ကြိုးစားသော်လည်း သူ့ကိုယ် သူ မနိုင်ဘဲ ပြန်လဲကျသွားလေသည်။ မမင်းပျို့ စိတ်ညစ်ရာမှ ရယ် ချင်သွားလေသည်။

"ဒါဖြင့် ကျုပ်ကို စိတ်မညစ်အောင် ထားပါလား မင်းပျို့ရာ၊ ကျုပ်လေ မင်းကို တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်တယ်၊ ယမင်းရုပ် လေးတစ်ရုပ်လို သိမ်းထားချင်တယ်၊ ဘယ်ယောကျ်ားနဲ့မှ စကား ပြောတာ မကြိုက်ဘူးဗျာ၊ ကျုပ်ရူးနေတာလား၊ အဲ့ဒါ ရူးနေတာ လား"

"ကဲ. . . မြူခိုး အိပ်ချေတော့"

မျက်လုံးမှေးစင်းသွားသော မြူခိုးကို ကြည့်ရင်း မမင်းပျို့ ပြောလိုက်သည်။

"ကျုပ် ထာဝရ အိပ်ပျော်ချင်နေတယ် မင်းပျို့ရာ၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မျက်လုံး၊ ကျုပ်ခေါင်း၊ ကျုပ်ရင်ထဲက မင်းပျောက်နေမှာ၊ ဒါပေမယ့် ပျောက်မှာ မဟုတ်ဘူးဆိုတာ ကျုပ်သိသွားပြီ၊ မူးလည်း မပျောက်ဘူး၊ ရူးလည်း ပျောက်မှာမဟုတ်ဘူး၊ ကျုပ်ကို မင်းပြုစားနေတာလား မင်းပျိုရယ်၊ ကျုပ်လေ ကျုပ် မင်းကို မင်းပျိုကို့ သိပ်ချစ်တယ်. . ချစ်တယ်. . ချစ်တယ်. . ချစ်. . ”

မြူခိုး၏အာလေးလျှာလေးအသံသည် တိုးတိတ်သွားရာမှ ပျောက်ကွယ်သွားလေသည်။ ကလေးတစ်ဦးနှယ် အိပ်ပျော်သွားရှာသည်။

မမင်းပျို သက်ပြင်းတစ်ချက်ရှိုက်လိုက်ပြီး မြူခိုးအိပ်ခန်းအတွင်းမှ စောင်နှင့်ခေါင်းအုံးကို ယူကာ မြူခိုးခေါင်းအောက် ထိုးပေးပြီး စောင်ခြုံပေးလိုက်သည်။ တစ်ဆက်တည်း ပစ်ချထားသောအတက်ချိုကွေ့စ်ကို သိမ်းဆည်းလိုက်ရသည်။


ထို့နောက် အိမ်တံခါးများကို စစ်ဆေးပြီးနောက် မြူခိုးကို သေသေချာချာ ကြည့်လိုက်သည်။

သူ့အား မထားရက်သလို ခံစားလိုက်ရပါသော်လည်း ဖခင်မှာစကားကို ကြားယောင်သဖြင့် မီးချောင်းကို ပိတ်ကာ အလင်းဖျော့မီးကိုသာ ထွန်းခဲ့ပြီး အပေါ်ထပ်သို့ တစ်လှမ်းချင်း လှမ်းတက်ခဲ့လေသည်။ သဝန်တိုတာကို သဘောထားသေးခြင်းဟု မမှတ်ယူနိုင်ခြင်းကို မမင်းပျို အံ့ဩမိသည်။

နှလုံးသားသည် လူ့စိတ်ကို စိုးမိုးနိုင်စွမ်း ရှိကြောင်းကို သဘောပေါက်မိသည်နှင့်အမျှ မြူခိုး၏သဝန်တိုခြင်းကို အချစ်၏သင်္ကေတအဖြစ် ခွင့်လွှတ်စိတ်က မမင်းပျိုအား ကြီးစိုးလျက်။







# အခန်း(၂၇)

“ညက ဘယ်လိုဖြစ်တာလဲ မယ်မင်းပျို”

မမင်းပျို ဘုရားဆီမီးကပ်နေသောလက်သည် ဆတ်ခနဲ တုန်ခါသွားသည်။ ဘွားဘွားသည် ညက အဖြစ်အပျက်ကို အလုံးစုံ မကြားနိုင်သော်လည်း အဖြစ်အပျက်ကိုတော့ ရိပ်မိသိရှိပြီးဖြစ်မည်။

“ဘုရားဝတ်ပြုလိုက်ဦးလေ. . . ပြီးမှ ပြောပါ့မယ်”

“အင်း. . . အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရဆိုတာ သိပ်မှန်တာပဲ၊ အင်း. . . အနိစ္စ၊ ဒုက္ခ၊ အနတ္တ”

ဘွားဘွားက ပြောပြောဆိုဆို ဘုရားရှိခိုးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မမင်းပျိုလည်း ဦးချပြီး အောက်ထပ်သို့ ဆင်းခဲ့သည်။ ယခင် အိပ်ရာထ အစောဆုံးမှာ ဘွားဘွားနှင့်မြနိုးသာဖြစ်သည်။

ယနေ့တော့ မမင်းပျို လုံးဝအိပ်မပျော်သဖြင့် အရင်ဆုံး ထဖြစ်ခဲ့သည်။ ဒေါ်ညွှက်လည်း ရေနွေးအိုးတည်ပြီး မနက်စာ အတွက် စီစဉ်နေသည်။

မမင်းပျို ဧည့်ခန်း၌ အိပ်ပျော်နေသောမြနိုးထံသို့ အသာ အနားကပ်ကာ ကြည့်ရှုလိုက်သည်။ အပြစ်ကင်းသောကလေးတစ်ဦး နှယ် နှစ်ခြိုက်စွာ အိပ်မောကျနေရှာသည်။

သူ၏အေးချမ်းသော အဖြူရောင်ဘဝကို အရောင်ဆိုးပေး လိုက်သူများမှာ မိမိတို့မိသားစုများသာ ဖြစ်နေပြီလော။ အထူး သဖြင့် မိမိသည်သာ. . .။

အို. . . ချစ်ခြင်းမေတ္တာဆိုသည်မှာ တားဆီး၍မရသော အရာတစ်ခုပေပဲ။

ထိုအပေါ် အရွယ်ရောက်လာသောလူသားများဖြစ်သည့် မိမိတို့သည် သဘာဝတရားတစ်ခုအရ အချစ်ကို ဖွင့်ဟခံစားမိကြ ခြင်းသည် မှားယွင်းခြင်းလော။

မမင်းပျိုရင်တွင်း၌ မကျေမနပ် ဖြစ်မိသည်။ လောကကြီး ကိုလား၊ မြနိုးမိဘများကိုလား၊ ဝန်တိုတတ်သောမြနိုးကိုလား၊ မျိုးရိုး ကို ကြည့်တတ်သော ဖေဖေ့ကိုလား၊ ဘာကိုမှ ဝေခွဲမရနိုင်ချေ။

မမင်းပျို မြနိုးကို အသာနှိုးလိုက်သည်။ ဤမြင်ကွင်းမျိုး ဘွားဘွားအား မတွေ့စေလိုပါ။

"မြနိုး. . မြနိုး. ."

"အင်. . ."

အအိပ်ဆတ်သောမြနိုးသည် ချက်ချင်းပင် နိုးလာသည်။ မမင်းပျိုကို မြင်သောအခါ လန်းဆန်းစွာပင် ပြုံးပြသဖြင့် မမင်းပျို





အံ့ဩရသည်။ အမူးသမား၏ခေါင်းအုံခြင်းမျိုး သူ မဖြစ်ဘူးလား။

"အခန်းထဲ သွားအိပ်တော့နော်၊ တော်ကြာ ဘွားဘွား ဆင်း လာလို့ တွေ့သွားရင် မကောင်းဘူး"

မမင်းပျို အပြစ်တင်စကား လုံးဝမပါစေရန် သတိထား၍ ပြောလိုက်သည်။ မြနိုးက စောင်ခေါက်ရင်း. . .

"ကျွန်တော့်ကို ခွင့်လွှတ်ပါ မမင်းပျို"

မမင်းပျိုက ပြုံးကာ ခေါင်းညိတ်လိုက်သည်။

"မြနိုး ခေါင်းဘယ့်နှယ့်နေသေးလဲ"

"ဘာကိုပြောတာလဲ"

"ခေါင်းအုံနေသလားလို့ပါ"

"ဘာမှမဖြစ်ပါဘူး. . . နည်းနည်းပဲ သောက်တာ"

မြနိုးက အပြစ်ရှိသူ၏အပြုံးနှင့် မဝံ့မရဲ ပြုံးပြပြီး စောင် နှင့်ခေါင်းအုံးကို ယူကာ သူ၏အိပ်ခန်းတွင်းသို့ ဝင်သွားလေတော့ သည်။

မမင်းပျို သက်ပြင်းချကာ မီးဖိုဘက်သို့ ကူးလိုက်သည်။

"ဒေါ်လေးညွှက် ဘာစီစဉ်ထားသလဲ"

"ဖွေးလေးက ထမင်းနဲ့ပဲ နှပ်စားချင်တယ်ဆိုလို့ မနေ့က ဝဲလိပ်ပြာ ဝယ်လာပြီး နှပ်နေတာ၊ သက်သက်လွတ်ဆိုတော့ လူလေး လည်း စားလို့ရတာပေါ့"

အားလုံး၏အလေးပေး ဂရုစိုက်ခြင်းကို ခံနေရသော ရွှေ မင်းသား၏ဗွေဖောက်ခြင်းကို မမင်းပျို စိတ်ဆိုးချင်သည်။

သို့သော် တစ်ကြိမ်တစ်ခါ ထွက်ပေါက်ရှာခြင်းသာ ဖြစ်မှာ ပါဟု ဖြေသိမ့်လိုက်သည်။

ဘွားဘွားဆင်းလာသဖြင့် မမင်းပျိုက ဘွားဘွားအား. . .

"ဘွားဘွား စားတော့မလား"



www.burmeseclassic.com

www.burmeseclassic.com


"မစားသေးပါဘူး . . . စင်္ကြံလျှောက်လိုက်ဦးမယ်"

ဘွားဘွားသည် မြူခိုးကိစ္စကို ထပ်မမေးတော့ဘဲ ဧည့်ခန်း ထဲ၌ပင် ခေါက်တုံ့ခေါက်ပြန် အမှတ်နှင့် လမ်းလျှောက်နေလေတော့ သည်။

မမင်းပျိုလည်း ဒေါ်ညွှက်နှင့်အတူ ဝိုင်းကူလုပ်ပေးလိုက် သည်။ မိသေးကတော့ အိမ်၏သန့်ရှင်းရေးကိစ္စကို စတင်ဆောင် ရွက်နေလေပြီ။

မြူခိုးက ရေချိုးပြီး အပြင်သို့ ထွက်လာသည်။

"ဘွားဘွား"

"လူလေး . . . နိုးပြီလား"

"ဟုတ်ကဲ့ ဘွားဘွား၊ ညက ကျွန်တော် အရက်သောက်ခဲ့မိ ပါတယ်၊ ဒီအတွက် ကျွန်တော့်ကို အပြစ်ပေးပါ"

သူသည် ဘွားဘွား၏ခြေရင်း၌ ဒူးထောက်ကာ ပြောလိုက် သည်။ ဘွားဘွားက သူ၏ခေါင်းကို အသာသပ်ရင်း . .

"လောကကြီးမှာ အမှားကင်းနိုင်တဲ့သူဟာ ရှားပါးတယ် လူလေး၊ အမှားကို အမှားမှန်း သိရင် နောက်မမှားအောင် ဆင်ခြင် ပြုမူပေါ့ကွယ်"

"ဟုတ်ကဲ့ပါ ဘွားဘွား၊ ကျွန်တော့်ကို ဆက်ဆုံးမပေးပါဦး ဘွားဘွား"

"ငါးပါးသီလကို လုံခြုံအောင် ထိန်းသိမ်းမယ်ဆိုရင် သီလ စင်ကြယ်တဲ့လူအဖြစ် ဘုန်းတန်ခိုးက အလိုလို တောက်ပနေမှာပါ ဒါတင်မကဘူး၊ မေတ္တာတရား လူတိုင်းအပေါ် ထားပြီး မနာလို ဝန်တိုခြင်း ကင်းတာလည်း စိတ်ထားဖြူစင်ဖြောင့်မတ်ခြင်း မည် တယ်"

"ဟုတ်ကဲ့ပါ ဘွားဘွား"



မြူခိုးက ရှိကျိုးစွာဖြင့် ခေါင်းငုံ့ကာ နားထောင်လျက် ရှိသည်။ မမင်းပျိုကလည်း လိုက်ကာအကွယ်မှနေ၍ ငြိမ်သက်စွာ နားစွင့်လျက်ရှိသည်။

"လူလေး မေ့နေသလား၊ မင်းဖတ်ဖတ်နေ့တဲ့ ဓမ္မပဒထဲက လေ . . . သုဒုဒ္ဒသံ သုနိပုဏံ၊ ယတ္ထကာမနိပါတိနံ၊ စတ္တိ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံတဲ့"

"ဟုတ်ကဲ့"

"အနက်အဓိပ္ပါယ်က ဘာတဲ့လဲ လူလေး . . . မှတ်မိ သလား"

"ကျွန်တော်မှတ်မိပါတယ် ဘွားဘွား"

"ဒါဖြင့် ပြန်ပြောပြစမ်းကွယ်"

"စိတ်သည် အလွန်မြင်နိုင်ခဲ၏။ အလွန်သိမ်မွေ့၏။ သူကျ ရောက်လိုရာအာရုံ၌ ကျရောက်တတ်၏။ ယင်းစိတ်ကို ပညာရှိသည် ထိန်းသိမ်းစောင့်ရှောက်ရ၏။ စောင့်ရှောက်အပ်သောစိတ်သည် ချမ်းသာကို ဆောင်၏တဲ့"

"ဟုတ်တယ် လူလေး၊ ငါးပါးသီလကို လုံစွာ ထိန်းဖို့၊ စိတ် အလိုမလိုက်ဖို့ စိတ်ကို နိုင်နင်းစွာ စောင့်ရှောက်ပါလို့သာ ဘွားဘွား တိုက်တွန်းချင်တယ်"

"ဟုတ်ကဲ့ပါ ဘွားဘွား၊ ကျွန်တော် နောက်မမိုက်တော့ပါ ဘူး၊ ဘွားဘွားကို ရှိခိုးဝန်ချ ကတိပေးပါတယ်"

မြူခိုးက ဘွားဘွား၏ခြေအစုံကို ဦးခိုက်ကာ ဦးသုံးကြိမ်ချ တန်တော့လေသည်။

"သာဓု . . သာဓု . . သာဓု . . လိုရာဆန္ဒ တစ်လုံးတစ်ဝ တည်း ပြည့်စုံပါစေကွယ်"

ဘွားဘွားသည် မြူခိုးအပေါ်ကို လိမ္မာယဉ်ကျေးသော



www.burmeseclassic.com

www.burmeseclassic.com

အပြုအမူလေးများကြောင့် ချစ်ခင်နေရခြင်းဖြစ်သည်ထင့်။

"ကိုင်း . . သွားသွား . . ဘုရားသွားရှိခိုးချေ။ ဘွားဘွားတို့ မနက်စာ စားဖို့ စောင့်နေမယ်"


"ဟုတ်ကဲ့ ဘွားဘွား"

မြူခိုးက ဘွားဘွားအပါးမှ ထကာ အပေါ်ထပ်သို့ ပေါ့ပါး သွက်လက်စွာ ထသွားလေသည်။ ထိုအခါ မမင်းပျိုု သက်ပြင်းချ လိုက်မိသည်။ တဆက်တည်း ထိုအကြောင်းနှင့် ပတ်သက်၍ မြူခိုး အား လုံးဝမမေးမြန်းမပြောဆိုတော့ဘူးဟု ဆုံးဖြတ်ချက် ချလိုက် သည်။

ဝန်တိုခြင်းဟာ အချစ်၏ သင်္ကေတအဖြစ် မမင်းပျို ကျေနပ်လိုက်ရမည်သာ။







# အခန်း (၂၈)

"မြူခိုး . ."

". . . . ."

မမင်းပျိုကို မြူခိုးက မျက်လုံးအကြည့်ဖြင့်သာ ထူးလိုက် သည်။ ညို့အားကောင်းသောမျက်လုံးကြီးက မမင်းပျို၏ဒေါသကို ပြေပျောက်စေသည်။

"ဘာတွေစားခဲ့သလဲ ပြောစမ်း"

"ဟဲ့ . . . မယ်မင်းပျို၊ စစ်ဆေးတာက နောက်မှလုပ်၊ ဆရာဝန်ကို ဖုန်းဆက်ဖို့ကို အရင်လုပ်ဦးမှပေါ့"

ဘွားဘွားက ကြားဝင်ပြောလိုက်သဖြင့် မမင်းပျိုက မြူခိုး


www.burmeseclassic.com

www.burmeseclassic.com

အား မျက်စောင်းလှမ်းထိုးကာ တယ်လီဖုန်းစင် ထားရာဆီသို့ လျှောက်သွားလေသည်။

မြနိုးကတော့ ပြုံးကာ. . .

"ကျွန်တော် လက်ဖက်သုတ် စားခဲ့တယ် ဘွားဘွား၊ အဲဒီမှာ ငံပြာရည်၊ ပုစွန်ခြောက် ပါတယ်ထင်တယ်"

တစ်ကိုယ်လုံး နီရဲကာ အဖုအပိန့်များနှင့် မြနိုး ပြန်လာခြင်း။ ဘွားဘွားနှင့်မမင်းပျို့မှာ ပျာလောင်ခတ်ရသည်။

"မင်းဟာ ထူးထူးဆန်းဆန်းပဲ၊ အရက်သောက်တုန်းကတော့ ဘာမှမဖြစ်ဘူး၊ ပုစွန်ခြောက် ငံပြာရည်လေး စားမိတော့ ဖြစ်ရတယ်လို့"

"အရက်က သက်သက်လွတ် ဖြစ်နေလို့ ထင်တယ်နော် ဘွားဘွား"

"ဘာလဲ. . . သောက်ဦးမလို့လား"

"မသောက်ပါဘူး. . . စကားအဖြစ် ပြောတာပါ၊ ကျွန်တော် ကတိကို တည်အောင် ထိန်းတတ်ပါတယ် ဘွားဘွား"

လက်ဖဝါးဖြင့် အသာအယာ ဟိုပွတ်ဒီပွတ် လုပ်ရင်း မမင်းပျို့ထံသို့ မျက်လုံးရောက်သွားသည်။

မမင်းပျို့က ဖုန်းကိုင်ရင်း. . .

"ကိုကိုပဲ ရှိနေတယ်၊ ကိုကို့ကိုပဲ ခေါ်လိုက်ရမလား မြနိုး"

ကိုကို့ဖခင်သည် နှလုံးအထူးကုသမားတော်ကြီးဖြစ်သည်။

"ခေါ်လိုက်လေ. . . ကိုကိုကလည်း ဆရာဝန်ပဲဟာ ဘာများ စဉ်းစားနေရတာလဲ၊ လူနာက သေမယ့်လူနာသာဆိုရင် သေလောက်ပြီ"

ဘွားဘွားက ကြားဝင်ပြောလိုက်သဖြင့် ပြဿနာက အေးသွားသည်။





မြနိုးက ဘာမှဝင်မပြောချေ။

မမင်းပျို့က တယ်လီဖုန်းကိုင်သူအား မမင်းပျို့ ဆက်ကြောင်းနှင့် ဤဘက်အိမ်သို့ လူနာကုသပေးပါရန် ပင့်ကြောင်း ပြောခိုင်းလိုက်ပြီး မြနိုးထံ လျှောက်လာသည်။

"မျက်နှာက တော်တော်ရဲလာတာပဲ"

"နူတော့မလား မသိဘူး"

"အို. . . ဒီကလေး ဘာတွေလျှောက်ပြောနေတာလဲ"

"အသားငါးဟာ ကျွန်တော့်အသားနဲ့ မတည့်ဘူးနဲ့ တူတယ်နော် ဘွားဘွား"

"ဟုတ်တယ်. . . နောက် မစားနဲ့ပေါ့၊ အိမ်က အစားအစာ အလွဲလို့ မင်း အခြားမှာ သူများကျွေးတိုင်း လျှောက်မစားနဲ့ပေါ့ လူလေးရယ်"

"ဟုတ်ကဲ့. . . အာလူးကြော်လည်း စားခဲ့မိသေးတယ်"

"ဆီမသန့်ဘူး ထင်တယ်"

ထိုအချိန်၌ ကိုကို ချက်ချင်းရောက်လာသည်။

"ဘယ်သူ ဘာဖြစ်လို့လဲ"

"လာ. . . မောင်ကိုကို၊ ဒီမှာ လူလေးပေါ့"

ကိုကို့ဆေးအိတ်ကို သွားရောက်ကူသယ်ပေးလိုပါသော်လည်း မြနိုး၏ဝန်တိုစိတ်ကို နှိုးဆွသလို ဖြစ်မှာစိုး၍. . .

'ရေနွေးသွားကြည့်ဦးမှ. . . မိသေးက ခပ်ပေ့ါပေ့ါရယ်' ဟု ပြောပြီး မီးဖိုဘက် ထွက်ခဲ့လိုက်သည်။ မြနိုးက ခပ်ပြုံးပြုံးပင် ကျန်ရစ်ခဲ့သည်။

"မယ်မင်းပျို့ရေ. . . ရေနွေးလိုတယ်တဲ့"

ဘွားဘွားအသံ ဟိန်းထွက်လာသည်။

"ဟုတ်ကဲ့ ဘွားဘွား"


www.burmeseclassic.com

www.burmeseclassic.com



တဆက်တည်းပင် ကိုကို့အတွက် စားစရာတစ်ခုခု စီစဉ်ပြီး ယူခဲ့ပေးရန် ဒေါ်ညွှက်ကိုပါ မှာကြားခဲ့သည်။

ဓါတ်ဗူးနှင့်ဇလုံသန့်သန့်ကို ယူဆောင်ပြီး ဧည့်ခန်းသို့ ပြန်ထွက်ခဲ့သည်။

"ဘာဖြစ်တာတဲ့လဲ"

"အလက်ဂျိတ်သဘောပါပဲ. . . မတည့်တဲ့အစားအစာ စားမိလို့ ဖြစ်တာပါ"

"ဪ. ."

"ဆေးစမ်းပြီးမှ ထိုးတာ ကောင်းတယ်ထင်တယ် မောင်ကိုကို၊ ဒီကလေးဟာ တစ်ခါမှ ဆေးထိုးဖူးတာ မဟုတ်ဘူး"

"ရပါတယ် ဘွားဘွား၊ ဒီဆေးက ဖြေဆေးပဲ"

ကိုကို စိတ်ရှည်စွာဖြင့် မြူခိုးအား စမ်းသပ်ပြီးမှ ဆေးထိုးပေးသည်။

"ကျွန်တော့်ဘဝမှာ အင်္ဂလိပ်ဆေးကုသမှုကို ဒါ ပထမဦးဆုံး ခံခြင်းပဲ၊ ဘဘုန်းကတော့ ကျွန်တော်ငယ်ငယ်က ဆေးရွက် ဆေးမြစ်တွေပဲ သွေးလိုက်ထောင်းလိုက် လုပ်ဖူးတယ်"

မြူခိုးသည် ဘဘုန်းအကြောင်း အမြဲအမှတ်တရ ပြောလေ့ရှိတတ်သည်။

"ကိုယ်လည်း တိုင်းရင်းဆေးကို သိပ်စိတ်ဝင်စားတာ၊ တစ်နေ့နေ့မှာ မြန်မာ့တိုင်းရင်းဆေးစွမ်းကောင်းများဆိုတဲ့ စာတမ်းတစ်စောင် ပြုစုဖို့အတွက် အချက်အလက်တွေတောင် စုဆောင်းနေပြီ"

"ဟုတ်လား. . . ဒီလိုဆိုရင် ဦးကိုကိုကို တစ်နေ့ ဘဘုန်းဆီ ပို့ပေးရမယ်၊ ဘဘုန်းဆီမှာ ဆေးစွမ်းကောင်းတွေ ရှိတယ်"

"ဟုတ်မယ်. . . ဟုတ်မယ်၊ မင်းလွင် ဌက်ဖျားမိတယ်သာ





ပြောတာ၊ ဒီရောက်တော့ စစ်ကြည့်တော့ ပိုးလုံးဝမတွေ့ရတော့ဘူး ပြောလို့ ကိုယ်တောင် အတော်အံ့ဩခဲ့ရတာ"

မြူခိုးနှင့်ကိုကို စကားလက်ဆုံကျခြင်းအတွက် မမင်းပျို စိတ်ထဲ၌ ကြိတ်၍ဝမ်းသာရသည်။ မြူခိုး၏ဝန်တိုမှု စိတ်ဓာတ်ကလေး ပျောက်ဆုံးသွားစေချင်ပါသည်။

ထိုစဉ် ဒေါ်ညွှက်က လက်ဖက်အစ်နှင့် ရေနွေးကြမ်း သာချသည်။ ဘွားဘွားက. . .

"လူလေး. . . လက်ဖက်နဲ့ ပုဇွန်ခြောက်ရဲရဲကလေး စားလိုက်ပါဦးလား"

မြူခိုးက သဘောကျစွာ ရယ်မောလိုက်သည်။

"လုပ်ပြီ ဘွားဘွားကတော့"

"ဆေးက အိပ်လိမ့်မယ်နော် မြူခိုး၊ ဒါပေမယ့် အိပ်ယာက နိုးတဲ့အချိန်မှာတော့ ခင်ဗျားအသားအရည် ပကတိအတိုင်း ရွှေရောင်ပြန်ဝင်းသွားမှာပါ"

"ကျွန်တော် အသားမဖြူချင်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ယောကျ်ားနဲ့ မတူလို့"

"ဘယ့်နှယ်မတူရမှာလဲ. . . ဒီလောက် ထွားကျိုင်းတာကို၊ ဗိုလ်တိုင်းကြိုက်တဲ့နှင်းဆီခိုင် ဖြစ်နေလို့တောင် ခက်နေတာကိုများ၊ တိုင်း. . . မောင်ကိုကို လက်ဖက်လေး စားဦးကွယ့်၊ ဒါထက် မင်း ဘယ်တော့ ပြန်မှာလဲ"

"သန်ဘက်ခါပါ. . . ဒီနေ့ပဲ စာမေးပွဲ ဖြေပြီးပါတယ်"

"ဪ. . . မင်းက ခုထက်ထိ စာမေးပွဲ ဖြေတုန်းပဲလား"

"ဟုတ်ကဲ့ပါ ဘွားဘွား၊ ကျွန်တော် ဖေဖေ့ခြေရာကို အမီ လိုက်နိုင်အောင် ကြိုးစားနေတယ်ဆိုပါတော့ ဘွားဘွားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးကွယ် . . သာဓု . . သာဓု . . သာဓု၊ မင်းအဖေလို နှလုံးအထူးကုသမားတော်ကြီး ဖြစ်ပါစေလို့ ဘွားဘွား ဆုတောင်းပေးရမှာပေါ့ကွယ်"

မြနှိုးက မျက်တောင်စင်းလာသဖြင့် . . .

"ကျွန်တော်အိပ်ချင်ပြီ . . . ခွင့်ပြုပါဦး ကိုကို"

"နားပါ . . နားပါ၊ ဆေးအရှိန်နဲ့ နားမှ ကောင်းတယ် ကိုမြနှိုး"

"ကျွန်တော့်ကို အခုလို လာရောက်ကုသပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်ဗျာ"

"ဟ . . . မလိုပါဘူး ကိုမြနှိုးရာ၊ အိမ်နီးချင်း မောင်နှမတွေပဲဟာကို၊ ကိုယ်လည်း ပြန်တော့မှာ"

မမင်းပျို ဘာမှဝင်မပြောဘဲ သူတို့နှစ်ဦးကိုသာ လွှတ်ထားပေးလိုက်သည်။ မြနှိုး ဝင်သွားမှ ဘွားဘွားက . . .

"လက်ဖက်စားသွားဦးလေ မောင်ကိုကို"

"မနေ့ခင်းက တစ်ခါစားထားသေးလို့ပါ ဘွားဘွား၊ ဗိုက်နာမှာစိုးရသေးတယ်"

"အေး . . အေး . . မနက်ဖြန်နေ့ခင်း ဘွားဘွားလည်း မင်းတို့မိသားစုအတွက် လက်ဆောင်တွေ လာပို့ပေးဦးမယ်"

"ဒုက္ခမရှာပါနဲ့ ဘွားဘွား"

"အိုကွယ် . . . ငါးပိငါးခြောက်၊ ပုဇွန်ခြောက်ဆိုတာ တောင်ပေါ်ဒေသအတွက် အလွန်အသုံးဝင်တဲ့ပစ္စည်းတွေပါကွယ်"

မမင်းပျိုက ဘာမှမပြောဘဲ နေလိုက်သည်။ စိတ်တွင်း၌တော့ ကိုကို့အား မြန်မြန်ပြန်စေချင်သည်။ မြနှိုးများ ဝန်တိုနေမလားဟူသောအတွေးကြောင့် အစစရာရာ မဝံ့မရဲ ဖြစ်ရသည်။

"ကျွန်တော့်ကို ခွင့်ပြုပါဦး ဘွားဘွား"





ကိုကိုက ဘွားဘွားကို နှုတ်ဆက်ပြီး ထလိုက်သည်။ ယခင်က မင်းပျိုသည် ဘွားဘွားနေမကောင်းသည့်အခါဖြစ်စေ ဖေဖေနေမကောင်းသည့်အခါဖြစ်စေ သွေးလာချိန်ပေးတတ်သော ကိုကို၏ဆေးအိတ်ကို ဆွဲလျက် လိုက်ပို့ပေးနေကျဖြစ်သည်။ ယခုတော့

"မမင်းပျို . . . ကိုကိုပြန်မယ်၊ မနက်ဖြန် အခြေအနေကို ကိုကို့ဆီ ဖုန်းဆက်ပြောဦးနော်"

"ဟုတ်ကဲ့ ကိုကို၊ ကျွန်မလိုက်မပို့တော့ဘူးနော်"

"ရပါတယ် မိန်းကလေးရယ်၊ ကိုကို နားလည်ပါတယ်"

ကိုကိုက သူ့ထုံးစံအတိုင်း အေးချမ်းစွာ ပြုံးပြပြီး ပြန်သွားလေသည်။ မမင်းပျိုသာ အိမ်တံခါးပိတ်ရင်း ရင်ထဲ ဝေဒနာတစ်ရပ် ခံစားလိုက်ရသည်။ ထိုဝေဒနာသည် ကိုကို့အား သနားခြင်းဟူသော ဝေဒနာသာ ဖြစ်ဖို့များသည် ထင်ပါသည်။


သို့သော် မမင်းပျိုစိတ်ကို မမင်းပျို ကွဲကွဲပြားပြား ဝေဖန်မပိုင်းခြားတတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၉)

"ဘွားဘွား မြခိုးကြည့်ရတာ သိပ်လန်းဆန်းပုံမရဘူး၊ ကျွန်မ ဒီနေ့တော့ လိုက်သွားလိုက်မယ်"

"ညည်းတို့တွေကလည်းအေ. . . တစ်ရက်တစ်လေ နားလို့မရဘူးလား၊ လောဘတွေက ပြူးနေလိုက်ကြတာ၊ နေထိုင်မကောင်းတဲ့အခါ နားမှပေါ့၊ ကျုပ်လည်း ဥပုသ်စောင့်ရင်း ဆရာတော်ကို လျှောက်ထားစရာလေး ရှိလို့ ဒီနေ့တစ်နေ့လုံး ကျောင်းမှာ အချိန်ဖြုန်းမလားလို့၊ လူလေးကလည်း မန်နေဂျာတွေနဲ့ လွှဲထားပြီး အရေးကြီးတဲ့ကိစ္စရှိရင် အိမ်ကို လာခိုင်းလိုက်ပေါ့"





"ရပါတယ် ဘွားဘွား၊ ကျွန်တော်နေကောင်းပါတယ်၊ ဆေးအချိန်ကြောင့် နည်းနည်းနုံးနေတာပါ၊ မင်းပျိုလည်း မလိုက်နဲ့. . . နေတယ်"

"နေမကောင်းရင် နားလိုက်ပါ လူလေးရာ၊ ဘွားဘွားပြောသလိုသာလုပ်"

"ဟုတ်သားပဲ မြခိုးကလည်း"

"မနက်ပိုင်း သွားကြည့်လိုက်ဦးမယ်၊ နေမကောင်းရင်တော့ နေ့ခင်းဘက် ပြန်နားပါ့မယ်"

"အေး. . အေး. . အာရောဂျံ ပရမံလာဘာတဲ့၊ ကျန်းမာနေတာ အရေးကြီးပါတယ် လူလေးရယ်"

"ဟုတ်ကဲ့. . . ကျွန်တော်နေကောင်းပါတယ်၊ ကျွန်တော့်အတွက် စိတ်မပူပါနဲ့၊ ဘွားဘွားကို ကျွန်တော်ဝင်ပို့ပေးခဲ့ရဦးမလား"

"ဒါဖြင့် ကျွန်တော်သွားမယ် ဘွားဘွား"

"အေး. . . အေး"

မမင်းပျိုကိုတော့ မြခိုးက ညို့မျက်လုံးဖြင့်သာ တစ်ချက်မှော့ဝဲကြည့်ပြီး စတော်ဘယ်ရီရောင်ပြေးနေသော နှုတ်ခမ်းလွှာနှစ်လွှာကို တွန့်ရုံ ပြုံးပြနှုတ်ဆက်ပြီး ထွက်သွားလေသည်။

မမင်းပျိုရင်ထဲ လှစ်ဟာကျန်ရစ်ခဲ့သည်။

"အင်း. . . လူလေးကလည်း မိန်းမတွေ ကျလောက်အောင် အတော့်ကို ချောပေသကိုး" ဟု ဘွားဘွားက သူ့တစ်ကိုယ်တည်း ပြောသကဲ့သို့ ညည်းတွားပြီး မီးဖိုဘက် ဝင်သွားလေသည်။

မမင်းပျိုသည် ဧည့်ခန်း၌ ယောင်ချာချာ ကျန်ရစ်သည်။ ကိုကိုက ဖုန်းဆက်ရန် မှာထားသည်ကို သတိရသဖြင့် ကိုကို့ထံ ဖုန်းဆက်လိုက်သည်။

"ဟဲလို. ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလား"

"ဝွတ်မောနင်း မင်းပျို"

"သူ့အဖုတွေ လုံးဝပျောက်သွားပါတယ် ကိုကို၊ ဒါပေမယ့် လူကတော့ နည်းနည်းနုံးနေတယ်"

"ဆေးအရှိန်ကြောင့်ပါ၊ အခုတော အိပ်နေသေးသလား"

"အလုပ်သွားပါပြီ ကိုကို"

"လူတော်တစ်ယောက်ပါ. . . ကိုကို့မှာ အဲဒီလိုမျိုးညီ ရှိလာရင်လည်း ကိုကိုချစ်မိမှာ အမှန်ပဲ"

"ကိုကို ဘာကိုဆိုလိုတာလဲ"

"မမင်းပျိုကို ကိုကို စာနာတယ်လို့ ပြောတာပါ၊ ဖေဖေနဲ့ မေမေတို့ကတောင် မြူခိုးတော်တယ်ဆိုတဲ့အကြောင်း ပြောနေကြသေးတယ်၊ ကဲပါ. . . မြူခိုးရောဂါ ပျောက်သွားပြီဆိုတော့ ကိုကို လာဖို့မလိုတော့ပါဘူး၊ မမင်းပျို ကိုကို့ကို ဘာမှာစရာရှိသေးလဲ"

"မမှာတော့ပါဘူး. . . ဒါပေမယ့် ကိုကိုကြိုက်တဲ့ ပုစွန်ခြောက်အချိုကြော် မမင်းပျို ကြော်ပေးလိုက်မယ်နော်"

"ဒုက္ခမရှာပါနဲ့ မမင်းပျို၊ ကိုကို အစားအသောက်ကို အရေးမထားတတ်တော့ပါဘူး"

"ကိုကိုလည်း ပြောင်းလဲသွားသလိုပဲ၊ အချဉ်အစပ်တွေကော"

"အစပ်တော့ ရှောင်ပါတယ်၊ ဗိုက်နာမှာစိုးလို့ပါ၊ ဟိုမှာ ကိုကိုတို့လို ဆရာဝန်တွေ ကျန်းမာနေမှဖြစ်မှာ၊ ဖိုးသူတော်လဲတော့ တောင်ဝှေးမကယ်နိုင် ဆိုသလို ဖြစ်နေမှာစိုးလို့လေ"

"ဟဲ့. . . မယ်မင်းပျို၊ မောင်ကိုကိုလား၊ ဘွားဘွား ဥပုသ်စောင့် သွားတော့မှာမို့လို့ ညနေစောင်းမှ လာခဲ့တော့မယ်လို့ ပြောလိုက်ဦး"





ဘွားဘွားက နောက်မှ လှမ်းမှာနေသဖြင့် မမင်းပျိုက ခေါင်းညိတ်ပြပြီး ကိုကို့အား ပြန်ပြောပြလိုက်သည်။

"ကိုကို့ကို ဘွားဘွားတို့ သံယောဇဉ် ရှိနေဆဲပဲဆိုတာ သိရတဲ့အတွက် ကိုကိုဝမ်းသာပါတယ်"

"မမင်းပျိုလည်း ဒီအတိုင်းပါပဲ ကိုကို"

"ကိုကို ကျေနပ်ပါတယ်၊ ဒါပဲနော် မိန်းကလေး၊ ကိုကို ဖုန်းချလိုက်တော့မယ်"

"ဟုတ်ကဲ့ပါ ကိုကို"

ကိုကိုက ဦးစွာပင် ဖုန်းချသွားသည်။ မမင်းပျိုက တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ကာ ငိုင်နေပြီးမှ ဘွားဘွားအား သတိရတာ ဖုန်းချလိုက်ပြီးမှ. . .

"ဘွားဘွား အခုပဲ သွားတော့မှာလား၊ သီလက ကိုးနာရီမှ ပေးတာ မဟုတ်ဘူးလား"

"အိုအေ. . . စောစောရောက်မှ ဆရာတော်ကို အေးအေးဆေးဆေး လျှောက်ထားစရာရှိတာ လျှောက်ထားနိုင်တာပေါ့"

မမင်းပျိုသည် ဒေါ်ညွာနှင့်အတူ ပစ္စည်းပစ္စယများ ကူသယ်ကာ ဘွားဘွားအား ကားပေါ်အထိ ပို့ပေးလိုက်သည်။

"နေစောင်းမှ ပြန်လာခဲ့မယ်၊ မောင်ကိုကို့ကို ပေးစရာရှိတာတွေ အသင့်ထုပ်ပိုးထားလိုက်ဦး"

"စိတ်ချပါ ဘွားဘွားရဲ့၊ မင်းပျို ကလေးမဟုတ်ပါဘူး"

"ကလေးမဟုတ်လို့ မှာရတာပေါ့အေ၊ လူကြီးဆိုတော့ စိတ်ဓာ များပြီး မေ့လျော့နေမှာစိုးလို့"

ဘွားဘွားကို မမင်းပျို ဘာမှ စောဒက မတတ်ဘဲ ငြိမ်နေလိုက်သည်။

"အစစအရာရာအတွက် ကျုပ်တို့ စိတ်ချမြင်တယ်နော်



www.burmeseclassic.com

www.burmeseclassic.com

မယ်မင်းပျို့ ကိုင်း. . မတ်စေ့. . မောင်းတော့"

မမင်းပျို့ ရင်ထဲ မကျေမချမ်း ဖြစ်ကျန်ရစ်ခဲ့သည်။ မမင်းပျို့ အပေါ် စိတ်မချနိုင်လောက်အောင် မမင်းပျို့က ဘာဖြစ်နေလို့လဲဟု ပြန်မေးလိုက်ချင်ပါသော်လည်း ဘွားဘွား ခရီးနှောင့်နှေးမှာ စိုးသဖြင့် မမေးတော့ဘဲ မိမိသာလျှင် စိတ်စနိုးစနောင့် အဖြစ်ခံလိုက်သည်။

အိမ်တံခါးပိတ်ကာ မီးဖိုဖက်သို့ တန်းဝင်ခဲ့လိုက်သည်။ ကိုကို့အတွက် ပုစွန်ခြောက်ထောင်းကို အချိုကြော် ကြော်ပေးရန် ဖြစ်သည်။


ကိုကို့အား မောင်နှမသဖွယ် ဆက်လက်သဘောထားကာ မိမိလုပ်ပေးသင့်သည်ထင်၍ လုပ်ဆောင်ပေးခြင်းဖြစ်သည်။ ဤသည်ကို မြနှိုးကြိုက်ပါ့မလား။

ချစ်သူ၏အငြိုအငြင်ကို မခံချင်သည်မှာ သိပ်ချစ်တတ်သူ မိန်းမသားများ၏ဆန္ဒပေလော။

မည်သို့ဆိုစေကာမူ မမင်းပျို့ကတော့ ချစ်သူ၏အငြို အငြင်ကို မခံရပါ။ ချစ်သူမျက်နှာညိုခြင်းကိုလည်း မတွေ့မြင်ရက်ပါ။ ထို့ကြောင့် မြနှိုးမလာခင် ပြီးစီးအောင် ကြော်လှော်ရန် အမှုန့်ကြိတ်စက်လေး ထုတ်ယူလိုက်သည်။







# အခန်း(၃၀)

မြနှိုး နေ့လယ်စာ ထမင်းစားပြန်ချိန်၌ ကိုကို့အား ပေးရန် ကြော်လှော်ခြင်းကိစ္စတို့ ပြီးစီးသွားသည့်အပြင် ရေမိုးချိုးပြီး လိမ်းဖြီးပြီး ဖြစ်သွားလေသည်။

"ထမင်းစားပြီးပြီလား မင်းပျို့"

"ထူးထူးဆန်းဆန်း လုပ်လို့ မြနှိုးကို စောင့်နေကြတာကိုလား"

"ဆာပြီလား. . မဆာသေးရင် ကိုကို့ဆီ သွားချင်တယ်"

"အလိုတော်. . ."



www.burmeseclassic.com

www.burmeseclassic.com

မင်းပျိုက အံ့သြမှုကို ငေါ့လုံးကလေးဖြင့် ရေရွတ်လိုက်သည်။

"မနက်ဖြန် ကိုကိုပြန်တော့မှာဆိုတော့ ကိုကို့အတွက် လက်ဆောင်သွားပေးရင်း နှုတ်ဆက်ချင်တယ်"

"ဘာလက်ဆောင်ပေးချင်လို့လဲ"

"ဘာရယ်တော့ ကျွန်တော်နားမလည်ဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်ကူးနဲ့ ကျွန်တော်ဝယ်လာတာ၊ အင်္ဂလန်မိတ် သိုးမွေးခေါင်းစွပ်တစ်ထည်ပါ"

မမင်းပျို မြူခိုးလက်ထဲမှ အထုပ်ကို ကြည့်၍. . .

"ဘယ်လောက်တောင် ပေးရလဲ"

"သုံးထောင့်ငါးရာ"

"အားပါးပါး. . . ကျုပ်ထိုးရင် ဒီလောက်ပေးရမှာ မဟုတ်ဘူး"

မြူခိုးက ခပ်တင်းတင်း မျက်နှာပေးနှင့် မမင်းပျိုကို ကြည့်ကာ. . .

"ဘာလဲ. . . မင်းပျိုက ကိုကို့အပေါ် စေတနာတွေ ရေစီးကမ်းပြို လိုက်နေသေးတယ်လား၊ မရဘူး မင်းပျို၊ ကျုပ်အတွက်က လွဲရင် မင်း ဘယ်သူ့စိမ်းယောက်ျားလေးကိုမှ မင်းလက်နဲ့ တယုတယ လုပ်ကိုင်ပေးရတဲ့အရာမျိုး မလုပ်ပေးရဘူး"

"ကျုပ်က နာ့စ်မှ မဟုတ်ဘဲ၊ ဘယ်သူ့ကိုမှ ကိုင်တွယ်လုပ်လည်း မလုပ်ပေးနိုင်ပါဘူးတော်၊ နှမြောလို့ ပြောမိတာပါ၊ တကတည်းမှ ဝန်တိုလိုက်တာ လွန်ပါရော၊ မှားပါတယ်. . . လျှာရှည်မိတဲ့ ကျွန်မပါးစပ်က မှားပါတယ်"

မမင်းပျို၏အငေါ် အတူးစကား ကြားရမှ မြူခိုးက ပြုံးကာ

"ကျွန်တော် မင်းပျိုကို သိပ်ချစ်လို့ပါ၊ မင်းပျိုကို ကျွန်တော်





တစ်ယောက်တည်းပဲ ပိုင်ဆိုင်ချင်ပါတယ်၊ ဒါကြောင့် မနာလိုဝန်တိုခြင်းဆိုတဲ့ စိတ်မိုက်ကို ကျွန်တော်ပိုင်ဆိုင်နေမိတယ်၊ ကြိုးစားပြီး ဖျောက်ဖျက်နေပါတယ်၊ ဒါပေမယ့် အခုတော့ ကျွန်တော့်ကို ခွင့်လွှတ်ဦးနော်၊ ကျွန်တော် ကိုကိုရဲ့စေတနာမေတ္တာနဲ့ အလုပ်ကို လေးစားတယ်၊ ဒါပေမယ့် မင်းပျိုနဲ့ ပတ်သက်လာရင်တော့ မနာလိုဘူး ခံစားရတယ်၊ ရင်ထဲမှာ မီးစနဲ့ ထိုးသလိုပဲ ပူလောင်တယ်"

"စိတ်ချပါ မြူခိုးရယ်၊ ခု မင်းပျို ထမင်းဆာနေပြီ၊ ညနေဆောက်မှ ဘွားဘွားက ပုစွန်ခြောက်၊ ငါးခြောက်နဲ့ ငါးပိကြော်ပုလင်းတွေ သွားပို့ပေးဦးမှာ၊ အဲဒီတော့မှ အတူတူ သွားကြတာပေါ့"

"အိမ်း. . . ကောင်းသားပဲ၊ ခုလည်း ရှိချင်မှ ရှိမှာထင်တယ်"

မြူခိုးသည် တစ်ခါတစ်ရံ ကလေးငယ်တစ်ဦးနှယ် လုံးဝဥပြစ်ကင်းစင်လေသည်။ မမင်းပျိုစကား နားထောင်တတ်သည်။ ဤအခါမျိုး၌ မမင်းပျို စိတ်ချမ်းသာရသည်။

အချစ်ဟူသောတရားသည် မမင်းပျိုတို့နှစ်ယောက်အား ခံစားလျက်ရှိချေပြီ။

"ဒါဖြင့် ကျွန်တော်ရေချိုးလိုက်ဦးမယ်၊ ပြီးမှ ထမင်းစားမယ်နော်. . . စောင့်နိုင်သလား"

"ချိုးလေ. . . စောင့်နိုင်ပါတယ်၊ ဒါပေမယ့် ပြီးရင် ပြန်သွားရတော့ဘူး"

"ဟင်. . ."

"မဟင်နဲ့. . . ညနေစောင်းလောက်မှ သွား၊ တရေးအိပ်လိုက်ဦးနော်၊ နားနားနေနေ လုပ်ပါ၊ လူဆိုတာ စက်ရုပ်မှ မဟုတ်တာ မြူခိုးရယ်၊ အလုပ်ဆိုတာကြီးကို အမြဲတမ်း ထမ်းရွက်နေမှာမျိုးဟာ တစ်ခါတစ်ရံ လူဖြစ်ရကျိုး မနပ်သလိုဘဲ၊ စားချိန်တန်စား၊


www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်ချိန်တန် လုပ်လို့ နားချိန်တန် နားပြီး သဘာဝရဲ့အလှ တရားလေးတွေကို ခံစား၊ ဒါမှမဟုတ် အနုပညာ ခံစားပြီး နေရ တယ်၊ ဒါမှ လူ့ဘဝသရ ရောက်တယ်"

"အနုပညာ. . . ကျွန်တော်ပဲ လိုက်မမီနိုင်တော့လို့လား မသိဘူး မင်းပျို၊ ရက်စ်တောရင့်မှာဆိုတဲ့ ဂီတသံတွေဟာ ကျွန်တော့် နားကို သိပ်ပူလောင်စေတာပဲ"

"ဒါတောင် အခု တော်သွားတာနော်၊ မြန်မာ့ခရီးသွားနှစ်ထ ကြုံဆိုတဲ့အနေနဲ့ မြန်မာ့ဂီတ မြန်မာ့အကတွေကိုသာ စင်တင်ဖျေ ကြိုးပမ်းလာကြလို့၊ ကဲ. . ကဲ. . ကိုယ်တော် ရေသွားချိုးတော့"

"ကျွန်တော် နေ့ခင်းမအိပ်တတ်ဘူး၊ ရေချိုးပြီး ထမင်းစား ပြီးရင် မင်းပျိုနဲ့ တစ်နေ့လုံး စကားထိုင်ပြောနေမယ်နော်"

"အလိုတော်. . . ဒါဖြင့် တော့်အလုပ်ရုံတွေပဲ ပြန်ကြ တော့"

မမင်းပျိုက ချစ်မျက်စောင်းလေးနှင့် အငေါ်တူးလိုက်မြ ရာ မြူခိုးမှာ မချိုမချဉ်အပြုံးနှင့်. . .

"အဲဒီလို စိတ်ပုတ်မမွေးရဘူးလေ မင်းပျို၊ ကျွန်တော် ဘာမှ မလုပ်ပါဘူး၊ မင်းပျိုမျက်နှာလေးကို တစိမ့်စိမ့် ကြည့်ရင်း စကား ပြောနေရရင်ကိုပဲ ကျွန်တော့်ဘဝ ပြီးပြည့်စုံသလိုပဲ ခံစားရတယ် ဗျာ"

မမင်းပျိုရင်ထဲ တလှုပ်လှုပ်ဖြစ်သွားသည်။ ဒါ ချစ်သူ၏ ရိုးစင်းသော ချစ်စကားပေလား။ ဘာပဲပြောပြော မမင်းပျို ကျေနပ် သည်။

"သဘော. . သဘော. . ရေချိုးချေတော့၊ တကတည်း ဟန်ပြင်နေလိုက်တာ"

မြူခိုးက ပြုံးပြုံးလေး ကျောခိုင်းသွားသည်။ မမင်းပျိုသာ





ရင်ခုန်ခြင်းများစွာနှင့် ကျန်ခဲ့သည်။ ချစ်သူ၏လိုအင်ဟူသမျှ မမင်း ပျို လိုက်လျောသင့်သော အတိုင်းအတာအထိ လိုက်လျောရန် အသင့်ရှိနေပါသော်လည်း ချစ်သူက မိမိအား ကြွေရုပ်ကလေး တစ်ရုပ်လို ပွန်းပဲ့မှာ စိုးကြောက်တန်ဖိုးထားလျက် အရိပ်တကြည့် ကြည့်နှင့်သာ။

မမင်းပျို သက်ပြင်းချလိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃၁)

"ဟင်. . . ကားသံကြားတယ်၊ ဖေဖေ့ကားသံ ထင်တယ်၊ မိသေး သွားကြည့်စမ်း"

မမင်းပျို့သည် ထမင်းစားနေရာမှ လှမ်းပြောလိုက်သည်။ တစ်ဆက်တည်း စိတ်လှုပ်ရှားမှုကြောင့် ထမင်းဆက်မစားနိုင်ဘဲ မြူခိုးအား လှမ်းကြည့်လိုက်သည်။ မြူခိုးကတော့ အကြောင်းအရင်းမှန်ကို မသိသဖြင့်. . .

"ဖေဖေပြန်လာတာ သေချာပါတယ်၊ ကျွန်တော်သွားကြို လိုက်ဦးမယ်"





ဟု ဝမ်းသာအားရပင် ပြောဆိုကာ လက်ထဆေးပြီး သွက်သွက်သောခြေလှမ်းများဖြင့် ထွက်သွားလေသည်။

မမင်းပျို့ရင်၌ ကြောင့်ကြမှုအလုံး တစ်ဆို့ကာ ထမင်းစားခြင်းကို အဆုံးသတ်လိုက်ပြီး အိမ်ရှေ့ကို ထွက်ခဲ့သည်။

ဟုတ်ပေသည်။ ဖေဖေ ရောက်လာပြီ။

ဆယ့်တစ်ရက် ဟူသောကာလ၌ ဖေဖေလိုချင်သောအရာများကို ရရှိခဲ့ပုံရသည်။

"ဖေဖေ နေကောင်းတယ်နော်"

"ကောင်းပါတယ် သမီး"

"ထမင်းစားပြီးပြီလား ဖေဖေ"

"စားခဲ့ပြီ သမီး၊ အင်းတကော်မှာ ဝင်စားခဲ့တယ်၊ လူလေးသော လုပ်ရကိုင်ရတာ အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ၊ ရက်စ်တောရင့်က ဒီလဝင်ငွေ သိသိသာသာ တက်လာတယ်"

"ဒါပေါ့. . . ပွင့်လင်းရာသီ ရောက်ပြီကိုး၊ ကိုင်း. . . ထမင်းစားနေကြတယ်ထင်တယ်၊ ဆက်စားကြ. . . ဖေဖေတော့ ခါးဆန့်လိုက်ဦးမယ်"

မမင်းပျို့ အလိုလို သိနေလေပြီ။ ဖေဖေ့မျက်နှာပြင်ပေါ်ရှိ အရေးအကြောင်းတို့သည် ကြည်လင်လန်းဆန်းခြင်း မရှိပါချေ။ အပေါ်ထပ်သို့ ဖေဖေ တက်သွားမှ မင်းပျို့တို့ ထမင်းစားခန်း ပြန်ဝင်ခဲ့သည်။

"ဟင်. . . မင်းပျို့ ဆက်မစားတော့ဘူးလား"

"ဝသွားပြီ. . . ဆက်စားလို့ ရမှာမဟုတ်တော့ဘူး"

လိမ်ညာခြင်းကင်းသောစကားကို မမင်းပျို့ ဆိုလိုက်သည်။ မြူခိုးကတော့ ရိုးသားစွာပင်. . .



www.burmeseclassic.com

www.burmeseclassic.com



"နည်းလှချည်လား" ဟုသာ ဆိုပြီးတော့ စောစော တိုးလို့တန်းလန်း ရှိနေခဲ့သော ထမင်းကို ဆက်စားရင်း. . .

"ကျွန်တော်အလုပ်ပြန်သွားတော့မယ်"

"ဘာဖြစ်လို့လဲ"

"ဖေဖေ ရှိနေလျက်နဲ့ တစ်နေ့လုံး စကားထိုင်ပြောနေတော့ ကောင်းပါ့မလား၊ ကျွန်တော် နေလည်း ကောင်းနေပြီပဲ"

"အင်း. . . ဒါလည်း ဟုတ်တာပဲ"

မမင်းပျို ဆန္ဒစောနေလေပြီ။ ဖခင်ဆီမှ မမင်းပျို အနာဂတ်အတွက် အဆုံးအဖြတ်ပေးမည့်စကားကို ကြားရတော့မည်။ ယနေ့သည် မြူခိုး၏ဘဝကို ပြောင်းလဲမှု ရှိစေသောနေ့ဟုသာ မြူခိုး ကြိုသိထားပါလျှင်. . .

မမင်းပျို သက်ပြင်းသူခိုးချပြီး ပန်းသီးအခွံနွှာလိုက်သည်။ စိတ်လှုပ်ရှားမှုကြောင့် လက်အနည်းငယ် တုန်ယင်နေသည်။

"မင်းပျို"

မျက်လုံးအကြည့်ဖြင့် ထူးလိုက်သည်။

"ကျွန်တော် အလုပ်လုပ်ရတာကို ပျော်နေတယ်လို့ မမင်းပျို ထင်သလား"

"မပျော်ဘူးလား"

"မငြီးငွေ့ပါဘူး. . . ဒါပေမယ့် ဘာဖြစ်လို့ စိတ်ဝင်စားစွာနဲ့ လောဘတကြီး လုပ်နေရတယ် ထင်သလဲ"

"ဘယ်သိမှာလဲ"

"လူပီသချင်လို့ပါ. . . အထူးသဖြင့် အိမ်ထောင်တစ်ခုကို ဦးစီးတာဝန်ယူနိုင်မယ့် ယောကျ်ားကောင်းတစ်ဦး ပီသချင်လို့ပါ။ ဒါဟာလည်း မင်းပျိုကို သံယောဇဉ် တွယ်တာမိတဲ့အတွက်ကြောင့်ပဲ ဆိုတာ ကျွန်တော့်ကိုယ်ကျွန်တော် ဆုံးမ၍မရအောင်ကို နားလည်ပါ





တယ်"

"မြူခိုးရယ်. . . နင်သိပ်ပြောတတ်တယ်၊ လူတွေရဲ့ လောကထဲမှာသာ စောစီးစွာ ကျင်လည်ခဲ့ရင်လေ၊ လောကကြီးကို ကောင်းတင်ဖြစ်မယ် ထင်တယ်"

"ဒီလောက်တောင်လည်း မဟုတ်ပါဘူး၊ ကျွန်တော်ထင်တာက အချစ်ဆိုတဲ့တွန်းအားကြောင့် ကျွန်တော့်ဘဝ ပြောင်းလဲလာတယ်လို့ ထင်တာ မဟုတ်ဘူးလား မင်းပျို၊ မင်းကော အဲ့ဒီလို ယူဆဘူးလား"

မိသေးလည်း အဝတ်လျှော်နေဟန်တူသည်။ ထမင်းစားခန်း၌ မရှိသဖြင့် လွတ်လပ်နေသည်။

"မင်းပျိုလည်း မြူခိုးလိုပဲ ယူဆမိပါတယ်"

တကယ်လည်း မင်းပျိုသည် ကိုကိုနှင့် လက်ထပ်ရန်ကတိကို လွယ်လွယ်ကူကူ ဖျက်နိုင်ခဲ့သည်မှာ မြူခိုးအား ချစ်မိလေသောကြောင့်ဖြစ်သည်။ ထို့ကြောင့် အချစ်သည် အရာခပ်သိမ်းကို စိုးမိုးနိုင် ခြယ်လှယ်နိုင်စွမ်း ရှိလေသည်ကို ကိုယ်တိုင်ခံစားရသဖြင့် သဘောပေါက်လာမိသည်။ ယခုလည်း သိကြားမင်းဖျက်တောင် ဖျက်နိုင်ပါဘူးရှင်ဟူသော အနေအထားသည် မမင်းပျို၏စိတ်ကူးထဲ၌ဝသို့ ရောက်ရှိနေလေပြီ။

"ဒါပေမယ့် မင်းပျိုရယ်၊ အချစ်ဆိုတဲ့အဓိပ္ပါယ်ဟာ ပုံသေကားချပ် သတ်မှတ်လို့ရတဲ့ နည်းပညာတစ်ခု မဟုတ်ဘူး မဟုတ်လား"

"ဒါလည်း နင်သိတာပဲလား မြူခိုးရယ်"

"သိတယ် မင်းပျို၊ သိလာတာနဲ့အမျှလည်း ကျွန်တော့်ရင်မှာ အချစ်ကြောင့် ဗလောင်ဆူတဲ့မီးတွေ ဟုန်းဟုန်းတောက်နေပြီ ဆိုတာ မင်းသိရဲ့လား မင်းပျို"



www.burmeseclassic.com

www.burmeseclassic.com

"မြနိုးရယ်. . . ငါ ဘာမှမပြောတတ်တော့ဘူး၊ မြနိုးခေါင်းထဲက မီးတောက်ကို မင်းပျို့ရဲ့မေတ္တာရေအေးနဲ့ ငြိမ်းသတ်ပေးနေတာပဲ မဟုတ်လား၊ ဘာလောင်မြိုက်စရာ ရှိသလဲ"

အားပေးစကားသာ ပြောနေရသည်။ မမင်းပျို့၏စိတ်ထဲ မကြံ့ခိုင်ချင်။ ဖေဖေ့မျက်နှာပြင်ပေါ်၌ ရှိနေသော အရေးအကြောင်းက မမင်းပျို့အတွက် မင်္ဂလာသတင်း မဟုတ်နိုင်ဘူးဆိုသည်ကို ကြို၍သိနေသည်။

"အကြားအမြင်ရပုဂ္ဂိုလ်တော့ မဟုတ်ဘူး၊ ဒါပေမယ့် ကျွန်းကြံအားထုတ်မှုတွေက များတော့ စိတ်ထဲမှာ လေးလံနေတယ်ဆိုရင် ကျွန်တော့်ဘဝအတွက် ထူးခြားတဲ့ပြောင်းလဲမှုတစ်ရပ် ဖြစ်လာနိုင်တယ်၊ အဲဒါ သောကပဲ ဖြစ်ဖို့များမှာပါ၊ မင်းနားလည်မှာပါ မင်းပျို့ ကျွန်တော် ရှင်းရှင်းလင်းလင်း မပြောတတ်ဘူး၊ ဒါပေမယ့် ကျွန်တော့်စိတ်တွေ လေးလံနေတာ နှစ်ပတ်လောက် ရှိပြီ"

မမင်းပျို့ရင်ထဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ရာသီဥတုကြောင့် ဖြစ်မှာပါ၊ ဘာမှ လျှောက်တွေးမနေနဲ့ ဉပါဒန်ကြောင့် ဉပါဒ်ရောက်တတ်တယ်"

မြနိုးက ပန်းသီးကို ကိုက်စားရင် မမင်းပျို့မျက်နှာလေးကို တစိမ့်စိမ့် ကြည့်နေရှာသည်။ ထိုကဲ့သို့ သူ၏နိုးစင်းသော အပြုအမူကလေးများကပင်လျှင် မမင်းပျို့သည် ကြွေလုမတတ် ခံစားနေရကြောင်းကို မြနိုး သိနိုင်မည်မထင်ပါ။

"ကျွန်တော် ည ရက်စ်တော့ရင့်ပိတ်မှ ပြန်လာတော့မယ်၊ ကိုကို့အတွက် ကျွန်တော့်လက်ဆောင်တွေကို ဘွားဘွားနဲ့အတူ မင်းပျို့ပဲ သွားပို့ပေးပါ"

"ဒါ. . မြနိုးရဲ့ဆန္ဒလား"

"ဟုတ်ပါတယ်"





"ကောင်းပြီ. . . ဒီလိုဆိုရင်တော့ မင်းပျို့ ပို့ပေးမယ်"

မြနိုးရဲ့ဆန္ဒသည်သာ မင်းပျို့၏ဆန္ဒဖြစ်ကြောင်း မြနိုးနားလည်လျှင် မမင်းပျို့၏အချစ်ကိုလည်း နားလည်နိုင်လိမ့်မည်။

ယောကျ်ားများ၏အချစ်က အတ္တများ၍ မိန်းမသားများအချစ်က အနစ်နာခံမှု များသည်ဟု မမင်းပျို့သည် ကိုယ်တွေ့ခံစားချက်ဖြင့် ကောက်ချက်ချရတော့မလို ဖြစ်နေသည်။

"ကျွန်တော် မင်းပျို့ကို အိမ်ထောင်သည် ယောကျ်ားတစ်ယောက်နဲ့ ယှဉ်စွပ်မှာ မဟုတ်ပါဘူး၊ ဒါပေမယ့် မမင်းပျို့ရဲ့သံယောဇဉ်ကြိုးကိုတော့ စိတ်မချချင်တာ အမှန်ပဲ မင်းပျို့"

"အဲဒီလောက်အထိ စိတ်မနုရဘူးလေ မြနိုး"

"သံယောဇဉ်ဆိုတဲ့ကြိုးဟာ လူသားအချင်းချင်းကို ချည်နှောင်ဖွဲ့တဲ့နေရာမှာ အခိုင်ခံ့ဆုံးသော ကြိုးတစ်ချောင်း ဖြစ်တယ်လေ မင်းပျို့၊ ဒါကြောင့် ကျွန်တော်ဟာ တစ်ခါတစ်ရံမှာ အချစ်ထက် သံယောဇဉ်ကို ပိုကြောက်နေတတ်တယ်"

မမင်းပျို့ မြနိုးအား တအံ့တဩ ငေးမောကြည့်လိုက်သည်။ ဤလူလေးသည် တော်တော်မလွယ်ကူသော လူတစ်ယောက်ပါလား။ ဘယ်အရာမဆို သိလွယ်တတ်လွယ် ခံစားလွယ်လွန်းတတ်သူပါလားဟု။

"ဒါပေမယ့် ကျွန်တော် မင်းပျို့ရဲ့နှုတ်ခမ်းလှလှလေးက ထွက်လာတဲ့ စကားမှန်သမျှတို့ကို မျက်စိမှိတ် ယုံကြည်နေပါ့မယ်၊ သွားမယ်. . . ဖေဖေ့ဆီ တက်ပြီး ဘာမှာစရာရှိသလဲလို့ မေးလိုက်ဦးမယ်"

"မင်းပျို့ မလိုက်ခဲ့တော့ဘူးနော်"

မြနိုးက ဆတ်ခနဲ ခေါင်းညိတ်ပြပြီး ထမင်းစားခန်းမှ ထွက်သွားလေသည်။


www.burmeseclassic.com

www.burmeseclassic.com



မမင်းပျို့သည်သာ ကြေကွဲပွင့် မျက်ရည်စက်တို့အား မကျစေရန် ထိန်းချုပ်ရင်း ဖခင်အား ရင်ဆိုင်ဖို့အရေးကို သတ္တိများ မွေးရင်းဖြင့်. . .။







# အခန်း(၃၂)

"လာ. . . သမီးထိုင်"

ဖေဖေသည် အပေါ်ထပ်ဧည့်ခန်းရှိ ဒရင်းဘက်ပေါ်၌ လဲလျောင်းနေရာမှ အသာထလိုက်သည်။

မမင်းပျို့ရင်ထဲ စူးစူးရှရှ နာကျင်လာသည်။ ဖေဖေက ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ စကားပြောရန် အားယူနေခြင်းဖြစ်လျှင် မင်းပျို့နားသို့ တိုးဝင်လာမည့်စကားသည် ကောင်းသော သတင်းစကား မဖြစ်နိုင်ပါချေ။

"ဖေဖေ လူလေးရဲ့ဘဘုန်းဆီ ရောက်ခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"တော်တော်ကြည်ညိုစရာကောင်းတဲ့ ဘုန်းတော်ကြီး တစ်ပါးပဲ"

မမင်းပျို ဖခင်အား မော့ကြည့်လိုက်သည်။ ဖခင်သည် သူမအား ကြည့်မနေဘဲ ပြတင်းပေါက်မှ သွားရပ်နေသည်။

"သမီးဆယ်တန်းနှစ်က မြန်မာစာ ဂုဏ်ထူးထွက်ခဲ့တာ မှတ်မိသေးရဲ့လား"

"ဟုတ်ကဲ့ ဖေဖေ. . . မှတ်မိပါတယ်"

"အဲ့ဒီနေ့က ဝမ်းသာအားရနဲ့ ဖေဖေ့ကို စာစီစာကုံးနဲ့ ပတ်သက်ပြီး ပြောတဲ့စကားတွေ မှတ်မိသေးရဲ့လား"

မမင်းပျို ဇဝေဇဝါ ဖြစ်သွားသည်။

"ထားပါတော့လေ. . . သမီးမမှတ်မိရင် ဖေဖေပြောမယ်၊ ယနေ့လူငယ်နဲ့ အမျိုးသားရေးတာဝန်ဆိုတဲ့ ခေါင်းစဉ်ကို သမီး ရွေးဖြေခဲ့တယ်၊

သမီးနိုင်ငံမှာ မြေမျိုလို့ လူမျိုးမပျောက်ဘူး၊ လူမျိုးကို လူမျိုးမြိုမှ ပျောက်မည်ဖြစ်တဲ့အတွက် မိမိတို့ရဲ့လူမျိုး၊ ဘာသာ၊ သာသနာကို ထိန်းသိမ်းစောင့်ရှောက်အပ်သော အမျိုးသားရေးစိတ်ဓါတ်နဲ့ ကြံ့ခိုင်သော မြန်မာသွေးကို ဘယ်လူမျိုးနဲ့မှ မရောဘဲ ရဲရဲနီကြပါစေလို့ သမီး ရေးခဲ့တယ်ဆိုတာလေ၊ မှတ်မိတယ်မဟုတ်လား"

မမင်းပျို ခေါင်းညိတ်ကာ. . .

"အင်း. . . ဖေဖေ အဲဒီကတည်းက သမီးကို စိတ်ချခဲ့တယ်၊ သမီးကို သားနည်းတူပဲ အသွားအလာတွေကိုတောင် ဖေဖေ မချုပ်ကိုင်ခဲ့ဘူး၊ သမီးရဲ့အိမ်ထောင်ရေးမှာလည်း သမီးရဲ့ဆန္ဒကို ယူပြီးမှ သမီးအတွက် အကောင်းဆုံးဖြစ်မယ် ထင်တဲ့သူနဲ့ စီစဉ်ဖို့ ကြိုးပမ်းခဲ့မိတယ်၊ ဒါပေမယ့် ဖေဖေ့ဆန္ဒ မပြည့်ဝခဲ့ဘူး၊





ဒီအတွက် ဖေဖေ ဘယ်သူ့ကိုမှ အပြစ်မတင်ဘူး၊ သမီးနဲ့ မောင်ကိုကိုတို့ရဲ့အကြားမှာ ဖေဖေတို့ မသိနိုင်တဲ့ လျှို့ဝှက်ချက်တစ်ချက် ရှိလိမ့်မယ်ဆိုတာ သမီးတို့ အသိဆုံးပဲ နေမှာပါ"

မမင်းပျို မလုံမလဲ ခံစားလိုက်ရသည်။ ကိုကိုနှင့် ပတ်သက်၍ ဖေဖေ ရိပ်မိကောင်း ရိပ်မိနေပေလိမ့်မည်။ သို့သော် လူကြီးပီသစွာဖြင့် မသိကျိုးကျွံများ ပြုနေတာများလားဟု မမင်းပျို ယခုမှ တွေးဆမိတော့သည်။

လူကြီးမိဘတွေလည်း ငယ်စဉ်ဘဝကို ဖြတ်သန်းလွန်မြောက်သွားကြသူများဖြစ်ခြင်းကြောင့် ငယ်စဉ်ဘဝ၏နှလုံးသားပြဿနာရပ်ကို နားလည်သိရှိနိုင်သည်ဟူသောအချက်ကို မမင်းပျိုသည် အဘယ်ကြောင့်များ မေ့လျော့ခဲ့နေရသနည်း။

မမင်းပျိုနားထဲသို့ ဖခင်၏သက်ပြင်းချသံတို့ တိုးဝင်လာသည်။ ထိုအသံသည် ဖေဖေ့စကား၏ရှေ့ပြေးနိမိတ်ဆိုးတစ်ရပ်ဖြစ်ပေလိမ့်မည်။

"သမီး. . . ဘဘုန်းရဲ့လမ်းညွှန်ပေးချက်နဲ့ ဖေဖေဟာ (. . . .)ရွာကြီးကို ရောက်သွားခဲ့တယ်၊ အဲ့ဒီမှာ လူလေးရဲ့မျိုးရိုးဇာတိ သိရှိခဲ့ရတယ်"

မမင်းပျိုသည် လှုပ်ရှားနေသောရင်အစုံကို ငြိမ်သက်စေရေးအတွက် ကြိုးပမ်း၍မရတော့ချေ။

"သမီးတို့ရဲ့အနာဂတ်ဟာ ဒီစကားအပေါ်မှာ မူတည်ပါတယ်"

မမင်းပျိုရင်ထဲ လှိုက်တက်လာသည်။ မမင်းပျို ကြိုသိနေသည်။

"ဟင်း. . . ဖေဖေ ဒီအကြောင်းကို မပြောရက်ဘူး၊ ဒါပေမယ့် သမီးလည်း အသိဉာဏ်ရှိတဲ့လူတစ်ယောက်ပဲ၊ စဉ်းစားတွေး



www.burmeseclassic.com

www.burmeseclassic.com

ခေါ်ပြီးမှ ဆုံးဖြတ်ချက်ချပေါ့ သမီးရယ်"

ဖေဖေ ဤမျှစကားပလ္လင်ခံနေမှတော့ မြနိုးသည် ကောင်းသောမျိုးရိုးဗီဇမှ ပေါက်ဖွားလာသူတစ်ဦးဖြစ်လိမ့်မည် မဟုတ်တော့ချေ။

"ပြောပါ ဖေဖေ၊ သမီးနားလည်ပါတယ်"

"အဲဒီရွာကြီးက သီလရှင်အိုကြီးတစ်ပါးကို ဖေဖေ သွားတွေ့ရသေးတယ်၊ ဒီသီလရှင်အိုကြီးဆီက သိခဲ့ရတဲ့ ပုံပြင်ဆန်ဆန် အဖြစ်အပျက်တစ်ခုကတော့ လွန်ခဲ့တဲ့ လေးဆယ့်ငါးနှစ်ကာလလောက်က အဲဒီနယ်တဝိုက်မှာ ခိုးဆိုးတိုက်ခိုက် လုယက်သောင်းကျန်းနေတဲ့ ဓါးပြစောရယက္ခဆိုတာ ရှိခဲ့တယ်၊

သူဟာ လူသတ်၊ ဓားပြတိုက်၊ အင်မတန်ဆိုးဆိုပဲ၊ ဒါပေမယ့် တစ်နေ့မှာ ဒဏ်ရာတွေ အကြီးအကျယ်နဲ့ ရွာဦးဘုန်းကြီးကျောင်းနားက သရက်ပင်ကြီးအောက်မှာ လဲနေတာကို ဘုန်းတော်ကြီးက တွေ့လိုက်ရတယ်ဆိုရင်ပဲ စောရယက္ခက သူ့ရင်ခွင်ထဲက တစ်ခါလည်အရွယ် ကလေးတစ်ဦးကို ပြပြီး 'တပည့်တော်ရဲ့သမီးလေးကို စောင့်ရှောက်တော်မူပါဘုရား' လို့ မှာကြားပြီး အသက်ထွက်သွားရှာတယ်တဲ့"

ဖေဖေ့ထံမှ အိပ်ရာဝင်ပုံပြင်တစ်ပုဒ်ကို နားထောင်နေသော ကလေးတစ်ဦးလို မမင်းပျို စိတ်ဝင်စားမိလေသည်။

"ဒါနဲ့ ဘုန်းတော်ကြီးကလည်း ကလေးကို သူ့ကျောင်းဝင်းထဲမှာ ရှိတဲ့ သီလရှင်ဒေါ်ခေမာဝတီကို စောရယက္ခရဲ့သမီးလေးကို အပ်နှံလိုက်တယ်၊ အဲ့ဒီသမီးနာမည်ကို မယ်သုန်လို့လည်း ဘုန်းကြီးက အမည်ပေးလိုက်တယ်၊

ဘုန်းကြီးရဲ့ဩဇာကို မလွန်ဆန်ရဲလို့သာ ရွာသူရွာသားတွေက ငြိမ်နေကြပေမယ့် မယ်သုန်အပေါ်မှာ သူ့ဖခင်ရဲ့ရက်စက် ယုတ်





မာမှုတွေကြောင့် ကျေနပ်မှု မရှိကြဘူးပေါ့ကွယ်၊ မယ်သုန်လေးခမျာ လူအများရဲ့ငြိုငြင်မှုကို ငယ်စဉ်ကတည်းက ခံခဲ့ရရှာတယ်၊

သီလရှင်ဒေါ်ခေမာဝတီရဲ့သင်ကြားပေးမှုနဲ့ စာတတ်ပေတတ်လေးတော့ ဖြစ်ခဲ့ရှာပါတယ်၊ ရုပ်ရည်ရူပကာက တင့်တယ်ပေမယ့် လူတောမတိုးဝံ့ရှာဘူး၊

ဒါပေမယ့် အဲဒီရွာကြီးနားမှာ သတ္တုရှာဖွေရေး မိုင်းစခန်းကြီးတစ်ခု ဆောက်တယ်၊ အဲဒီမှာ နိုင်ငံခြားသား ပညာရှင်တွေလည်း ပါတယ်၊ တိုတိုရှင်းရှင်း ပြောရရင် အဲဒီက နိုင်ငံခြားသားတစ်ဦးနဲ့ မယ်သုန်ကလေး ငြိစွန်းကြတယ်၊ နိုင်ငံခြားသားက လုပ်ငန်းပြီးတော့ သူ့နိုင်ငံပြန်သွားပေမယ့် မယ်သုန်မှာ ကိုယ်ဝန်ကျန်ခဲ့တယ်ဆိုပါတော့. . ."

ဖေဖေသည် ဖခင်တစ်ဦးဖြစ်သော်လည်း ရှေ့မျက်နှာနောက်ထားကာ သမီးအတွက် ပြောဆိုနေခြင်းဖြစ်ကြောင်း မမင်းပျို နားလည်ပါသည်။

"တိုတိုပြောရရင် မယ်သုန်ဟာ ကလေးကို မွေးဖွားပြီး မကြာခင်မှာပဲ အဲဒီရွာက ပျောက်သွားတယ်၊ နောက်သုံးလေးရက်အကြာမှာ ပြန်လာတော့ ကလေးပါမလာဘဲ သူက အသည်းအသန်ဖျားပြီး ဒေါ်ခေမာဝတီလက်ထဲမှာပဲ ဆုံးသွားတယ်"

မမင်းပျို ရိပ်မိပါပြီ။

"အဲဒီကလေးက မြနိုးမဟုတ်လား ဖေဖေ"

"အင်း. . . ဒါပဲပေါ့ သမီးရယ်"

မမင်းပျို၏ရင်၌ စူးရှနာကျင်စွာ ခံစားနေရသည်။ ကံကြမ္မာဆိုးက အငြိုးကြီးလွန်လှချေတကား။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ချစ်မြတ်နိုးသော၊ နိုင်ငံအပေါ် သစ္စာရှိသော မိသားစုတွင်းမှ ပေါက်ဖွားလာသော မမင်းပျိုသည်


www.burmeseclassic.com

www.burmeseclassic.com

နှလုံးသားကိုသာ အဆုံးရှုံးခံရတော့မည်။

ရစ်ဝဲလာသောမျက်ရည်များကို မသုတ်ဘဲ. . .

"သမီးနားလည်ပါတယ်"

ဟုသာ ပြောပြီး ဖခင်ကို မနှုတ်ဆက်တော့ဘဲ မိမိအိပ်ခန်းရှိရာသို့သာ တန်းဝင်ခဲ့လိုက်သည်။ တံခါးပိတ်ပြီးသည်နှင့် သောကမျက်ရည် တာကျိုးထွက်သွားလေသည်။







# အခန်း(၃၃)

"မြနိုး. . ."

မြနိုးသည် စာရင်းဇယားများကို ဂဏန်းပေါင်းစက်နှင့် ချက်နေရာမှ မော့ကြည့်လိုက်သည်။ မြနိုး၏အပြစ်ကင်းစင် ာ မျက်ဝန်းရိပ်ကို မြင်တွေ့လိုက်ရသော မမင်းပျို၏ သောက အစုံသည် ပေါက်ကွဲလုအခြေအနေ ရှိသော မီးတောင်သဖွယ် ပေါ် သွားသည်။

"ထိုင်လေ မင်းပျို. . . နေမကောင်းဘူးဆို"

"ဟုတ်တယ်"


www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ အောက်ဆင်းလာတာလဲ"

"လွမ်းလို့ပေါ့. . . နင့်မျက်နှာလေးကို ဖူးမြော်ချင်လို့ပေါ့"

ဟူသော အငေါ် အတူးလေးနှင့် နှုတ်ဆက်ချင်ပါသော်လည်း အပူမီးကို မချိသွားဖြစ်နှင့်. . .

"မြူခိုးကို တွေ့ချင်လို့ပေါ့"

မြူခိုးက မမင်းပျို၏မျက်နှာကို စေ့စေ့ကြည့်ကာ အကဲခတ်လေသည်။ လူတစ်ဦး၏ငိုပြီးစ မျက်လုံးအိမ်၏ မို့အစ်မှုကို သူသတိပြုတတ်ပုံမှ ပေါ်ပါလေစ။

"မျက်နှာအစ်နေသလိုပဲ. . . ဘာဖြစ်လို့လဲ၊ ကျွန်တော် အပေါ်ထပ် တက်လာပြီး မေးချင်တယ်၊ ဒါပေမယ့် ဘွားဘွားက သွားမနေနဲ့ မိန်းမရောဂါဆိုလို့"

"အို. . ."

ဒီစကားမျိုး ပြောသင့်မပြောသင့်ကို သူစဉ်းစားတတ်မိပုံမပေါ်။ သူ၏ရိုးစင်းမှုကို မျိုးရိုးဗီဇနှင့် ဖျောက်ဖျက်ပစ်ရတော့မည်လား။ 'ရွှေပင်နားတော့ ရွှေကျေးဖြစ်မလာနိုင်ဘူးလား'။ မမင်းပျိုသည် မြူခိုးဘက်မှ ဖေးမကာ တွေးလိုက်သည်။

"ခေါင်းကိုက်လို့ပါ. . . မြူခိုး ထမင်းစားပြီးပြီလား"

"ဟင့်အင်း. . . ကိုကို့ဆီကို ဘွားဘွားနဲ့ လက်ဆောင်သွားပို့ရင်း ကော်ဖီသောက်လာလို့ ရင်ပြည့်နေတယ်၊ ပြီးတော့ မင်းပျိုဆင်းမလာတော့ စိတ်ထဲမှာ စားချင်စိတ် မရှိတာနဲ့ စာရင်းထိုင်တွက်နေတာ"

မြူခိုးက သေသေချာချာ ရှင်းပြသည်။

မမင်းပျိုက. . .

"ဒါဖြင့် အခု စားတော့မလား"

"မင်းပျိုကော စားမှာလား"





"အင်း. ."

ချစ်သူနှင့် နေရစဉ်ကာလ၌ ပျော်ပျော်ရွှင်ရွှင်သာ နေတော့မည်။ ချစ်သူ၏မျက်နှာ မညှိုးစေရေးကို ကြိုးပမ်းလိုက်မည်။ ဤဆန္ဒသည် မမင်းပျိုက ချစ်သူအပေါ် ထားရှိသော စေတနာသက်သက်သာဖြစ်သည်။

မြူခိုးမျက်နှာ ဝင်းပသွားသည်။ မမင်းပျိုက. . .

"ဖေဖေကော"

"ကိုကိုတို့အိမ်ဘက် ကူးသွားတာ တွေ့တယ်"

"ဘွားဘွားကော"

"အပေါ်ထပ် တက်သွားတယ်၊ မင်းပျိုဆီ မလာဘူးလား"

"မလာပါဘူး"

မမင်းပျိုသည် အိပ်ခန်းတံခါး ချက်ချကာ အားလုံးကို ရှောင်ရှားနေခဲ့သည်။ မှောင်ရီပျိုးပြီး မီးထွန်းချိန်ရောက်မှ သောကမျက်ရည်ချောင်းတမံထုတ်ကာ တားဆီးခဲ့သည်။ မြူခိုးရိပ်မိသွားမှာ စိုးရိမ်သည်။

လူ့ဘဝ၌ မျိုးရိုးသည်လည်း အရေးပါသော အစိတ်အပိုင်းတစ်ခုဖြစ်သည်ဟု ယခင်က မမင်းပျို ခံယူခဲ့သော သဘောထားတစ်ရပ်ကို မမင်းပျို ဇွတ်မှိတ်ဖျောက်ဖျက်ပစ်လိုက်ရမည်လား။

"မင်းပျို. ."

"အင်. ."

"ဘာတွေ တွေးနေတာလဲ၊ ထမင်းလည်း တစ်လုပ်မှ မစားသေးပါလား"

သောကအတွေးသည် မမင်းပျိုကို လွမ်းမိုးလျက်ရှိရာ ခဏတစ်ရံ လက်ရှိအနေအထားကို မေ့လျော့သွားတတ်သည်။

"ဘာမှမဟုတ်ပါဘူး. . . မြူခိုးဟာ သက်သက်လွတ် စား


www.burmeseclassic.com

www.burmeseclassic.com

နိုင်တာကိုပဲ တွေးလိုက်မိလို့ပါ"

"မဆန်းတော့ပါဘူး. . . မုဆိုးနားနီးမုဆိုး တံငါနားနီး တံငါပဲ၊ သူတော်စင်အပါးမှာ နေထိုင်ကြီးပြင်းခဲ့ရသော ဘဘုန်းရဲ့ အကျင့်သီလတွေ ကျွန်တော့်ခန္ဓာကိုယ်မှာ စိမ့်ဝင်နေပြီ၊ ကျွန်တော့် သွေးသားဟာ အသီးအရွက်ကိုသာ လက်ခံနိုင်တဲ့ခန္ဓာကိုယ်ဖြစ်နေပြီ"

မမင်းပျိုသည် မြူခိုးအပေါ်၌ ဘယ်လိုမှ အပြစ်မမြင်နိုင်အောင် ရှိနေသည်။ မိဘဘိုးဘွားများ၏ဆိုးမွေသည် မြူခိုးဘဝ၏ အရိပ်မည်းတစ်ရပ် ဖြစ်နေပြီဆိုခြင်းကို မြူခိုးကတော့ မသိသေးပေ။

"မင်းပျို. . ."

"အင်. ."

"မင်းပျို ဘာဖြစ်နေသလဲ"

"ဘာမှမဖြစ်ပါဘူး"

မြူခိုးသည် လူကဲခတ်ပညာထက် လူမနောကို ဖောက်ထွင်းမြင်နိုင်စွမ်း ရှိနေသည် ထင်ပါသည်။ မမင်းပျိုထမင်းကို မစားချင်စားချင်နှင့် ဇွတ်မှိတ်စားနေမိသည်။

"တစ်ခုခု ဖြစ်နေတယ်ဆိုတာ ကျွန်တော်သိပါတယ်"

"ဘာမှမဖြစ်ပါဘူးဆိုမှ မြူခိုးရာ၊ လူက နည်းနည်းနုံးပြီး ခွေနေချင်လို့ပါ"

"ဒီလိုဆိုရင်လည်း ကိုကို့ကို ခေါ်ကုလေ"

"ရပါတယ်"

"ကိုကိုတော့ မနက်ဖြန် မပြန်ဖြစ်ဘူး၊ သုံးလေးရက်ကြာမှ ပြန်မယ်တဲ့၊ ကိုကို့ဖေဖေက ကိုကို့ကို ကားတစ်စီး မှာထားတာ မရသေးလို့လေ"

"သူတို့အိမ်မှာ ကားတွေ ရှိသားနဲ့"





"အကြမ်းသုံးလို့ကောင်းတဲ့ကားတဲ့. . . လင့်ရှိဘာ အသစ်စက်စက်တဲ့"

"ဪ"

"အဲဒါ ကားရပြီးမှ ကားနဲ့ပဲ ပြန်မယ်တဲ့"

မမင်းပျို အာရုံပြောင်းစေရေးကိုပဲ မြူခိုး ဂရုစိုက်နေတာ သား။ ကိုကို့အကြောင်းကို တမင်ပြော၍ မမင်းပျိုအား သွေးတိုးစမ်းနေတာလားဟု မမင်းပျို ခွဲခြားမသိနိုင်ချေ။ မမင်းပျိုသည် ဆန္ဒမပါသော လှုပ်ရှားမှုများဖြင့် စက်ရုပ်သဖွယ်သာ လှုပ်ရှားနေမိလေသည်။

"မင်းပျို. ."

"ဘာလဲ"

"ကျွန်တော်တစ်ယောက်တည်း အရူးနဲ့ တူမနေဘူးလား"

"ဟင်. . . ဘာဖြစ်လို့လဲ"

"တစ်ယောက်တည်း စကားပြောနေရလို့လေ၊ မင်းပျိုမှ စိတ်မပါဘဲ"

"မြူခိုး ဘယ်လိုဖြစ်နေတာလဲ၊ အလုပ်မှာ အဆင်မပြေလို့ မင်းပျိုကို ရမယ်ရှာနေတာလား"

"ထမင်းရည်ပူလျှာလွှဲ လုပ်မနေပါနဲ့ မင်းပျို၊ ကျွန်တော် သိပါတယ်၊ မင်းပျို ခံစားနေရတဲ့ ဝေဒနာရပ်တစ်ခုခုကြောင့် ကျွန်တော်နဲ့ စကားပြောဆိုမှုမှာ စိတ်မပါဘူးဆိုတာကို ကျွန်တော်သိနေတယ်"

မမင်းပျို လန့်သွားသည်။ စိုးထိတ်ကြောင့်ကြမှုဟူသော ဝေဒနာရပ်သည် မမင်းပျိုကို နှိပ်စက်နေလေပြီ။ မြူခိုးသာ သိသွားလျှင် ဟူသောအတွေးကို မမင်းပျို မတွေးဝံ့အောင် ဖြစ်နေသည်။ မြူခိုး အသိခံလို့ လုံးဝမဖြစ်ဘူး။


www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေးဟဲ့ အကြားအမြင်ပုဂ္ဂိုလ်ရဲ့. . . မိန်းမတွေ
ဝေဒနာလည်း ဘာမှမသိနားမလည်ဘဲနဲ့ ကိုယ်ထင်ရာကိုယ်
တွေးမနေပါနဲ့၊ ကျွန်မ ဘာမှမဖြစ်ပါဘူး ကိုယ်တော်ချောရဲ့"

မမင်းပျို့က အငေါ်အတူးလေးဖြင့် မျက်စောင်းဝှဲ
ဆက်ဆံလိုက်သည့်တိုင်အောင် သံသယမျက်လုံးများဖြင့် မမင်း
၏မျက်လုံးအိမ်ကို စိုက်ကြည့်ကာ စူးစမ်းလျက်ရှိရာ. . .

"ကိုယ်တော် ဘာကြည့်တာလဲ"

"ကျွန်တော် မင်းပျို့ကို ဆုံးရှုံးရမှာ သိပ်ကြောက်တယ်
ဟန်ဆောင်ပြီးတော့ နေရတာလည်း စိတ်ရဲ့ပင်ပန်းဆင်းရဲခြင်း
ခံစားနေရတယ်၊ ဒါကြောင့် ကျွန်တော် လူကြီးတွေကို ဖွင့်ပြောချင်
ပြီ"

"ဘာဖြစ်လို့ ဒီလောက်လောနေရတာလဲ၊ မင်းလွင်က
မြန်မာပြည်ကိုပဲ လွမ်းတယ်၊ အသစ်အဆန်းဆိုတဲ့ ဆွဲဆောင်မှု
လွဲရင် မြန်မာပြည်ရဲ့ရေမြေတောတောင်သဘာဝနဲ့ မြန်မာလူမျိုး
တွေရဲ့ ချစ်ခင်ရင်းနှီးမှုကသာလျှင် သူ့ကို ဆွဲဆောင်နိုင်ဆုံးပဲတဲ့

သူပြန်လာတော့မယ်လို့ ငါ့ဆီကို စာရေးတယ်၊ နင့်ဆီကို
ကော ရေးသလား၊ သူပြန်လာမှပဲ. . ."

မမင်းပျို့ ထမင်းရည်ပူလျှာလွှဲ လုပ်နေမိသည်။ ဤသည်ကို
မြူခိုးက သိသိကြီးနှင့် သက်ပြင်းချကာ. . .

"လူတွေဟာ ဉာဏ်နီဉာဏ်နက် သိပ်များတယ်နော်၊ ကျွန်
တော် ဟန်ဆောင်မှုများတဲ့လောကကြီးကို သိပ်မုန်းတီးတယ်၊ ဒါပေ
မယ့် အဲဒီလောကကြီးထဲက လူသားတွေထဲ ကျွန်တော်ပါနေပြီ၊



တယုတယ တမြတ်တနိုး လုပ်သလို လုပ်ပြီး နေချင်ပေမယ့်လည်း
နေလို့မရဘူး၊ ဟန်ဆောင်ပြီး နေရတယ်၊ သိက္ခာနဲ့ နေရတယ်"

တစ်ခါတစ်ရံ မြူခိုးသည် သူကျင်လည်ခဲ့ရာ ဇာတိရပ်ဝန်း
ကို တမ်းတကောင်း တမ်းတနေပေလိမ့်မည်။ မမင်းပျို့ဟူသော
သံယောဇဉ်ကြိုးကသာ သူ့အား ရစ်ပတ်နှောင်ဖွဲ့မထားဘူးဆိုပါက

"ဒီမှာ မပျော်ဘူးလား"

"ပျော်တယ် ပျင်းတယ်ဆိုတာကို ကျွန်တော်မခံစားချင်ဘူး၊
ဒါပေမယ့် ချမ်းသာခြင်းကို လိုလားတယ်၊ ချမ်းသာခြင်းဆိုလို့ တခြား
တွေးနဲ့ဦးနော်၊ စိတ်ရဲ့ချမ်းသာခြင်းကို ပြောတာပါ၊ ဟန်ဆောင်ခြင်း
ဆိုတာ စိတ်ပင်ပန်းဆင်းရဲစေတဲ့အလုပ်ပဲ၊ ကျွန်တော် မလုပ်ချင်ဘူး"

"မြူခိုးရယ်. . ."

မမင်းပျို့၏အသည်းနှလုံး ပေါက်ကွဲလွင့်စဉ် ကြေမွ
ပျက်သုဉ်းတော့မည့်အလား နာကျင်ခံစားနေရလေပြီ။ မြူခိုးကို ဟန်
ဆောင်ပြုံးပြရန် အားယူလိုက်သည်။ သို့သော် အပြုံးဖြစ်မလာဘဲ
မဲ့၍သာ သွားသည်။

"ငါလည်း မင်းလိုပါပဲ၊ ဒါပေမယ့် အချိန်ကို ခဏလေး
စောင့်ပါ၊ မင်းလွင်ပြန်အလာကို စောင့်ကြရအောင်နော်"

မြူခိုးက သက်ပြင်းချကာ မမင်းပျို့ ကျေနပ်မှု ရှိစေရေး
အတွက် ခေါင်းညိတ်ပြလိုက်သည်။

"နင့်ကို ငါသိပ်ချစ်ပါတယ် မြူခိုးရယ်၊ ချစ်ခြင်းဆိုတာ
လက်ထပ်ပေါင်းသင်းနေထိုင်ခြင်း တစ်ရပ်တည်း မဟုတ်ပါဘူးကွယ်၊
ဒီတော့ မင်းပျို့တို့ လက်ထပ်ခြင်းကိစ္စကို ခဏမေ့ထားလိုက်ရ

မြန်မာပြည်ကိုပဲ လွမ်းတယ်၊ အသစ်အဆန်းဆိုတဲ့ ဆွဲဆောင်မှု
လွဲရင် မြန်မာပြည်ရဲ့ရေမြေတောတောင်သဘာဝနဲ့ မြန်မာလူမျိုး
တွေရဲ့ ချစ်ခင်ရင်းနှီးမှုကသာလျှင် သူ့ကို ဆွဲဆောင်နိုင်ဆုံးပဲတဲ့
သူပြန်လာတော့မယ်လို့ ငါ့ဆီကို စာရေးတယ်၊ နင့်ဆီကို
ပျက်သုဉ်းတော့မည့်အလား နာကျင်ခံစားနေရလေပြီ။ မြူခိုးကို ဟန်
ဆောင်ပြုံးပြရန် အားယူလိုက်သည်။ သို့သော် အပြုံးဖြစ်မလာဘဲ
မဲ့၍သာ သွားသည်။
"ငါလည်း မင်းလိုပါပဲ၊ ဒါပေမယ့် အချိန်ကို ခဏလေး

www.burmeseclassic.com



ကျွန်တော် ဖေဖေ့ကို စောင့်ရင်းနဲ့ စာရင်းဇယားတွေ စစ်လိုက်ဦးမယ်"

မမင်းပျို ခေါင်းညိတ်လိုက်သည်။ သို့သော် ခန္ဓာကိုယ်ကတော့ မရွေ့လျားမိပါ။

"သွားနားတော့ မင်းပျို"

မြူခိုးက ကြင်နာတတ်သောအပြုံးနှင့် ပြုံးပြပြီး ထပ်မံပြောလိုက်သဖြင့် မမင်းပျို ခေါင်းညိတ်သည်။ မြူခိုးနှင့်အတူ ဧည့်ခန်းဘက်သို့ ပြန်လျှောက်လာပြီး လှေကားရင်းအရောက်၌ ရပ်လိုက်ကြသည်။

"မင်းပျို"

"ဘာလဲ မြူခိုး"

"အချစ်ရဲ့အဓိပ္ပာယ်မှာ ခွဲခွာခြင်း၊ စွန့်လွှတ်ခြင်း၊ အနစ်နာခံခြင်းတွေကော ပါတတ်သလား"

မြူခိုး ဘာကို ဆိုလိုပါသနည်း။ တစ်စုံတစ်ခုကိုများ ကြိုတင် သိထားပြီလား။

"ဖြေလေ မင်းပျို"

"ပါပါတယ်"

"ကိုင်း. . . တက်တော့၊ အိပ်ပျော်အောင် အိပ်လိုက်နော်"

"အင်း. . ."

မမင်းပျို မြူခိုးကို ကျောခိုင်းကာ လှေကားထစ်များကို တစ်ထစ်ချင်း နင်းတက်လိုက်ချိန်၌ မျက်ရည်များသည်လည်း တစ်ပေါက်ချင်း. . .။







## အခန်း(၃၄)

"မယ်မင်းပျို. . ."

ဘုရားပန်းလဲရန် ပန်းစည်းကို ပိုက်လျက် အပေါ်ထပ်သို့ တက်ဟန် ပြင်လိုက်သော မမင်းပျို၏ခြေလှမ်းသည် တုံ့ခနဲ ဖြစ်သွားသည်။

"မညွှက်တို ပေးလိုက်၊ ဒီကို ခဏလာဦး"

အနားသို့ ရောက်လာသောအခါ ဒေါ်ညွှက်လက်ထဲသို့ မမင်းပျို ပန်းစည်းကို ထည့်ပြီး ဘွားဘွားနှင့်ဖေဖေရှိရာ ဧည့်ခန်းဆက်တီများသို့ လျှောက်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်. . သမီး"

တရားခွင်တစ်ခုသို့ ရောက်ရှိနေသော တရားခံတစ်ဦးနှယ် မိမိခံစားလိုက်ရသည်။

ဘွားဘွားနှင့် ကပ်လျက်ရှိသော ဆိုဖာဆက်တီ၌ ဝင်ထိုင်လိုက်သည်။

ဘွားဘွားသည် အကျိုးအကြောင်း အလုံးစုံကို သိရှိပြီး ဖြစ်နေပေလိမ့်မည်။

"အသက်တစ်ရာမနေရ၊ အမူတစ်ရာတွေ့ရတယ်ဆိုတာ တယ်မှန်ပါလား မယ်မင်းပျို့ရယ်"

ဘွားဘွားက သူ၏လက်သုံးစကားဖြင့် အစချီလေသည်။

ဖေဖေကတော့ အပိုစကား မပြောဘဲ. . .

"သမီး ဆုံးဖြတ်ချက် ချပြီးပြီလား"

". . . . . . ."

မမင်းပျို့ ခေါင်းခါလိုက်ပြီး ခေါင်းကို ငုံ့ချလိုက်သည်။ အပြစ်တင်လည်း ခံလိုက်တော့မည်။ မြို့ခိုးအပေါ်၌ 'နင်မဟုတ်နင့်အဖေပဲ' ဟူသော ဝံပုလွေပုံပြင်လိုမျိုး ထောက်ပြပြီး သစ်စိမ်းချိုးချိုးလိုက်ဖို့ကို မမင်းပျို့၏အသည်းနှလုံးက ခွင့်မပြုပါချေ။

"မီးဝေးချိတ်လို မာချင်မာသွားနိုင်တယ်၊ ဒါကြောင့် သားစီစဉ်ထားတာကိုသာ ပြောပြလိုက်ပါ"

"အင်း. . . အနေနီးစပ်တော့လည်း သံယောဇဉ်ကြီးကဖြတ်ရခက်တယ်၊ ဒီတော့ ဖေဖေတို့ စီစဉ်ထားတာ တစ်ခုရှိတယ်"

မမင်းပျို့ ရင်ခုန်သံ ရပ်ဆိုင်းသွားလေမလား ထင်မှတ်လောက်အောင် ခံရခက်လွန်းသောဝေဒနာရပ်က ဖြစ်ထွန်းလျက်ရှိသည်။ ဖေဖေ့နှုတ်ဖျားမှ ထွက်ပေါ်လာမည့်စကားသည် မြို့ခိုးနှင့်မိမိအတွက် ဝေးကွာခြင်းသဘောကို ဆောင်စေတော့မည်။





"မောင်ကိုကို တာဝန်ကျတဲ့မြို့ကို သမီးလိုက်သွားရမယ်"

"ရှင်. . ."

"ဟိုမှာ ကျောင်းဆရာမတွေ လိုနေတယ်၊ စေလိုရာစေ တင်လိုက်ပါ၊ ဒီကိစ္စအားလုံးကို ဖေဖေ ဒီကနေ ဆောင်ရွက်ပေးမယ်၊ သမီးက ခန့်စာမရောက်သေးလည်း အဲ့ဒီက ပြည်နယ်ပညာရေးမှူး တာဝန်ပေးတဲ့ကျောင်းမှာ ခေတ္တလုပ်အားပေး ဝင်လုပ်ဖို့ပဲ"

"ရှင်. ."

မမင်းပျို့ ကိုယ့်နားကိုယ် မယုံကြည်နိုင်လောက်အောင် ဖြစ်သွားသည်။

"အဖော်အဖြစ် မိသေးကို ခေါ်သွားရမယ်"

"ကျုပ်တို့အတွက် ဘာမှနောက်ဆံတင်းမနေနဲ့၊ မညှတ် ရှိတယ်၊ နောက် တောက အမျိုးတစ်ယောက်ကို ထပ်ခေါ်လိုက်မယ်၊ လူလေးကလည်း ကျုပ်တို့ကို စောင့်ရှောက်မှာပါ"

အခုမှ တကယ့်အကျဉ်းအကျပ်ထဲသို့ ရောက်နေလေပြီ။

ကိုယ်ရေးကိုယ်တာကို နိုင်ငံ့ဝန်ထမ်းဘဝဖြင့် အစားထိုး လဲလှယ်ရတော့မည်လား။ နှလုံးသားကို စေတနာ၊ မေတ္တာ၊ တရားဓမ္မတာများဖြင့် အစားထိုး လဲလှယ်ရတော့မည်။

"လောလောဆယ်တော့ သမီးလိုက်သွားဖို့မလိုဘူး၊ ခရီးတ နှစ်ညအိပ် သုံးညအိပ် ခရီးမျိုးဆိုတော့ သမီးကို မောင်ကိုကိုရဲ့ကားနဲ့ ခေါ်လိုက်သွားစေတဲ့ လေယာဉ်နဲ့ပဲ စီစဉ်ပေးမယ်၊ မောင်ကိုကိုက ဟိုကနေ စီစဉ်ပေးလိမ့်မယ်"

"ဒီကိစ္စတွေ ကိုကိုသိလား"

"မနေ့ညက သမီး အလုပ်လုပ်ချင်တဲ့ဆိုတဲ့အကြောင်းနဲ့ အလုပ်ကိစ္စပဲ တိုင်ပင်ကြတာ၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းတဲ့ကိစ္စမျိုးတော့ ဖေဖေ ဘယ်အဖြစ်ခံနိုင်ပါ့မလဲ သမီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကတော့ လေသံအေးအေးဖြင့် မမင်းပျို့ကို ဖျောင်းဖျသည်။ ဘွားဘွားကတော့. . .

"မြွေမသေ တုတ်မကျိုး အဖြစ်ကိုပဲ လိုလားတယ်လေ မယ်မင်းပျို့၊ လူလေးကိုလည်း ကျုပ်တို့က မြေးသားလို သံယောဇဉ်တွယ်နေကြပြီ၊ မွေးစားမြေးအနေနဲ့ ကျုပ်တို့ တစ်သက်လုံး ချစ်သွားနိုင်ပါတယ်၊ ဒါပေမယ့် မြေးသမက်အနေနဲ့တော့ စဉ်းစားရမယ်"

"ဟုတ်တယ် သမီး၊ မျိုးရိုးဗီဇဆိုတာ ဖျောက်နိုင်ခဲတယ်၊ သုံးလေးဆက်လောက်ကတော့ ဖျောက်ဖျက်လို့မရဘူး၊ တစ်ချိန်ချိန်မှာ စောရယက္ခလို သွေးဆိုးတဲ့လူမျိုး၊ မယ်သုန်ယောကျ်ားလိုလူမျိုး ဖေဖေတို့သွေးသားထဲမှာ ရောနှောပေါ်ပေါက်လာခြင်းမျိုးအတွက် ဖေဖေ လုံးဝမတွေးရဲအောင်ပဲ၊

ဒါ. . မေမေပြောရမယ့်စကားကို ဖေဖေက မျက်နှာပြောင်တိုက် ပြောနေရတာ၊ သမီး ပညာတတ်ပါ၊ ဖေဖေ ဘာကိုဆိုလိုသလဲဆိုတာ နားလည်မှာပါ"

"ဟုတ်. . ဟုတ်ကဲ့၊ ဒါပေမယ့် သမီးမရင့်ကျက်သေးပါဘူးဖေဖေ၊ သမီးစိတ်ကို သူ့မိနိုင်နင်းဖို့ ကြိုးစားဆဲပါ၊ လောလောဆယ်တော့ ဖေဖေတို့ ဆုံးဖြတ်ချက်ဟာ သမီးရဲ့ဆုံးဖြတ်ချက်ပါပဲ"

မင်းပျို့ စိတ်ကို ချိုးနှိမ်ကာ ကတိစကား ပေးလိုက်သည်။ ရင်ထဲမှာတော့ မီးဟုန်းဟုန်းတောက်လျက်ရှိသည်။

"မြေးလေး ဘယ်လိုခံစားရမယ်ဆိုတာ ဘွားဘွားတို့ စာနာပါတယ်၊ ဒါပေမယ့် အလုပ်ဟာ အချိန်တွေကို သုံးသွားလိမ့်မယ်၊ အဲ. . . နောက်ဆုံး အချိန်က ဝေဒနာရပ်အားလုံးကို ကုစားသွားနိုင်ပါလိမ့်မယ် မြေးလေးရယ်၊ ဘွားဘွားတို့က မြွေပါလည်းဆုံး၊ သားလည်း ဆုံးရမယ့်အဖြစ်မျိုး မလိုလားပါဘူး၊ လူလေးဘဝ တိုးမြှင့်ပေးချင်တာကလည်း ဘွားဘွားတို့ရဲ့မေတ္တာစေတနာပါ"





"ဟုတ်တယ် သမီး၊ လောကကြီးမှာ ဖြစ်ချင်တာထက် ဖြစ်သင့်ဖြစ်ထိုက်တာကို ဦးစားပေးပါ သမီး"

မမင်းပျို့ ပြောစရာစကား မရှိတော့ပါ။ ပြော၍မရနိုင်အောင် နှုတ်မှလည်း ဆွံ့အလျက်ရှိလေသည်။ သောကအသိုက်အမြုံက ရင်မှာ တစ်ဆို့လျက်ရှိသည်။

"ကိုင်း. . . သမီးလည်း စိတ်ပင်ပန်းလှပါတယ်၊ နားချင်သွားနားတော့၊ သမီးလိမ္မာတယ်ဆိုတာ ဖေဖေတို့ သိပါတယ်၊ ဒါပေမယ့် ပညာရှိ သတိဖြစ်ခဲ ဖြစ်မှာစိုးလို့ သတိပေးတာပါ၊ ကဲ. . . သွား. . သွား"

မမင်းပျို့ အော်ဟစ်၍သာ ငိုလိုက်ချင်သည်။ သို့သော် တစ်ခါတစ်ရံ ငိုကြွေးခြင်းထက် ပို၍ထိခိုက်သောခံစားမှုက နှလုံးသားကို ထိရှနာကျင်လျက် ရင်ကွဲမတတ် ခံစားနေရသည်။

ခြေလှမ်းတို့ကို အနိုင်နိုင် လှမ်းကာ ထွက်ခဲ့ရသည်။

မိမိသည် တာဝန်ကြောင့်များ စဉ်းစားဆင်ခြင်တတ်သော အသိဉာဏ်ရှိသည့်အရွယ်ကို ပိုင်ဆိုင်နေရသနည်း။

ဆယ်ကျော်သက်အရွယ် ရူးရူးမိုက်မိုက်အရွယ်မျိုးသာ ဖြန်ဖြစ်ခဲ့လျှင်တော့ စိတ်ထင်ရာစိုင်းမိလိမ့်မည် ထင်ပါသည်။

ယခုတော့ မိမိ၏အက်ကွဲနေသော နှလုံးသားကို ဦးနှောက်ဖြင့် ထိန်းချုပ်ရင်း တစ်စစီ ကြေမွလာမည့် နှလုံးသားဝေဒနာကို နင့်နင့်သီးသီး ကြေကြေကွဲကွဲ ခံစားရင်း. . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၅)

"မင်းပျို"

"မြူခိုးရယ်"

မမင်းပျို မြူခိုးရင်ခွင်သို့ တိုးဝင်ကာ ငိုချလိုက်သည်။ တစ်ခါတစ်ရံ ထိန်းချုပ်ထားရဖန် များလွန်းတော့လည်း တစ်ကြိမ်ကြိမ်၌ ပွင့်ထွက်သွားခြင်းနှင့် ကြုံတွေ့လေ့ရှိသည်။

တစ်နေ့တာအတွက် ဝင်ငွေများကို စာရင်းနှင့်တကွ စစ်ဆေးပြီးမှ သိမ်းလေ့ရှိသောမြူခိုးကို မမင်းပျို ကူညီပေးလေ့ရှိသဖြင့် စာကြည့်ခန်း၌ ညစဉ် ထမင်းစားပြီးချိန်တွင် တွေ့လေ့ရှိကြသည်။





ဤကဲ့သို့ တွေ့ဆုံခြင်းကို ဖေဖေကော ဘွားဘွားက ယခင်အတိုင်း ဟန့်တားမှု မပြုဘဲ လွှတ်ထားပေးလေသည်။

"ဘာဖြစ်လို့ ငိုတာလဲ"

မမင်းပျိုကို ရင်တွင်းမှ အသာခွာထုတ်ကာ မျက်ရည်သုတ်ပေးလိုက်သည်။

"နေမကောင်းလို့ ငိုတာလို့ မင်းပျိုပြောချင်သေးသလား"

မြူခိုး၏တည်ငြိမ်မှုကို မမင်းပျို အံ့သြရသည်။ ငြိမ်သက်နေသော ကန်ရေပြင်ထဲသို့ ခဲမချတော့ဟု မမင်းပျို ဆုံးဖြတ်လိုက်သည်။

"မပြောတော့ပါဘူး"

"ဒါဖြင့်ရင် ငိုရတဲ့အကြောင်းအရင်း အမှန်တရားကို ကျွန်တော် သိချင်တယ်လို့ မေးရင်ကော မင်းပျို ဖွင့်ပြောမှာလား"

မမင်းပျို မြူခိုးရင်ခွင်မှ ထွက်ကာ လှုပ်ကုလားထိုင်ထက်သို့ အားအင်ချိနဲ့စွာဖြင့် ထိုင်ချလိုက်သည်။ ကုလားထိုင်ကို လှုပ်ယမ်းရင်း စိတ်လှုပ်ရှားမှုကို ငြိမ်သက်စေရန် ကြိုးပမ်းလိုက်သည်။

မြူခိုးက စားပွဲ၌ ထိုင်ကာ လယ်ဂျာစာအုပ်ကို ဖွင့်လိုက် ပိတ်လိုက် လုပ်နေသည်။

"ကျွန်တော်သိပါတယ်၊ မင်းပျို ညာနေမှာပါ၊ ညာဖို့ ကျွန်တော် စိတ်သက်သာရာ သက်သာကြောင်း ရစေဖို့အတွက် လုပသော ယုတ္တိရှိသော မုသားစကားလေးတွေကို စဉ်းစားရှာဖွေနေမှန်း ကျွန်တော်သိပါတယ်"

မြူခိုးမျက်နှာ ညှိုးရော်သွားသည်။ စကားက တည်ငြိမ်ရန် ကြိုးပမ်းသည့်ကြားမှ အဖျားခတ် တုန်ယင်လျက်ရှိသည်။

"ကျွန်တော်နဲ့မင်းပျိုကြားမှာ ကျွန်တော်သိနိုင်တဲ့ အကြောင်းအရာတွေ ပိုင်းခြားနေမှန်း ကျွန်တော်သိပါတယ်၊ ဒါပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့် လောကမှာ အကောင်းအဆိုးဟာ ဒွန်တွဲနေတတ်ပါတယ်လို့ ကျွန်တော် ယုံကြည်မျှော်လင့်မိတာနဲ့အမျှ အကောင်းဆုံးအချိန်ဟာ တစ်နေ့နေ့မှာ ကျွန်တော့်ထံကို ဆိုက်ရောက်လာဦးမယ်အထင်နဲ့ မျှော်လင့်စောင့်ဆိုင်းနေမိတာပါ မင်းပျို၊ အခုတော့ ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော် ရွှေပင်နားတော့ ရွှေကျေးဖြစ်မလာပါဘူး၊ ကျေးဟာ ကျေးပါပဲ ဆိုတာပါ"

"မြူခိုး ဘာတွေပြောနေတာလဲ၊ ဘာတွေသိထားလို့ မင်းပျိုကို ဒီစကားတွေ ပြောနေတာလဲဟင်"

"ကျွန်တော်သိထားတဲ့အကြောင်းဟာ တစ်ခုတည်းပါ၊ မင်းပျို ကျွန်တော့်ကို လက်မထပ်နိုင်ဘူး၊ လက်ထပ်ဖို့ ပြောတိုင်း ဝေ့လည်ကြောင်ပတ်နဲ့ အချိန်ဆွဲတယ်၊ ဒါကြောင့် ကျွန်တော့်ရဲ့ ရှိစုမဲ့စု အသိဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ လိုက်ရတာက မင်းပျို ကျွန်တော့်ကို ချစ်ပေမယ့် လက်မထပ်နိုင်ဘူးဆိုတာကိုပါ"

မမင်းပျို မြူခိုး၏မျက်နှာကို ငေးကြည့်ရင်း ပါးပြင်နှစ်ဖက်လုံး ပူနွေးဖွတ်စိုလာသည်။

စိတ်ထင်တိုင်းသာ လုပ်ကိုင်လိုက်ရလျှင်တော့ မြူခိုး၏ လက်ကို တွဲကာ ကမ္ဘာ့အဝေးဆုံး တစ်နေရာသို့သာ ထွက်ပြေးသွားချင်သည်။ ထိုဆန္ဒသည်သာ မမင်းပျို၏စိတ်အတွင်း၌ ဖြစ်ပေါ်ခံစားနေရသည်။

"ကျွန်တော့်ကို ဘာမှပြန်မပြောနိုင်တော့ဘူး မဟုတ်လား မင်းပျို၊ လူဆိုရင် လူ့စည်းကမ်း ရှိရမယ်မှန်ပ၊ လူ့စည်းကမ်းတွေက သိပ်များလွန်းတယ်၊ ဘုန်းကြီးနဲ့ရဟန်းနဲ့ နေခဲ့တဲ့ လူလေးဆိုတဲ့ ကောင်ဟာလေ၊ ဘာဘုန်းရဲ့ဘုန်းကြီးရဟန်းတွေရဲ့ ဝိနည်းတွေကိုတောင် မကြောက်ခဲ့တဲ့ကောင်ပါ မင်းပျို၊ ဒါပေမယ့် အခုတော့ လူ့စည်းကမ်းတွေ လူတွေရဲ့ပရိယာယ်တွေကို ကျွန်တော် နားမလည်





နိုင်အောင် ကြောက်လန့်လာပြီ"

"မြူခိုးရယ် . . . မင်းပျို ပြောပါရစေ"

"ဘာမှမပြောပါနဲ့လား မင်းပျို၊ ကျွန်တော်ပဲ ပြောပါရစေတော့၊ လူ့လောကစည်းမျဉ်းတွေထဲမှာ ဂုဏ်ဆိုတာ ငွေကို ခေါ်တယ်၊ ကျွန်တော်ရောက်စက တွေးမိလို့ ကျွန်တော် ဖေဖေနဲ့အတူ မင်းလွင်နဲ့အတူ ငွေနောက် လိုက်ခဲ့မိတယ်၊ ဒီကြားထဲ ပညာဟာ အရေးကြီးတာပါပဲလားဆိုပြီး အတတ်ပညာ တွေ့သမျှ မြင်သမျှ မနားမနေဘဲ ကြိုးစားလေ့လာခဲ့တယ်၊ အဲ့ဒါ ဘာဖြစ်လို့လို့ မင်းပျို ထင်သလဲ"

မင်းပျို မပြောတတ်ပါ။ ပြောနိုင်သောအင်အားလည်း မရှိတော့ပြီ။ ချုံးပွဲချ ငိုချင်စိတ်သာ ရှိသည်။ မြူခိုး၏ရင်ခွင်ထဲသို့ ခေါင်းထိုးဝင်ကာ ကလေးတစ်ဦးလို ငိုချလိုသောဆန္ဒသာ ရှိတော့သည်။ သို့သော် မြူခိုးက စိတ်ကြွခိုင်သော ယောကျ်ားပီသစွာဖြင့် မိမိကို အသာခွဲထုတ်နေဦးမည်။ နောက် မြူခိုး၏စကားများကသည်း မမင်းပျို၏အာရုံအစုစုကို ဖမ်းချုပ်ထားလေသည်။

"ကျွန်တော် အချစ်ဆိုတာကို နားမလည်ခင်ကတည်းက မင်းပျိုကို မြင်မြင်ချင်း ဘယ်လိုခံစားရမှန်း မသိအောင် ဖြစ်ပေါ်ခဲ့တယ်၊ တစ်ဆက်တည်း မင်းပျိုကို ယမင်းရုပ်ကလေးတစ်ရုပ်လို အပိုင်လိုချင်စိတ် ဖြစ်ပေါ်ခဲ့မိတယ်၊ တောင်းယူလို့ရနိုင်မလား၊ ဝယ်ယူလို့ရနိုင်မလားဆိုတဲ့အတွေးနဲ့ ကျွန်တော့်ရဲ့ တစ်ထွာတစ်မိုက် အသိဉာဏ်ကြားကနေ စွဲလမ်းခဲ့တာပါ မင်းပျို။

ဒါနဲ့ မင်းပျိုကို ပိုင်ဆိုင်မှုနဲ့ ကျွန်တော်ကြိုးစားခဲ့ပါတယ်၊ ဒါပေမယ့် အခုတော့ ကျွန်တော်နားလည်ပါပြီ မင်းပျို၊ ယောကျ်ားနဲ့ မိန်းမ ဘဝနှစ်ခု ပေါင်းစည်းခြင်းမှာ အချစ်တစ်ခုတည်းနဲ့ မရဘူး၊ ငွေပါရမယ်၊ ဘွဲ့ထူးပါရမယ်၊ ပြီးတော့ အမျိုးဂုဏ် ဇာတိဂုဏ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ပါရဦးမယ်ဆိုတာပါ နားလည်သွားပါပြီ"

"ဟင်. . . မြူခိုး၊ ဒီ. . ဒီအကြောင်းတွေ သိတယ်"

တုန်လှုပ်ခြင်းကြီးစွာဖြင့် လှုပ်ကုလားထိုင်ပေါ်မှ ဝုန်းခနဲ ဆင်းကာ မြူခိုးနှင့် အနီးကပ်ဆုံး အနေအထားတွင် ရပ်လိုက်သည်။ လှုပ်ကုလားထိုင်က ရှေ့တိုးနောက်ငင် လှုပ်ရှားလျက် ကျန်ရစ်ခဲ့သည်။ မကြာခင် ထိုကုလားထိုင်သည် ရပ်နားသွားပေမည်။ မင်းပျို့တို့နှစ်ဦး၏ရင်တွင်းမှာတော့ သောကလှိုင်းဂယက်က ထာဝရ ကြီးမားနေတော့မည်သာဖြစ်သည်။

"မနေ့က လိုအပ်နေတဲ့ စာရွက်စာတမ်းတွေကို ဖေဖေ့ဆီမှာ မေးမြန်းဖို့အတွက် ကျွန်တော် အိမ်ကို တစ်ခေါက်ပြန်ရောက်ခဲ့ပါတယ်၊ အပေါ်ထပ်ဧည့်ခန်းမှာ စကားပြောနေကြတဲ့ ဖေဖေနဲ့ မင်းပျို့ ကျွန်တော့်ကို မမြင်တွေ့လိုက်ပေမယ့် ကျွန်တော့်ဘဝ အလုံးစုံကိုတော့ ကြားသိခဲ့ပါတယ်၊ ဒါပေမယ့် အလွန်မုန်းတီးဖွယ်ရာ ကောင်းတဲ့ ဟန်ဆောင်ခြင်းပညာကို မနေ့က တစ်နေ့လုံးကော ဒီနေ့တစ်နေ့လုံး ခုချိန်ထိ ကျွန်တော်ကျင့်သုံးခဲ့ပါတယ်၊ ကျွန်တော့်ရင်ထဲမှာ သိပ်ကို နာကျင်နေပါတယ် မင်းပျို့ တောတွင်းသား ကျွန်တော့် နှလုံးသားတွေ ကြေမွပျက်စီးတော့မယ်၊ ကျွန်တော်ဟာ အဖိုးမတန်တဲ့ လူသားတစ်ယောက် ဖြစ်နေသလား မမင်းပျို့၊ ကျွန်တော့်ကို ရှင်းပြပါ၊ ကျွန်တော်ဟာ မျိုးမစစ်ဘူးဆိုတဲ့အတွက် ကျွန်တော့်ကိုယ် ကျွန်တော်လည်း ယူကြုံးမရ ခံစားလိုက်ရတယ်၊ အဲဒီသွေးတွေ ဖောက်ထုတ်လို့ ရရင်လည်း ထုတ်လိုက်ချင်ပါတယ်၊ အသားတွေလည်း ထုတ်လို့ရရင် ထုတ်လိုက်ချင်တယ်၊ ဒီလိုဆိုရင်ကော ကျွန်တော့်ကို လူသားအသစ်အနေနဲ့ လက်ခံနိုင်မှာလားဟင်၊ ကျွန်တော် မေးတာ ဖြေပါဦး မင်းပျို့ရယ်"

မြူခိုး မျက်ရည်ရစ်ဝဲလျက် ရှိနေပြီ။ မမင်းပျို့၏ပခုံးနှစ်





ဖက်ကို အသာလှုပ်ယမ်းကာ ကြေကြေကွဲကွဲ ပြောဆိုမေးမြန်းနေသည်။ မြူခိုးကို ကြည့်ရင်း မမင်းပျို့ ရင်ကွဲမတတ် ခံစားရကာ မျက်ရည်များ ပိုးပိုးပေါက်ပေါက် ကျလာသည်။

မြူခိုးက မမင်းပျို့ကို ရင်ခွင်တွင်း ပွေ့ပိုက်ချလိုက်သည်။ သူ၏မျက်ရည်စက်တို့က မမင်းပျို့၏ ဦးခေါင်းဆံကေသာထက်သို့ တစ်ပေါက်ချင်း ခုန်ဆင်းလာသည်။

"ကျွန်တော်နားလည်ပါပြီ မင်းပျို့၊ ကျွန်တော်မေးတဲ့ မေးခွန်းကို မင်းပျို့ ဖြေနိုင်မှာ မဟုတ်သလို လက်ခံနိုင်မှာ မဟုတ်ဘူး ဆိုတာကို သိပါတယ်"

"မင်းပျို့ မြူခိုးကို ချစ်ပါတယ်"

"မြူခိုးလည်း မင်းပျို့ကို သိပ်ချစ်မြတ်နိုးပါတယ်၊ ဒါပေမယ့် လောကကြီးမှာ အချစ်တစ်ခုတည်းနဲ့ ဘဝနှစ်ခု ပေါင်းစပ်လို့ မရဘူး ဆိုတာရယ်၊ လူတစ်ဦးရဲ့တန်ဖိုးကို စည်းကမ်းဆိုတဲ့ချိန်ခွင်၊ အလုပ်ကြိုးစားခြင်းဆိုတဲ့ချိန်ခွင်၊ ငွေရှိခြင်းဆိုတဲ့ချိန်ခွင်တွေနဲ့ ချိန်တွယ်နေရုံနဲ့ မလုံလောက်ဘူးဆိုတာရယ်၊ မျိုးရိုးဂုဏ်၊ ဇာတိဂုဏ် ဆိုတဲ့ချိန်ခွင်က အရေးပါဆုံးပဲဆိုတာရယ်၊ ကျွန်တော် ကောင်းကောင်းနားလည် သွားပါပြီ"

အတိတ်ကံ မလှခဲ့သူ အပြစ်မဲ့လူသား မြူခိုးအတွက် မမင်းပျို့ နှစ်သိမ့်စရာစကား မရှိတော့ပါ။ သို့သော် မြူခိုးအပေါ်၌ ထားဆုံးသောစကားကိုတော့ ထပ်ကာတလဲလဲ ဆိုမိသည်။

"မြူခိုးကို မင်းပျို့ချစ်တယ်၊ လက်ထပ်မှ ချစ်တာမဟုတ်ဘူး၊ လက်မထပ်လည်းဘဲ ထာဝရ ချစ်သွားမယ်၊ မြူခိုး ဘယ်ကိုမှ မသွားနဲ့ ဒီမှာပဲ တစ်သက်လုံး နေသွားရမယ်၊ မြူခိုးမျက်နှာလေးကို မြင်နေရရုံနဲ့ မင်းပျို့ကျေနပ်ပါတယ်၊ မြူခိုးကောဟင်"

မြူခိုး၏မျက်နှာကို မော့ကြည့်ပြီး စီးကျလျက်ရှိသော မျက်



www.burmeseclassic.com

www.burmeseclassic.com



ရည်များကို သုတ်ပေးလိုက်ရာ မြူခိုးက လက်မခံဘဲ မမင်းပျိုလက်ကို အသာဖယ်ထုတ်ကာ မမင်းပျိုနှင့် ဝေးရာသို့ သွားရပ်သည်။ သူ၏မျက်ရည်များကို သူ၏လက်ဖြင့်သာ သုတ်လိုက်သည်။

ထို့နောက် သူ၏ရှေ့တည့်တည့်နံရံ၌ ရှိနေသော မမင်းပျိုတို့၏မိသားစုဓါတ်ပုံကို မော့ကြည့်လိုက်သည်။

မမင်းပျို မြူခိုးဘေး၌ ရပ်လိုက်ပြီး မြူခိုးမျက်နှာကိုသာ မော့ကြည့်မိသည်။

ပကတိ တည်ငြိမ်သွားပြန်သည်။ ချောမွတ်လှပလွန်းသော သူ၏မျက်နှာပြင်ပေါ် သို့ သောကရိပ်များ ယှက်သန်းအောင် ပြုလုပ်သူမှာ အခြားသူမဟုတ်။ မိမိသာလျှင် ဖြစ်သည်။

“မြူခိုး. . .”

“အားလုံးအတွက် အကောင်းဆုံးဖြစ်အောင် ကျွန်တော် စဉ်းစားပါ့မယ်”

“မြူခိုး. . .”

“မင်းပျို. . .”

“ဟင့်အင်း. . . မြူခိုး ဘယ်ကိုမှ ထွက်မသွားရဘူးနော်၊ ဘဘုန်းဆီလည်း မပြန်ရဘူး၊ မင်းပျို. . . မင်းပျို. . . မြူခိုးကို မခွဲနိုင်ဘူး”

မမင်းပျို မြူခိုး၏လက်မောင်းကို ပါးနှင့် အပ်ကာ ငိုချလိုက်သည်။

“မင်းပျိုရယ်. . . ကျုပ် မင်းကို ဘယ်လိုလုပ် ခွဲနိုင်မှာလဲ၊ မခွဲနိုင်လွန်းလို့ ကျုပ်သိပ်ခံစားနေရတာ”

“မင်းပျိုလည်း ဒီအတိုင်းပါပဲ”

“ကဲ. . . သွားအိပ်တော့ မင်းပျို၊ မင်းသိပ်ပင်ပန်းနေပြီ ကွယ်၊ ဘာမှမစဉ်းစားနဲ့တော့နော်”





“မမင်းပျို၏မျက်ရည်များကို အသာသုတ်ပေးရင်း ပြောလိုက်သည့် မြူခိုးအသံလေးကို မပြောရက်အောင် ဖြစ်နေသည်။

“မြူခိုးကို သိပ်ချစ်တယ်၊ လက်ထပ်လို့ မဖြစ်နိုင်ပေမယ့် မင်းပျို အမြဲချစ်သွားမှာပါ၊ မောင်တစ်ယောက်လို ချစ်သူတစ်ယောက်လို ပြုစုသွားမှာပါ”

“စိတ်ကူးယဉ်ဆန်ဆန် အိပ်မက်တစ်ခုကို မင်းအမြဲမက်သွားလို့ ရနိုင်ပါ့မလား မင်းပျိုရယ်”

“မြူခိုးနော်. . . မြူခိုး ဘယ်မှမသွားရဘူး. . . ဒါပဲ၊ မင်းပျို မသိဘဲ ဘယ်ကိုမှ မသွားရဘူးနော်”

မြူခိုး ပျောက်သွားမှာကို မမင်းပျို သိပ်စိုးရိမ်ပါသည်။

“အင်းပါ. . . မြူခိုးဆိုတဲ့ကောင်ကလည်း မင်းပျိုမျက်နှာလေးကို ငေးကြည့်နေရရုံနဲ့ ကျေနပ်နေတဲ့ကောင်ပါ မင်းပျိုရယ်၊ မြူခိုးအတွက် ဘာမှနောက်ဆံတင်းမနေပါနဲ့. . . သွားအိပ်တော့နော်၊ တော်ကြာ ဖေဖေနဲ့ဘွားဘွားမှာ ကျွန်တော်တို့အတွက် စိတ်အနှောင့်အယှက် ဖြစ်နေပါ့မယ်၊ လူကြီးတွေ ကိုယ့်အတွက်ကြောင့် စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ရမှာကို မလိုလားပါဘူး မင်းပျို”

မြူခိုး၏ထိန်းချုပ်နိုင်စွမ်းကို မမင်းမျို လေးစားပါသည်။ မြူခိုး၏အချစ်က သန့်စင်သည်။ ရယူလိုမှု တစ်ခုချည်းသာ မဟုတ်ကြောင်း မမင်းပျို သိရှိလိုက်ပြီဖြစ်သဖြင့် ရင်ထုမနာ ဖြစ်မိသည်။

“မနှင်ပါနဲ့ မြူခိုးရယ်၊ မင်းပျိုဟာ မြူခိုးအပါးမှာ တစ်စက္ကန့်နေရလည်း ကျေနပ်ပြီး ကိုယ့်စိတ်ကိုကိုယ် ဖြေသိမ့်မှု ပေးနေရတဲ့သူပါ”

“မကောင်းဘူးလေ မင်းပျို၊ ဘာမှမသိခင်တုန်းကတော့ နေရထိုင်ရတာ စိတ်သန့်တယ်၊ အခုလိုမျိုးမှာတော့ ကျွန်တော် လူကြီးတွေအပေါ် လေးစားချင်ပါတယ်၊ ယောကျ်ားနဲ့မိန်းမ ခံစား



www.burmeseclassic.com

www.burmeseclassic.com

ချက်ချင်း အတူတူ ဖြစ်ကြတဲ့တိုင်အောင် မသင့်တော်နိုင်သော အကြောင်းတရားတွေ ရှိခဲ့ရင် ထိန်းချုပ်သင့်တဲ့စွမ်းအားဟာ ယောကျ်ားတွေမှာ ပိုရှိရပါတယ်၊ မင်းပျိုကို ချစ်လွန်းလို့ ကျွန်တော့် အသည်းတွေ မွမွကြေကွဲပြီး သေချင်သေသွားပါစေ၊ မင်းပျိုကိုလေ ဖေဖေတို့ သဘောတူညီချက် မပါဘဲ ကျွန်တော် ပိုင်ဆိုင်ဖို့ မကြိုးစားတော့ပါဘူး”

“မင်းပျိုကို မုန်းသွားပြီလား မြနိုးရယ်”

မြနိုးက မျက်ရည်စီးကြောင်းနှင့် မမင်းပျိုမျက်နှာလေးကို မေးဖျားမှ ကိုင်ကာ မော့စေလိုက်သည်။

“ချစ်တယ်ဆိုကတည်းက မုန်းဖို့မေ့ပစ်ဖို့ဆိုတာ လုံးဝပေါ် မလာခဲ့ပါဘူး မင်းပျိုရယ်”

“မြနိုးရယ် . . .”

မြနိုးက မင်းပျို၏မျက်ရည်စိုလူးသော ညာဘက်ပါးပြင် ထက်သို့ ညင်သာသောအနမ်းတစ်ပွင့်ကို ခြွေချလိုက်ပြီး . . .

“ခွင့်လွှတ်ပါ မင်းပျိုရယ် . . . သွားတော့နော်၊ ကြာရင် မြနိုးရဲ့ထိန်းချုပ်နိုင်တဲ့အင်အားတွေ ပျောက်ဆုံးသွားလိမ့်မယ်”

မမင်းပျို၏မျက်ရည်စိုလူးသောမျက်နှာလေးတွင် ရှုတ်ချွေးပါ စိုလူးသွားခဲ့သည်။ ချစ်သူ၏အနမ်းကို မခံယူလိုသောသူ ရှိနိုင်ပါ့မလား။ သို့သော် မမင်းပျိုကတော့ ချစ်သူအပါးမှ ခွာခဲ့ရလေသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၃၆)

မင်းပျို

*အချစ်မီးရဲ့လောင်မြိုက်မှုကြောင့် ကျွန်တော့်ရင်မှာ ဝေဒနာတွေနဲ့ ပြည့်နှက်ခံစားနေရပါတယ်။ ခံနိုင်တဲ့အင်အား ကျွန်တော့်မှာ မရှိပါ။ ထို့အတူ ကျွန်တော်စိတ်ဆင်းရဲသလို ဘယ်သူ့ကိုမှ မခံစားစေချင်ပါဘူး။ ဒါကြောင့် အကောင်းဆုံးလမ်းကို ရွေးချယ်လိုက်မိတာပါ။ ကျွန်တော်နှုတ်ဆက်ခဲ့ပါတယ်။ မင်းပျို ဘယ်ကိုမှ မသွားပါနဲ့။ ကျွန်တော်ပဲ သွားပါ့မယ်။ ဒါ အဖြစ်သင့်ဆုံးနဲ့ အကောင်းဆုံးလမ်းပါ။*

မြခိုင်





ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်စက်များ စီးကျသွားမှာ ကြောက်သဖြင့် အသာခေါက်ကာ စာအိတ်ထဲ ပြန်ထည့်လိုက်သည်။

"မင်းလွင်ရယ်. . . သူ့ကို လိုက်ရှာပေးပါဟာ၊ သူ့မှာ အပြစ်မရှိပါဘူး"

"ဟုတ်တယ်. . . ငါလည်း ဒီကိစ္စ လုံးဝမကျေနပ်ဘူး၊ ငါ့အသက်သခင်အပေါ် ကျေးဇူးဆပ်ရာမကျဘဲနဲ့ ခေါ်ယူနှိပ်စက်လိုက်သလို ဖြစ်သွားတယ်လို့ ငါယူဆတယ်၊ ငါ ဘဘုန်းဆီ လိုက်သွားမယ်"

"မင်းသန်းညွန့်ဆီကို ငါ သံကြိုးရိုက်ပြီးပြီ၊ မရှိဘူးတဲ့"

"တဆင့်စကားနဲ့ ငါမယုံနိုင်ဘူး၊ ငါကိုယ်တိုင် လိုက်သွားမယ်"

မမင်းပျိုက မင်းလွင်ကို အားကိုးတကြီး မော့ကြည့်လိုက်သည်။

"ငါကော လိုက်လို့မရဘူးလား"

"မလိုက်ပါနဲ့ဟာ. . . ခရီးက ကြမ်းတယ်၊ ပြီးတော့ အဖေ့လုပ်ငန်းမှာ ငါမရှိရင် နင်ဝိုင်းကူနေမှဖြစ်မှာ၊ ဒါမှ ငါ နောက်ဆံမတင်းဘဲ အေးအေးဆေးဆေး ရှာဖွေနိုင်မှာ"

"ကောင်းပြီလေ. . . ငါစိတ်ချနေမယ်နော်"

"အင်းပါ. . . မြခိုင်းကို နင်လိုလားသလို ငါတို့အားလုံးကလည်း မေတ္တာရှိကြတာပဲဟာ၊ ဖေဖေကော [illegible] စိတ်ထဲမှာ တမြှေ့မြှေ့ ဖြစ်နေကြတာကော နင့်အမြင်[illegible]"

"ရှိတော့ကော သဘောတူမှာမို့လို့လား"

"နင်ကိုယ်တိုင်တောင် တွေဝေရတဲ့[illegible]တို့ဘက်က ကြည့်တာလည်း မှန်တယ်၊ ဒါပေမယ့် [illegible]ပြောပြော



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေကြားခဲ့တဲ့ကိစ္စကို အမှန်လို့ ငါမယူဆနိုင်သေးဘူး၊ ငါကိုယ်တိုင် ထပ်သွားမယ်"

မမင်းပျို မျက်ရည်မိုးစဲသွားသည်။ မျှော်လင့်ချက် ရောင်ခြည်ကလေး ယှက်သန်းလာသည်။

"ဒီကလေးနှစ်ယောက် ဘာတွေ တိုင်ပင်နေတာလဲ"

ကိုကိုဖခင် ဒေါက်တာစိုးအောင်ကိုက မမင်းပျိုတို့ခြံဘက်သို့ ကူးလာရင်း မမင်းပျိုတို့ကို တွေ့သဖြင့် လျှောက်လာပြီး မေးလိုက်သည်။

"ဖင်းကျိုက်သွားမလို့ တိုင်ပင်နေတာပါ အန်ကယ်လ်၊ ဖေဖေ့ဆီ လာတယ်ထင်တယ်"

"ဆိုပါတော့. . အဲ. . ဒါပေမယ့် သားတို့အဖေ တစ်ယောက်တည်းဆီတော့ မဟုတ်ဘူး၊ သားတို့မောင်နှမဆီလည်း ပါတယ်"

မမင်းပျိုက အငိုမျက်လုံးမှ မျက်ရည်စ အကြွင်းအကျန်တို့ကို အသာသုတ်လိုက်ပြီး. . .

"အိမ်ထဲကို သွားမလား အန်ကယ်လ်"

"နေပါစေ. . . ဒီနေရာလေးဟာ အကောင်းဆုံးပဲ"

ကြိမ်ကုလားထိုင်တစ်လုံး၌ ဝင်ထိုင်လိုက်သည်။ ကိုကိုဖခင်သည် ကိုကိုနှင့် တစ်ခြားစီ ဖြစ်သည်။ ကိုကိုက အမေတူ ဖြစ်သည်။ ကိုကိုဖခင်ကတော့ အရပ်မြင့်မြင့်၊ အသားဖြူဖြူနှင့် ခန့်ချောကြီးဖြစ်သည်။ ဖေဖေနှင့်ဘွားဘွား နေထိုင်မှုကောင်းသည့်အခါမျိုး၌ ကိုယ်တိုင်ကူးလာသည်မှအပ ကျန်အချိန်များတွင် ဆေးရုံနှင့် ဆေးခန်းကြား အလုပ်များနေတတ်သည်။

"အန်ကယ်လ်လည်း မေးမယ်မေးမယ်နဲ့ မမေးဖြစ်ခဲ့ဘူး"

"ဘာများပါလဲ အန်ကယ်လ်"





"ဒီလိုကွယ့်. . . မောင်မြူခိုးရဲ့ဇာတိက ဘယ်ကလဲ၊ မိဘများက ဘယ်ကလဲကွယ်"

မြူခိုး ရောက်နေခဲ့သည်မှာ နှစ်နှစ်နီးပါး ရှိပြီဖြစ်သော်လည်း မြူခိုး အိမ်မှ ထွက်သွားပြီးမှ ထိုမေးခွန်း မေးသည့်အတွက် မမင်းပျိုမှာ အထူးအဆန်းဖြစ်သွားသည်။

"ဒီလိုကွယ့်. . . သမီးတို့အိမ်မှာ မင်းလွင်ရဲ့အသက်ကို ကယ်ခဲ့တဲ့ ကျေးဇူးရှင်တစ်ယောက် ရောက်နေတယ်ဆိုတာနဲ့ ရိုးတိုးရိပ်တိပ်လောက်ပဲ မြင်ဖူးခဲ့တာဆိုတော့ အန်ကယ်လ်လည်း အမှူမဲ့အမှတ်မဲ့ ဖြစ်နေခဲ့တယ်၊

ဒါပေမယ့် သား ချင်းတောင်ကို ပြန်ခါနီး အမေနဲ့ လာနှုတ်ဆက်ကြတော့မှ သေသေချာချာ မြင်ဖူးလိုက်တာ၊ တော်တော့်ကို ချောတဲ့ လူလေးပဲ၊ အန်ကယ်လ်မြင်ဖူးတဲ့ လူတစ်ယောက်နဲ့ ဆင်သလိုလို ရှိလို့ သူတို့ရဲ့သားသမီးများ ဖြစ်နေမလားလို့ တွေးမိလို့ပါကွယ်"

ကိုကိုဖခင်က အေးဆေးစွာ ရှင်းပြသဖြင့် မမင်းပျိုပင် မေးမိလိုက်သောစကားအတွက် အားနာသွားသည်။ မင်းလွင်ကတော့ အားတက်သရောနှင့်. . .

"အန်ကယ်လ် မြင်ဖူးတဲ့သူက ဘယ်သူပါလဲ"

မမင်းပျိုက မင်းလွင်ကို စွေကြည့်လိုက်မိသည်။ သူတစ်ပါးကိုယ်ရေးကိုယ်တာကို စပ်စုရာကျနေမလား ဟူသောအကြည့် ဖြစ်သည်။

ကိုကို့ဖခင်မျက်နှာ အတန်ငယ် ပျက်သွားပြီး. . .

"ဒီကိစ္စကို အန်ကယ်လ် ဘယ်သူ့ကိုမှ မပြောချင်သေးဘူး၊ အထူးသဖြင့် အန်ကယ့်လ်မိသားစု သိမှာကို အန်ကယ်ကြောက်တယ်၊ အခု အန်ကယ် လုပ်သက်ခွင့်ယူထားတုန်း အဲဒီဘက်ကို



www.burmeseclassic.com

www.burmeseclassic.com

သွားချင်တဲ့ဆန္ဒ ဖြစ်ပေါ်လာတယ်၊ အဲဒါ မောင်မင်းလွင်များ အဖော်အဖြစ် လိုက်နိုင်မလားလို့ပါ"

"ဟာ. . . အခန့်သင့်လိုက်လေ အန်ကယ်လ်ရယ်၊ ကျွန်တော်လည်း မြို့ဦးကို ရှာပုံတော်ဖွင့်မလို့ အဲဒီကို ပထမဆုံး သွားမယ်လို့ ရည်ရွယ်ထားတာ"

"သိပ်အဆင်ပြေတာပေါ့. . . မောင်မင်းလွင် ဘယ်တော့ သွားမှာလဲ"

"မနက်ဖြန်"

"အန်ကယ်လ် လိုက်မယ်၊ အန်ကယ်လ်ကားနဲ့ပဲ သွားကြရအောင်"

"ကိစ္စမရှိပါဘူး အန်ကယ်လ်၊ အိမ်က ကားနဲ့ပဲ သွားပါ့မယ်၊ ဦးလေးဘမောင်က တစ်ခေါက်ရောက်ပြီးသားဖြစ်နေလို့ သူမောင်းနေကျကားနဲ့ပဲ သွားပါ့မယ်၊ ပိုအဆင်ပြေအောင်လို့ပါ"

"အိုကေ. . . အန်ကယ်လ် လိုက်မယ်ဆိုတာ ဖေဖေ့ကိုပါ ပြောပြထားလိုက်ပါ"

"ဟုတ်ကဲ့ ခင်ဗျာ"

"သမီးကော လိုက်မှာလား"

မမင်းပျိုရင်ထဲ ငိုချင်လျက် လက်တို့ဖြစ်သွားသည်။ အလွမ်းဆိပ်ရည်တို့က ပျံ့နှံ့သွားသည်။

"မလိုက်သေးပါဘူး အန်ကယ်လ်"

မင်းလွင်က အစ်မစိတ်ကို နားလည်ကာ ဖာဖာထေးထေးဖြင့်. . .

"အိမ်မှာက ကျွန်တော်မရှိရင် သူရှိမှ ဖြစ်မှာမဟုတ်လား အန်ကယ်လ်"

"ဒါပေါ့လေ. . . အဘွားကလည်း အသက်ကြီးနေပြီ၊





အဖေကလည်း ရောဂါရှိနေတော့ မင်းတို့သားသမီးတွေမှာလည်း ဝတ္တရား ရှိတာပေါ့ကွယ်၊ ကိုင်း. . . ဒါဖြင့် အန်ကယ်လ်ပြန်မယ်၊ မင်းတို့အန်တီကို အန်ကယ်လ် ခရီးထွက်မယ့်အကြောင်း သွားပြောလိုက်ဦးမယ်"

"ဟုတ်ကဲ့"

"ဟုတ်ကဲ့ရှင့်"

မောင်နှမနှစ်ယောက်စလုံးအသံက တပြိုင်နက် ထွက်သွားသည်။ ကိုကို့ဖခင်က မောင်နှမနှစ်ယောက်စလုံးကို ချစ်ခင်စွာ ပြုံးကြည့်ပြီး လှည့်ပြန်သွားလေသည်။

"ငါလည်း လိုက်ချင်လိုက်တာ မင်းလွင်ရယ်"

"နေဦး. . . နင်က မြို့ဦးရှိတဲ့နေရာ အတိအကျသိမှသွား၊ ဒါမှ သိပ်ကောင်းတဲ့ လပ်ဖ်ဆင်းလေးဖြစ်သွားမှာ"

"ကြည့်စမ်း ခွေးစုတ်၊ ဒါ. . မောင်က အစ်မကို ပြောရမယ့်စကားလား"

မမင်းပျိုက ရှက်သွေးစို့လူးသွားသော မျက်နှာရိပ်နှင့်အတူ လက်သီးဆုပ်ကာ မင်းလွင်အား ထုရန် ရည်ရွယ်လိုက်သည်။ သို့သော် မင်းလွင်က ရယ်မောစွာ ပြေးထွက်သွားလေသည်။ သို့တိုင်အောင်. . .

"ဟုတ်တာ ပြောတာပဲ. . . ရှက်စရာလား၊ အချစ်ဆိုတာ ရှက်စရာလား. . . မူမနေနဲ့၊ ယောက်ဖ ရှာပုံတော် ထွက်ရတဲ့သူတောင် မျက်နှာမပူဘဲနဲ့"

"ခွေးစုတ်နော်. . . ခွေးစုတ်၊ နင့်ပါးစပ်ပိတ်ထား"

မင်းလွင်သာ မြန်မာပြည် ပြန်မရောက်ခဲ့ဘူးဆိုပါက မမင်းပျိုသည် အချစ်လွမ်းနာကျကာ အိပ်ယာထဲ၌ ဗုန်းဗုန်းလဲသော အခြေအနေမှ ပြန်လည်၍ ထူထောင်လာနိုင်လိမ့်မည် မဟုတ်ပါ။


www.burmeseclassic.com

www.burmeseclassic.com

ပြေးထွက်သွားသော မင်းလွင်ကို ကြည့်ရင်း အမြင်သည် ဝေဝါးလာသည်။ တဆက်တည်း ပူနွေးစိုစွတ်သောခံစားမှုကို ပါးနှစ်ဖက်က သိရှိခံစားလိုက်ရပြန်သည်။

"မြခိုးရယ်. . . ငါ နင့်ကို လွမ်းလို့ သေသွားနိုင်တယ်ဆိုတာ နင်မယုံကြည်လို့ စမ်းသပ်ကြည့်နေတာလားဟင်"

ဟူသော အမေးက ရင်တွင်း၌သာ. . .။







## အခန်း(၃၇)

ဖေဖေနှင့်ဘွားဘွားက မမင်းပျိုအား မြခိုးနှင့် ပတ်သက်၍ လေသံလုံးဝမဟကြပါချေ။ သို့သော် သူတို့ကိုယ်တိုင် မြခိုး၏ အရိပ် ကြီးစိုးခြင်းကို ခံနေရပုံရသည်။ ယခင်ကလောက် စကားကို တဟာမပြောကြချေ။ မင်းလွင် နိုင်ငံခြား ထွက်သွားစဉ်ကအတိုင်း ဝင် အိမ်ကြီးသည် ခြောက်သွေ့၍နေလေသည်။ ထိုခြောက်သွေ့မှုက ဝင်လျှင် မမင်းပျို၏အလွှမ်းနှာကို ပို၍အားပေးနေလေသည်။

ထို့ပြင် မင်းလွင်က ပြန်ရောက်လာပြီးမှ တစ်ဖန်ပြန်လည် ခရီးထွက်သွားသဖြင့် ပို၍ဆိုးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ကားသံကြားတယ်၊ မင်းလွင်များ ပြန်လာပြီလား ဟဲ့"

ထမင်းကို လေးကန်စွာ စားနေသော ဘွားဘွားထံမှ အသံကြောင့် မမင်းပျိုရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြီး နားစွင့်လိုက်သည်။

"ညှော်သည်ကား ဖြစ်ပါလိမ့်မယ်၊ လေးရက်လောက်နဲ့ ပြန်မလာနိုင်သေးပါဘူး အမေရယ်"

ဖေဖေက ခရီးစဉ်ကို သိထားသဖြင့် ဝင်ပြောလိုက်သည်။ သို့သော် မမင်းပျိုက ထွက်ကြည့်လိုက်သည်။

"မင်းပျို. . မင်းပျို. . ဘွားဘွားရေ. . "

မင်းလွင်၏အသံက ပေါ်တီကိုအောက်မှ ဟိန်းထွက်လာလေသည်။ အိပ်မက်ထဲမှ ခေါ်သံမဟုတ်နိုင်။ ညက အိပ်မက်ထဲမှာတော့ မင်းလွင်ပြန်လာသည်ဟု မက်ခဲ့သည်။ မမင်းပျို ရင်အစုံ လှုပ်ရှားသွားသည်။

တစ်စုံတစ်ခုသည် မင်းလွင်နှင့်အတူ ပါလာတော့မည်။ ထိုတစ်စုံတစ်ခုသည် မမင်းပျို၏အသက်တမျှ အရေးပါသောစကားများသာ ဖြစ်မည်။

"မင်းပျို"

မင်းလွင်က သူမကို မြင်မြင်ချင်း ဆွဲဖက်ယမ်းကာ. . .

"နင်ပျော်တော့"

"ဟင်. . သူ. . သူ. . ပါလာပြီလား၊ ဘယ်မှာလဲ"

မင်းပျို၏အကြည့်က ကားဆီသို့ ရောက်သွားသည်။ ဦးလေး ဘမောင်နှင့် ပစ္စည်းချနေသော မတ်စေ့မှလွဲ၍ မည်သူ့ကိုမှ မတွေ့ရချေ။

"မဟုတ်ဘူး. . . သူက ဘဘုန်းဆီမှာ ရှိမနေဘူး"

"ဒါဖြင့်. . "





"လာ. . . ငါ အကျိုးအကြောင်း ပြောပြမယ်၊ ညော်. . . န်ကယ်လ်ကော"

ညှော်ခန်းအတွင်းသို့ ရောက်နေသော ကိုကို့ဖခင်ကို အခုမှ မင်းပျို မြင်တွေ့လိုက်သည်။

ထိုစဉ် ဖေဖေနှင့်ဘွားဘွားသည် လက်ဆေးပြီး ညှော်ခန်းသို့ ရောက်လာကြသည်။

"ထိုင်ပါဦး. . . ဖေဖေတို့ကို မြူခိုးနဲ့ ပတ်သက်ပြီး န်ကယ်လ်က ရှင်းပြပါလိမ့်မယ်"

"ကျွန်တော်ဟာ ဒီကိစ္စကို နှစ်ပေါင်းနှစ်ဆယ်ကျော် တွယ်ထားမိခဲ့ပါတယ်၊ ခုတော့ အရာရာကို ရင်ဆိုင်ဖို့ အသင့် ဖြဲတဲ့အတွက် ကျွန်တော် မင်းလွင်နဲ့ လိုက်သွားမိတာပါ ကိုဘမင်း"

ကိုကို့ဖခင် ဒေါက်တာဦးအောင်ကိုက ဆက်တီတွင် ဝင်ထိုင်လိုက်ရင်း နိဒါန်းစကားပျိုးလိုက်သည်။

"ထူးထူးဆန်းဆန်းပါလား ကိုအောင်ရယ်"

"ထူးဆန်းတာမှ သိပ်ကို ထူးဆန်းပါတယ် ဘမင်း၊ ဘာဖြစ်လို့လဲဆိုတော့ မြူခိုးဟာ ကျွန်တော့်သားငယ် ဖြစ်နေလို့ပါပဲ"

"ဗျာ. . "

"အလို. . . "

"ရှင်. . "

ဖေဖေ၊ ဘွားဘွားနှင့် မင်းပျိုတို့၏အာမေဋိတ်သံသည် တပြိုင်နက် ဖြစ်ပေါ်သွားလေသည်။

"ကျွန်တော် သထုံခရိုင်ဆေးရုံကြီးမှာ တာဝန်ကျတုန်းက ဆိုမ ကျွန်တော်နဲ့ လိုက်မနေဘဲ သားနဲ့အတူ ရန်ကုန်မှာပဲ နေခဲ့တာ ကို ဘမင်းနဲ့ အမေ မှတ်မိပါတယ်နော်"

"ဟုတ်ကဲ့. . . မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီမှာ ကျွန်တော်လည်း သူငယ်ချင်းအင်ဂျင်နီယာတွေ ရှိရာ မိုင်းနင်းကို သွားလည်ရင်း မယ်သုန်ကို စတွေ့ခဲ့မိတယ် အပယ်ခံမလေးအနေနဲ့ အသနားပိုခဲ့မိတယ်၊ သူ့ဖခင် စောရယ်မှူး ဆိုတာက မျက်နှာဖြူတွေ မျက်နှာဖြူ အလိုတော်ရိတွေကိုသာ ဒုက္ခပေး သတ်ဖြတ်ခဲ့တဲ့ လူဆိုးဓားပြဗိုလ်ကြီးပဲဆိုတာကို ကျွန်တော် တို့ သိခဲ့ပါတယ်၊

ကျွန်တော် သွားလေရာရာကို ပူးတွဲပါတတ်တာက နိုင်ငံခြားသား ပညာရှင်ကျော့ပဲ၊ တိုတိုပြောရရင် ကျွန်တော်နဲ့မယ်သုန်တာ ဇင်းကျိုက်တရားရုံးတစ်ခုမှာ တိတ်တိတ်ပုန်း လက်ထပ်ထားတယ် ဆိုပါတော့၊ အဲဒီကာလမှာ ချစ်ဇောကပ်နေတော့ ကျွန်တော်ဟာ ခင်မနဲ့ သားကိုကိုကို မမြင်နိုင်တာ အမှန်ပဲ"

ဖေဖေက စိတ်ပါဝင်စားစွာဖြင့်. . .

"ဆိုပါဦး ဒေါက်တာ၊ မယ်သုန်ဟာ ဒေါ်ခေမာဝတီနဲ့ ခွေမျိုးတော်စပ်သူထံမှာ အကျီများကို သွားယူပြီး လက်ချုပ်လိုက် ကြယ်သီးဖောက်၊ ပန်းထိုးလုပ်ရရှာတယ်လို့တော့ သီလရှင်ကြီးက ကျွန်တော့်ကို ပြောလိုက်ပါတယ်"

"ဟုတ်ပါတယ်. . အဲ. . ကျွန်တော်တို့ လက်ထပ်ထားတာ ကို သိသူနှစ်ဦးပဲ ရှိတယ်၊ ကျော့ရယ် သူငယ်ချင်း အင်ဂျင်နီယာ နိုင်ထူးကျော်ရယ်ပါ၊ ဒါပေမယ့် ကျော့က သူ့နိုင်ငံကို ပြန်သွားတော့ အဆက်အသွယ်ပြတ်သွားတယ်"

"ကျွန်တော်လည်း ခင်မကို အကျိုးအကြောင်း ပြောပြပြီး မယ်သုန်နဲ့ အတိအလင်း ယူဖို့ ဆုံးဖြတ်ထားပါတယ်၊ အဲဒီကာလမှာ လက်ထပ်ပြီးပေမယ့် ခိုးကြောင်ခိုးဝှက်ပဲ တွေ့ခဲ့ရပါတယ်၊ တစ်နေ့ မှာ ခင်မဆီက သားကိုကို နေမကောင်းတဲ့အကြောင်း သံကြိုးလာ တယ်၊ ဖြစ်ချင်တော့ ခင်မရဲ့ကြိုးပမ်းမှုနဲ့ ရန်ကုန်ဆေးရုံကြီးကို





ပြောင်းရွှေ့ခွင့်အမိန့်ကလည်း ကျလာတယ်၊ ကျွန်တော် ဘာလုပ်ရ မှန်း မသိဘဲ ကိုယ်ဝန်နဲ့ ကျန်ခဲ့တဲ့ မယ်သုန်ကို နိုင်တူးကျော်ကိုသာ စောင့်ရှောက်ထားဖို့ ပြောပြီး ရန်ကုန်ကို ခဏပြန်ခဲ့တယ်"

"အင်း. . . ဟုတ်ပေသားပဲ၊ အဲဒီတုန်းက မောင်ကိုကိုလေး အသည်းရောင်အသားဝါနဲ့ ပစ်လိုက်ရတော့မယ် အောက်မေ့တာ၊ ကတာလေး ဘာရှိဦးမှာလဲ၊ သုံးနှစ်သားကျော်ကျော်ကလေးမှတ်လား၊ အမေတို့တောင် ခင်မနဲ့အတူ ပူပန်ခဲ့ရသေးတာပဲ"

"ဟုတ်ပါတယ် အမေ၊ ကျွန်တော် ခင်မက သားအတွက် စိုးရိမ်စိတ်လက်ဖြစ်ပြီး နေ့မအား ညမအား ပြုစုနေတဲ့အချိန်မျိုး မှာ ကျွန်တော် ဘယ်လိုလုပ်ပြီး ပြောထွက်ပါ့မလဲ၊ သားရောဂါ ပျောက်ကင်းသွားတဲ့အထိ ကုသပေးပြီး ဇင်းကျိုက်ကို ပြန်တဲ့အချိန် အထိဆိုရင်လည်း နှစ်လပဲဆိုပါတော့ဗျာ"

ဒေါက်တာဦးအောင်ကို၏မျက်နှာသည် ဆွေးမြေ့သွားဟန် ဖြင့် ညှိုးရော်သွားလေသည်။ သူ့ရင်တွင်းသောကများ အဘယ်သို့ ပူလောင်နေရှာသည်ကို မင်းလွင်ထံ ရေတောင်းသောက်ခြင်းဖြင့် ခန့်မှန်းသိရှိနိုင်သည်။ မင်းပျိုရင်တွင်း၌တော့ တဒင်္ဂ ငြိမ်းချမ်းသွား သည်။ ဘာပဲပြောပြော မြနှိုးကို တွေ့အောင်ရှာပြီး လက်ထပ်မည် ဟူသော ဆုံးဖြတ်ချက်က ပိုမို၍ခိုင်မာလာသည်။

"ခင်ဗျားသူငယ်ချင်းတွေက,အကြောင်းမကြားဘူးလား"

"နိုင်ထူးကျော်ကတော့ မယ်သုန် သားလေးမွေးတယ်လို့ ဆေးရုံကို သံကြိုးရိုက်ပါတယ်၊ ဒါပေမယ့်. . ."

မယ်သုန်ဆိုသော မြနှိုးမိခင်၏ဘဝကို မမင်းပျို တွေး ကြည့်မိကာ အသနားပိုရသည်။ တော်တော်ကံဆိုးရှာသည့် အမျိုး သမီးပါလား။ သူမဘဝမှာ မွေးဖွားသည်မှ သေဆုံးသွားသည့်ကာလ အထိ စိတ်ချမ်းသာခြင်းဟူသော ခံစားမှုကိုမှ သိပါလေစဟုပင်



www.burmeseclassic.com

www.burmeseclassic.com



မမင်းပျို တွေးရင်း စိတ်ထိခိုက်မိသည်။ တဆက်တည်း မြူခိုးတို့ တမ်းတ,သတိရစိတ်က ရင်တွင်း ဝင်ရောက်လာသောအခါ စူးနင့်နာကျင်လျက်။

"ဆက်ပါဦး ကိုအောင်ကို"

"သားနေကောင်းပြီး စိတ်ချရတဲ့အခြေအနေရောက်မှ ကျွန်တော် ဇင်းကျိုက်ပြန်တယ်၊ နိုင်ထူးကျော် လိုက်ပို့ပေးလို့ မယ်သုန်ရဲ့မြေပုံလေးနဲ့ မယ်သုန် ပေးသွားတဲ့ ဟောဒီလက်ထပ်စာချုပ် နှစ်စောင်ရယ်သာ ကျွန်တော့်ဘဝမှာ ကျန်ရစ်ခဲ့တယ်"

"ကလေးကျန်ရစ်မှန်း မသိဘူးလား မောင်အောင်ကို"

"နိုင်ထူးကျော်က ကလေးရော မိခင်ပါ သေဆုံးသွားပြီလို့ပဲ ပြောပြခဲ့တယ်၊ ဒါနဲ့ ကျွန်တော်လည်း မထူးတော့တဲ့အတူ ဒီကိစ္စကို ခင်မကို လုံးဝအသိမပေးဘဲ ဖုံးဖိထားခဲ့တာ ခုချိန်အထိပဲဆိုပါတော့"

"အံ့ဩစရာ တိုက်ဆိုင်မှုတစ်ခု ရှိသေးတယ် ဖေဖေ"

ဘာများလဲ သား"

ဖေဖေ့မျက်နှာ ကြည်လင်နေသည်။

"သားသူငယ်ချင်း မင်းသန်းညွန့်အဖေက ဦးနိုင်ထူးကျော်ဖြစ်နေတယ်၊ သူကလည်း ဒေါ်မယ်သုန်ရဲ့သားဟာ မြူခိုးဖြစ်နေတာကို တော်တော်အံ့ဩသွားတယ်၊ သူ့ကိုယ်သူလည်း အပြစ်တင်နေတယ်၊ မြူခိုးကို မြင်လျက်နဲ့ မယ်သုန်ရဲ့သားမှန်း သံသယ မဝင်ခဲ့မိတာကို"

"သြော်. . . ကျွန်တော်လည်း မြူခိုးရောက်တဲ့နေ့မှပဲ မြူခိုးကို တွေ့ဖူးပေမယ့် မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ မြူခိုးဟာ မယ်သုန့်မျက်နှာနဲ့ ဆင်လိမ့်မယ်ဆိုတာ လုံးဝမမြင်တတ်ခဲ့ပါဘူး တလောက သားကြီးကို လက်ဆောင်တွေ လာပို့ရင်းမှ သူ့မျက်နှာ





ကို ရှင်းရှင်းလင်းလင်း တွေ့ဖူးတာ၊ ရယ်လိုက်တဲ့အခါ သွားစွယ်တန်းလေးတွေ ပေါ်ပြီး ပါးချိုင့်တွေ ပေါ်သွားပုံကအစ ရုပ်ကောမယ်သုန်နဲ့ တူလွန်းလို့ ကျွန်တော့်ရင်မှာ သံသယ စဝင်ခဲ့တာပဲဆိုပါတော့ ကိုဘမင်း"

"ဘဘုန်းဆီ ရောက်ခဲ့ကြသေးလား"

"ရောက်ခဲ့ပါတယ်. . . ဘဘုန်းဟာ မယ်သုန်ရဲ့အဘိုး စောရယကွ ဖခင်ဆိုတာကို ဘဘုန်းက သားတို့အန်ကယ်တို့ကို ဖွင့်ပြောလိုက်တယ်၊ မယ်သုန်ဟာ လသားအရွယ်မြူခိုးကို ဘဘုန်းလက်ထဲ ထည့်ပြီး ပြန်သွားခဲ့တာလို့ ဘဘုန်းက မိန့်လိုက်ပါတယ်၊ မြူခိုး သူ့ဆီ ရောက်မလာတာ သေချာပါတယ်၊ ဘဘုန်း မညာပါဘူး"

"သြော်. . . လောကကြီးနှယ်၊ အသက်တစ်ရာ မနေရ၊ အမှုတစ်ရာ တွေ့ရပေတယ်ကိုး၊ ကိုင်း. . . ဒါဖြင့် လူလေးကို ရှာဖို့ကို အမြန်ဆုံး လုပ်ကြဦး"

"ကျွန်တော်လည်း လုပ်သက်ခွင့်ယူထားပါတယ်၊ ခု ဒီကပြန်ရင် ခင်မကို ဖွင့်ပြောပြီး လိုက်ရှာမယ်"

"မင်းပျိုလည်း ရှာမယ်"

ဘွားဘွားမျက်စောင်းက မင်းပျိုထံ ဆိုက်ရောက်လာသည်ကို မင်းပျို ဥပေက္ခာပြုလိုက်သည်။ ပျော်ရွှင်ခြင်းတံခါးဝသို့ မမင်းပျို ရောက်ရှိနေပြီ။ သို့သော် ထိုတံခါးဝ၌ မင်းပျိုတစ်ယောက်တည်းသာ ရှိသေးသည်။ နှစ်ယောက်မှ မမင်းပျို ဝင်နိုင်မည်။

"သားရေးသမီးရေးကိစ္စကတော့ ကျွန်တော်တို့ဘက်က အဆင်သင့်ပါပဲ၊ ကျွန်တော်တို့ နှစ်အိမ့်တစ်အိမ် ရေစက်ကတော့ အံ့ဩလောက်တယ်နော် ကိုဘမင်း"

"ဒါပေါ့ဗျာ. . . လူလေးကိုသာ အမြန်ဆုံး မြန်မြန်တွေ့ဖို့ အရေးကြီးပါတယ်၊ ကျွန်တော်တို့လည်း သူပျောက်သွားကတည်းက



www.burmeseclassic.com

www.burmeseclassic.com

သက်ဆိုင်ရာ စခန်းမှူးတွေကို လက်လှမ်းမီသလောက် အကြောင်းကြား ရှာဖွေခိုင်းထားပါတယ်"

"အင်း. . . ကျုပ်မှာ အသိအရွက်တွေ မြင်တိုင်း သင်သက်လွှတ် မဟုတ်လို့ ငါးပုစွန် စားမိပြီး ယားနာတွေ ထွက်မှာမလားဆိုပြီး စိုးရိမ်နေမိသေးတယ်၊ မောင်အောင်ကိုရေ. . . မင်းသားမဟုတ်လည်း ကျုပ်တို့က ပြန်တွေ့ရင် ကျုပ်မြေးက ကျုပ်မြေးပါပဲတော်၊ အခုတော့ အတိုင်းထက်အလွန် တံခွန်နဲ့ကုက္ကားဆိုသလိုဖြစ်နေပြီပေါ့"

ခုမှ ခြောက်သွေ့နေခဲ့သောအိမ်ကြီးသည် စိုပြည်စ ပြုလာသည်။

မမင်းပျို့ ညှော်ခန်းမှ အသာထွက်ခဲ့သည်။ ကံတရားသည် မမင်းပျို့ဘက်သို့ အလေးသာလျက် ရှိပြီထင်ပါသည်။


တစ်ယူဇနာပန်းရနံ့က မမင်းပျို့နှာခေါင်းဝသို့ တိုးဝင်လာသည်။

တစ်ယူဇနာပန်းကို ခူးကာ သူ့ခေါင်းသူ ပန်ဟန် ပြင်ခဲ့သော တောတွင်းသားလေး မြူခိုး၏ဟန်ပန်များကို သတိရမိကာ ပြုံးမိသည်။ သို့သော် သူမပါးပြင်၌ နွေးထွေးနေသည်။

ယူဇနာ ဘယ်လောက်ဝေးဝေး မမင်းပျို့အချစ်သည် မြူခိုးအနီး၌ အမြဲထာဝရ ရှိနေမည်ဟုသာ။








# အခန်း(၃၈)

အကယ်၍သာ မမင်းပျို့ဘဝအတွင်းသို့ သူသာ မဝင်ရောက်ခဲ့ဘူးဆိုပါက မမင်းပျို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ သမရိုးကျ အိမ်ထောင်ရေးကို ဖန်တီးတည်ဆောက်နေသော လေးစားဖွယ်ရာ အိမ်ရှင်မကောင်း၊ မိခင်ကောင်း၊ မိန်းမသားတစ်ဦးဟူသော ဂုဏ်ရည်ကို ပိုင်ဆိုင်ထားသူတစ်ဦး ဖြစ်နေပေလိမ့်မည်။

ယခုတော့. . . .

မမင်းပျို့ဟူသောမိန်းမသည် တစ်အိမ်ဝင် တစ်အိမ်ထွက် ချစ်သူ၏ခြေရာကို လိုက်ကောက်နေရသော ချစ်ရွဲကြီးသည့်မိန်းမ


www.burmeseclassic.com

www.burmeseclassic.com

အဖြစ်သို့ ရောက်ရှိနေလေပြီ။

မည်သို့ဆိုစေကာမူ. . .

ချစ်သူအပေါ် ချစ်ခြင်း၊ သစ္စာရှိခြင်း၊ အနစ်နာခံခြင်း ခွင့်လွှတ်ခြင်း၊ နားလည်ခြင်းတည်းဟူသော အင်္ဂါရပ်များသည် သိက္ခာရှိသောအချစ်နှင့် ဒွန်တွဲရနသော မြင့်မြတ်သောအချစ်ထူး ခံယူထားမိသည်နှင့်အမျှ မမင်းပျိုသည် မိုးအဆုံး မြေအနှံ့ ချစ်ရ လွန်းသူ မြူခိုးကို လိုက်လံရှာဖွေနေမည်သာဖြစ်သည်။

"မိန်းကလေး. . . ဘယ်အထိ မောင်းရမလဲ"

"ညောင်လေးပင်ကို အရင်ဝင်ရှာမယ်၊ အဲ့ဒီက သူငယ် ချင်းကို ခေါ်ပြီး မြို့ကို တစ်ပတ်ပတ်ရှာမယ်၊ ပြီးရင် တောင်ငူမှာ ညအိပ်မယ်"

"ဟူး. . ."

"ဘာလဲ. . . ဦးလေးကိုဘမောင်က စိတ်မရှည်တော့ဘူး လား"

"မဟုတ်ပါဘူး မိန်းကလေးရယ်၊ ကောက်ရိုးပုံထဲ အပ်ရှာ တာကမှ တွေ့ချင်တွေ့ဦးမယ်၊ မတွေ့ချင်လို့ ရှောင်ပုန်းနေသူတို ရှာဖို့ဆိုတာက လွယ်တာမဟုတ်ဘူး"

"ဟုတ်သားပဲ မယ်မင်းပျိုရယ်၊ သတင်းစာထဲလည်း ထည့် ထားပြီပဲ၊ တွေ့ရင် သူပြန်လာမှာပေါ့၊ တော်ကြာ သူပြန်လာလို့ရှိရင် သမီးနဲ့ လွဲနေဦးမယ်"

"ဟင့်အင်း. . . လွဲစရာအကြောင်း မရှိပါဘူး၊ ညတိုင်း နားတဲ့မြို့တွေကနေ ဖုန်းဆက်လို့ ကျွန်မ မှာခဲ့တာပဲ ဒေါ်လေးညွတ် ရဲ့၊ သူပြန်ရောက်ရင် ကျွန်မ ချက်ချင်း ရန်ကုန်ပြန်ပြေးမှာပေါ့ မဟုတ်ဘူးလား"

တစ်ခါတစ်ရံ မမင်းပျိုသည် တဗွတ်ထိုးနိုင်သွားတတ်





သည်။

မင်းလွင်က မွန်ပြည်နယ်တဝိုက် ရှာဖွေပေးပြီးနောက် အိမ် ပြန်နားသည်။ မမင်းပျိုက ရန်ကုန်မှ မန္တလေးတဝိုက်ရှိ မြို့များ၌ ရှိနေသော သူငယ်ချင်းများ၏အကူအညီကို ယူကာ ရှာဖွေဦးမည် ဟု ဆိုကာ ထွက်ခဲ့သည်။ မနေ့ညက ပဲခူး၌ ညအိပ်သည်။ ရန်ကုန် မြို့အနှံ့ တာဝန်ယူထားသူက ဖေဖေနှင့်ဘွားဘွားသာဖြစ်သည်။

ဒေါက်တာအောင်ကို ရခိုင်ရိုးမတောင်ကို ဖြတ်ကာ ရခိုင် ပြည်နယ်ဘက်သို့ စုံစမ်းရန် ထွက်ခွာသွားသည်။

ဤသည်ကို မြူခိုးတစ်ယောက်မှ သိရှိပါလေစ။

မေတ္တာတရား၊ ချစ်ခြင်းများစွာတို့၏ စုပြုံကျရောက်ခြင်း တို ခံယူနေရသော မြူခိုးသည် ဘယ်ဆီ ဘယ်သောင်ကမ်း၌ မသိ နားမလည်စွာဖြင့် ပုန်းအောင်းနေလေသနည်း။

မနောဖြူ၊ သဘောဖြူ အူစင်းလေးကို ခေါ်ယူကာ ဝေဒနာ ပေးမိသကဲ့သို့ ဖြစ်မိခြင်းအပေါ်တွင် မမင်းပျို ယူကြုံးမရနိုင် ဖြစ်ပေါ်ခံစားနေရသည်။

တွေးမိတိုင်း မျက်ရည်ဝိုင်းရသည့်အဖြစ်ကို ခံစားနေဆဲ ဖြစ်သည်။

ကိုကို့မေတ္တာစူးကာ ရင်ဝယ် အနာတရ ဖြစ်နေရခြင်းပေ လော။

ကိုကို့ထံ လိုက်သွားပြီး အစက ဖေဖေ စီစဉ်ပေးမည့် အတိုင်း အလုပ်သွားလုပ်ရလျှင် ကောင်းမည်လား။ ယခုတော့ ထို တိစ္စကို ဖေဖေတို့ လုံးဝမဟကြတော့။

"ဦးလေးကိုဘမောင်"

"ဘာလဲ ကလေးမ"

"ဦးလေးတို့ လွမ်းဖူးသလား"



www.burmeseclassic.com

www.burmeseclassic.com

"တော..."

"အလွမ်းဝေဒနာကို ဘာနဲ့ ကုစားရင် ရနိုင်မလဲဟင်"

"တောက်တီးတောက်တဲ့ ဘာတွေလျှောက်မေးနေတာလဲ မယ်မင်းပျို့ရယ်၊ ဦးလေးကိုဘမောင်တို့ကို မေးရင် ပေါက်ကရ လျှောက်ဖြေမှာပေါ့"

"အေး... ဟုတ်တယ်၊ ဦးလေးကတော့ အချိန်တန် အရွယ်ရောက်လာတာနဲ့ မိအေးနဲ့ အိမ်ထောင်ကျ မတ်စေ့ကို မွေးပြီး မိအေးက ဆုံးတော့ အရက်ကို အဖော်ပြုပြီး နေခဲ့တာနဲ့ မတ်စေ့ လည်း ဆရာက ကျောင်းထားပေးလျက်နဲ့ ဦးလေး အသုံးမကျတာနဲ့ ပဲ ဒရိုင်ဘာသားက ဒရိုင်ဘာပဲ ပြန်ဖြစ်ခဲ့ရတယ် မဟုတ်လား၊ လူလေး ရောက်လာပြီးမှ ဦးလေးလည်း လူလေးကို ရှက်ပြီး ဝှက် သောက်ခဲ့တယ်၊ ဒါကိုတောင် လူလေးက တရားဟောကောင်းလို့ အရက်ပြတ်ခဲ့တာ ဘာကြာသေးလို့လဲ"

"ဪ..."

မမင်းပျို့ရင်ထဲ လွမ်းတသသ ဖြစ်သွားသည်။ အရက်ဟာ သက်သက်လွတ်ပဲဟု ဆိုကာ သောက်လာပြီး ဝေဒနာ ပေါက်ကွဲ သောညကို သတိရမိပြန်ကာ ရင်ဝယ် နင့်နင့်သီးသီး ခံစားလိုက်ရ သည်နှင့်အမျှ မျက်ရည်များက ပိုးပိုးပေါက်ပေါက် ကျလာသည်။

ဪ... စက္ကန့်နဲ့အမျှပါ မြခိုးရယ်၊ ဘယ်လိုမှကို မေ့လို့ မရနိုင်အောင်ပါပဲ။ မြခိုးကတော့...။







## အခန်း(၃၉)

"အမလေးဟဲ့ မယ်မင်းပျို့၊ နေမကောင်းဖြစ်တော်မူမှပဲ ပြန်လာတော့တယ်နော်"

စိတ်ပန်းလူပန်းဖြစ်ကာ မမင်းပျို့သည် မန္တလေးအရောက် ၌ ဖျားနေခဲ့သည်။ တောင်ငူ၌ နှစ်ညအိပ်၊ ပျဉ်းမနား တစ်ညအိပ်၊ ထိုမှ မိတ္ထီလာ၊ ပုဂံ၊ ညောင်ဦး၊ မြင်းခြံမြို့သို့အနှံ့ ညအိပ်ရှာဖွေပြီး မန္တလေးမြို့သို့အရောက်၌ စဖျားလေသည်။ နီးရာဆေးခန်း၌ ဆေး ကုသပြီး စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်သို့ တက်လိုက်သေးသည်။

ညစဉ် အဖျားက မကျသဖြင့် ဦးလေးကိုဘမောင်သည်



www.burmeseclassic.com

www.burmeseclassic.com

မမင်းပျို့ဆန္ဒကို မေးမနေတော့ဘဲ ရန်ကုန်သို့ တောက်လျှောက် မောင်းချလာခဲ့သည်။ ပန်းဖျား၊ လွမ်းဖျားဟု မမင်းပျိုက ကိုယ့်ဝေဒနာ ကိုယ်သိနေသည်။

"ဘွားဘွားကလည်း. . . လူမြင်တာနဲ့ ဆူတာပဲ၊ နားချင်ပြီ"

"အဆင်သင့်ပဲ. . . တစ်ခါတည်း အိပ်ရာထဲသာ တန်းတွေ တော့၊ ဟဲ့. . မိသေး. . စွတ်ပြုတ်နွေးလိုက်တော့"

"ဟုတ်ကဲ့ ဘွားဘွား"

"ဩော်. . . မောင်အောင်ကို့ကို ဖုန်းဆက်ဦးမှပါပဲ"

လှေကားတစ်ထစ်သို့ ရောက်နေသော မမင်းပျို၏ခြေလှမ်း တုန့်ခနဲ ရပ်လိုက်ပြီး. . .

"အန်ကယ်လ် ရခိုင်က ပြန်ရောက်ပြီလား"

"ရောက်ပါပြီရှင်. . . တစ်နေ့ကပဲ"

"ဖေဖေကော ဘွားဘွား"

"ဩော်. . . မိဘကို မေးဖော်ရသေးသကိုး"

"ဘွားဘွားကလည်း. . . ညတိုင်း ဖုန်းဆက်မေးနေတဲ့ဟာကို၊ လူက ဖျားနေရတဲ့အထဲ"

"ဖျားပါစေ. . . ညည်းအဖျားက လွမ်းဖျားလွမ်းနာဟာကို မသေနိုင်ပါဘူး၊ ကျုပ် အခုပဲ မောင်အောင်ကို့ကို ဖုန်းဆက်လိုက်မယ်၊ ဩော်. . . ညည်းစားပွဲပေါ်မှာ မောင်ကိုကိုဆီက စာတစ်စောင် ရောက်နေလို့ တင်ထားလိုက်တယ်"

"ဟုတ်ကဲ့"

ဘွားဘွားက သူ့ထုံးစံအတိုင်း မမင်းပျိုဟာ အငေါ်အတွေး လေးဖြင့် ပြောလိုက်သော်လည်း မမင်းပျို့အတွက် စိုးရိမ်တကြီးနှင့် စွတ်ပြုတ်၊ ကြက်ပေါင်းအကာစ လိုလေးသေးမရှိ စီမံထားလေသည်။

မမင်းပျို အိပ်ယာထဲသို့ လှဲချဟန်ပြုပြီးမှ စာကြည့်စားပွဲ





ပေါ်မှ စာအိတ်ကို တွေ့မြင်ကာ လှမ်းယူပြီးမှ လှဲချလိုက်သည်။

စာအိတ်က ဖောက်မထားရသေး။ ဘွားဘွားသည် ခေတ်မီကာ လူငယ်တွေအပေါ် နားလည်မှု အပြည့်အဝရှိသူ အဘွားကြီးဖြစ်သည့်အလျောက် မမင်းပျိုထံ လာသောစာကို လုံးဝဖောက်မထားပေ။

မမင်းပျို စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။

**မမင်းပျို**

*ကိုကို ဒီစာကို ရေးဖို့ အတော့်ကို အားယူကြိုးပမ်းရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကို ကတိတစ်ခုကို မချိုးဖောက်ချင်လို့ပဲ။ ဒါပေမယ့် ခုတော့ ကိုကို ချိုးဖောက်လိုက်ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီကတိကို ကိုကို ဆက်လက်ထိန်းသိမ်းနေမယ်ဆိုရင် ကိုကို့အပေါ်မှာ မမင်းပျို တစ်သက်လုံး အထင်လွဲသွားလိမ့်မယ်ဆိုတာ ကိုကို သိနေလို့ပဲ။*

*ကိုကို ကားနဲ့အပြန်မှာ စစ်ကိုင်းက ဖေဖေတို့ ကိုးကွယ်နေတဲ့ ဘုန်းကြီးကျောင်းကို ဝင်ကန်တော့တယ်။ အဲဒီမှာ ဖျားနေတဲ့ ညှိုးသည်လူနာတစ်ယောက်ကို ဘုန်းကြီးက ကြည့်ခိုင်းတာနဲ့ ကြည့်လိုက်တော့ မြူခိုးဖြစ်နေတယ်လေ။*

"ဟင်. . . ဘွားဘွားရေ. . . ဘွားဘွား"

မမင်းပျိုက တအံ့တသြဖြင့် စိတ်လှုပ်ရှား ဖြစ်မိကာ ဘွားဘွားအား လှမ်းအော်လိုက်ပြီး စာဆက်ဖတ်လိုက်သည်။

*ကိုကိုလည်း မြူခိုးကို ကုပေးလိုက်တယ်။ သူ တစ်ခါဖြစ်သလို အစာအဆိပ်သင့်တဲ့ဝေဒနာမျိုးဖြစ်တာပဲ။ သူဟာ သက်သက်လွတ် စားမှကို ရမယ့် အသွေးအသားမျိုး ဖြစ်နေပြီ။ ဒါနဲ့ နောက်နေ့ သူနေမကောင်းတာနဲ့ သူ့ကိုပါ အတင်းတောင်းပန်*



www.burmeseclassic.com

www.burmeseclassic.com



တိုးလျှိုးပြီး သူ တောင်းတဲ့ကတိကို ပေးပြီး ကိုကို ဖလမ်းကို ဆက်ခေါ် သွားရတယ်။

ဘာကတိလို့ မမင်းပျို ထင်သလဲ။ မမင်းပျိုတို့ထံ လုံးဝ အကြောင်းမကြားပါဘူးဆိုတဲ့ကတိပဲ။ သူ့ဘဝဇာတ်ကြောင်းကို ပြောပြပြီး သူ ဘာကြောင့် ထွက်ခဲ့တယ်ဆိုတာ ရှင်းပြတယ်။ ကိုကို မြနိုးကို သိပ်သနားသွားတယ်။ ကိုကို ညီလေးတစ်ယောက် ကောက်ရသလိုပဲ ချစ်ခင်သွားပြီး သူစိတ်ချမ်းသာဖို့အတွက် ကိုကို ကြိုးပမ်းပေးခဲ့တယ်။

ဒါပေမယ့် သူ့ကြည့်ရတာ တစ်နေ့မှ ပျော်ပိုက်ပုံမရဘူး။ သူ မမင်းပျိုကို စွဲစွဲလမ်းလမ်း ချစ်ခဲ့ရှာတာပဲ။

"ဟဲ့ . . . အလန့်တကြား ဘာလဲဟဲ့၊ မောင်အောင်ကို့ကို တောင် စောင့်မခေါ် မလာခဲ့ရဘူး"

ဘွားဘွား၏အသံက အနားကပ် ပေါ်ထွက်လာသည်။ မမင်းပျိုလက်ထဲမှ စာရွက်အထပ်မှာ တဆတ်ဆတ် တုန်ခါလျက်ရှိသကဲ့သို့ မမင်းပျိုမျက်လုံးအိမ်၌ မျက်ရည်များ ရစ်ဝဲလျက်ရှိသည်။

သူ့ရဲ့နှလုံးသားဝေဒနာကို သူ နည်းမျိုးစုံနဲ့ ကုစားနေရှာတယ်။ ဒါပေမယ့် သူ နောက်ဆုံး သူ့ဝေဒနာ ကုစားဖို့ရာ နည်းတစ်နည်းပဲ ရှိတော့တယ်လို့ သူပြောလာတယ်။ ကိုကို့အနေနဲ့ တားမြစ်ရလည်းအခက် မတားမြစ်ပြန်တော့လည်း အခက်ကြုံတွေ့နေတယ်။ ဘာပဲဖြစ်ဖြစ် ကိုကိုတော့ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင်ချပြီးမှ ဒီစာကို ရေးလိုက်တာပဲ။

"အလို့ . . ."

ဘွားဘွားက မမင်းပျိုဘေး၌ ထိုင်ပြီး စာကို လိုက်ဖတ်နေသဖြင့် အာမေဋိတ်သံ ထွက်လာသည်။

မြနိုးဟာ ဖြူစင်တယ်။ သူ့မိဘဘိုးဘွားပြသနာဟာ မြနိုး





နဲ့ မဆိုင်ဘူးလို့ ကိုကိုထင်တယ်။ မြနိုးဟာ သီလအားဖြင့် ကိုကိုတို့ထက်တောင် စင်ကြယ်တဲ့သူပဲ။ မြနိုးကို မမင်းပျို ဘာလို့ လက်မထပ်ရဲရမှာလဲ။ ဒီစာရရချင်း မမင်းပျို ကိုကို့ထံကို အမြန်ဆုံးလိုက်ခဲ့ပါ။ လေယာဉ်နဲ့ပဲ လာနော် မိန်းကလေး။ သံကြိုးရိုက်လိုက်။ ကိုကို လာကြိုမယ်။ ဘွားဘွားနဲ့အန်ကယ်လ်တို့ ပေးသမျှပြစ်ဒဏ်ကို ကိုကိုပဲ ခံယူလိုက်တော့မယ်။ မမင်းပျို မြနိုးကို ချစ်ရင် အမြန်ဆုံးလိုက်ခဲ့ဖို့ ကိုကို ထပ်မံတိုက်တွန်းပါရစေတော့။ ဒါမှ မမင်းပျို မြနိုးဘဝကို မီနိုင်မှာ။ ဒါပါပဲ မိန်းကလေး။ ကိုကို ကတိဖျက်ရကျိုးနပ်နိုင်ပါစေလို့။

ညီမလေးရဲ့ ထာဝရအစ်ကို
ကိုကို

မမင်းပျို ဘွားအေရင်ခွင်ထဲသို့ တိုးဝင်ကာ ရှိုက်ကြီးတငင်နှင့် ငိုချလိုက်လေသည်။

ဒေါက်တာဦးအောင်ကိုနှင့်အတူ ဒေါ်ညွှက် ဝင်လာသောအခါ ဘွားဘွားက . .

"မောင်အောင်ကိုရေ . . လောကကြီးမှာ အသက်တစ်ရာမနေရ အမှုတစ်ရာ တွေ့ရတယ်ဆိုတဲ့စကား မှန်ကန်တာပဲကွယ်၊ ရော့ . . . ဒီစာဖတ်ကြည့်ပါဦး"

ဘွားဘွားက ဒေါက်တာဦးအောင်ကိုထံ မောင်ကိုကို၏စာ ပေးလိုက်သည်။ မမင်းပျိုက ကြေကွဲမှုကို ထိန်းချုပ်ပြီး . . .

"စာရောက်တာ ကြာပြီလား"

"ပြီးခဲ့တဲ့သောကြာနေ့ကဆိုတော့ တစ်ပတ်ရှိပြီပေါ့"

"ဒါဖြင့် . ."

မမင်းပျို အိပ်ယာပေါ်မှ ဝုန်းခနဲ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . ဟဲ့. . . ဒါဘာဖြစ်တာလဲ"

"ဖေဖေ့ဆီ ဖုန်းဆက်မယ်၊ ကလေးကို လေယာဥ်လက်မှတ် အမြန်ဆုံး ဝယ်ပေးဖို့ပါ"

ပါးစပ်ကလည်း ဘွားဘွားအား အဖြေပေးရင်း လူက လည်း တယ်လီဖုန်းခလုတ်ကို ကောက်နှိပ်ရင်း အလုပ်ရှုပ်သွားလေ သည်။

"အင်း. . . အန်ကယ်လည်း လိုက်မယ်၊ သမီးဖေဖေကို အကျိုးအကြောင်းသာ ပြောထားလိုက်ပါ၊ အန်ကယ်လ် လေယာဥ်ရုံး အခုပဲ သွားပြီး လက်မှတ်လုပ်လိုက်မယ်၊ အန်ကယ်လ်ဆိုရင် ရမယ်"

ပြောပြောဆိုဆိုပင် ဒေါက်တာဦးအောင်ကိုသည် ချာကနဲ လှည့်ထွက်သွားလေသည်။

ဒေါ်ညွှက်မှာ ဆေးအိတ်ကြီး ကိုင်ပြီး ဘာလုပ်ရမှန်းမသိ ယောင်ချာချာ ဖြစ်သွားရာ. . .

"ဟဲ့. . . သူ့အိတ်သွားပို့ထားလိုက်တော့၊ ဟောဒီမချော အတွက်က အဲဒီဆေး မလိုတော့ဘူး၊ အနာနဲ့ဆေး တွေ့သွားပြီ"

"ဘွားဘွားနော်. . . ကိုယ်ချင်းမစာ"

မမင်းပျိုက မျက်ရည်များကြားက ပြုံးကာ ဘွားဘွားကို လှမ်းနွဲ့လိုက်သည်။

"ဟဲလို"

"ဖေဖေလား. . . သမီးပါ၊ ဖေဖေ အမြန်ဆုံး ပြန်လာခဲ့ တော့၊ အရေးကြီးလို့ပါ"

"ဒေါ်မင်းပျို. . . ကျွန်တော် မင်းလွင်ပါခင်ဗျာ၊ ဖေဖေ ညှိသည်နဲ့ စကားပြောနေပါတယ်၊ ရှာပုံတော်ဖွင့်ရာက ဘယ်တုန်း က ပြန်ရောက်သလဲ"

"အခုပဲ. . . အရေးကြီးတယ်၊ မြန်မြန်ပြန်လာခဲ့"





"ဘာလဲ. . . အခုပြောလေဟာ"

မမင်းပျို စိတ်လှုပ်ရှားခြင်းကြီးစွာဖြင့်. . .

"မြူခိုးကို တွေ့ပြီတဲ့"

"ဟင်. . . ဟုတ်လား၊ ဘယ်မှာလဲ၊ ဘယ်သူပြောတာလဲ"

"ကိုကို့ဆီမှာ"

"ဟင်. ."

"အဲ့ဒီလိုဆိုရင်. . "

"ငါလိုက်သွားချင်တယ်၊ ဖေဖေ့ကို ပြောပေး၊ အန်ကယ်လ်လည်း သိသွားလို့ ချက်ချင်းပဲ လေယာဥ်လက်မှတ် သွားလုပ်တယ်"

"အင်း. . . ကိုကိုက မြူခိုးဟာ သူ့ညီမှန်း သိနေပြီလား"

"သိပုံမရသေးဘူး"

"ကိုင်း. . . ဒါဖြင့် ငါ ဖေဖေ့ကို ပြောလိုက်ပြီး ပြန်ခဲ့မယ်၊ နင်သာ နေကောင်းအောင်နေ"

"အေးပါ. ."

မမင်းပျို တယ်လီဖုန်းချလိုက်ချိန်တွင် ဘွားဘွားက. .

"ဘာပဲပြောပြော မောင်ကိုကိုနဲ့လူလေးဟာ အစကတော့ အချစ်ကိစ္စနဲ့ တစ်ယောက်ကိုတစ်ယောက် ရှောင်ကွင်းနေကြပေမယ့် သူ့က စကားပြောသွားတာပဲပေါ့၊ အင်း. . . ကလေးတွေ ကျန်းမာ ပါစေ ချမ်းသာပါစေ၊ လူ့လောကကြီးဟာ. . ."

"အသက်တစ်ရာမနေရ အမှုတစ်ရာတွေ့ရ ဆိုတဲ့စကား ဘယ်မှန်ပါလားနော်"

မမင်းပျိုက ဘွားဘွားစကားကို ဆက်ပေးလိုက်ရာ ဘွား ဘွားက ရယ်ကျဲကျဲနှင့်. . .

'ခွေးမလေး' ဟု ဆိုလိုက်လေသည်။ ပျော်ရွှင်မှုသည်ရာ အိမ်ယာကြီးအသွင်သို့ မကြာမီကာလအတွင်း၌ ပြန်လည်ဖြစ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com


လာတော့မည် ထင်ပါသည်။

မမင်းပျိုရင်ထဲ လှိုက်ဖိုခြင်းများစွာဖြင့် ပြုံးလိုက်မိသည်။ ရင်တွင်း၌. . .

"မြူခိုးရယ်. . . နင့်ကို ငါသိပ်တွေ့ချင်နေပြီဟယ်၊ တွေ့ရင် ငါ. . ငါ. . နင့်ကို. . ."







## အခန်း(၄၀)

ကလေး လေဆိပ်သို့ ရောက်လျှင်ရောက်ချင်း. . .

"ကိုကို. . ."

"မမင်းပျို"

ကိုကို့ထံသို့ မမင်းပျို အရင်ဆုံး ရောက်သွားသည်။ တစ်ဆက်တည်း မျက်လုံးများက လူအုပ်ကြားမှ လူတစ်ယောက်ကို ရှာဖွေမိသည်။ မတွေ့ပါလား။

"သူ. . မြူခိုးကော"

"သူစောင့်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. ."

"လာ. . . ဖေဖေ၊ မင်းလွင်ကော လိုက်လာတာကိုး"

"လိုက်ရတယ် ကိုကိုရေ၊ တော်ကြာ အကောင်းဆုံးအခြေအနေကို မျှော်လင့်ပြီးမှ မျှော်လင့်သလို ဖြစ်မလာရင် နာလန်ထစမချောအတွက် စိတ်မချနိုင်သေးဘူး"

မင်းလွင်က မမင်းပျိုကို မေးငေါ့ပြကာ ပြောလေသည်။ ဒေါ်ညွှန့်ကိုလည်း ဖေဖေက မမင်းပျိုအတွက် အဖော်အဖြစ် ထည့်ပေးလိုက်သည်။

ဖေဖေနှင့်ဘွားဘွားကတော့ အိမ်ကသာ စောင့်ကြိုတော့မည်ဟု ပြောသည်။

"မြူခိုးကော သား"

"သူနေရစ်ခဲ့တယ် ဖေဖေ"

ကိုကိုက တည်ငြိမ်စွာ ဖြေသည်။ ကိုကို့မျက်နှာကို မမင်းပျိုအကဲခတ်လိုက်သည်။ ချစ်သဝန်ကြောင်မိသော ကိုကို့အပေါ် ရုတ်တရက် အထင်သေးခဲ့သည်မှအပ နောက်ပိုင်း ကိုကို့အပေါ် ယခင်ကကဲ့သို့ပင် နားလည်သဘောပေါက်မိသည်နှင့်အမျှ ကျေးဇူးတင်မိသည်။

"သားကိုကို. . . မင်းဇနီးကောကွယ်"

ကိုကိုက ပြုံးလိုက်သည်။

"လာ. . . ဖေဖေ၊ ကားပေါ် ရောက်မှ အေးအေးဆေးဆေးပြောတာပေါ့"

ကိုကို၏ကားပေါ် သို့ လျှောက်ခဲ့ကြသည်။ ဘာပစ္စည်းမှာအပိုမပါကြ။ တစ်နိုင်တစ်ပိုင်စီပဲ အိတ်တစ်လုံး ဆွဲလာသဖြင့် ကားပေါ်သို့ ရောက်လာကြသည်။

"ကျွန်တော် ဘယ်တုန်းကမှ လက်မထပ်ခဲ့ပါဘူး ဖေဖေ"





"ဟင်. . ."

မမင်းပျိုကတော့ ထူးကဲပြီး အံ့သြမှု ဖြစ်မလာပါချေ။ ကိုကို ဖွင့်မပြောသော်လည်း ကိုကို မမင်းပျိုအတွက် အကောင်းဆုံးဖြစ်အောင် စဉ်းစားဆုံးဖြတ်ပေးမည်ဟူသောစကားအရ ကိုကို့အပေါ် သဘောပေါက် နားလည်ပြီးသားဖြစ်သည်။

ကိုကို့ဖခင်နှင့် မင်းလွင်ကသာ တအံ့တသြ ဖြစ်သွားသည်။

"ဒါဖြင့်. . ."

"မမင်းပျိုနဲ့မြူခိုးကို စိတ်ချမ်းသာစေချင်လို့ပါ"

"သြော်. . . သားရယ်၊ သွေးက စကားပြောတယ်ဆိုတာ ဒါပဲ ထင်ပါရဲ့"

"ဟင်. . . ဘာ. . ဘာကိုဆိုလိုတာလဲ ဖေဖေ"

ဒီတစ်ခါ အံ့သြသွားရသူမှာ ကိုကိုဖြစ်ချေသည်။

"ဒီအကြောင်းတွေကို ဖေဖေ ရှင်းပြပါ့မယ်၊ ဒီလို သားရဲ့"

ဟု အစချီကာ မြူခိုးနှင့် ပတ်သက်သော ဆက်နွယ်မှုကို ကိုကို့ဖခင်က ရှင်းပြလေသည်။

မမင်းပျိုအတွက် လွမ်းမောဖွယ်ရာ ချင်းတောင်တန်းကိုကြည့်ရင်း ရင်တွင်း အလွမ်းဓါတ်ခံတို့သည် နိုးကြွလာဟန်တူသည်။ မျက်ရည်များပင် စို့လာသဖြင့် မျက်တောင်ကို ပုတ်ခတ်ပုတ်ခတ်သုပ်ကာ သိမ်းဆည်းလိုက်သည်။

မမင်းပျို ငိုစရာ မလိုတော့ပါဘူး။ ဘာဖြစ်လို့ ငိုရမှာနည်း။ မြူခိုးနှင့် တွေ့ရတော့မည်ပဲ။

"မြူခိုးဟာ သားရဲ့ညီလေးပါ သားရယ်"

"ကံဆိုးလိုက်ရှာတဲ့ ညီလေးပါလား ဖေဖေရယ်၊ သူ့ဘဝမှာပျော်ရွှင်ခြင်းဆိုတာကိုမှ သူ ခံစားခဲ့ဖူးပါလေစ ဖေဖေရယ်"

ကိုကိုကပင်လျှင် ယောက်ျားကြီးတန်မဲ့ မျက်ရည်များ ရစ်ဝဲ



www.burmeseclassic.com

www.burmeseclassic.com



ကာ မချိတင်ကဲ ပြောလိုက်လေသည်။

မမင်းပျို့အတွက် အလွမ်းလက်တို့လိုက်သကဲ့သို့ ဖြစ်သွား ကာ ချင်းတောင်တန်းကြီးသည် ပို၍ဝေးသီခေါင်သွားတော့သည်။

"နင်ကလည်းဟာ. . . ,ပေါလိုက်တဲ့မျက်ရည်၊ ကုန်ကိုမကုန် နိုင်ဘူး"


မင်းလွင်က မမင်းပျို့အား စိတ်မသက်သာစွာ ကြည့်ရင်း ဖြေသိမ့်မှု ပေးသည်။ မမင်းပျို့ မင်းလွင်ကို တုန့်ပြန်မှု မပေးနိုင်။ ညကတည်းက ရင်မှာ လေးလေးစွာ ငိုခဲ့ရသည်။

ညက အိပ်မက်ထဲ၌ မြူခိုးသည် သူခေါ်နေခြင်းကို လုံးဝ လှည့်မကြည့်ဘဲ အလွန်မြင့်မားပြီး တိမ်တောင်တိမ်တိုက်များအထိ ထိုးဝင်နေသော တောင်ပေါ်သို့ တစ်ထစ်ချင်း နင်းတက်သွားသည်။ ဤသည်ကို မမင်းပျို့ ရင်ကွဲမတတ် ဟစ်အော်ခေါ်သော်လည်း လုံးဝ လှည့်မကြည့်ပါဘဲ တိမ်တိုက်ကြား၌ ပျောက်ကွယ်သွားလေသည်။

ထို့ကြောင့် မမင်းပျို့၏အလွမ်းနှင့် စိုးထိတ်မှုတို့သည် မြူခိုး ကို မတွေ့ရသေးသရွေ့တော့ ပြေပျောက်နိုင်လိမ့်ဦးမည် မဟုတ်ပါ။ မျက်ရည်ဝေ့သီလျက် ရှိနေဦးမည်ပင်။ ရင်မှာ လေးလံလျက်. . .။







## အခန်း(၄၀)

"မြူခိုး. . . အဲ. . ."

"ဦးပညာဝံသပါ"

ကိုကိုက မမင်းပျို့အား ခပ်တိုးတိုး ပြောလိုက်သည်။ မမင်း ပျို့တို့လူအုပ်စုအား မကြည့်ဘဲ တောင်ဇလပ်ပင်ခြေရင်း ကွပ်ပျစ် ပေါ်၌ တင်ပလ္လင်ခွေ ထိုင်ကာ စကျွကြန္ဓေ ချထားသော ဦးပညာ ဝံသ,သည် ကျက်သရေရှိစွာဖြင့် ကြည်ညိုဖွယ်အဆင်းကို ဆောင် နေလေသည်။

မမင်းပျို့ မြေပြင်ထက် ပုဆစ်ဒူးတုပ် ထိုင်ကာ လက်အုပ်ချီ



www.burmeseclassic.com

www.burmeseclassic.com

လိုက်သည်။ ချီထားသော ကြာဖူးကြာငုံသဏ္ဌာန် လက်အစုံမှာ တဆတ်ဆတ် တုန်ယင်လျက်ရှိသည်။

"ရန်ကုန်မှ အရှင်ဘုရားရဲ့တပည့်ဒါယကာများ လိုက်လာကြပါတယ် ဘုရား"

"အိမ်း. . . ဒကာကြီးက ကတိဖျက်လိုက်ပေသကိုး၊ လိုက်လာကြပေမပေါ့ကွယ်၊ သင့်တော်သောနေရာမှာ ထိုင်ကြ ဒကာတို့"

မျက်လွှာကို လုံးဝပင့်မကြည့်ဘဲ အေးချမ်းစွာပင် စကားပြောလေရာ မမင်းပျို နားလည်လိုက်ပြီး ရစ်ဝဲလာသော မျက်ရည်စများကို ရှုတ်သိမ်းကာ မင်းလွင်အား လှမ်းကြည့်လိုက်သည်။

မင်းလွင်က လူလေးမှသည် မြူခိုး၊ မြူခိုးမှသည် ဦးပညာဝံသအဖြစ်သို့ ဘဝပြောင်းသွားသူ ဘုန်းကြီးအား ငေးမောကြည့်ကာ ကြည်ညိုသဒ္ဓါပွားနေလေသည်။ သူသည်လည်း မျက်ရည်များ ရစ်ဝဲလျက် ခံစားနေရပုံရသည်။

ထို့အတူ ဒေါက်တာဦးအောင်ကိုသည် သိသာစွာပင် မျက်ရည်များ ကျဆင်းလျက်ရှိသည်။ ယောကျ်ားများ၏မျက်ရည်ကို မမင်းပျို ထပ်မံတွေ့မြင်နေရပြီ။

"အရှင်ဘုရား. . . ဘယ်နှစ်ဝါဆိုမှာလဲ ဘုရား"

တုန်ယင်သောအသံဖြင့် ဒေါက်တာဦးအောင်ကိုက ဦးပညာဝံသအား မေးလိုက်ရာ ကြည်လင်ပြတ်သားသောအသံဖြင့်

"ကျုပ်အသက်ရှင်နေသမျှ ကာလပတ်လုံး သာသနာအကျိုးကို ရဟန်းဘဝနဲ့ ထမ်းရွက်ဖို့ ကျုပ်ပိုင်းဖြတ်ပြီးမှ ရဟန်းအဖြစ် ခံယူတာ ဖြစ်တယ် ဒကာကြီး"

ပိုးပိုးပေါက်ပေါက် ကျလာသော မျက်ရည်စများနဲ့အတူ မမင်းပျို ခေါင်းငုံ့ချလိုက်သည်။

ပြောစရာစကားများ ရင်တွင်းအပြည့် ရှိပါသော်လည်း





မမင်းပျို မပြောရဲတော့ပါ။ ကိုကိုကသာ. . .

"အရှင်ဘုရားကို တပည့်တော် လျှောက်ထားခွင့်ပြုပါဘုရား"

"လျှောက်နိုင်ပါတယ် ဒကာကြီး"

လောဘ၊ ဒေါသ၊ မာန်မာန၊ သံမုဒယတို့လောင်းရိပ်အောက်မှ လွတ်ကင်းသွားပြီဖြစ်သော ဦးပညာဝံသ၏အသံမှာ ကြည်လင်ပြတ်သားကာ ဩဇာသံ လွှမ်းလျက်ရှိသည်။

"တပည့်တော်ရဲ့ဖခင်ဟာလည်း အရှင်ဘုရားရဲ့ခမည်းတော်ဖြစ်ပါတယ်ဘုရား"

"တိုက်ဆိုင်မှုတစ်ရပ်ပေပဲပေါ့ ဒကာ"

တုန်လှုပ်ခြင်း ကင်းနေပြီဖြစ်သော ဦးပညာဝံသကို ကြည့်ကာ မမင်းပျို မချိတင်ကဲ ခံစားလိုက်ရသည်။ ထိုအချိန်၌ မိမိဒူးခေါင်းကို ကိုင်ကာ အသာ‚အားပေးလိုက်သော မင်းလွင်ကြောင့် စိတ်ကို ထိန်းချုပ်လိုက်ရသည်။

ကိုကိုက အကျိုးအကြောင်းဟူသမျှကို ရှင်းပြပါသော်လည်း ဦးပညာဝံသ၏မျက်နှာပြင်ပေါ်၌ ခံစားမှု အရေးအကြောင်းများကို လုံးဝမမြင်တွေ့ရချေ။

"ဘဘုန်းနဲ့ တူလိုက်တာ"

သက်တော်တစ်ရာကျော်ပြီဟု ခန့်မှန်းရသော ဘဘုန်း၏သီလသမာဓိ တန်ခိုးကြောင့် နုပျိုလျက်ရှိရာ ယခု ဦးပညာဝံသနှင့်ပင် တူနေသည်ဟု မင်းလွင်က သတိပြုမိလိုက်သည်။

"သံသရာဟာ သိပ်ကြောက်စရာကောင်းပါတယ် ဒကာကြီး၊ ကျုပ် လောကီဆင်းရဲတွေကို ကြောက်လန့်သွားပါပြီ၊ သံသယာလို့ဆိုတဲ့မီးဟာ ဆင်းရဲခြင်းကို ဖြစ်ပေါ်စေနိုင်ဆုံးပဲ၊ ကျုပ် စိတ်ဆင်းရဲခြင်းကို အလိုမရှိတော့ပြီ၊ စိတ်ချမ်းသာခြင်းနဲ့ အိုနာသေရေး ဒုက္ခ



www.burmeseclassic.com

www.burmeseclassic.com



သေးတို့နဲ့ ကင်းဝေးရာ မြတ်နိဗ္ဗာန်ကိုသာ အလိုရှိပြီဖြစ်တဲ့အတွက် ကျုပ် ရဟန်းဝတ်နဲ့ပဲ မဖွံ့ဖြိုးသေးတဲ့ တောင်တန်းဒေသမှာ သာသနာပြုရင်း ဝိပဿနာအလုပ်ကိုပဲ ကြိုးစားအားထုတ်တော့မယ် ဒကာတို့၊ ကိုင်း. . . ပြန်ကြတော့၊ ကျုပ် အလုပ်ဆက်လုပ်လိုက်ဦးမယ်”

မျှော်လင့်ချက် တံခါးချပ်တို့ အပြီးတိုင် ပိတ်သွားလေပြီ။

စကျွန်ုကန္တြေတံခါးကို ပိတ်ကာ ကမ္မဋ္ဌာန်း စီးဖြန်းနေပြီဖြစ်သော ဦးပညာဝံသအား ဦးချကန်တော့လိုက်ချိန်တွင် မမင်းပျို့ မျက်ရည်တာကျိုးသွားလေတော့သည်။ မြူခိုးနှင့် တွေ့လျှင် မြူခိုးရင်ခွင်သို့ တိုးဝင်ကာ လွမ်းသမျှကို အတိုးချ ငိုချလိုက်မည်။ ငိုရှိုအားရလျှင်တော့ မြူခိုး၏ချောမွတ်စင်သောမျက်နှာအား. . . ယခုတော့. . .။

“မင်းပျို့. . . ထလေ”

မြေကြီးပေါ်မှ ရှိနေသော လက်ဖမိုးအစုံနှင့်နဖူး ထိကပ်ရင်းက စီးကျလာသောမျက်ရည်များက မြေသားနီနီထဲသို့ စိမ့်ဝင်သွားလေသည်။

မြေကြီး သက်သေတည်ရပါသည်။ မိုးကောင်းကင်အားလည်း သစ္စာထားရပါသည်။ မမင်းပျို့သည် မြူခိုးအား အသက်တမျှ ချစ်ရပါသည်။

“သွားစို့ မင်းပျို့ရယ်”

မင်းလွင်က မမင်းပျို့အား ချိုင်းမှ မ,ကာ အသာဆွဲထူလိုက်သည်။

“မင်းလွင်ရယ်. . .”

ကိုကိုက နှုတ်ခမ်းကို လက်ညှိုးနှင့် ပိတ်ကာ ရှူးခနဲ အသံပြုပြီး အသံမပြုရန် သတိပေးပြီး သူ့ဖခင်ကို တွဲကာ ကားဆီသို့





တွဲခေါ်သွားလေသည်။

မမင်းပျို့ခြေလှမ်းတို့သည် လေးကန်နေသည်။ နောက်သို့ သမင်လည်ပြန် ကြည့်ရင်း မင်းလွင် တွဲခေါ်ရာသို့ ရွေ့လျားလိုက်ပါသွားရသည်။

ဒေါ်ညွှက်လည်း ကားပေါ် တက်ကာ တရှုပ်ရှုပ် ငိုလေသည်။

မင်းလွင်က. . .

“ကောင်းရာလုပ်တဲ့သူအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရမယ့်အစား ဘာဖြစ်လို့ ငိုနေရတာလဲ”

ဘယ်သူ့ရယ်လို့မှ မရည်စူးဘဲ ပြောချလိုက်သည်။

“အန်ကယ်ကတော့ ဝမ်းသာဝမ်းနည်း ပီတိမျက်ရည်ပဲ မောင်မင်းလွင်၊ ဒါပေမယ့် သူတော်ကောင်းသားရဲ့ ဖခင်အဖြစ်နဲ့ အန်ကယ်လ် ဂုဏ်ယူရမလား ကြေကွဲရမလားဆိုတာ ကွဲပြားမသိနိုင်ပေမယ့် အန်ကယ့်လ်ရင်မှာ နာနေတယ်၊

ပုထုဇဉ်လူသားအန်ကယ်လ်ဟာ သားသမီးဆိုတဲ့ သံယောဇဉ်နဲ့ သားကို ပိုင်ဆိုင်ချင်နေတယ်၊ ဒါပေမယ့် အန်ကယ်လ် ပိုင်ဆိုင်ခွင့် မရှိတော့ဘူး၊ ဘုရားသားတော်အဖြစ်ကို ရောက်ရှိသွားပြီး မြင့်မြတ်သောဘဝကို ရောက်ရှိသွားပြီနော်၊ အန်ကယ်လ်တို့ရဲ့ တိုးကွယ်ရာဘဝကို သူရောက်သွားတာပဲ၊ အန်ကယ်လ် ဖြေနိုင်ပါတယ်၊ သမီး မမင်းပျို့လည်း ဖြေနိုင်အောင် ကြိုးစားပါ”

မမင်းပျို့ တုံ့ပြန်ပြောနိုင်သောအင်အား မရှိတော့ပြီ။ မင်းလွင်ရင်ထဲ၌ မျက်နှာအပ်လျက် သွန်ထွက်နေသောမျက်ရည်များ ရပ်တန့်သွားစေရေးကို ကြိုးပမ်းနေရသည်။ ဘယ်သောအခါမှ ကြေကွဲမှုကို နိုင်နင်းလိမ့်မည်ကိုတော့ မမင်းပျို့ မမှန်းဆတတ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သက်ပြင်းချကာ ကားစက်နှိုးလိုက်သည်။

မမင်းပျို့ မင်းလွင်ရင်ထဲမှ ခေါင်းထောင်ကာ တောင်ဇလပ်ပင်ကြီးအောက်၌ တမ္ပဒွာန်း စီးဖြန်းနေသော ဦးပညာဝံသကို လှမ်းကြည့်လိုက်သည်။

ပကတိ ကျောက်ဆစ်ရုပ်တစ်ရုပ်နှယ် ရှိနေလေသည်။

ခံစားချက်ဆို၍ ဘာဆိုဘာမျှ မရှိတော့သည်မှာ ကျိန်းသေပါပြီ။

မမင်းပျို့သည်လည်း စွဲလမ်းမှုဟူသမျှတို့ကို ပျောက်ပျယ်သွားစေရေးအတွက် ကြိုးပမ်းအားထုတ်ရပေဦးမည်။








## အခန်း(၄၂)

"အောက်ချင်းငှက်ဖိုငှက်မဟာ သိပ်ကို ချစ်ကြတယ်၊ သစ္စာရှိကြတယ်ဆိုတာ နင်သိတယ်မဟုတ်လား မင်းလွင်"

"ဘာပေါက်ဦးမလို့လဲ"

"ငါပြန်မလိုက်ချင်တော့ဘူး၊ ငါ ဒီမှာပဲ နေခဲ့ချင်တယ်"

"သေတော့မှာပဲ. . . မလိုက်လို့ မဖြစ်ဘူးလေ၊ ဖေဖေ ငါ့တို့ ဆူလိမ့်မယ်"

"ငါ ဒီမှာပဲ ဆရာမ လုပ်ပြီး သူ့ကို နေ့တိုင်း ဆွမ်းချက်ပို့ချင်တယ်"

"မမင်းပျို့. . . ကိုကို တစ်ခုပြောပါရစေ"

ကိုကိုက မောင်နှမနှစ်ယောက်၏စကားကို ဖြတ်ကာ ဝင်



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။ မင်းလွင်က ခေါင်းကုတ်ကာ. . .

"ကြည့်လုပ်ဦး ကိုကို၊ ကျွန်တော်တော့ ခေါင်းကျိန်းတယ်၊ ဘုန်းကြီးဝတ်ချင်နေတာက ကျွန်တော်၊ ခုတော့ ဘဘုန်းက လူဝတ်ကြောင် စွန့်ပြီး ဘုန်းကြီးဝတ်ခိုင်းနေတုန်းကတော့ လုံးဝ မဝတ်တဲ့ လူလေးက ဗြုန်းစားကြီး ဝတ်သွားနိုင်ပြီ"

"ဟာ. . . မလုပ်ပါနဲ့ဦး ညီလေးရယ်၊ မင်းတို့နှစ်ယောက်စလုံးကို ကိုကိုတောင်းပန်ပါတယ်၊ မြူခိုးတုန်းကလည်း ဒီလိုပဲ တောင်းပန်ပြီး သူပျော်ရွှင်စေရေးကို ဖန်တီးပေးခဲ့ပါတယ်၊

မမင်းပျိုဆီ စာရေးတဲ့နေ့မှာ သူက သောကဆင်းရဲကို ဖြေဖျောက်နိုင်စေရေးအတွက် လူဝတ်ကြောင်ကို စွန့်ပြီး ရဟန်းဘောင်ကို ဝင်တော့မယ်လို့ ပြောလာတဲ့နေ့မှာပဲ ကိုကို မမင်းပျိုဆီ စာကောက်ရေးလိုက်တာ၊ မြူခိုးကို ကိုကိုညီမှန်း မသိခင်ကတည်းက ကိုကိုလည်း သံယောဇဉ်ဖြစ်မိခဲ့တာပါကွာ၊ ခုတော့ ကိုကိုတို့ ဝမ်းနည်းနေလို့ အဓိပ္ပါယ်မရှိဘူး၊ သူဟာ မြင့်မြတ်တဲ့အလုပ်ကို လုပ်သွားတာပဲ၊ ဝမ်းသာရမှာ၊ ဂုဏ်ယူပြီး သူ့ပါရမီကို ဖြည့်ဆည်းပေးရမှာပါ၊ ဒါကြောင့် ကိုကိုပြောချင်တာက ဘာပဲဖြစ်ဖြစ် စဉ်းစားဆုံးဖြတ်ပြီးမှ ပြတ်ပြတ်သားသား လုပ်ကြတာ ကောင်းပါတယ်"

"ဟုတ်တယ်. . . ကိုကိုပြောတာ မှန်တယ် မင်းပျို၊ နင်ကလည်းဟာ. . . အလကား မျက်ရည်ပေါက်တိုင်း ငိုမနေနဲ့၊ ငါသုတ်ပေးရတာ လက်ညောင်းလှပြီ"

မင်းလွင်၏ပခုံးကို မမင်းပျို ထုပစ်လိုက်သည်။ ရင်မှာ နင့်နင့်သီးသီး ခံစားနေရသူကိုမှ အားမနာ၊ နောက်ပြောင်နေသေးသည်။

"သြော်. . . ကိုကို အရေးကြီးတာတစ်ခု ပေးဖို့ မေ့နေတယ် မမင်းပျိုရာ၊ ခဏနော်. . . ခဏ"





ကိုကိုက သူ၏အိပ်ခန်းထဲသို့ ဝင်သွားသည်။ မမင်းပျိုက မီးလင်းဖိုနား ရွှေပြောင်းထိုင်ကာ လက်ကို မီးကင်လိုက်သည်။

"နင်ပြန်လိုက်ခဲ့မှ ဖြစ်မယ် မင်းပျို၊ နင် မြူခိုး. . . အဲ. . ဘုန်းကြီးကို ဈာန်လျှောအောင် လုပ်ဖို့တော့ မကြံစည်နဲ့နော်"

"ငါနားလည်ပါတယ် မင်းလွင်၊ ငါ့ရင်ထဲမှာ မီးတောက်နေပေမယ့် ငါ ဦးပညာဝံသကို မပြစ်မှားဘူး၊ ကြည်ညိုတယ်၊ ဒါပေမယ့် မြူခိုးကို ငါသနားတယ်၊ သတိရတယ်၊ ဒီအတွက် တမြေ့မြေ့ပဲ"

"ဟာကွာ. . . ပြောရင်း ဒီအရည်တွေက ပါပါလာပြန်ပြီ ပါးစပ်ကပဲ လေနဲ့ပြော၊ မျက်ရည်မပါကြေး"

မင်းလွင်က တမင်နောက်ပြောင်ကျီစယ်နေမှန်း မမင်းပျိုနားလည်သည်။ လိုက်ရယ်၍မရ။ ယောင်၍မျှပင် ပြုံးလို့မရသေးပါချေ။

"ရော့. . . မြူခိုးပေးသွားတဲ့စာ"

"ဟင်. ."

မမင်းပျိုသည် ကိုကို့ကိုတစ်လှည့်၊ ကိုကို့လက်ထဲမှ စာကိုတစ်လှည့် မျက်လုံးအပြူးသားနှင့် ကြောင်စီစီလေး ကြည့်လိုက်သည်။ ပြီးမှ စာအိတ်ကို တုန်ယင်သောလက်ဖြင့် လှမ်းယူလိုက်သည်။

"လာ. . . ကိုကို. . . အေးတယ်၊ တစ်ပက်လောက်သောက်ချမှနဲ့ တူတယ်"

မင်းလွင်က အလိုက်သိစွာဖြင့် ကိုကို့အား ခေါ်ကာ မီးဖိုဘက်သို့ ဝင်သွားလေသည်။

မမင်းပျိုသည် ပိတ်ထားသော စာအိတ်ကလေးကို [illegible]င် ဖောက်လိုက်သည်။ စာရွက်အဖြူလေးပေါ်မှ လက်ရေးများက လှပညီညာလျက်ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com

မင်းပျို

ကျုပ် မင်းကို သိပ်ချစ်ခဲ့တယ်။ ချစ်လို့ တစ်ကိုယ်ကောင်းဆန်စွာနဲ့ ကိုကို့လက်ထဲက လုယူဖို့ကို ကြိုးစားခဲ့ဖူးတာတွေကို ကျုပ်သိပ်နောင်တရသွားခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုကိုဟာ မင်းနဲ့ကျုပ်တို့ စိတ်ချမ်းသာစေရေးအတွက် သူ့မိဘတွေ အမြိုအခြင်ခံပြီးနောက်ဆုတ်ပေးခဲ့ရှာတယ်။ ကိုကို့ကို ကျုပ်လေးစားသွားပြီ။ တစ်ဆက်တည်း ကိုကိုရဲ့စေတနာ၊ မေတ္တာ၊ အကြင်နာမှုတွေဟာ အခုလိုဝေးသီမြင့်မားခေါင်လှတဲ့ ရုပ်ဝန်းမှာ ရှာသွန်းနေတာကို တွေ့ရပြန်တော့ ကျုပ် လေးစားလို့ မဆုံးဘူး။ တစ်ဆက်တည်း ကျုပ်ကိုယ်ကျုပ် သုံးသပ်ကြည့်မိတယ်။

ကျုပ် လူသားအကျိုးအတွက် ဘာတွေလုပ်ပြီးပြီလဲ။ ဘာတာဝန်ကို ထမ်းဆောင်နိုင်သလဲ။ ကျုပ်အဖြေရှာမရခဲ့ဘူး။

ဒါပေမယ့် ကျုပ်ရင်ထဲမှာ သံယောဇဉ်မီးဟာ ဟုန်းဟုန်းတောက်နေတယ်။

မင်းကို ချစ်တဲ့အချစ်မီးဟာ ကျုပ်တစ်ကိုယ်လုံးကို ဝါးမြိုရုံတင် မကဘူး။ ဘဝတစ်ခုလုံးကိုပါ ဝါးမြိုနေပြီဆိုတာ ကျုပ်သိတယ်။

ဒီမီးကို ငြိမ်းသတ်ဖို့ အရေးကြီးတယ်။

ပြီးရင် ကျုပ် လူသားအကျိုးကို တစ်ခုခု ထမ်းဆောင်နိုင်ဖို့အရေးကြီးတယ်။ ကျုပ်စဉ်းစားနေတဲ့ကာလမှာ ကျုပ်ပဲ ကျွတ်ချိန်တန်လို့လား မသိဘူး။ ကျုပ်တို့ဆီကို တောင်တန်းသာသနာပြု ဆရာတော်ဘုရားကြီး ကြွလာပြီး လုံ့ပီးတောရမှာ သီတင်းသုံးနေတဲ့ဝါတွင်းမှာ ကျုပ် ဖူးမျှော်ခွင့် တရားနာခွင့်တွေ ရလိုက်တယ်။

ကျုပ်ဘာလုပ်ရမလဲဆိုတာ ကျုပ်သိပြီ မင်းပျို။

ကျုပ်အတွက် မင်း မပူဆွေးရဘူး။

☺ အောင်မြင်စာပေ ☺



ကျုပ်အပေါ် တွယ်တာမိတဲ့ မင်းရဲ့သံယောဇဉ်နွယ်ကို ဒီစာရတဲ့အချိန်ကစပြီး ဖြတ်တောက်ပစ်လိုက်ပါ။

ပြီးရင် မင်းလျှောက်သင့်တဲ့လမ်းကို မင်းဆက်လျှောက်ပါ။ ကျုပ်လည်း ကျုပ်လျှောက်သင့်တဲ့လမ်းကို ကျုပ်လျှောက်တော့မယ်။

ကျုပ် မင်းအပေါ် ထားရှိတဲ့ အချစ်ဟာ ဒီစာနဲ့အတူ ထားရစ်လိုက်ပြီ။ ကျုပ်အတွက် မင်းပျို မရှိတော့ဘူး။ မင်းလွင်၊ ဘွားဘွား၊ ဖေဖေ၊ ကိုကို၊ အားလုံးမရှိတော့ဘူး။

လူသား ဘာသာ၊ သာသနာအကျိုးအတွက် ကျုပ်လုပ်ရမယ့်အလုပ်ပဲ ရှိတော့တယ်။ ဒါကြောင့် ကျုပ် ဂုဒ္ဓမြတ်စွာဘုရားရဲ့သားတော်အဖြစ် ခံယူပြီး သာသနာ့ဝန်ပဲ ထမ်းရွက်ဖို့ ဆုံးဖြတ်ချက်ချလိုက်ပြီ။

မနက်ဖြန် တောင်တန်းသာသနာပြု ဆရာတော်ဘုရားထံမှာပဲ ကျုပ် ရဟန်းဘောင်ထဲ ဝင်လိုက်တော့မယ်။ ဒါပါပဲ မင်းပျို။

ကျုပ်အတွက် မင်း မျက်ရည်မကျနဲ့။ ဝမ်းမြောက်ဝမ်းသာစွာနဲ့ သာဓုခေါ်နိုင်အောင် ကြိုးစားရစ်ပေတော့။ ကျုပ် လူသားအားလုံးကို ခွင့်လွှတ်တယ်။ မေတ္တာထားနိုင်ပါတယ်။ ဒါပါပဲ။

မြနိုး

ဘယ်လိုလုပ်ပြီး ဖြေနိုင်ဦးမှာလဲ မြနိုးရယ်၊ မြနိုးလို ရှုံးတျက်ခြင်းဟူသော နှလုံးသားပိုင်ရှင်မှ မဟုတ်သေးဘဲ၊

မမင်းပျိုက မျက်ရည်များ သုတ်ရင်း သာဓုခေါ်နိုင်ရန်ကြိုးစားလိုက်သည်။ သို့သော် . . . ။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၄၃)

ကိုကို

မမင်းပျို့တို့ ရန်ကုန်ကို ချောမောစွာ ရောက်ရှိကြပါတယ်။ ဒီရောက်ပြီး မကြာခင်မှာပဲ မင်းလွင်က ဘဘုန်းဆီ သွားပြီး မြို့ခိုးကိစ္စကို သွားလျှောက်ထားပါတယ်။

ဘဘုန်းကတော့ အိမ်း. . . ကောင်းလေစွလို့သာ မိန့်တော်မူလိုက်တယ်တဲ့။

ပြုံးသွားလိုက်ကြတဲ့ နှလုံးသားတွေပဲနော်။

အခုတလော ဖေဖေနဲ့ဘွားဘွားလည်း တရားဘက် ပိုဖက်လာတယ်။





ဒါပေမယ့် ကိုကိုရေ. . . မမင်းပျို့ကို ကိုကိုနဲ့ လက်ထပ်ပေးဖို့ နားချလာကြပြန်ပြီ။ မင်းလွင်ကပါ တိုက်တွန်းတယ်။

မမင်းပျို့ ရင်ထဲမှာ ခံစားရတဲ့ဝေဒနာဟာ အမြဲသစ်လွင်နေတုန်းပါပဲ ကိုကို။ ကုစရာဆေးကို ရှာဖွေရင်းနဲ့ မမင်းပျို့ မြို့ခိုးရဲ့ နောက်ဆုံးစာလေးကို ပြန်ဖတ်ရင်း ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်နိုင်ပါတယ် ကိုကို။

မမင်းပျို့ကော လူသားအကျိုးအတွက် ဘာလုပ် သင့်တယ်ဆိုတာကိုပါ။ ခု မမင်းပျို့ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးအတွက် ပညာရေးတာဝန်ကို ထမ်းဆောင်ဖို့ ဆုံးဖြတ်ချက်နဲ့ လျှောက်လွှာ တင်လိုက်ပြီ ကိုကို။

မမင်းပျို့ နိုင်ငံ့တာဝန်ကို ပညာရေးဝန်ထမ်းဘဝနဲ့ ထမ်းဆောင်သွားတော့မယ် ကိုကို။

ကိုကိုကလည်း ကျန်းမာရေးဝန်ထမ်းဘဝနဲ့ ကျေးရွာဒေသများမှာ စေတနာမိုးတွေ ရွာသွန်းပေးနေသလို မမင်းပျို့ကလည်း တာဝန်ကျရာဒေသမှာ စေတနာမိုးတွေ ရွာသွန်းပေးတော့မှာပါ ကိုကို။

လောလောဆယ်တော့ ဒါ မင်းပျို့ရဲ့ ဆုံးဖြတ်ချက်ပါ ကိုကို။

ဒါပေမယ့် တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အထူးသဖြင့် မမင်းပျို့ရဲ့ နှလုံးသားမှာ ကိုကိုဆိုတဲ့လူကို လက်ခံလာနိုင်ပြီဆိုတဲ့ အချိန်မှာ နှစ်ဖက်လူကြီးမိဘတွေရဲ့ ဆန္ဒကို လိုက်လျောပြီး မမင်းပျို့ဟာ လူသားမိခင်တာဝန်တစ်ရပ်ကိုလည်း ကျေပွန်စွာ ထမ်းဆောင်ဦးမှာပါ ကိုကို။

ဒီတော့ ကိုကိုက မေးမယ်။ အဲဒီတစ်နေ့နေ့ဟာ ဘယ်တော့လဲလို့။

ခုတော့ မမေးပါနဲ့ဦး ကိုကို။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီတစ်နေ့နေ့ဟာ အနီးဆုံးလည်း ဖြစ်ချင်ဖြစ်မယ်။ အဝေးဆုံးလည်း ဖြစ်ချင်ဖြစ်မယ်။ ဒါကို ကျွန်မ လုံးဝအတပ်သေချာ မပြောနိုင်သေးပါဘူး။

ဒါကြောင့် လောလောဆယ်တော့ ကျွန်မကို နားလည်ခွင့်လွှတ်ပေးပါဦးနော် ကိုကို။

ကိုကို့ရဲ့
မမင်းယို

# မြပုလဲခင်

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com